


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး၊
- ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြင့်... စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်။

# သျှင်မ

# ကောင်းကင်မွေ့ရာ

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၈၈၃၀၈၁၁
မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၉၅၁၀၈၁၁
အကြိမ် – ပထမအကြိမ်၊
၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀၀/–
ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၀ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
သျှင်မ
ကောင်းကင်မွေ့ရာ/သျှင်မ၊ –ရန်ကုန်၊ ရွှေသမင်စာပေ၊
၂၀၁၁။
၃၀၄ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ကောင်းကင်မွေ့ရာ



## အခန်း [ ၁ ]

"မောင် .."

"ဟင် ..."

"မောင့်ကို ဟိုးအစွန်စားပွဲက ရုပ်အကျီအနီရဲရဲနဲ့တစ်ယောက် လိုက်ကြည့်နေတယ်"

ရန့် မျက်လုံးနဲ့ ပြသည့်နေရာကို သူ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

စူးစိုက်ကြည့်နေသည့် မျက်လုံးဝိုင်းလေးတွေက မျက်တောင်လေးတွေ ကော့ပျံနေကာ မျက်ဝန်းပြာလဲ့လဲ့ မျက်ခမ်းညိုလေးနှင့် သူ့မျက်လုံးနဲ့ တန်းခနဲ ဆုံ၏။

မျက်လွှာချပစ်လိုက်ပြီး မျက်နှာလေးကို ဟိုလှည့်ဒီလှည့် လုပ်ပစ်လိုက်တော့ ရှည်လျားသည့် မျက်တောင်နက်တို့က ပို၍ သိသာ၏။

မဝေးဘူးဆိုပေမယ့် သိပ်တော့ နီးလှတာ မဟုတ်ပါ..၊

ဒါတောင် မျက်ဝန်းလေးတွေ လက်တောက်နေတာကို သူ သတိထားမိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သေချာတာက မျက်နှာ ရှေ့ပြန်လှည့်လိုက်ပြီးတာတောင် ထို မျက်ဝန်းလေးတွေက စွဲထင်ကျန်ရစ်၏။

သူ့စိတ်ထဲမှာ ရင်းနှီးနေသည်၊ မျက်ဝန်းလေး လှနေလို့ မဟုတ်ဘဲ သူမကို သူ ရင်းနှီးနေသလို ခံစားမိလိုက်သဖြင့် ကျန်ရစ်တာမျိုး..၊

"မောင်နဲ့ သိလို့လား .."

ရန့် မျက်နှာလေးက ခုနကနဲ့ မတူတော့ဘဲ ဟိုသူမနဲ့ သူ့ကို ကြည့်ပုံက သဝန်တို့ မျက်ရှုခြင်းတွေ ဖြစ်လာ၏။

"သူ့ကို ရန့် သတိထားမိတာ ကြာပြီ မောင်..၊ မောင် ဖုန်းပြောရင်း ထထွက်သွားတော့လည်း သူ့မျက်လုံး မလွှဲဘူး၊ ပြန်ထိုင်တော့လည်း မောင့်ကို ပြောတဲ့အချိန်ထိပဲ.."

"သူလည်း သူသိတဲ့လူ တစ်ယောက်ယောက်နဲ့ တူလို့ ဖြစ်မှာပါ"

"မောင့်မျက်နှာ ပြောင်းသွားပုံက သိသလိုလိုကြီး.."

"မသိဘူး ထင်တာပဲ"

"ဘယ်လို!..."

တူတစ်စုံနဲ့ ခွန်းကို တစ်ဖက်စီကိုင်လိုက်ပြီးမှ ရန့် ကို သူ စိတ်မရှည်...

"ကိုယ်တို့ ထမင်းစားရအောင်၊ သူ ကြည့်နေလို့ ကိုယ် အလျော်ပေးရမှာမှ မဟုတ်တာ.."

ပြောပြီး ထမင်းစားခြင်းအလုပ်ကို စတင်၏။

သူမှ အပြောကောင်းပါလား..။

စိုရွဲနေအောင် လှသည့် မျက်ဝန်းတွေကို ပြေးပြီး နှိုက်သုတ်ပစ်ချင်အောင် ဒီမှာ တင်းနေတာကို အလျော်ပေးရမှာမှ မဟုတ်တာတဲ့..။

ဒါဟာ အလျော်အစားထက် အများကြီး ပိုပြီး ပြင်းထန်တဲ့ အက်စစ်ဝိုင်တွေ ..။





"ဟော .. ဟိုမှာ မာမီတို့ လာပြီ"

နှစ်ယောက်ကို စေ့စပ်ထားပြီးသားမို့ တစ်မြို့စီနေကြသည့် ခမည်းခမက်လောင်းတွေက ဆုံဖြစ်ကြသည်နှင့် ဒီလိုပဲ အပြင်မှာ ထွက်စားကြ သားရေးသမီးရေး ပြောကြနှင့် ...

"သားတို့က ခုမှ စားကြတာလား..၊ မေမေတို့က စားပြီးလောက်ပြီ ထင်လို့ မှန်းပြီး ထွက်လာကြတာ .."

"ခုမှ စားရတာပေါ့ .. မောင်လေ စားသောက်ခါနီးမှ ဖုန်းပြောနေတာ အကြာကြီးပဲ"

ပြီးတော့ သူပဲ အရင်စားကာ ဟင်းထည့်ပေးဖို့၊ အတူစားဖို့ မသိတတ်တာတွေတော့ ထည့်မပြောတော့ပါ ..။

"သမီးကလည်းကွယ် .."

ကိုယ့်သမီးက တိုင်သလိုကြီး ပြောလိုက်တော့ ဒေါ်ငွေဝါချို အားနာသံနှင့် ရယ်၏။

"ဟုတ်လား .. သမီး အစ်ကိုက ဟိုတုန်းတည်းက ဒီလိုပဲ၊ အလုပ်ကိစ္စဆို သိပ်အလေးထားတာ"

သူကတော့ ဘယ်သူ့မျက်နှာကိုမှ မော့မကြည့်ပါ ..၊ ထမင်းစားခြင်းအလုပ်ထဲမှာ သိမ်မွေ့စွာ ဖြတ်သန်းနေခဲ့၏။

ထိုစဉ် ဒေါ်သီရိကျော် ထိုင်နေသည့် ခုံနောက်ကနေ ဖြတ်လျှောက်သွားသည့် တစ်စုံတစ်ယောက်၏ ဆလင်းဘက်ခ်က ခေါင်းကို ပွတ်တိုက်သွားသဖြင့် ...

"အို!... ဘယ်လို လုပ်လိုက်တာလဲ"

ဒေါ်သီရိကျော် စိတ်တိုသွားကာ ဒီဘက်ကို လှန်သွားသည့် သူမထံ သွမ်းအော်လိုက်မိ၏။

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



သူမကလည်း တအံ့တသြ ပြန်လှည့်ကြည့်ကာ ...

"တိုက်မိသွားတာလား .. ဆောရီးနော် .."

ဟင်!... ညည်း ...၊

ဒေါ်သီရိကျော် မျက်လုံးတွေ သတိလက်လွတ် ပြူးထွက်ကုန်၏။

လက်တောက်နေသည့် မျက်ဝန်းများနှင့် သူမက မချိုမချဉ် စိုက်ကြည့်သည်။ ပြီးတော့မှ ဂရုမစိုက်သည့် မျက်ဝန်းလေးတွေကို သိမ်း၍ လှည့်ထွက်သွားခဲ့၏။

ဒေါ်သီရိကျော် ဖြစ်ပျက်ကျန်ရစ်တာကို ဘယ်သူမှ သတိမထားမိလိုက်ပေ..၊

ရှပ်အင်္ကျီအနီရောင်နှင့် ကြေးနီရောင်လက်နေသော ဆံပင်တွေကို အဖြောင့်ချထားသည့် မျက်နှာလေးဆီမှာ တအံ့တသြ ဖြစ်နေခဲ့ကြသည်။

နောက်မှ ဒေါ်သတွေ ဆူပွက်တက်လာတာက ရန့် ..။

သင်းက ဘာလဲ ..၊

မောင့်ကို ပတ်သက်ဖို့အတွက် လမ်းသစ်တစ်ခု ထွင်တာလား ..၊

ဟုတ်နေရင်တောင် သားကို လိုချင်လို့ မအေကို ရန်စတဲ့နည်းမျိုးတော့ မကြားဖူးသေးပါ..။

"ကျော် နဲ့ သိလို့လား"

"မသိပါဘူး ချို ရယ် .."

ဒေါ်သီရိကျော် မျက်လုံးတွေက သားဖြစ်သူထံသို့ ဝေ့ခနဲ..။

သူမ၏ကျောပြင်ဆီ ခဏတော့ စိုက်ကြည့်နေပြီး ထမင်း ပြန်စားတာမြင်မှ မသိမသာ သက်ပြင်းချမိသည်။

မလွယ်ပါလား ..။

ပြဿနာတစ်ရပ်ကို ဖုံးဖိ ဖျောက်ဖျက်ဖို့ဟာ ဆင်သေကို **ဆိတ်**ရေနဲ့ဖုံးဖို့ ကြိုးစားတာထက် ပို၍ ခက်ခဲနေသည်။





ပေါ့ပါးရွှင်လန်းနေသည့် စိတ်ဖိုဟာ အနီရဲရဲနှင့် အရိပ်တစ်ရပ်၏ လွှမ်းမိုးမှုကြောင့် ပူလောင် စပ်ခါးသွားခဲ့၏။

အတိတ်ဆိုတာ ဘာကို ခေါ်တာလဲ ..၊

မကြာသေးတဲ့ကာလကို အတိတ်လို့ ခေါ်တာလား ..၊

ကြာမြင့်ခြင်းကာလကသာ အတိတ်လား ..။

ဒါဆိုရင်တော့ မကြာသေးသည့်ကာလကြောင့် အတိတ်မပီသဘဲ အရိပ်လို ထက်ကြပ်မကွာ ပါလာခဲ့တာ ဖြစ်နိုင်၏။

တကယ်ဆို အားလုံးက ပြီးခဲ့ပြီပဲ..။



www.burmeseclassic.com

## အခန်း [ ၂ ]

"ဘယ်သူ .. သမိန် .. ဟုတ်လား"

"ဟုတ်တယ် .. ဟား .. ဟား .. ဟား"

လက်ခုပ်လေး ဖျတ်ခနဲ တီး၍ ရယ်တော့ ကြည့်နေရတဲ့သူတွေလိုက်ရယ်ရမလိုလိုနှင့် ဘာမှလည်း လိပ်ပတ်မလည်သေး..၊

"သမိန် က နင့်ကို မသိဘူးပေါ့"

"ဘယ်လိုလုပ် သိမှာလဲ .. သူလည်း မနေ့တစ်နေ့က သမိန် မဟုတ်ဘူး။ ငါကလည်း တိုက်ပ် ပြောင်းထားတာလေ"

ပြောပြီး ကျောပေါ်မှာ ဖြန့်ချထားသည့် ဆံပင်တွေကို မျက်နှာရှေ့ဆွဲယူပြီး ဖျတ်ခနဲ ခါပြ၏။

"ဒီဆံပင်တွေ ငါ စတေးလိုက်ရတာ နင်တို့ သိပါတယ်"

"အေးလေ .. ဒါတွေက ပြီးပြီဥစ္စာ၊ တစ်နှစ်လောက် ကြာပြီမို့လား"

"ငါကတော့ သူ့ကို မြင်လိုက်ရတာ မနေ့တစ်နေ့လိုပဲ"

"နင် သူ့ကို ကြိုက်နေပြီမို့လား .."





"အံမယ် .. ဘာလို့ ကြိုက်ရမှာလဲ..၊ 'မုန်းမလွယ်' ရဲ့ ရာဇဝင်မှာ ချစ်ကို မချစ်တတ်လို့ မမုန်းတတ်ခဲ့တာ၊ ငါ့ကို လူတွေ စိတ်မဝင်စားသလို ငါကလည်း မဝင်စားပါဘူး"

"သိပါတယ် .. နင် ဝင်စားတာ ငွေပဲ"

"အဲဒီလိုချည်းပဲလည်း မဟုတ်ပါဘူး"

ရယ်ရှိန်သပ်လိုက်တော့ နဂိုကတည်းက လှသည့် မျက်နှာလေးက လှတပတလေး ပြန်ဖြစ်လေသည်။

"လွယ် ရယ် .. အဲဒီကိစ္စ ဆက်ပြောစမ်းပါ၊ နင် ဘာတွေ အောင်မြင်မှုရလာလို့ ဒီလောက် ရယ်နေတာလဲဆိုတာ"

လွယ် ချက်ချင်းပဲ သွားလေးတွေပေါ် အောင် ရယ်ပြန်ကာ ...

"ဒေါ်သီရိကျော် လေ .. ငါ့ကိုလည်း မြင်လိုက်ရော လည်ပင်းညှစ်ခံလိုက်ရသလိုပဲ သိလား၊ မျက်လုံးကြီး ပြူးပြီးတော့ .. ဟား ... ရယ်ရတယ်"

"နင်နဲ့ ဘယ်လို ဆုံကြတာလဲ၊ သားအမိနှစ်ယောက်လုံးနဲ့ တိုက်တိုက်ဆိုင်ဆိုင် .."

"တိုက်ဆိုင်ပေမယ့် သမိန် က ငါ့ကို မမှတ်မိဘူး။ ဒေါ်သီရိကျော်ကလည်း မမြင်ပါဘူး၊ ငါက သမိန့် ကို မိန်းမတစ်ယောက်နဲ့ တွဲနေတာ မြင်လို့ အံ့ဩလို့ ကြည့်နေတာ .."

"တွဲတာ ဘာဆန်းလို့လဲ .."

"ဆန်းတာပေါ့ ..၊ ရည်းစားသေသွားလို့ အတိတ်တွေ ဘာတွေမေ့ပြီး တမ်းတမ်းစွဲ ဖြစ်ခဲ့တာ အရူးတစ်ပိုင်းလေ"

"ကြာတော့လည်း မေ့မှာပေါ့"

"ဘာကြာသေးလို့လဲ..၊ တစ်နှစ်လောက်ပဲ ရှိသေးတယ်၊ ဟွန့် .. ငါ သွားမေးလိုက်ချင်တာ၊ ရှင့်ရည်းစားနဲ့တူတဲ့ မိန်းမတွေ ကျန်သေးလားလို့"

"အခု သူ ပြန်ကောင်းနေပြီမို့လား။ တူလို့တွဲတာ မဖြစ်နိုင်ပါဘူး"

www.burmeseclassic.com



"တူစရာလား ရွေး ရယ် .. သူချစ်သူ 'ဝတ်လွှာရုံ' ရဲ့ဓာတ်ပုံ ငါ မြင်ဖူးတာပဲဟာ၊ အခု တစ်ယောက်က နှာတံ ဖော်ဖော်လှတယ်၊ အသား အရမ်းဖြူပြီး ဘိုဆန်ဆန်လှတာ၊ ဒါပေမယ့် စိတ်ကောင်းမရှိတဲ့ မျက်နှာမျိုးကြီး"

ရွှေး ရယ် .. မဒီ ရယ် .. သီတာ နဲ့ လွယ် တို့ လေးယောက်ဟာ ရုပါမားကက်ကြီးတစ်ခုက စာရင်းကိုင်တွေဖြစ်ကာ ညနေ ဂျူတီချိန်းကြသည့်အချိန်ချင်းလည်း တူသည်။

ထို့ကြောင့် တစ်ပတ်မှာ နှစ်ရက်လောက်တော့ အလုပ်ပြန်မှာ ကန်ဘောင်ပေါ်ကို တက်ဖြစ်ခဲ့ကြသည်။

သူများတွေလို အတွဲတွေဘာတွေလည်း မရှိ၊ လိုချင်ပြီး မရ၊ ရနေတာတွေကျတော့ မလိုချင်နဲ့ပဲ တက်ညီလက်ညီ ချီတက်ခဲ့ကြတာ ဖြစ်၏။

ထို့ပြင် သိပ်ပိုလျှံကြတာ မဟုတ်တော့ အားနေတာနဲ့ မုန့်ဆိုင် ပြေးထိုင်သည့်အကျင့်လေးတွေကို ဖျောက်ဖျက်ထားရသေးသည်။ ကန်ဘောင်ပေါ် ဆိုပေမယ့် မြက်ခင်းလေးတွေပေါ်မှာပဲ ဆွဲခြင်းလေးတွေချ၍ ဒီလိုပဲ တစ်နေ့တာ ထူးဆန်းတာလေးတွေ ပြောဖြစ်ကြရာ ...

"ငါက အဲဒီ ဒေါ်သီရိကျော် အကဲပိုမှန်းသိလို့ တမင် ငါ့ကို မြင်အောင် ပြလိုက်တာ"

"ဟင်!... ဘယ်လို ပြလိုက်တာလဲ"

ဒီအကြောင်းကိုပဲ စိတ်ဝင်တစား ပြန်ဆက်မိကြ၏။ လွယ် က မျက်နှာရှေ့ကျနေသည့် ဆံပင်တွေကို ခေါင်းခါထုတ်၍ ...

"သူ့နောက်ကနေ ငါ့အိတ်နဲ့ တိုက်ပေးလိုက်တာပေါ့"

"ဟင်!... သူက ထိုင်နေတာလား"

"အင်း .."

"ခေါင်းကို တိုက်လိုက်တာ .."





"ဟုတ်တယ် .."

"နင်ကလည်း ရိုင်းလိုက်တာဆိုတဲ့ဘွဲ့ တိုးသွားဦးမယ်"

"တိုးပစေလေ .. သူ့ပါးစပ်ထဲမှာ 'မုန်းမလွယ်' က ဘယ်တုန်းက ကောင်းဖူးလို့လဲ"

"ဟင်း ..."

အားလုံးထဲမှာ ခပ်အေးအေးနေတတ်သည့် သီတာ က သက်ပြင်းလေး ချသည်။ နောက်ထပ် ခေါင်းလေးခါယမ်းလိုက်ပြီး ...

"နင်တို့ ငါတို့ အခြေအနေမျိုးနဲ့ သူ့သားကို နီးစပ်မှာ ကြောက်မှာပေါ့ လွယ် ရယ် ..၊ မိဘမေတ္တာကို စာနာပေးလိုက်စမ်းပါ၊ သူတို့က အရမ်းချမ်းသာတာကို"

"ဘာလို့ စာနာပေးရမှာလဲ ..၊ ငါ့မှာ အမေလည်း မရှိဘူး၊ တစ်ခါမှလည်း မချမ်းသာဖူးဘူး၊ အဲဒါကြောင့် မစာနာနိုင်ဘူး၊ ဒီမိန်းမကြီး ဖြစ်သွားတဲ့ပုံကို အရမ်း အားရတယ် သိလား၊ ဝိညာဉ်ကလဲ့စား ဓာတ်လမ်းတွေလို ငါကတော့ လူစင်စစ်ကနေ သူ့နောက်ကို လိုက်ပြီး ခြောက်လှန့်မယ်"

"နင် လိုတာ သူ ပေးခဲ့တာပဲမို့လားဟယ် ..၊ ထားလိုက်ပါတော့"

"ဟုတ်ပါတယ် လွယ် ရယ် .. သူတို့က ပြင်ဦးလွင်မှာပဲ၊ ရန်ကုန်ကို ခဏလာတာ နေမှာပါ၊ လုပ်မနေပါနဲ့"

"အဲမယ် .. တက်ညီလက်ညီနဲ့ တားနေလိုက်ကြတာ၊ ဒေါ်သီရိကျော် ငါ့ကို တစ်ချိန်လုံး ဘယ်လိုဆက်ဆံခဲ့သလဲ နင်တို့ သိလို့လား"

"သိဘူးလေ"

မျက်နှာငယ်လေးတွေနဲ့ ခေါင်းခါကြသည်။ လွယ် က ဒူးနှစ်လုံးကို ဝိုက်ပြီး ထိုင်နေရင်းကနေ တင်ပျဉ်ခွေ ထိုင်ပစ်လိုက်ကာ ...

"ဒါတွေ ပြောနေရင် ဒီမှာတင် သန်းခေါင်ကျော်သွားလိမ့်မယ် ငါနဲ့ သမိန် ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ နင်တို့ သိသားပဲ၊ ဒေါ်သီရိကျော်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနေရာတွေမှာ ခွဲခြားစိတ်ဖြာမလဲဆိုတာ စဉ်းစားကြည့်ပေါ့"

များသောအားဖြင့် အပြုံးအရယ်မပျက်တတ်သည့် လွယ့် မျက်နှာလေးက တင်းနေလျက် ...

"ငါ အစက မရည်ရွယ်ပါဘူး၊ ငါ့ကို မထင်မှတ်ဘဲ မြင်လိုက်ရင် ဘယ်လိုပုံစံ ဖြစ်သွားမလဲဆိုတာပဲ သိချင်ခဲ့တာ၊ မြင်လိုက်တယ် .. အံ့ဩသွားတယ်ဆို တော်ပြီပေါ့၊ ငါ့ကို မြင်တာများ ဘီလူးသရဲ မြင်လိုက်တဲ့အတိုင်း.."

ရွှေး တို့သက်ပြင်းတွေ ကိုယ်စီချ၏။ လွယ် က သူတို့ထဲမှာ အဆင်းရဲဆုံး ဖြစ်သည်။ ဆင်းရဲတာက ငွေကြေးပစ္စည်းတင်မကဘဲ ဆွေမျိုးအသိုင်းအဝိုင်း မေတ္တာပါ ချို့တဲ့ခဲ့တာ ဖြစ်သည်။

ဖအေက ကိုယ်တစ်ပိုင်း ချိုနဲ့နဲ့နှင့် လမ်း သိပ်မလျှောက်နိုင်..၊ မောင်နှမ သုံးယောက်မှာ လွယ့် အဖေက အကြီးဆုံး၊ ကျန်သည့် အဒေါ် နှစ်ယောက်ကလည်း အိမ်ထောင်တွေကိုယ်စီနှင့် လွယ် နဲ့ ရွယ်တူလောက် ရှိကြသည့် သားသမီးတွေလည်း ရှိသေး၏ည်။

တစ်ထပ်ပျဉ်ထောင်အိမ်နဲ့ ခြံကျယ်လေးမှာ လွယ် တို့က နောက်ဖေးမှာ ပျဉ်ထောင်အိမ်လုံးလေး သပ်သပ် ထပ်ဆောက်ပြီး နေသည်။

တစ်ခြံတည်းမှာ အိမ်က နှစ်လုံး၊ အိမ်ထောင်စုက သုံးစု နေကြ၏။ ဘယ်လို ပိုင်ဆိုင်မှုတွေနဲ့ ဘယ်လိုနေကြမှန်း မသိပေမယ့် ရန်ဖြစ်ကြတာလည်း ခဏခဏ..၊ ရန်ဖြစ်ကောင်းမှုကြောင့်ပဲ ပြင်ဦးလွင်ထိ လွယ် ရောက်သွားခဲ့သည်။ ဒေါ်သီရိကျော် တို့ မိသားစုနှင့် ပတ်သက်မှုတွေဖြစ်ခဲ့တာလည်း ထိုမှ စခဲ့ခြင်းပင်..၊

လွယ့် အကြောင်း တွေးမိသွားပြီး မဒီ စိတ်လည်းမကောင်းပါ၊ ခုလို လွယ် စိတ်ကြမ်းကိုယ်ကြမ်းလေး ဖြစ်တတ်နေတာကိုလည်း သဘောမကျနိုင်..၊





"ငါကတော့ မိန်းကလေးတစ်ယောက်အနေနဲ့ ဆင်ခြင်သင့်တယ်လို့ပဲ ထင်တယ်၊ သူငယ်ချင်းတွေမို့လို့ အရှင်းဆုံးပြောရရင် နင်တို့ ပတ်သက်ခဲ့ပုံကိုက ဒေါ်သီရိကျော် မျက်လုံးထဲမှာ နင်က အထင်ကြီးစရာမရှိဘူးလေ"

စိတ်ဆိုးလောက်စရာ စကားပေမယ့် လွယ် က မျက်နှာမပျက်ပါ။ ထိုပြင် ပြောတဲ့သူက ရွှေး ဖြစ်နေလို့ ပိုပြီး နားလည်ခဲ့တာ ဖြစ်သည်။

စူပါမားကက်ရဲ့ ပိုင်ရှင်က ရွှေး ရဲ့ဦးလေးဝမ်းကွဲ၊ ရွှေး တို့အပေါ်မှာ ငွေကြေး အတိုင်းအတာအရ ဖြစ်လောက်အောင် မထောက်ပံ့ခဲ့ပေမယ့် မားကက်မှာတော့ ရွှေး ကို နေရာပေးထားခဲ့သည်။

ထို့ကြောင့် လေးယောက်ထဲမှာ ရွှေး နဲ့ ကျောင်းနေဖက်သူငယ်ချင်းဖြစ်သည့် လွယ့် ကိုဆို ရွှေး က ပိုပြီး ဦးစားပေးသည်၊ ကူညီသည်။

မားကက်ပိုင်ရှင်ရဲ့ တူမပေမယ့် ဘဝတူတွေပါဆိုသည့် စာနာစိတ်နှင့် အားလုံးကို ခင်မင်သည့်ထဲမှာ လွယ့် ကို ပိုခဲ့၏။ အိမ်နဲ့ အဆင်မပြေလို့ အဝေးကိုရောက်သွားလည်း ပြန်ရောက်လာတာနှင့် အလုပ်တစ်နေရာ ဖြန့်ရအောင် ရွှေး က ကူညီတာပဲ ဖြစ်သည်။

"ငါ့အနေအထားကို ငါလည်း သိပါတယ်၊ ဘာဖြစ်ဖြစ် .. ငါ မကောင်းတာ လုပ်တာမှမဟုတ်တာဘဲ၊ ငါ့ဘဝ မပျက်စီးဘူး၊ ငွေတွေ အများကြီးရတယ်၊ နှစ်ဦးနှစ်ဖက် သဘောတူ ညှိနှိုင်းပြီးမှ ခန့်ခန့်ညားညား လုပ်ကြတာ"

"မခန့်ညားပါဘူး လွယ် ရယ် .. နင်က နင့်ဘဝ မပျက်စီးဘူးလို့ သတ်မှတ်ပေမယ့် ဒီအလုပ်မျိုးကို တော်ရုံမိန်းကလေး လုပ်ရဲမှာ မဟုတ်ဘူး"

လွယ် က ပခုံးလေး တွန့်၍ ရယ်သည်။

"ဒါကို လုပ်ခဲ့တဲ့အတွက် ငါ နောင်တ မရဘူး ရွှေး၊ သမိန် ကိုလို ပြန်ကောင်းလာတာလည်း ငါနဲ့ သူတို့ ဆုံဖြစ်ခဲ့လို့ တကယ်ဆို ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တောင် တင်ရဦးမှာ၊ လူကို တွေ့တာနဲ့ ပြူးပြူးပြဲပြဲ ဖြစ်သွားတာ လုံးဝ သဘာဝမကျဘူး.."

"အဲဒါ နင့်စာရိတ္တကို အထင်သေးတာ မဖြစ်နိုင်ဘူးလား"

သီတာ က လွှတ်ခနဲ ပြောလိုက်ပြီးမှ အားနာသွားသလို စကား ရပ်သွားကာ ...

"ဒီလိုလေ .. ကိုယ့်ကို ယုန်ထင်ကြောင်ထင် ကြည့်တဲ့ မျက်လုံးတွေ နားလည်သွားအောင် ကိုယ့်ရဲ့သမာဓိကို ပြရမှာပေါ့"

"ဘာလဲ .. သမိန့် ကို မျက်မွေးထော် မော်မကြည့်ဘဲနဲ့လား၊ သူ ရှိနေတဲ့အရပ်ကို ရှောင်ရှား ...၊ တွေ့ခဲ့ရင် မျက်နှာလွှဲ၍ တခြားသွား ...၊ ဒီလိုမျိုးလား.."

သီတာ ဘာမှမပြောနိုင်၊ ပြီးမှ ခေါင်းညိတ်ကာ ...

"အေးလေ .. အဲဒီလောက်လည်း မလိုပါဘူး နော်၊ အားလုံး ပြီးသွား ပြီဥစ္စာ၊ ခုချိန်မှာ ကိုယ့်လွတ်လပ်ခွင့်နဲ့ ကိုယ်ပဲ"

"ဟုတ်တယ် .. ငါ လုံးဝ ဂရုမစိုက်ဘူး ဆိုတာ အဲဒီမိန်းမကြီး သိကို သိရမှာ၊ ရန်ကုန်ကို ခဏတဖြုတ်လေး လာပြီး ပြန်မှာဆိုရင်တော့ ဒီ လောက်နဲ့ပဲ ရေစက်ကုန်ပြီပေါ့လေ"

ယွယ် က ကြိမ်းဝါးသလိုပြောပြီး မျက်နှာလေး မော့၍ ရယ်သည်။

တကယ် နာနာကျည်းကျည်း ဖြစ်သွားသလိုလို၊ ပျော်စရာ အဖြစ် လေးတွေ ရဖို့အတွက် သူများကို ဒုက္ခပေးဖို့ ကြိုးစားနေတာလိုလို ...

သူမ မျက်နှာပေါ်မှာ လေးနက်သည့် ကောက်ကြောင်းတစ်စုံ တစ်ရာမှ မတွေ့ ...။





အခန်း [ ၃ ]

ရန်ကုန်ကိုရောက်တိုင်း ရွှေတိဂုံစေတီတော်ကြီးကို မပျက်မကွက် ...ခဲ့ပေမယ့် ဒီတစ်ခါ ဖူးရတာ စိတ်ထဲမှာ ပို၍ ကြည်နူးမိသည်။

သားရဲ့မင်္ဂလာကိစ္စလည်း အဆင်ပြေသွားပြီဖြစ်ကာ ရန်ကုန်မှာ ...သွားသွား အားလုံး အတူတူ သွားဖြစ်ခဲ့ကြ၏။

ခုလည်း ဘုရားကို ရောက်လာခဲ့ကြတာ မျက်နှာစုံညီ..၊

"သမီးတို့ ဒက်ဒီသာ ပါလာရင် ပိုပြီး လူစုံမှာပဲ"

ဒေါ်ငုဝါချို က သူမဘာသာ စကားစလိုက်ပြီးမှ ...

"အဲဒီလိုပဲ ကျော် ရယ် .. အလုပ်ကိုတော့ ကြိုးစားတာပေါ့နော်၊ ...လုပ်ကလွဲရင် လူမှုရေး သိပ်နည်းတာ၊ ကျော့် ကို ညော်ဝတ်မကျေ ...ဖြစ်ရတာ အားနာလိုက်တာကွယ်"

ကားပေါ် ကဆင်း၍ ဓာတ်လှေကားဆီ အတူလာခဲ့ကြရင်း လူကြီး ...သာက်က နောက်က၊ သမိန် နဲ့ ရုန့် တို့က ရှေ့မှာဖြစ်ကာ ခပ်ဖြည်း ...ပဲ လျှောက်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ ပြောမနေပါနဲ့ ချို ရယ်..၊ ခုမှ မင်္ဂလာရက် သတ်မှတ်ကြမှာ ဒါတွေက တို့ မအေတွေပဲ လုပ်သွားရင် ရတာပဲ၊ လူစုံစရာမှ မလိုသေးတာ၊ ငါကတော့ ကလေးတွေ ခုလို သင့်သင့်မြတ်မြတ်လေး ရှိနေကြတာကို အရမ်း စိတ်ချမ်းသာတာပဲ"

"တို့သမီးက သင့်မြတ်ပြီးသားပါနော်၊ နင်တို့ ရန်ကုန်က မပြောင်းခင်အထိ သူတို့ချင်းက သူငယ်ချင်းတွေဥစ္စာ၊ ဒီအရွယ်တွေကျမှသာ နင့်သားက တသွေးတမွေးကြီး ဖြစ်သွားတာ"

"ဒီလိုတော့ မဟုတ်ပါဘူး ချို ရယ် .. သားက ကျန်းမာရေး ထိခိုက်ထားလို့ပါ၊ ဖြစ်ခဲ့တာကလည်း ခေါင်းဆိုတော့ ဒီလောက် ပြန်ကောင်းလာတာပဲ ကျေးဇူးတင်နေရတာ"

"ဘာကိုလဲ .."

"ကံကြမ္မာကိုပေါ့ကွယ် ..၊ တို့ဖြင့် ရင်ကျိုးရပြီ ထင်ခဲ့တာ"

ပြောနေရင်း မျက်နှာတစ်ခုက ဖျတ်ခနဲ ဝင်လာသဖြင့် အာရုံထဲက မော်င်းထုတ်ပစ်ရသည်။ ဒီမိန်းကလေးကိုပဲ ဘာဖြစ်လို့ ခဏခဏ တွေးဖြစ်နေမှန်း မသိ..၊

"ကောင်းလာပြီဆိုပေမယ့် သားက အရမ်း ငိုင်တာပဲနော်၊ ဂရုစိုက်ရဦးမှာ"

ဒေါ်ငုဝါချို ပြောလိုက်မှ စိတ်က ဒီဘက်ကို လုံးလုံးရောက်ခဲ့၍..

"ဟုတ်တယ် .. သမီးလေး သည်းခံရှာတာကိုလည်း တို့ သိပါတယ် ချို ရယ်..၊ နင်လည်း ထပ်ပြီး ပြောပြပေးပါနော်၊ သားရဲ့ အမူအရာ အပြောအဆိုတွေကို နားလည်ပေးဖို့လေ .."

"သမီးက ကိုယ် ပြောစရာတောင် မလိုပါဘူး ကျော် ရယ်၊ ပော..ဟိုမှာ ခတ်လှေကား စောင့်နေတယ်"

တစ်ယောက်နဲ့တစ်ယောက် လက်ချင်းချိတ်လိုက်ပြီး ပွင့်လျက်သား





ရှိနေသည့် ခတ်လှေကားဆီ ခပ်သုတ်သုတ် လျှောက်ခဲ့ကြသည်။

သူတို့ ဝင်လိုက်ပေမယ့်လည်း တံခါး မပိတ်သေးဘဲ ရှိနေသဖြင့် နောက်ထပ် လူတွေလာနေတာကို သိလိုက်ကာ ဒေါ်သီရိကျော် တို့ လူချင်းထပ်ပွမ်း၍ နေရာချိန်းပေးလိုက်သည်။

တံခါးကို ဘေးတစောင်းရပ်နေလိုက်တာမို့ ခတ်လှေကားတံခါးပိတ်သွားတာပဲ သိသည်၊ ဝင်လာသူကို သတိမထားမိ ..၊

ကိုယ့်မျက်နှာရှေ့ကို ဝင်ရပ်လိုက်ကာမှ ...

"ဟင်!..."

ဘယ်လိုမှ ဟန်မဆောင်လိုက်နိုင်ဘဲ ဒေါ်သီရိကျော် တွန့်ခနဲ ဖြစ်ကာ နှုတ်ခမ်းတွေ ပွင့်ဟသွား၏။

မှန်းမလွှယ် ..၊

သူ့စိတ်ထဲမှာ ရှိခဲ့သည့် သတ်မှတ်ချက်အရ 'မငွေခင်' ..၊

မျက်ဝန်းတွေကို မှောင်လက်နေအောင် တမင် ပြင်ထား၏။ ရှည်သည့်မျက်တောင်တွေကို ပို၍ ကော့ညွှတ်ထားသည်။

မေးဖျားချွန်တာမျိုးမဟုတ်ဘဲ သွယ်သည့်မျက်နှာလေးက ဝင်းနှစ်ပြေနနေ၏။

ဆံပင် အလယ်ခွဲထားသည့် နဖူးကဆံပင်သည် နောက်က ဆံပင်တွေနဲ့အညီ ကျောထက်မှာ ဖြန့်ခင်းနေသဖြင့် မျက်ဝန်းနှင့် နှာတံ၊ နှုတ်ခမ်းလေးတွေကို ဆံပင်တွေနဲ့ အနားသတ်ပေးထားသလို ရှိလေသည်။

ခရမ်းရောင် အပြောင်သားကိုယ်ကျပ်နှင့် လယ်သာဂျာကင် ခါးတိုသက်ရှည်ကို ထပ်ဝတ်ထားသော သူမပုံစံကို ရန့် လည်း အနီးကပ်ခြေဆုံးခေါင်းဆုံး ကြည့်၏။

ပြန်ကြည့်လိုက်တော့ သမိန် က ကြည့်မနေခဲ့ပေ..။

ထို့ကြောင့် စိတ်သက်သာသွားပေမယ့် သူမနဲ့မှ ဒီလို တွေလာပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆုံနေရတာကို ဘယ်လိုမှ ဖျောက်ပစ်လို့မရတော့ဘဲ ဖြစ်သွားခဲ့သည်။

သမိန် ကတော့ မသိလောက်တာ သေချာသည်။

ဒါဆို သူကတော့ သိနေတာ လုံး၀ ဖြစ်နိုင်နေသည်ပဲ..။ ဘယ်တုန်းကလဲ .. ဘာတွေလဲ ..၊

သမိန် အတိတ်မေ့ခဲ့စဉ်ကလား .. ဒါလည်း မဖြစ်နိုင် ..၊

အတိတ်မေ့နေတဲ့ကာလမှာ သမိန် က အန်တီ့ရဲ့မျက်စိအောက်မှာပဲ ရှိခဲ့တာ၊ တကယ် ပတ်သက်ခဲ့ဖူးတယ်ဆိုရင်ရော မိန်းကလေးဖြစ်ပြီး ဒီလို တကောက်ကောက် လိုက်နေမှာတော့ မဟုတ်ပေ..။

ကိုယ်ဆိုရင်လည်း 'ရှင် ကျွန်မကို မေ့သွားပြီလား' လို့ တစ်နည်းနည်း မေးပစ်လိုက်မည်၊ ဒီလိုတော့ လုပ်မှာမဟုတ် ..။

ဓာတ်လှေကားအပေါ် ရောက်သွားတော့လည်း သူတို့တွေ တိုင်ပင်မထားရပါဘဲ သူမ သွားသည့်အတိုင်း မျက်လုံးတွေ ပါသွားကြတာ တစ်ယောက်နဲ့တစ်ယောက် သတိမထားမိကြပေ ..၊

"အန်တီ .. အဲဒီတစ်ယောက်က အန်တီ့ကို ကြည့်သလိုပဲ"

"ဟင်!... ဟုတ်လား"

တစ်ခုခု အဆင်ပြေအောင် ပြန်ပြောဖို့ ပြင်လိုက်သော်လည်း ရန်နံ့ က ဒါပဲပြောပြီး မုန်းမလွယ် ထံ အာရုံရောက်သွားတာ တွေ့သဖြင့် မပြောဖြစ်လိုက် ..၊

"မောင် .."

"ဟင် .."

"ဟိုတစ်ယောက်ကို မောင် သိလား ..၊ တစ်နေ့က ရန်နံ့ တို့ စားနေတုန်း ဆိုင်ထဲမှာ သူ မောင့်ကို ထိုင်ကြည့်နေတာလေ .."

ရန်နံ့ တစ်ယောက်တည်းနှင့် ကျောပြင်လှလှကို မရှုစိမ့်နိုင်ဖြစ်နေပြီး ဟိုလူ့လှည့်မေး .. ဒီလူ့ လှည့်မေး ..၊





သမိန် က လှမ်းကြည့်ပြီး ခေါင်းညိတ်လိုက်တော့လည်း တင်းခနဲ ဖြစ်သွားပြန်သည်။

"မောင် သိတယ်ပေါ့"

"သိတယ်"

"ဓာတ်လှေကားထဲ ဝင်လာကတည်းကလား"

"ဟုတ်တယ် .. ဘာဖြစ်လို့လဲ ..၊ ဓာတ်လှေကား ကျဉ်းကျဉ်းလေးဟာ၊ ရှိနေတဲ့လူတွေကို မြင်တာ ဆန်းနေလို့လား"

မကျေနပ်ခြင်းနဲ့ စပြီမှန်း ရန်နံ့ သိလိုက်သည်။

လူတွေကိုမြင်တာ မဆန်းပေမယ့် သူမကို မြင်တာကတော့ လှနေလို့ပါ၊ ထင်းနေလို့ ကြည့်မိတာ မဟုတ်ဘူးလားလို့ မေးချင်ပေမယ့် မျိုသိပ်လိုက်ရသည်။

ဒေါ် သီရိကျော် ကတော့ ရင်တွေ ပူနေပါပြီ..။ သားနဲ့ ရန်နံ့ တို့ ပြောနေတာကို မကြားရပေမယ့် မျက်လုံးတွေ ရောက်ရောက်သွားတာကို မြင်ရခြင်းအားဖြင့် မုန်းမလွယ် အကြောင်း ပြောနေပြီကို သိနေသည်။

ဘုရားကိုရောက်တော့ သူတို့အားလုံး ဇောမိညောင်ပင်ရှိသည့်ဘက်ကို လှည့်ခဲ့ကြကာ မုန်းမလွယ် က စောင်းတန်းဘက်ကို ထွက်သွား၏။ ရင်ထဲမှာ ပြောချင်တာတွေ တလှပ်လှပ်ဖြစ်နေသဖြင့် ဘုရားကိုမှလည်း စိတ်မပါတော့ဘဲ နေမထိ ထိုင်မသာ ဖြစ်နေဆဲ ...

"ကျော့် အိတ်ထဲက ဖုန်းမြည်နေတယ် ထင်တယ်"

"ဟင်!... ဟုတ်လား"

ရေငတ်တုန်း ရေတွင်းထဲကျသလို ဝမ်းသာအားရနှင့် ဖုန်းထုတ်ယူကာ ...

"ခဏနော် .. အလုပ်ကိစ္စတွေ မှာစရာရှိလို့"

"အချစ်တော်ကြီးဆီကလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ချို ရဲ့ .."

တကယ်လည်း သားရဲ့အဖေ ခေါ်တာပါ၊ ဒါပေမယ့် ခြေလှမ်းတွေ မပြေးရုံတမယ် လျှောက်နေရင်း ...

"ဖေကြီးရေ .. ပြောစရာရှိတာ နောက်မှ ပြော ..၊ ဒီမှာ ဖေကြီးရဲ့ သားတော်မောင်ကိစ္စ လုပ်စရာလေး ရှိနေလို့၊ ကျော် ညကျမှ ဖုန်းပြန်ဆက်မယ်နော်၊ စိတ်မပူနဲ့ .. ဘာမှမဟုတ်ဘူး"

ပြောလိုက်ရပေမယ့် စိတ်ပူမှာလည်း စိုးသေးသည်။ ဖုန်းကို အိတ်ထဲပြန်ထည့်၍ အသက်အရွယ်နှင့်မလိုက်သည့် ခြေလှမ်းတွေနှင့် မျက်လုံးတွေကလည်း ကျီးကန်းတောင်းမှောက် ..၊

"ဟိုမှာ .. ဟော့ ... လွှယ် .. မုန်းမလွှယ် .."

မြောက်ဘက် စောင်းတန်းထိပ်ကျမှ သူမကို လှမ်းမြင်လိုက်သည်။

မုန်းမလွှယ် က နောက်ပြန်ငဲ့ကြည့်ပြီး ဒေါ်သီရိကျော် ကို မြင်မှ ဒီဘက် ပြန်လှည့်စောင့်၏။

"ငါ မင်းနဲ့ စကားပြောချင်တယ်"

"ပြောလေ .."

ပုံစံက ကြည့် ..၊

မိန်းကလေးဖြစ်ပြီး နှုတ်ခမ်းတလှုပ်လှုပ်၊ အမူအရာက ပေါ့ပျက်ပျက်၊ ဟိုနေ့က ဆိုင်ထဲမှာ ကြည့်သွားသည့် မျက်လုံးတွေကျတော့ လျှပ်တစ်ပြက် တိုက်ကွက်တွေလား ..၊

"လာ .. ဟိုဘက်ကို .."

လူရှင်းသည့်နေရာကို ကိုယ်က ဦးဆောင်သွားတော့လည်း သူမက ပီကေဝါးမပျက်ဘဲ အေးဆေးလိုက်လာ၏။

"မုန်းမလွှယ် .. ပြောစမ်းပါ .. မင်း ဘာတွေ ကြံစည်ထားတာရှိလဲ"

"မကြံစည်ပါဘူး"





ကြောက်ကြောက်လန့်လန့် 'ဘူး' ကွယ်တာ မဟုတ်ပေ။ မျက်ခုံးတွေပင့်၍ ဘာတွေလာမေးနေတာလဲဆိုသည့် အကြောင်းရိုက်ချင်သော ပုံစံနှာ ..။

"မင်းကို ငါ တည့်တည့်ပဲ မေးမယ်၊ အခု ရန်ကုန်ကို ဘာလိုက်လုပ်တာလဲ"

"လွှယ် ရန်ကုန်မှာ နေတာလေ"

"ဘာ!..."

မဖြစ်နိုင်တာ ..၊

ဒေါ်သီရိကျော် ခေါင်းခါပစ်လိုက်ကာ ...

"မင်း မန္တလေးမှာ နေတာဆို .."

"လွှယ် က အပေါင်းအသင်း ဆုံတယ်၊ တစ်နိုင်ငံလုံး ဘယ်သွားသွား ညအိပ်ရက်ရှည် နေလို့ရတဲ့ သူငယ်ချင်းတွေ တပုံကြီး"

မန္တလေးမှာ ဦးလေးဝမ်းကွဲ ရှိသည်၊ ဦးလေးကရော ဦးလေးမိန်းမအရော လွှယ့် ကို ချစ်ကြပေမယ့် သူ့သမီးတွေနဲ့ သိပ်အဆင်မပြေတော့ လွှယ် ဒီလိုပဲ အိမ်ပြန်လိုက် .. အပြင်ထွက်လည်လိုက်နှင့် မန္တလေးကို အရင်းပြုကာ အနီးဝန်းကျင်မြို့တွေဆို မရောက်ဖူးခဲ့တာ မရှိ ..။

ဒေါ်သီရိကျော် ကိုတော့ စကားအကောင်းမပြောမိဖို့ ဆုံးဖြတ်ပြီးသား ဖြစ်သည့်အတိုင်း ...

"လွှယ် ရန်ကုန်မှာရှိနေတာ အန်တီ အံ့သြနေတာလား"

"အခု မအံ့သြတော့ပါဘူး၊ မင်းဘာဝက ဒါပဲဆိုတာ ငါ မေ့သွားလို့ မေးမိတာ"

လွှယ့် မျက်ဝန်းလေးတွေ အေးခနဲ တစ်ချက်ဖြစ်၏။ ဒါကို သိလိုက်တာ ဒေါ်သီရိကျော် ကျေနပ်သွား၏။

"ဒီတော့ ငါကပဲ ပြောစရာ ကျန်သေးတာပေါ့၊ မင်း ငါ့သားကို



www.burmeseclassic.com

www.burmeseclassic.com



နှောင့်ယှက်ဖို့ မကြိုးစားပါနဲ့ မင်းကိုလည်း သူ မသိတော့ဘူး၊ အားလုံးက ပြီးခဲ့ပြီ"

"ဘယ်သူက မပြီးနိုင်ပါဘူး ပြောနေလို့လဲ .."

"ပြောလို့လည်း မရဘူး၊ မင်းဘဝနဲ့ ငါ့သားက ပြည်တော်ပြန် မင်းသားနဲ့ လမ်းဘေးရေအိုးစင်လို ရေဆာလွန်းလို့ နှာခေါင်းပိတ်ပြီး မျိုချ မိရင်တောင် သူ ပြန်တွေးမိတိုင်း ရှက်နေမှာ .."

"အန်တီ .. မိန်းမသားချင်း အဲဒီလောက် မစော်ကားပါနဲ့"

"မိန်းမချင်း တူပေမယ့် အဆင့်အတန်းချင်း ကွာတယ်၊ ပန်းတွေ တောင်မှ မျိုးမတူကြဘူးလေ၊ ချွေးသေးပန်းတွေလည်း ပန်းပဲ၊ သူ့အရောင် လေးနဲ့သူ လှနေတာပဲမို့လား"

ဘယ့်နှယ်လဲဆိုသည့် မေးဆတ်ခြင်းနှင့် ဒေါ်သီရိကျော် က မဲ့သည်။ ဒီလိုတွေ ပြောချင်လွန်းလို့ ထိန်းချုပ်ခဲ့ရတာ ဘယ်လောက် ကြာပြီလဲ..၊ ဟိုအရင်အချိန်တုန်းကလည်း ကိုယ့်သားလေး မျက်နှာကြောင့် ..။

မနေ့တစ်နေ့တုန်းကတော့ မသိကြတဲ့လူတွေရှေ့မှာမို့ပါ။ ခုတော့ ဘယ်နှယ်ရှိစ ..။

မျက်ဝန်းချင်း စူးစိုက်ကြည့်မိစဉ် ပေါ့ပါးဟော့ရမ်းသည့် မဲ့ပြုံးတွေ ပျောက်ကွယ်နေသော လွှယ့် မျက်နှာကြောင့် ကျေနပ်လို့ မဆုံး ..။

"မင်း နစ်နာခဲ့တဲ့အတိုင်း တန်ရာတန်ကြေးမက ငါ ပေးခဲ့ပြီးပြီ၊ မင်း ကိုယ်တိုင်လည်း ကတိလက်မှတ်ထိုးသွားပြီးသား၊ အခု ငါ့သားရှေ့ကို ရောက်ရောက်လာတာ တိုက်ဆိုင်တာဖြစ်ဖြစ် .. တမင်တကာဖြစ်ဖြစ် ငါ မလိုချင်ဘူး"

"အန်တီ့သား သွားလေရာ အရပ်မျက်နှာကို ရှောင်ရှားပုန်းနေပါ့ မယ်လို့တော့ လွှယ် ကတိမရှိခဲ့ဘူး ထင်တယ်"

"အဲဒါတွေ အားလုံး ပါပြီးသားလေ၊ ငါ့ကို ကတ်သပ်မပြောနဲ့





မုန်းမလွှယ် ..၊ မင်းရဲ့မျက်နှာမှာ ငါ့သားကို မက်မောနေတာလား၊ နောက်ထပ် လိုချင်နေတာလား၊ ဘာမှန်း မသိပေမယ့် လောဘရောင်တွေ ထွက်နေတယ်၊ ဘီလူး ပြုံးတာမြင်တော့ ကျောချမ်းသလိုပေါ့"

"ဟွန့် .. အန်တီ လူ့ကဲခတ် ကောင်းသားပဲ၊ ဒါဆို အခု အပေး အယူတွေ လုပ်ကြဖို့ လိုက်လာတာလား"

"ဘာ..ပြောတယ်"

ဒေါ်သီရိကျော် ဒေါသထွက်သွားသည်။ အသံကျယ်သွားကာမှ ပတ်ဝန်းကျင်ကို သတိရပြီး ပင့်သက်ရှိုက်ရ၏။

"မင်း ဒီလောက်ထိ နင့်လောက်အောင် ရပြီးမှ ဘာထပ်လိုချင် သေးတာလဲ၊ ဒီမှာ မုန်းမလွှယ် .. မင်း ငွေညှစ်တိုင်း ပေးနေရအောင် ငါ အရူးမဟုတ်ဘူး"

လွှယ် က အောက်မေးဖျားလေး သိသာအောင် ရွဲ့၍ ခေါင်းညိတ်နေ၏။ ခုတင်လှေကားထဲ ဝင်လာကာစက ,..

အံ့သြလောက်အောင် အလှကြီးလှနေပါလားလို့ တွေးမိလိုက်သည့် မျက်နှာဟာ ခုချိန်မှာတော့ ရွံ့ရှာဖွယ်အတိ ,..၊

"ငါ သိတယ် ..၊ မင်း လှုပ်ရှားလာတဲ့ပုံစံက ဒီလို ခြေလှမ်းပြစ်တာ မှန်း၊ မရဘူး မုန်းမလွှယ် .. ငါ လိုက်လာတာ မင်းကို ဟိုတစ်ခါကလို ငွေပေးပြီး အလဲအလှယ်တွေ လုပ်ဖို့ မဟုတ်ဘူး၊ မင်း ပက်ပက်စက်စက် အရှက်မကွဲခင် နောက်ဆုတ်ဖို့ ပြောချင်တာ .."

"လွှယ် က အရှက်ကွဲမယ် .."

"ဟုတ်တယ် .. မင်းကတောင် မျက်နှာပြောင်ရဲရင် ငါက မပြောရဲ စရာ ဘာမှမရှိဘူး၊ ဒီလထဲမှာပဲ ငါ့သားနဲ့ ရန့် လက်ထပ်ကြမှာ၊ ဒီပွဲ မတက်ခင် ငါ့သားကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တာနဲ့ မင်းကို လူပုံအလယ်မှာ ငါ ပက်ပက်စက်စက် ရှင့်ရှင့်သီးသီး ပြောပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား .. ဟား .. ဟား"

မထင်မှတ်ကဲ တုံ့ပြန်လာတာက ဟက်ဟက်ပက်ပက် ရယ်သံ ဖြစ်နေသဖြင့် ဒေါ်သီရိကျော် မျက်မှောင်ကုတ်သွားသည်။

လွယ် က ပီကေကို ပူဖောင်းလေးဖြစ်အောင် နှုတ်ခမ်းလေးချွန်၍ မှုတ်သည်။ ပြီးတော့ ပါးစောင်ထဲ ပြန်ထည့်လိုက်ပြီး အလယ်ခွဲကြောင်းဖြစ်နေသည့် ဆံပင်တွေကို နဖူးကနေ လက်တစ်ဖက်နဲ့ သိမ်းလှန်ပစ်လိုက်သည်။

"သတင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဟိုတ် .. နေဦး"

သူမ လှည့်ထွက်သွားတော့ ဒေါ်သီရိကျော် ခပ်ရိုင်းရိုင်းပဲ လှမ်းဆွဲထားလိုက်ကာ ...

"မင်း ဘာပြောသွားတာလဲ"

"အဟွန့် .. အန်တီလည်း ဒေါသ မောဟမီးတွေ အရမ်းမြင့်နေတာပဲ၊ ပူမနေပါနဲ့ .. လူပုံအလယ်မှာ ပက်ပက်စက်စက် အပြောခံနိုင်တဲ့အထိ လွယ် သိက္ခာမမဲ့ပါဘူး"

ပြောသွားတာက ရိုးရိုးသားသား ဝန်ချသွားတာနှင့် တူပေမယ့် ပြုံးသွားသည့်မျက်နှာက မရိုးမသားပါလား...၊

ဒေါ်သီရိကျော် ဘာမှန်းမသိသေးဘဲ ဒီတိုင်း ကျန်ရစ်လေသည်။





အခန်း [၄]

"ကိုကြီး .. ကိုကြီး အိပ်နေလား မသိဘူး"

ဒေါ်နုသစ် ဟင်းပန်းကန်လေးကိုင်၍ အိမ်ပေါ် တက်လာခဲ့သည်။ အိမ်ရှေ့မှာလည်း ဘယ်သူမှ မရှိ..၊

အိပ်ခန်းလေး နှစ်ခန်းပဲရှိကာ အိမ်ရှေ့က ဘုရားစင်နဲ့ ဧည့်ခန်း၊ မီးဖိုခန်းက နောက်ဖေးမှာ သပ်သပ်လေး ထုတ်ထား၏။

ကိုကြီး အိပ်ခန်းတံခါး စေ့ထားသဖြင့် ချောင်းကြည့်လိုက်တော့ အထဲမှာ ကိုကြီး အိပ်နေသည်။

"ဩော် ... ဒီကောင်မလေး ခုနကပဲ ပြန်ဝင်လာတာ၊ ဘယ်ရောက်သွားလဲ မသိဘူး"

ကိုယ့်ဟာကိုယ်ပဲ မီးဖိုချောင်ထဲဝင်ကာ ထမင်းစားပွဲပေါ်မှာ ဟင်းပန်းကန်တင်၍ အုပ်ဆောင်းနဲ့ ပြန်အုပ်ခဲ့လိုက်သည်။ ပြီးတော့ ဘာတွေ ရှုတ်ပြုတ်အားသလဲ ...၊ ဟိုလှန်ဒီလှန်ကြည့်ရင်း လွယ့် အိပ်ခန်းထဲထိ ရောက်ခဲ့လျှင် ...

ဒါ .. ဘာကြီးလဲ ...၊

www.burmeseclassic.com



ခေါင်းအုံးလိုဟာကို ခေါင်းအုံးမဟုတ်မှန်းလည်း သိနေသည်မို့ ကို
ကြည့်လိုက်တော့ ဘေးမှာ ကြိုးစတွေနှင့် ...

"ဟာ .. အန်တီသစ် ဘာလုပ်တာလဲ၊ သူများ အခန်းထဲဝင်ပြီးတော့

သူများအခန်းထဲ တကယ် ဝင်မိတာမို့ ဒေါ်နုသစ် တုန်ခနဲ ဖြစ်သွ
၏။ ပြီးမှ ...

"ဒါ သူများအခန်းလားအေ .. ညည်းအခန်း ကျုပ် ဝင်တာ ဘာဖြ
သွားနိုင်လို့လဲ"

လွယ် က အနားရောက်လာပြီး ဒေါ်နုသစ် လက်ထဲက ခေါင်းအုံး
ဆွဲယူကာ ဗီရိုပေါ် လှမ်းပစ်ထားလိုက်၏။

"အဲဒါ ဘာကြီးလဲ လွယ် .. တစ်ခုခုနဲ့ တူသလိုပဲ"

"ဗိုက်အတု.."

"ဗိုက် .. အတု .."

သံယောင်လိုက်ပြောရင်း မျက်လုံးပြူးသွားတော့ လွယ် က စား
ပေါ်က သူမရဲ့ တခြားသော မမြင်စေလိုတာတွေကို ကောက်ကပ်သိမ်း
ပစ်လိုက်ပြီး ...

"ဟုတ်တယ် .. လွယ် အလုပ်လိုချင်တဲ့အခါ သနားတတ်တဲ့ သူဌေး
တွေဆို သနားအောင် ဒီလိုပဲ ဗိုက်ကြီးသည်ယောင် ဆောင်ရတယ်"

"ဗိုက်ကြီးသည်ဆို သနားရောလား"

"သနားစရာကောင်းတဲ့ ဒုက္ခိတ ဗိုက်ကြီးသည်လေ၊ ကိုယ့်ဝမ်းကိုယ်
ရှာစားရတဲ့ဘဝ .."

"ဖြစ်ရလေ"

ဒေါ်နုသစ် ခေါင်းခါသွား၏။ ဒါကို မယုံမကြည် မဖြစ်မိပါ..၊ လွယ်
ဆိုတဲ့ ကောင်မလေး ဘာမဆို မဆင့်မခြင်၊ အကြောက်အရွံ့ နည်းတာ
သိပြီးသား၊ ထို့ပြင် ... အလုပ်နဲ့ လက်နဲ့ မပြတ်အောင် လုပ်နိုင်သလို





တ်နဲ့ ငွေနဲ့ ပြတ်သွားသည်ဆိုတာလည်း သိပ်မရှိဘူး ထင်သည်။

ဒီအရွယ်လေးနဲ့ ဒီလောက်တောင် ငွေရှာတတ်နေတာ အထင်တော့
သေးပါ၊ လွယ် က လည်လည်းလည်သည်၊ သူများထက်လည်း လျင်၏။
ာ ငယ်ကျင့်ဖြစ်သည်မို့ သူတို့အားလုံး သိပြီးသားပင်..၊

"ဒီကောင်မလေး တော်တော့ တော်တယ်၊ ဒါပေမယ့် ဘာတွေလုပ်
လို့ အခက်အခဲ ဖြစ်တယ်လို့ သိပ်မရှိတာလဲ မသိဘူး"

ဒေါ်နုသစ် ကွယ်ရာမှာ တွေးရင်း ပြောဖူးသည်။ ယောကျ်ားဖြစ်သူ
ာ လက်တို့၍ ...

"သူ့ဟာသူ ဘယ်လိုရှာရှာ .. ဘာတွေလုပ်နေနေ မမေးနဲ့၊ ကိုယ်
ည်း ထောက်ပံ့ထားနိုင်တာ မဟုတ်ဘူး"တဲ့ ..၊

သူတစ်မ်းကတော့ သူစိမ်းလို ပြောနိုင်ပေမည်။ သူမတို့မှာသာ
ဘ်ဟယ် .. ငေါက်ဟယ် တကျက်ကျက် ဖြစ်နေကြပေမယ့် ကိုယ့်တူမ
းမို့ စိုးရိမ်စိတ်ဓာ အမြဲတမ်း ရှိခဲ့သည်သာ ..၊

သူ့အဖေက ကိုယ့်အစ်ကိုကြီး အကြီးဆုံး ..၊

ဟိုတုန်းက နှမ်တွေကို ကြင်နာခဲ့သူမို့ ခုချိန်မှာ ဒုက္ခိတသာသာဘဝ
ချို့ငဲ့နေရတော့ မကြည့်ရက်နိုင် ..၊ ထို့ကြောင့် စားကောင်းသောက်
လေးဆို အစ်ကိုကြီးအတွက် စားဦးစားဖျားလေး လာပြေးပို့မိသည်။
နီးတကျက်ကျက် ဆိုတဲ့အတိုင်း တစ်ခြံတည်းနေကြပြီး မသင့်မြတ်
သော်လည်း သွေးသားသံယောဇဉ်က နေနိုင်မလား ..၊

"ငါ့ကို ရှင်းအောင် ပြောစမ်းပါ လွယ် ရယ် ..၊ ညည်း အဲဒီလို ဗိုက်
နဲ့ အလုပ်ဆင်းနေတာလည်း မတွေ့ဖူးပါဘူး၊ အဲဒီလို တကယ်လုပ်ခဲ့
လား"

"လုပ်ခဲ့လို့ ဒါ ရှိနေတာပေါ့"

လွယ် က အကောင်းတစ်ခွန်းမှ မပြော ..၊

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမလုပ်ကိုင်နိုင်တဲ့ ဖေဖေ့အတွက် ဘယ်ဆွေမျိုးဆီကမှ လက်မဖြန့်ဘဲ လွှယ် တစ်ယောက်တည်း ရှာဖွေ ကျွေးလာတာ၊ ကိုယ့်ဘဝ မပျက်စီးရင် ပြီးရော .. မဟုတ်တာတွေရော ဟုတ်တာတွေရော ကြုံတဲ့ကျတဲ့ဓာတ်ရုပ်ကို ပီပြင်အောင် 'က' ရတယ်၊ လင်ပစ်မ ဗိုက်ကြီးသည်ဖြစ်လိုက်၊ ထောင်နန်းစံကိုယ်တော်ကြီးရဲ့ အားကိုးရာမဲ့ လင်ဆိုးမယား ဖြစ်လိုက်၊ အရက်သမား၊ ဖဲသမား ..."

"အမယ်လေး နေပါဦး .. နေပါဦး .. ကြားလိုက်ရတာ တစ်ခုမှလည်း အကောင်းမပါဘူး၊ ခုခေတ်မှာ မိန်းကလေးတွေပဲ အလုပ်မရှားတာ၊ ချောချောလှလှ နုနုထွတ်ထွတ်လေးတွေပဲ အလုပ်ခန့်တာနဲ့ ကြားဖူးတယ်၊ ညည်းကျမှ ဘယ့်နှယ် .."

"ဒါက အလုပ်တွေ အမျိုးမျိုး ရှိသေးတယ်လေ၊ မေးမနေပါနဲ့ အန်တီသစ် ရာ .. အန်တီချစ် တို့ နေသလို ဝေးဝေးနေစမ်းပါ"

"ဝေးဝေးနေလည်း လူချင်းဝေးပေမယ့် သွေးမဝေးဘူးအေ့ .. ညည်းက ငါ့အစ်ကိုရဲ့သမီး တူမအရင်း..."

"ဟုတ်လား .. ရမ့တောင် မေ့နေတာ"

"လွှယ် နော် .. ညည်းနဲ့ ပြောဆိုမိတိုင်း တစ်ခါမှ ကောင်းကောင်းမွန်မွန် မပြီးဘူး"

"ဒါဆိုလည်း မပြောဆိုမိအောင် လွှယ် တို့ သားအဖဆီ အန်တီသစ် ကူးမလာနဲ့ပေါ့၊ လွှယ် ကတော့ ဖေဖေ့အတွက် ပြည့်စုံအောင် လွှယ် ပဲ ရှာရတာ၊ လွှယ့် ဘဝ မပျက်စီးအောင်လည်း လွှယ် ကိုယ်တိုင်ပဲ စောင့်ရှောက်ခဲ့တာ၊ အဲဒါကြောင့် ဘယ်သူ ဦးဆောင်လမ်းပြဖို့မှ မလိုဘူး၊ ကိုယ့်ဓာတ်မှာ ကိုယ် ဒါရိုက်တာပဲ"

"အဲဒါ ညည်းက ဆွေမျိုးတွေကို စော်ကားတာပဲ လွှယ် ..၊ အသိုင်းအဝိုင်းရဲ့ အရိပ်ဆိုတာ ညည်း နားမလည်ဘူးလား၊ တို့က မပေးနိုင် မကျွေး





နိုင်ပေမယ့် နှုတ်၏ စောင်မခြင်း၊ လက်၏ စောင်မခြင်းနဲ့ .."

"ဘာနဲ့မှ မ'မ'နဲ့"

"သမီး .."

နှစ်ယောက်၏ စကားသံတွေထဲကို ကရုဏာသံအပြည့်နှင့် လွှမ်းမိုးနိုင်သောအသံတစ်ရပ် ကြားဖြတ်ဝင်၏။

"ဖေဖေ .."

ဖေဖေ့ကို မြင်လိုက်တော့ လှမ်းပစ်တင်လိုက်သည့် ခေါင်းအုံးကို ခလုံမလဲ ပြန်ကြည့်မိသည်။ ဖေဖေ မြင်သွားမှာစိုးလို့ပါ..၊

ဦးမုန်းဝေ က လွှယ့် အခန်းရှေ့မှာပဲ ရပ်နေလျက် ရှေ့တိုးမလာပါ..၊

"သမီး လူကြီးကို ဒီလို တစ်ခွန်းမကျန် ခံမပြောရဘူးလို့ ဖေဖေ မှာထားတယ်မို့လား"

"အဲ့ကိုကြီးသမီးကလေ ဖအေနဲ့တူတာ တစ်ချက်မှ မပါဘူး သိလား၊ ဖအေက နူးနူးညံ့ညံ့ စိတ်ကူးယဉ်သမား၊ သူက တကယ့်ကို သူ့အမေလိုပဲ စကားတတ်တတ်လိုက်တာလည်း ဘာမှ ..."

"တိတ်စမ်း နုသစ် .."

တိတ် ဆိုတော့လည်း ဒေါ်နုသစ် တိတ်သွားပါသည်။ ဒါပေမယ့် ခကျေမနပ်နှင့် နေရာမှထွက်သွားတာ ညင်ညင်သာသာ မဟုတ်..၊

ဒီ မိသားစုတွေအားလုံး အကြီးနဲ့အငယ် မရှိသေတတ်ကြသည့် ဘာဉ်ဆိုးတွေကို တာဝန်ကျေစွာ ထိန်းသိမ်းလာခဲ့ကြတာ ဒီနေ့ထိ မပျက်မယွင်းသေး..၊

ဦးမုန်းဝေ ၏ စူးရဲဝေးစိုက်နေသော မျက်လုံးတွေက လွှယ့် ထံမှာ...

"အမိယုတ်တော့ နှုတ်ကြမ်းတယ် .. အဖယုတ်တော့ ကိုယ် ကြမ်းတယ် တဲ့၊ သမီးက မိဘတွေရဲ့ ဂုဏ်သိက္ခာကို ကျကျနန ဖော်ကျူးနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



လွယ် မျက်နှာ ငုံ့ထားပြီး တုတ်တုတ်မှ မလှုပ်..၊

"ဒါမှမဟုတ် ငါ ရှာဖွေနေတာပဲဆိုပြီး ..."

"မဟုတ်ဘူး ဖေဖေ .. ဖေဖေ အဲဒီလိုတော့ မပြောပါနဲ့၊ လွယ် ဖေဖေ့ကို ဒီလို ကျေးမွေးရတာတောင် စိတ်မကောင်းဖြစ်နေတုန်းပါ။ မောင်နှမတွေထဲမှာ အကြီးဆုံးဖြစ်ပြီး ကိုယ်က ချို့တဲ့တော့ ငယ်တဲ့ နှမတွေက မလေးစား၊ တူ့တူမတွေက မကြောက်၊ သူတို့က မကူညီတဲ့ အပြင် ဟိုဟာ ဝေဖန် .. ဒီဟာ ဝင်ပါနဲ့ .."

"အဲဒါ လောကဓံပဲ၊ ဒီလို ပတ်လည်ဝိုင်းနေတဲ့ စရိုက်သဘာဝတွေထဲမှာ သမီး မျောပါသွားရမှာ မဟုတ်ဘူး၊ ဒီမိသားစုသေးသေးလေးနဲ့ တိုက်ခိုက်အောင်မြင်နေတာကို ကျေနပ်နေရင် ဘဝတိုက်ပွဲမှာ သမီး ကျရှုံးမှာပဲ၊ ပတ်ဝန်းကျင်ဆိုတာ သမီးရဲ့ မျက်စိတဆုံးမှာပဲရှိတာ မဟုတ်ဘူး၊ အဲဒါကို မှတ်ထား .."

ဖေဖေဟာ သူ့ဘဝကိုရော အရာအားလုံးကိုပါ ခါးသီးမှုများနဲ့ ချက်ချ်ခဲ့ပြီးတဲ့နောက်မှာ စကားများများ မပြောတတ်သည့်အကျင့်ပါ ထိန်းသိမ်းလာခဲ့တာ ဖြစ်သည်။

လွယ့် ကိုလည်း ဆုံးမစကားတွေ ရှည်ရှည်ဝေးဝေး သိပ်မပြောခဲ့ပေ..၊ ပြောပြီးတိုင်းလည်း သူမ နာခံသည်ဖြစ်စေ၊ မနာခံသည်ဖြစ်စေ စကားကို အဆုံးမသတ်၊ အဖြေမစောင့်ဘဲ ဒီလိုပဲ နုတ်သိမ်းသွားနေကျ..၊

လွယ် တစ်ယောက်တည်း ကျန်ခဲ့ရ၏။ အိပ်ရာပေါ်မှာ ပစ်စလက်ခတ် ထိုင်ချလိုက်မိသည်။

သူမဘဝဟာ မုန်းမလွယ်တာတစ်ခုတည်း မဟုတ်ဘဲ ဘယ်နေရာမှာမှ မလွယ်ခဲ့တာလား ..၊ ဖြစ်တော့ ဖြစ်နိုင်လေသည်။





## အခန်း [ ၅ ]

"ထွတ်မြတ်ကောင်းကင် လား"

"ရှည်လိုက်တာဟာ ထွတ်မြတ် ပဲ လုပ်စမ်းပါ၊ သူ မဟုတ်ဘူး။ သူနဲ့ ဇာစပ်ထားတယ်ဆိုတဲ့ တစ်ယောက်က ငြိတဲ့မျက်လုံးမျိုးနဲ့ ကြည့်သွားတာ .."

မဒီ့ အစား သိတာ က ဝင်ဖြေပေမယ့် ရွေး ရဲ့အကြည့်က မဒီ့ မျက်နှာမှာပဲဖြစ်ကာ ...

"မဒီ ရယ် .. အဲဒီကောင်ကို နင် တစ်ဖက်သတ် ကြိုက်နေတာ အရမ်း သိသာနေတာလားမှ မသိတာ"

"မဟုတ်ပါဘူးဟာ .. နင်ကလည်း .."

မဒီ့ ခမျာလည်း သနားစရာပါ။ မျက်နှာလေးလည်း လှသည်၊ ကိုယ်လုံးလေးလည်း လှသည်။ အရပ်လေး နည်းနည်းပုကာ လူက သေးသလိုဖြစ်နေတော့ လှတာလေးတွေ မပေါ်လွင်ရှာ..၊

"မဟုတ်ဘူး မလုပ်နဲ့လေ ,. ဟိုက ရိပ်မိလို့ အူတိုတာနေမှာပေါ့။ ကိုယ့်ကို ဂရုစိုက်တာလည်း မဟုတ်ဘဲနဲ့၊ ကြိတ်ပြီး ရင်ခုန်မနေပါနဲ့ မဒီ



www.burmeseclassic.com

www.burmeseclassic.com



ရယ် .. တိတ်တိတ်လေးပဲ ရင်ခုန်ခုန်၊ စောင်ခြုံထဲ ပြေးဝင်ပြီးမှပဲ ခုန်ခုန် နင့်မျက်လုံးထဲကို ကြည့်လိုက်တာနဲ့ နင့်ရင်ခုန်သံတွေကို မကြားဘဲ သိ တယ်၊ ပြီးတော့ ကိုယ့်ထက်လည်း အစစအရာရာ သာနေတဲ့လူ၊ အောက် ကျနောက်ကျပဲ .."

သူငယ်ချင်းတွေ ကရုဏာဒေါသနဲ့ ပြောကြတာမှန်း သူမ သိသည်။ ဒါပေမယ့် သူတို့တွေကိုလည်း စိတ်မဆိုးနိုင်သလို ထွတ်မြတ် ကို မြင် လိုက်တိုင်း ခြေတုန်လက်တုန်ဖြစ်ရတာကလည်း ဟန်ဆောင် ထိန်းချုပ် လို့ မရ..၊

ဒါ ခုမှမဟုတ်ပါ၊ ထွတ်မြတ် တို့ ပိုင်ဆည့် ခုနစ်လွှာ လေးခန်းတွဲ တိုက်တန်းကြီးထဲမှာ သူမတို့ ငှားနေခဲ့တဲ့ ဟိုအရင်အစကတည်းက .. ခုဆိုရင် မဒီ တို့ နေလာတာ နှစ်နှစ်ကျော်ပြီ ဖြစ်သည်။

သူမတို့တိုက်ခန်းရဲ့အပေါ်မှာ အားလုံးရဲ့ အထွေထွေတာဝန်ခံ နေ တာမို့ ထိုအခန်းကို ထွတ်မြတ် မကြာခဏ လာတတ်၏။

မျက်နှာချင်းဆိုင် တွေ့ကြတာလည်း အခါခါ မျက်လုံးချင်းလည်း ဆုံဖူးကြသည်။ သို့သော် သူကတော့ ဒီနေ့ထိ ...

"သူ့ပုံစံက မာနကို ကြီးတာပါ၊ ငါ့ကိုမှ မဟုတ်ဘူး ဘယ်မိန်းကလေး ကိုမှ ဂရုမစိုက်ဘူး၊ အဲဒီ စေ့စပ်ထားတဲ့တစ်ယောက်ကလည်း ဘေးက ပါလာတတ်ပေမယ့် ဘေးမှာပါပဲ၊ ငါ မြင်သမျှတော့ လိုက်လျောနွေးထွေး ကြတာ မရှိပါဘူး၊ အဲဒါကြောင့်လည်း ငါ့ကို အသွားအပြန် တွေ့နေတယ် ဆိုပြီး ကြံဖန် အူတိုနေတာ ဖြစ်မှာပေါ့"

ထပ်ပြောလာတော့လည်း ဒီအကြောင်းအရာပဲမို့ ရွှေး က သက်ပြင် ချသည်။

"ထင်သလိုသာ တွေးယူပေတော့ မဒီ .. ငါ ကြိုပြောနိုင်တာ တစ် တော့ ရှိတယ်၊ အဲဒီတစ်ယောက်ကြောင့် နင် လူမသိ သူမသိ ခံစားရမှာ





တွေ နောက်ထပ် ရှိလာဦးမှာ သေချာတယ်"

"ပိုသေချာတာက ခုမှ လာတာ"

သီတာ ပြောလိုက်မှ လှမ်းကြည့်မိကြသည်၊ သူမတို့က အဆိုတော် ရှိုးပွဲတွေ ခဏခဏ လုပ်တတ်သည့် ကုန်းမြင့်လေးပေါ်မှာဖြစ်ကာ Mr. guitor ဆီ ကွေ့ဝင်လာသည့် ကားနီလေးက သူမတို့ရှေ့မှာပဲ ရပ်တန့် သွား၏။

ကားပေါ်မှာ တစ်ယောက်ပဲ ပါတာမို့ ဆင်းလာသူဟာ လွယ် ပြောသည့် 'သမီန်' မှလွဲ၍ တခြားသူ ဖြစ်ဖို့မရှိပေ..၊

အနီနဲ့ စတော်ဘယ်ရီရောင်အကွက်တွေပါသည့် ရှပ်အင်္ကျီလက် ရှည်ကို တံတောင်ဆစ်နားလောက်ထိ ခေါက်တင်ထားသည်။

ဂျင်းဘောင်းဘီနဲ့ပဲဖြစ်ကာ အရပ်အမောင်းကလည်း ယောကျ်ား လေးတစ်ယောက် ရှိနေသင့်သည့် အရပ်မျိုးပင်..၊

အသားလတ်လတ်နှင့် မတိုမရှည်ဆံပင်ပုံက ရိုးရိုးရှင်းရှင်း..၊ သိပ် အချောကြီးတော့ မဟုတ်ပေမယ့် ပခုံးနှစ်ဖက် လျှော့ချထားကာ ခြေ လှမ်းကျဲကျဲ လျှောက်သွားပုံက ကြည့်ကောင်းနေသည်။

"ဖြစ်နိုင်တယ် သီလား .. 'သမီန်' ပဲ ဖြစ်မယ်"

"ဩော် .. ဒီအချိန် ဒီနေရာကို တစ်ယောက်တည်း လာတတ်ပါ တယ်ဆိုမှ သူပဲပေါ့၊ မီလွယ် က တော်တော်လျင်တယ်နော်၊ သူ ဖြစ်ချင် တာဆို မရရအောင်ကို ဖြစ်အောင်လုပ်တာပဲ"

"ကဲပါ သီတာ ရယ် .. ဘယ်ရောက်သွားလဲ ..၊ ဟိုတစ်ယောက်.."

"ဟိုကမ်းစပ်မှာ အတွဲချောင်းဦးမယ်ဆိုပြီး ထွက်သွားတာပဲ၊ မဒီ သွားခေါ်ဟာ"

"သိတယ် .. ငါပဲ တာဝန်ကျတော့မယ်ဆိုတာ .."

ပြောနေရင်း မဒီ က ကားထဲက ထွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေး က သိတာ့ ကို လက်တို့၍ ...

"လွယ် ဘာလုပ်မလို့လဲ ... နင် သိလား"

"မသိဘူးလေ .. ငါလည်း နင့်လိုပဲဥစ္စာ၊ လိုက်ခဲ့စမ်းပါဆိုလို့ လိုက်ခဲ့ရတာ၊ အလုပ်သိမ်းပြီး နားတောင် မနားရသေးဘူး"

သူမတို့အားလုံး ဒီနေ့ ဒီအစီအစဉ်ကြောင့် ဂျူတီပြီးပြီဆိုတာနှင့် အကျီတွေလဲပြီးမှ ထွက်ခဲ့ကြတာ ဖြစ်သည်။

ကားကတော့ ရွှေး တို့အိမ်မှာ တစ်ခါတလေမှ အားတာမို့ တစ်ခါတလေလေးပဲ စီးခွင့်ရသည့် မူလလက်ဟောင်း တိုရိုတာ ခပ်စုတ်စုတ်လေးနှင့် ...

"ငါ ထင်တယ် သိလား၊ လွယ် ဒီလူကို ကြိုက်နေတာ လုံးဝ မဟုတ်ဘူး၊ တစ်ခုခု အစီအစဉ်ရှိနေတာ ဖြစ်ရမယ်"

"ဟုတ်တယ် .. အခု ငါ မြင်လိုက်တော့မှ အံ့သြသွားတယ်၊ ဒီလိုခပ်ဖြောင့်ဖြောင့် ခပ်မိမိ စတိုင်လ်ကို အတူတူ အကြာကြီး နေခဲ့တာတောင်မှ သူ့ရင်ထဲမှာ ဘာမှမကျန်ရစ်ခဲ့ဘူးနော်၊ ဟိုမှာ သူ ဒီလိုလုပ်ခဲ့ပါတယ်၊ စွန့်စားခဲ့တယ်နဲ့ သူနဲ့ သူ့ရဲ့ လျှပ်တစ်ပြက်ရိုက်ချက်လေးကို အားရပါးရ ပြောပြခဲ့တာ၊ ရင်ခုန်သံတွေအကြောင်း မပါဘူး၊ ဒေါ်သီရိကျော်တို့နဲ့သာ ထပ်မဆုံဖြစ်ရင် 'သမိန်' ဆိုတာလည်း သူ မေ့နေပြီ .."

"အင်း 'လိုချင်မရ မလိုချင် ရ၏'တဲ့၊ သူ့စိတ်ထဲမှာ ဆွေမျိုးစုတွေကို အောက်ကျမခံချင်လို့ ထင်ရာစိုင်းချင်နေတာပဲ ရှိတာ၊ အချစ်ကို ရင်ထဲမထည့်ဖြစ်သေးတာတော့ သေချာတယ်၊ မဒီ အဲဒီလိုဆို သိပ်ကောင်းမှာပဲ"

"အံမယ် .. သူတို့က သူများအတင်းတုတ်ပြီး ငြိမ်နေကြတယ်၊ ဒီမှာတော့ ကမ်းစပ်ကို ပြေးဆင်းပြေးတက်နဲ့ လျှာထွက်တော့မယ်"

ကားဘေးမှာ ခါးထောက်လေး လာရပ်လိုက်သည့် မဒီ ရင်ဘတ်လေးက အသက်ရှူပြင်းနေမှန်း သိသာ၏။





"လွှမ်း ရော .."

"မတွေ့ဘူး၊ အတွဲတွေ ကြင်နာနေကြတဲ့အနားမှာ ရစ်သီရစ်သီသွားလုပ်မိလို့ ဒီမျက်နှာ ဘယ်သွားထားရမှန်းတောင် မသိဘူး"

"ဪ .. ဒီလို ရှက်တတ်ရင်လည်း ကားပေါ်မှာ ခေါင်းလေး ခဏဘာဖြုတ် ထားခဲ့ပါလား"

"နေကြစမ်းပါဦး .. နင်တို့ကလည်း လွယ် က ဘယ်ရောက်သွားတာလဲ"

မဒီ က နောက်ထပ် သူ့ကို ပြန်ရှာခိုင်းမှာစိုးကာ ခေါင်းလေးကုတ်ပြီး အားထဲဝင်ထိုင်ပစ်လိုက်သည်။

"မသိတော့ဘူး၊ ဒီလူက 'သမိန်' ဟုတ်ချင်မှ ဟုတ်မှာပေါ့၊ ငါတို့လည်း မြင်ဖူးကြတာမဟုတ်ဘဲနဲ့ သူဟာသူ တခြားနေရာမှာ သွားရှာနေသလားမှ မသိတာ"

"ဒါလည်း ဖြစ်နိုင်တယ်၊ ငါတို့ ဒီမှာပဲ စောင့်နေလိုက်မယ်ဟာ"

"အကောင်းဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၆ ]

"ကော်ဖီအေး မှာထားတာလား"

"ဟင်!..."

ရေပြင်ကို ငေးနေတုန်း လူရိပ်ကြောင့် လှည့်ကြည့်လိုက်မိ၏။

ကိုယ် မှာထားတာပေမယ့် လာပို့ပေးတဲ့လူကို မြင်လိုက်တော့ ခေါင်းညိတ်ဖို့ အစီအစဉ်က နောက်ရောက်သွား၏။

"ဒီမှာ .."

သူမက သူ ခေါင်းညိတ်ညိတ် မညိတ်ညိတ် ဖန်ခွက်ကို ရှေ့မှာ ချပေးတာနှင့် လှည့်ထွက်သွားသဖြင့် ...

"ဟော့ .. မင်းကို ခေါ်နေတာ"

ဟိုဘက်စားပွဲမှာ သွားထိုင်မည့်ပုံပေါက်နေသည့် သူမက သမင် လည်ပြန် လှည့်ကြည့်၏။

"ဘာကိစ္စနဲ့ ခေါ်တာလဲ"

"ဆိုင်ကိုလာတဲ့ ကက်စတန်မာတစ်ယောက်ကို ဧည့်ဝတ်ဖြ စိတ်တာလုပ်နိုင်းမှာတော့ မဟုတ်လောက်ဘူး"

"အဲဒီတော့ .."





"အဲဒီတော့ ရှင်းနေတာပဲ၊ မင်း ငါ ရှိနေတဲ့နေရာတွေမှာ ရှိနေ ဆတ်တာ တိုက်ဆိုင်တာချည်းပဲလား၊ တမင်တကာလား"

"... ... ..."

"အခု ဒါတွေ သယ်လာပေးတာရော .."

ကော်ဖီအေးနဲ့ ဆန်းဝှစ်ကို အကြည့်နဲ့ပြပြီး မေးသည်။ သူမက မ်ခြိုက်စွာ ပြုံးလိုက်ပြီး ပြန်လှည့်လျှောက်လာ၏။

စားပွဲနားကျမှ ကြိုးရှည်နှင့် အနီရောင်အိတ်လေးကို နောက်ရောက် အောင် ပို့ပစ်လိုက်ပြီး စားပွဲပေါ်မှာ လက်ထောက်၍ ...

"ရှင်ရော .. လွယ့် ကို မြင်ဖူးသလိုလို မရှိဘူးလား"

သူ မျက်မှောင်ကုတ်သွားမိသည်။ သူမနဲ့ စားသောက်ဆိုင်ထဲမှာလဲ ချက်လုံးချင်းဆုံလိုက်တုန်းကတော့ စိတ်ထဲမှာ ဘာလိုလို တွေးလိုက် ဘာ အမှန်ပင်..၊ ဒါမှမဟုတ် သူမက ကြည့်နေလို့ ငါနဲ့များ သိနေမလ ထိုင် ခိုသည့် အတွေးမျိုး ဝင်ခဲ့တာလား..၊

လွယ် က သူ့မျက်နှာကို ကြည့်နေပြီး ခဏကြာအောင် စောင့်၏။

"လွယ့် နာမည်က 'မုန်းမလွယ်'၊ ဒီနာမည်ကိုတော့ ရှင် ဘယ်တုန်း ကမှ ရင်းနှီးခဲ့မှာ မဟုတ်ဘူး၊ လွယ် ကတော့ ရှင့်ကို သိတယ်၊ တရင်း နှီးကြီး သိခဲ့တာ"

"ဒါဆို ပြောလေ၊ မင်း ဒီမှာပဲ ထိုင်လိုက်ပါလား"

"မဖြစ်ဘူး"

လွယ် က ကိုယ်လေး မတ်မတ်ပြန်ရပ်ကာ ...

"ရှင် ပြန်ပြီး သတိရလာဖို့လည်း မလိုပါဘူး၊ မသိတော့ ပိုကောင်း ကောင်းသေးတယ်"

"ဘာတွေ ပြောနေတာလဲ ...၊ မင်း အကြောင်းပြချက် မရှိင်လို့ ရုပ် ဘက်မှာ အရိပ်လို ရှိနေတဲ့ကိစ္စကို ထင်သလို ဆွဲတွေးလို့ ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟား!… လာပြန်ပြီ တစ်ယောက်"

လွယ် က ပါးရိုးလေး နှစ်ဖက်မှာ ပျော့စင်းကျနေသည့် ရွှေအိုရောင် ဆံနွယ်တို့ကို မျက်နှာမော့၍ ခါထုတ်ပစ်ကာ …

"ကြိုက်တဲ့အတိုင်း တွေး .. ထင်သလို ယူဆလိုက်တော့၊ ဒီမှာ သမိန် .. ရှင့်စိတ်ထဲမှာရှိတဲ့အတိုင်း အားမနာတမ်း ထုတ်ပြောရင်လည်း ရတယ်နော်၊ ဘာဖြစ်လို့လဲဆိုတော့ မုန်းမလွယ် က အဲဒါတွေထက် ပိုတဲ့ ဒ်နံ့းမ …၊ မကြာခင် ရှင် သိလာမှာပါ"

"ဟိတ် .. နေဦးလေ"

နောက်ထပ် ကျော်ခိုင်းသွားတော့လည်း သူ ထပ်၍ တားဆီးမိကာ…

"ဒီ့ထက် နည်းနည်းလောက် ပိုရှင်းအောင် ပြောပြပါလား"

တည့်တည့် ပြန်လှည့်ရပ်ပြီးမှ လွယ် က ခေါင်းခါရင်း မဲ့သည်။

"ရှင် သိဖို့ မလိုဘူးလို့ ပြောပြီးပြီပဲ၊ အခု လွယ် လိုချင်တာ ရပြီ၊ ကျေးဇူးပဲ"

"ဘာ .. ဘာကို ပြောတာလဲ"

"မုန်းမလွယ် ကို ရှင် သိသွားပြီလေ .. နောက်တစ်ခါ ထပ်ဆုံရင် နာမည်တောင် မသိပါဘူး၊ ဘယ်ကကောင်မလေးလဲဆိုတဲ့ မျက်နှာကြီး ဖြစ်မနေတော့ဘူးပေါ့.."

"အဲဒါက ဘာရည်ရွယ်ချက်လဲ .."

"ဘာဖြစ်ဖြစ် .."

ဒီတစ်ခါတော့ လှေကားထစ်လေးတွေဆီ ပြေးတက်သွားတာမို့ သူ ငုတ်တုတ်မေ့၍ ကျန်ရစ်၏။

မုန်းမလွယ် …၊ ဒီနာမည်ကို သူ လုံးဝ မသိ..၊





## အခန်း [ ၇ ]

"မနက်ဖြန်ပဲ မင်္ဂလာဆောင်တော့မယ်၊ မင့်သား ဘာဖြစ်နေတာလဲ သိရို"

စီးကရက် လက်ကြားညှပ်၍ ဒန်းပေါ်မှာ တစ်ယောက်တည်း ထိုင်နေသည့် သမိန့် ကို မောင်နှမနှစ်ယောက် လှမ်းကြည့်မိကြသည်။

"ဘာမှ မဖြစ်ပါဘူး အဖေကြီးရယ် .. နေပြန်ကောင်းလာကတည်းက ဒီတိုင်းပဲနေတာ၊ ရန့် ကိုတော့ သူ နွေးထွေးပါတယ်"

"မင်း အဲဒီလို ထင်သလား ..၊ ငါကတော့ အေးတိအေးစက်လို့ပဲ မြင်တယ်"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ဝတ်လွှာ ဆုံးသွားတာ တစ်နှစ်ကျော် ကြာပြီပေမယ့် သူက အတိတ်မေ့နေတော့ မနေ့တစ်နေ့ကလို ရှိနေဦးမှာလေ"

"အဲဒါကြောင့် ခက်တာ၊ မင်း ဒီကိစ္စ စီစဉ်တာ အရင်လိုနေတယ် သိရို .. သူ့အမေကိုယ်တိုင်ကလည်း သူ့သား စိတ်ချမ်းသာသလို နေပါစေ သို့ ပြောခဲ့တယ်၊ တော်ကြာ ကိုယ်က ရိုးသားပေမယ့် တစ်မျိုးတစ်မည် ထင်စရာ ဖြစ်ကုန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို!... သီရိ တို့ ညီအစ်မချင်း ဘာပြဿနာမှ မရှိဘူး၊ တခြားတစ်မ်းလည်း မဟုတ်ဘူး။ ကိုယ့်တူ .. သူ့အမေကိုယ်တိုင် သီရိ လက်ထဲမှာ စိတ်ချလို့ နိုင်ငံခြားမှာ အေးဆေး အလုပ်သွားလုပ်နေတာ၊ ခုလို ဘာဖြစ်လို့ စိတ်စဉ်ခဲ့ရတယ်ဆိုတာလည်း ပြောပြပြီးပြီ .."

"တစ်လောကလုံးမှာ ရှိသမျှ မိန်းကလေးတွေ မင့်သားကိုပဲ ဝိုင်းလုကြမှာမှ မဟုတ်ဘဲ၊ သူ့စိတ် အနယ်ထိုင်အောင်တော့ .."

"အနယ်ထိုင်ဖို့က ငြိမ်သက်နေမှ ဖြစ်မှာလေ/အဖေကြီးရဲ့ .. ပြီးတော့ ဒါက လူတစ်ယောက်ရဲ့ ရင်ဘတ်ထဲကကိစ္စ၊ ချောင်းရေ ကန်ရေ ပြင်ကြီးမှ မဟုတ်တာ၊ လက်ထပ်လိုက်ခြင်းအားဖြင့် ပထမ အဆင်ပြေမှာက ဇနီးမယားနဲ့ အတူတူ နေလာရတော့ တွေးတာငေးတာတွေ လျှော့ပြီး သူ့စိတ် ပြောင်းလဲသွားမယ်၊ နောက်တစ်ခုက ..."

မုန်းမလွယ် ..၊

သင်းမျက်နှာကို မြင်လာမိပြန်ပြီ..၊

တစ်လောကလုံးမှာ ရှိသမျှ ဆင်းရဲချမ်းသာ ဘယ်လိုမိန်းကလေးနဲ့ဖြစ်ဖြစ် ကိုယ့်ကလေးက ဖွတ်တရွတ်ဖြစ်လာရင်တော့ မိဘကပဲ အလျှော့ပေးရမှာပါ..၊

အဲဒီလို လျှော့လိုက်ရတဲ့မိန်းကလေးဟာ မုန်းမလွယ် မဖြစ်စေရေ..၊

စကားကို အဆုံးမသတ်ပေမယ့် ဦးသိန်းထိန် ကလည်း သိသည်။ မုန်းမလွယ် ဆိုတဲ့ မိန်းကလေးတစ်ယောက်ဟာ တကယ်ကို မလွယ်တာဖြစ်၏။

ပြောမယုံ ကြုံဖူးမှ သိလိမ့်မည်။





အခန်း [ ၈ ]

ညဘက် ခြံထဲမှာ ညှော်ခံပွဲလုပ်ဦးမှာမို့ ဟိုတယ်လ်မှာတော့ မနက်ဝိုင်းပဲ လုပ်ဖြစ်ခဲ့သည်။

ဒေါ်သီရိကျော် တို့ဘက်က ရန်ကုန်မှာ ညှော်သည်လို ပြန်ဖြစ်နေသဖြင့် မိတ်နည်းပေမယ့် ဒေါ်ငုဝါချို တို့ဘက်က အားလုံး တက်ရောက်ကြသဖြင့် မင်္ဂလာပွဲက စည်ကားနေ၏။

"သမီးနဲ့ သားတို့ မပြီးသေးဘူးလား၊ ညှော်သည်တွေ စုံနေပြီကွယ့်"

ဒေါ်ငုဝါချို တံခါးဝရောက်လာတော့ သမိန် နဲ့ ရန့် တို့ လက်ချင်းနှိတ်ကြ၏။

"မောင် .. ရန့် လှရဲ့လားဟင်"

"လှပါတယ် .. ပုလဲရောင်လေးနဲ့ ပုလဲတွေ ဆင်ထားတာ မင်းနဲ့ လိုက်တယ်"

ရန့် မျက်နှာလေး ပြုံးကြည်သွားသည်။

လက်ချင်းချိတ်ထားရာကနေ သမိန့် လက်မောင်းကို ဖက်ထားမိတဲ့အထိ ကျေနပ်သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သတို့သား သတို့သမီး မင်္ဂလာခန်းမထဲကို ဆင်းလာကြတော့ စားပွဲတိုင်း ပြည့်နေသည့် ပရိသတ်တွေ ငြိမ်ကျသွားသည်။

မင်္ဂလာအခါတော်ပေးသီချင်းက ခေတ်ဟောင်းသီချင်းဖြစ်ပေမယ့် ခေတ်အဆက်ဆက်မှာ လက်ထပ်နေကြတာလည်း မဟောင်းမအီခဲ့ကြတာမို့ ...

"ဒီမှာ .. အဲဒီသီချင်းကြီးကို ဗိုတ်လိုက်စမ်းပါ"

သီချင်းသံကို ထွင်းဖောက်၍ မိန်းကလေးတစ်ယောက်၏အသံ စူးခနဲ ထွက်လာ၏။ ခဏတဖြုတ် တိတ်ကျသွားသည့် ပရိသတ်က လုံးဝ ငြိမ်သက်ကုန်ကာ ခေါင်းတွေ တစ်နေရာတည်းဆီ လှည့်သွားကြတာ ယိမ်းတိုက်ထားသလိုပင်..၊

နှစ်ဖက်မိဘတွေ မျက်နှာတွေ ပျက်ကုန်ကြလျက် ဒေါ်သီရိကျော်တို့ လင်မယား အသက်ရှူတွေ မှားကုန်၏။

မုန်းမလွယ် ..၊

ဒါ .. ဒါ ဘာလုပ်တာလဲ ..၊

ခုမှ ဝင်လာတာလား .. အစတည်းက ဒီထဲရောက်နေတာလား ..၊ ဆံပင်တွေကို နောက်မှာ စုစည်းထားတာ ဖြစ်သလို ...

မျက်နှာပေါ်မှာ ဖရိုဖရဲ ပြို့ကျနေသည့် ဆံစတချို့နှင့် ဝတ်ထားသော အဖြူရောင် ဗိုက်ဖုံးအင်္ကျီပွပွလေးကြောင့် ပိပြင်နေသည့်သရုပ်က ဘာဆိုတာ အားလုံး တွေးမိကြလိမ့်မည်။

"မောင် .. သူ .. သူ မို့လား .."

"ဟုတ်တယ်"

ပရိသတ်တွေ စုံညီနေတုန်းမို့ ရန် တို့ သားအမိတွေ တုန်လှုပ်ချောက်ချားကုန်ကြ၏။ သမိန် သည် မစို့မပို့လေး မောက်တတ်နေသည့် ဗိုက်နဲ့ ဗိုက်ဖုံးအင်္ကျီကို စူးစိုက်ကြည့်ရင်း ဘာစကားမှ မဆို..၊





"သမိန် .."

အလယ်လမ်းကလေးကနေ တည့်တည့်လျှောက်လာပြီး သမိန့် မျက်နှာတစ်ခုကိုပဲ စူးစူးရဲရဲ ကြည့်ကာ ...

"ရှင် လုပ်ရက်တယ် သိလား .. ကျွန်မကိုတော့ ဒီဘဝနဲ့ အမျိုးမျိုးနှစ်သိမ့်ထားခဲ့တယ်၊ ရှင် ချမ်းသာတိုင်း အိမ်ထောင်ရေးကို အလင်းတွေအမှောင်တွေနဲ့ ခွဲခြား သတ်မှတ်လိုက်တာလား"

"ဟေ့ .. မင်း ဘယ်သူလဲ .. ထွက်သွား .. အခု .."

ဦးသိန်းထိန် အံကြိတ်သံကြီးနှင့် လက်ညှိုးထိုး နှင်၏။ လွယ် က သူတို့ဘက်ကို ဆတ်ခနဲကြည့်၍ မျက်နှာလေး တင်းနေကာ ...

"လူကြီးတွေကလည်း သိရက်နဲ့ မြေနိမ့်ရာ လှံစိုက်ချင်ကြတာ၊ ဒါပေါ့ .. ကျွန်မက အသိုင်းအဝိုင်းမဲ့ ငမွဲမကိုး .."

"မောင် .. မောင့်ကို သူ ပြောနေတာတွေ ဟုတ်သလား၊ မောင် ဘာလို့ ငြိမ်နေတာလဲ၊ တစ်ခုခု ပြောလေ .."

"ကိုယ်မှ မသိတာ .."

"မသိတာကို လူတွေကြားအောင် ပြောလိုက်လေ ..၊ သူ အော်နေတာ သူ ပြောတာပဲ အမှန် ဖြစ်သွားမှာပေါ့"

"ရှင် ဘာကြည့်နေတာလဲ .. ငြင်းချင်လို့လား၊ ကျွန်မ မျက်နှာကို တည့်တည့်ကြည့်ပြီး ငြင်းလိုက်လေ ..၊ ရှင်တို့ .. ရှင်တို့အားလုံး လူမဆန်တဲ့လူတွေ၊ အချိန်တန်တော့ ကျွန်မတို့လို မိန်းမတွေပဲ ရှုံးရတာပါ၊ နားသည်ပါတယ် .. ရှင် အတိတ်မေ့ခဲ့တဲ့ကာလကို မေ့ခဲ့သလို ကျွန်မကိုပါ မေ့လိုက်ပေါ့၊ ဒါပေမယ့် မေ့လို့မရနိုင်တာတွေ နောက်ထပ် လာဦးမှာ၊ အဲဒါ မှတ်ထား .."

လွယ် က ငိုရှိုက်သွားသလို မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ပြေးထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမိန်းကလေးက သမိန် အတိတ်မေ့နေတုန်းက ညားခဲ့တာလား"

"အတိတ်မေ့ခဲ့သေးတယ်ဆိုတော့ ဖြစ်နိုင်တာပဲ"

"ကောင်မလေး ရုပ်ချောချောလေးပဲနော်.. သနားပါတယ်.. ဗိုက်က သိပ်တောင်မပူသေးဘူး၊ အပျိုဗိုက်ဆိုရင် ငါးလလောက်ပဲ ရှိဦးမှာ"

ခန်းမထဲမှာ စကားသံတွေ ကျွတ်စီကျွတ်စီကနေ ဆူညံကုန်၏။

"ဒီပွဲ ဖျက်တယ်ဟေ့ ..၊ ချို .. မင့်သမီးကို ခေါ်ခဲ့ .."

"အို!... နေပါဦး .. ချို .. ချို့ ကို တို့ ရှင်းပြနိုင်တယ်၊ ပွဲပြီးအောင်.."

"သိရီ .."

ပျာယာခတ်သွားသည့် ဖနီးသည်ကို ဦးသိန်းထိန် ဒေါသနှင့်အော်၍ လက်ကို ဆောင့်ဆွဲထားလိုက်သည်။

"မင်း ဘာမှမကြိုးစားနဲ့တော့ .. မရတော့ဘူး"

ဦးသိန်းထိန် သည် ခန်းမထဲက ပရိသတ်တွေကို ကျောခိုင်းထားလိုက်ပြီး သက်မဲ့ရုပ်လို ငြိမ်သက်နေသည့် သမိန့် ရှေ့မှာ နီးကပ်စွာ ရပ်လိုက်သည်။ ပြီးတော့ ...

"တောက် .."

တစ်ခွန်းတပါဒမျှ ဝင်ရောက်ဖြေရှင်းမှုမပြုဘဲ ပါးစပ်ပိတ်နေသည့် မျက်နှာကို စေ့စေ့ကြည့်ပြီး တက်ခေါက်၏။

သိက္ခာ၊ သမာဓိ ဆိုတာ ဆုပ်ဖမ်း ထမ်းတင်ပြလို့ မရပေမယ့် ခုချိန်မှာ တစ်ကိုယ်လုံး တရှိန်ရှိန် ပူလာခဲ့ခြင်းသည် ဖယောင်း အရည်ပျော်ကျနေသလို ..၊





အခန်း [၉]

"ဟား .. ဟား ပျော်စရာကြီး သိလား .. ငါ ထင်ထားတဲ့အတိုင်း ကွက်တိပဲ၊ သမိန့် လေ ငါ့ကို မျက်လုံးကြီး ပြူးပြီး ကြည့်နေတာ တစ်ခွန်းမှ မပြောနိုင်ဘူး"

ကားပေါ်မှာ ထိုင်လိုက်သည်နှင့် လက်ခုပ်တီးပြီး ဝေးခနဲ ထအော်သည်။ တဟားဟား ရယ်ရင်း အင်္ကျီအောက်စထဲကို လက်နှိုက်ပြီး ပြန်ထုတ်လိုက်တော့ ဗိုက်အတုလေး ပါလာ၏။

"ငါလေ မျက်ရည်ကျအောင် အတင်း ဖျစ်ညှစ်လုပ်နေတာ၊ လုံးဝ မရဘူး၊ အဲဒီတစ်ချက်တော့ လိုသွားတယ်၊ ဒါပေမယ့် နောက်ဆုံး မျက်နှာကိုအုပ်ပြီး ထွက်ပြေးလာခဲ့တော့ တကယ့် အကယ်ဒမီရှော့ပဲ"

"တော်ပါတော့.. ခဏလေး နားပါဦး၊ တစ်နေရာရာမှာ ကားရပ်ပြီးမှ ဆက်ပြောပါ၊ နင်က ရယ်နေတာ ငါ လက်တွေတုန်ပြီး ကားမောင်းလို့တောင် မရတော့ဘူး"

ရွှေး အသံလေးတွေပါ တုန်နေတော့ သီတာ တို့ မျက်လုံးပြူးသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. ဟဲ့ .. အဲဒါ အရေးကြီးတယ်၊ ကားမောင်းတဲ့လူ စိတ်လှုပ်ရှားလို့ မဖြစ်ဘူးနော်"

"ဖြစ်ရလေ ရွှေး ရယ် .. တကယ် သွားခဲ့တဲ့လူက ဘာမှမဖြစ်ဘူး"

မဒီ က ရယ်လိုက်ပြီး ရွှေး ရဲ့လက်မောင်းကို တစ်ချက်ထုပ်လေးနဲ့ လှမ်းပုတ်၏။

ရွှေး ဘာမှပြန်မပြောပါ၊ သူမ တကယ် ရင်တွေတုန်နေတာ ကိုယ့်ကိုယ်ကိုယ်ပဲ သိသည်။

လွယ် တစ်ယောက် ကိုယ် ကျူးလွန်ခဲ့တဲ့ပြစ်မှု .. ဘယ်လောက်ထိ ကြီးမားကျယ်ပြန့်ခဲ့သလဲဆိုတာ ခေါင်းထဲ ထည့်ပုံမပေါ် ..၊

ကားကို ကန်တော်ကြီးထဲ ကွေ့ဝင်ကာ အရိပ်တစ်ခုမှာ ရပ်ပစ်လိုက်ရကာ ...

"ဟူး .."

လက်နှစ်ဖက်စလုံး တွဲလွဲကျသွားပြီး ရွှေး 'ဟူး' ခနဲ လေပွမှုတ်၏။

"သရုပ်ဆောင်ခဲ့ရတာ မောရှာမှာပေါ့"

လွယ် က စတော့ မျက်စောင်းထိုးမိလျက် ...

"အေးပါ .. နင့်လို နေနိုင်တာ တကယ်ကို အေးချမ်းပါတယ်၊ ထင်ရာတွေ လုပ်တယ် ..၊ လုပ်ပြီး ထားခဲ့နိုင်တယ်"

"မထားခဲ့တော့ ဘာလုပ်ရမှာလဲ ..၊ ကိုယ် လုပ်ချင်တာ လုပ်ခွင့်ရမှ စိတ်ချမ်းသာတာ၊ မျိုးသိပ်ထားရတဲ့အလုပ်ကို အမုန်းဆုံးပဲ"

"နေရာတကာ ထင်ရာလုပ်တာလည်း မကောင်းဘူးလေ၊ အခု နင်က ဟိုမိန်းမကြီးကို ဒုက္ခပေးလိုက်နိုင်တယ်လို့ ထင်တာ၊ နင့်ကိုယ်နင် ဘာဖြစ်သွားပြီလဲဆိုတာ သိလား"

"သိတယ် .. ဒါပေမယ့် ငါ မဟုတ်တာ ငါ့ကိုယ်ငါ သိတယ်၊ အဲဒါကြောင့် ပြောရဲတယ်၊ အခန်းထဲမှာရှိတဲ့လူတွေ ငါ့ကို အထင်သေးသွား





လည်း ခန်းမအပြင်မှာ လူတွေ သန်းပေါင်းများစွာ ရှိသေးတယ်လေ၊ ငါဂရုမစိုက်ပါဘူး၊ ခန်းမထဲမှာ ငါ့မှာ မိုက်နဲ့ .. အခု အပြင်ထွက်လာကြလို့ ငါ့ကိုမြင်ရင် မိုက် မရှိတော့ဘူး၊ အဲဒီအချိန်မှာ ငါ မဟုတ်ကဟုတ်ကတွေ ပြောခဲ့မှန်း နားလည်သွားကြလိမ့်မယ်"

"ဒါမျိုးတွေကို ငွေကြေး တစ်မူးတစ်ပဲနဲ့ သရုပ်ဆောင်ပေးနေကြတဲ့ မိန်းမတွေ ရှိတယ်၊ အဲဒီအတန်းအစားထဲ နင် ပါသွားမှာလေ ..."

"အကြီးကြီး မတွေးစမ်းပါနဲ့ ရွှေး ရယ် .. ငါကတော့ လူတွေရှေ့မှာ အဲဒီလင်မယားကို ပြောဆိုပစ်ခဲ့နိုင်လို့ ကျေနပ်တယ်၊ လူကြီးတွေဖြစ်ပြီးတော့ သူများသားသမီးကို မှိုချိုးမျှစ်ချိုး ပြောခဲ့တာ"

လွယ် နဲ့ ရွှေး တို့ အပြန်အလှန် ပြောနေကြတာတွေကို သီတာတို့ ဘာမှဝင်မပြောတော့ဘဲ ပွဲကြည့်ပရိသတ် လုပ်နေလိုက်ကြ၏။

"နင်က ဒီပွဲပျက်စေချင်တာလား .. ဒေါ်သီရိကျော် ကို တုံ့ပြန်ချင်ရုံသက်သက်လား"

"ပွဲပျက်တာ မပျက်တာ ငါ့အလုပ် မဟုတ်ပါဘူး"

"ဒါပေမယ့် ပွဲပျက်သွားမှာ သေချာတယ်"

"ပျက် .. ပျက်"

လွယ် က ရွှေး ကို မပြောတော့ဘဲ သီတာ့ ဘက်ကို လှမ်း၍ လက်တို့ကာ ...

"သတို့သမီးလည်း မျောက်မီးခဲ ကိုင်မိသလိုပဲ သိလား သီတာ၊ ငါ့ကို ပြောဆိုနှင်ထုတ်ဖို့ သမိန့် ကို ပြောနေလိုက်တာ၊ ငိုမလို ရယ်မလိုကြီး.."

"သမိန် က ဘာမှကို မပြောဘဲ နေတယ်ပေါ့"

လွယ် က မိုက်အတုကို ဘုတ်ခနဲ ပုတ်ပစ်လိုက်ပြီး မျက်နှာလေး မော့ရယ်၏။

"ငါက မြင်ပြီးသားလေ၊ အဟွန့် .. မုန်းမလွယ် ပဲ ဘာသူ့ကို ငါ



www.burmeseclassic.com

www.burmeseclassic.com



ဘာလိုလို့တွေ ပြောထားဖူးတော့ ငါ့စကားတွေကို ရုတ်တရက် ကြ
လိုက်ရတဲ့အချိန်မှာ သူ တကယ် ဟုတ်ခဲ့တာလားဆိုတဲ့ တွေဝေခြင်းေ
နဲ့ ပြုံးပြီ ငိုင်ကျသွားတာပေ့ါ"

"အဲဒါ စိတ်ထားပြည့်ဝတဲ့ ယောကျ်ားမို့လို့ပါဟယ်၊ သူ့ခမျာ မဟု
ဘဲနဲ့ ပွဲပျက် သိက္ခာကျနဲ့ သနားပါတယ်"

"မသနားပါဘူး .. သူ ငါ့ကို လာပတ်သက်လို့ ငါ ငွေနောက်
သွားခဲ့တာ၊ သူ့ကြောင့် သူ့အမေ ချိုးဖဲ့ပြောတာတွေ ခံရတာ၊ သူလည်
အပြစ်မကင်းဘူး"

"ဩော် .. သမိန့် ကြောင့် ငွေနောက်ပါရှာတာကိုး၊ မုန်းမလွ
က မအူမလည် ရိုးရိုးအအလေး ဆိုတော့နော် .."

ရွှေး ရွံ့မဲ့ပြောလိုက်တော့ သီတာ တို့ ရယ်သံတွေ ထွက်လာ
လွယ် ကလည်း ရွှေး ပခုံးလေးကို လှမ်းထုပစ်လိုက်ကာ ...

"ဟုတ်တယ် .. အဲဒီတုန်းက ရိုးရိုးအအလေးပဲ ရှိသေးတာ"

"လွယ် .."

"ဘာလဲ .. ဘာကဲ့ရဲ့ဖို့ ရှိနေသေးလဲ၊ တစ်ထိုင်တည်း ရှင်းသွားမယ်
နောက်ထပ် အမှာစာတွေ လုံးဝ လက်မခံဘူး"

"မဟုတ်ဘူး .. ငါ အံ့သြနေတာ မေးချင်လို့"

"မေး .."

"နင် သမိန့် ကို တကယ် လုံးဝ ဘာမှကို မဖောက်ပြန်ခဲ့ဖူးဘူ
လား"

"မဖောက်ပြန်ပါဘူး .. ကိုယ်နဲ့ မတန်ရာဘူးဆိုတာ သိပြီးသာ
သူကလည်း မုန်းမလွယ် ကို ချစ်လို့ မဟုတ်ဘူး၊ ဒေါ်သီရိကျော် တို့က
လည်း နီးစပ်စေချင်လွန်းလို့ အတူနေခိုင်းခဲ့ဟာ မဟုတ်ဘူး၊ အားလုံ
မိတ္တူတွေ"





"ကိုယ့်စိတ်ကို မပိုင်ကြဘူးတဲ့၊ နင်ကတော့ အဲဒီလို ပိုင်းဖြတ် ဆုံးမ
ထားလို့ ရတယ်နော်၊ အကြောင်းသိတွေမို့လို့သာ ယုံရတယ်၊ အံ့သြနေ
တုန်းပဲ"

"ဒါဆိုလည်း စားသောက်ပြီးမှ ဆက်အံ့သြ .. ဗိုက်ဆာပြီ ကမ်းစပ်
ဆိုင်တစ်ဆိုင်မှာ ထိုင်မယ်၊ ငါ ကျွေးမှာ .."

"အိုခေ .."

ရွှေး အသံတိုတ်နေပေမယ့် သီတာ တို့ ပျော်သွားသည်။ လွယ့်
ကို သဘောကျကာ စိတ်ညစ်လည်း ခဏပဲဖြစ်တတ်ဖို့ ကြိုးစားကြဦးမှာ
ဖြစ်၏။

နောက်မှာ ကျန်ရစ်သည့် မင်္ဂလာပွဲကတော့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၀ ]

ဖုန်းနံပါတ်တွေပေါ်မှာ လှုပ်ရှားနေသည့် လက်ပေါ်ကို တခြားလ
တစ်ဖက်က ထပ်ဆုပ်ကိုင်လိုက်ခြင်း ခံရကာ ...

"ထားလိုက်ပါ မေမေ .."

လက်ထဲက ဖုန်းကိုပါ ဆွဲယူကာ ပုခက်ပေါ် ပြန်တင်လိုက်၏။

"သား .."

ဒေါ်သီရိကျော် သမိန့် ကို ကြည့်၍ မျက်ရည်တွေပါ ဝေလာခဲ့

"ပြန်ဆက်ကြဖို့ မဟုတ်ပါဘူး သားရယ် .. မိန်းကလေးရှင်ဘ
က အရမ်း နစ်နာသွားတာကို တောင်းပန်ဖို့ ကြိုးစားနေတာပါ"

"ခုချိန်မှာ အပိုပဲ မေမေ .. မကြိုးစားပါနဲ့၊ ပြန်တွေးကြည့်
ကျွန်တော်တို့လည်း လုပ်ကြံခံရတာပဲ၊ ဒါက သိသာပေမယ့် ဘာမှ ရှင်း
မရတော့ဘူး"

ဒေါ်သီရိကျော် မျက်တောင်တွေ ခတ်ထုတ်နေရင်း ဆိုဖာ
လျော့ရိလျော့ရဲ ပြန်ထိုင်ရှာသည်။

"ဟုတ်ပါတယ် .. အဲဒါ မေမေ မှားခဲ့တာ၊ အဲဒီမိန်းကလေး မေ
ကို မုန်းလို့ ဒီလို လာလုပ်သွားတာ"





ဒေါ်သီရိကျော် ကိုယ့်သားလေးအတွက် စိတ်မကောင်းနိုင်ပါ။
နှုန်းဖြစ်သူကတော့ သမိန့် ကိုပဲ အပြစ်တင်၏။

"သူ တစ်ခွန်းလောက် ငြင်းပြီး အော်ထုတ်လိုက်ရင်း ဒီလောက်
ဖြစ်ဆိုးမှာ မဟုတ်ဘူး" တဲ့..၊

ဘာပဲဖြစ်ဖြစ် ငြင်းဆန်နေလည်း ငြင်းနေတာပဲလို့ ထင်ကြမည်သာ၊
ဖြစ် ဟုတ်ကို ဟုတ်မှာပဲလို့ ရှစ်ဆယ်ရာခိုင်နှုန်းက လက်ခံလိုက်ကြပြီ
နှုန်း မုန်းမလွယ် စကားစလိုက်ကတည်းက ဒေါ်သီရိကျော် သိသည်။

ထို့ပြင် အတိတ်မေ့ခဲ့သည့်ကာလမှာ သူ ဘာတွေ ဖြစ်ခဲ့သလဲ
ဘာ အလွန်အမင်း သိချင်နေခဲ့သည့် သမိန့် ဟာ ဒါနဲ့ပတ်သက်ပြီး
လာတာကို ဘယ်လိုမှ မငြင်းဆန်နိုင်တာ သဘာဝကျနေသည်ပဲ..၊

ဘာဖြစ်ခဲ့မှန်း ကိုယ်တိုင် ဘာမှမသိဘဲ ဟုတ်တာ မဟုတ်တာကို
သမ်းတကျ ဘယ်လို ဖြေရှင်းမလဲ ..၊

"သားကိုလည်း မေမေ တောင်းပန်ပါတယ်၊ မေမေလေ သူ့ကို
နှမှာ ပြန်တွေ့လိုက်တော့ စိုးရိမ်စိတ်တွေ တအားဖြစ်သွားပြီး မခံနိုင်
တ်တဲ့စကားတွေ သွားပြောခဲ့မိတာ"

"မေမေ ဘာကို စိုးရိမ်တာလဲ .."

"သူက စိတ်ဓာတ်မကောင်းဘူးလေ၊ နောက်ပြီး ငွေ ရမယ်ဆိုရင်
ဖက်ရဲ ပြောရဲဆိုရဲတယ်၊ မင်္ဂလာပွဲပျက်မှာတွေရော အဲဒီ မိန်း
တစ်ခုခု ကြံစည်မှာ စိုးတာတွေရော .. မေမေ ကယောင်ချောက်
ဖြစ်ခဲ့ရတာ တကယ်ပါ သားရယ်"

"သူက ဘယ်လိုမိန်းကလေးမျိုးလဲ မေမေ ..၊ မေမေ အဲဒီလောက်
တ်ပျက်ခဲ့ရင် ဘာဖြစ်လို့ သူနဲ့ပတ်သက်ခဲ့တာလဲ၊ အဲဒီတုန်းက ဖြစ်
တွေကို ကျွန်တော် သေချာသိချင်တယ်၊ ပြောပြပါ .."

"အို... မဟုတ်တာ.. ဘာမှမဖြစ်ခဲ့ဘူး၊ ပြောစရာလည်းမရှိဘူးသား..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီရိကျော် ဖျာဖျာသလဲ ဖြစ်သွားကာကို သမိန် က ငြိမ်သက်စွာ ကြည့်နေခဲ့၏။

"သားက ဆေးကုတာကို ရှောင်ဖယ်ဖယ်လုပ်နေလို့ သားနဲ့ အဆင်ပြေတဲ့ သူကို အနားမှာခိုင်းဖို့ ငှားလိုက်တာ၊ ဒါပဲ .. ဘာမှမရှိဘူး"

"ကျွန်တော်က သူနဲ့မှ အဆင်ပြေတာလား .. ဘာဖြစ်လို့လဲ"

ဒေါ်သီရိကျော် မဖြေ ..၊

"ပြင်ဦးလွင်မှာ ဆုံခဲ့ကြတာလား .. ဘယ်လို ဆုံတာလဲ၊ ကျွန်တော် သိပါရစေ"

"ထားလိုက်ပါ သားရယ် .. သူ အလကား အရှက်မရှိ ပြောသွားတာတွေ ကြည့်ပါလား၊ သားနဲ့ သူ့ အရှင်သခင်နဲ့ ကျွန်လိုပဲ ဆက်ဆံခဲ့ကြတာ၊ ဒီ့ထက် ဘာမှမပိုဘူး"

သားဓောနဲ့ စကားလုံးတွေ ကြမ်းတမ်းကုန်ပါပြီ..၊ ဒါပေမယ့် မတတ်နိုင် .. ဒီမိန်းကလေးနဲ့ ပတ်သက်ခဲ့ဖူးတာတွေ သား သေချာသိလို့ ဘယ်လိုမှ မဖြစ်..၊

သမိန် ကတော့ မျက်ခုံးနှစ်ဖက်ကို တွန့်ကျုံးနေအောင် ကုတ်ချိုထား၏။ နောက်ထပ် ဘာမှဆက်မမေးခဲ့ဘဲ ထရပ်လိုက်သဖြင့် ဒေါ်သီရိကျော် ဖျတ်ခနဲ မော့ကြည့်သည်။

"ဘယ်သွားမလို့လဲ သား"

"ဘယ်မှမသွားပါဘူး"

မလိုအပ်ဘဲ မေးလိုက်မိပြီမှန်း မေးပြီးမှ သတိရ၏။ ကိုယ် ဖုံးဖိထားတာတွေကို ကိုယ်ပဲ ဘုန့်လှုပ်ပြနေပြီး သရုပ်ဖော် မိသည်လား ..၊

အားလုံး နောက်ထပ် ဆက်ရန် မရှိပါစေနဲ့ ..၊





အခန်း [ ၁၁ ]

မင်္ဂလာလက်ဖွဲ့အတွက် မေမေ တို့ ဝယ်ထားသည့် မြနှံတိုက်ကြီး ခိုချိန်မှာတော့ မင်္ဂလာစုံတွဲအတွက် မဟုတ်ဘဲ သူတစ်ယောက်တည်း သာ ..၊

ညနေခင်းရဲ့ အလှကို ဝရန်တာပေါ်ကနေ လက်ထောက်ရပ်ငေး ရင်း ပွပွနွေးနွေးကြီး ပျက်စီး ပြီးဆုံးသွားခဲ့သည့် မင်္ဂလာပွဲအကြောင်းကို တွေးနေမိသည်။

ရန်ကုန်မှာ သူ့အတွက်က အရှာရာ စိမ်းသက်နေပေမယ့် ငယ်ငယ် တုန်းကဆို သူနဲ့ ရန့် တို့ အတူတူ ကျောင်းတက်ခဲ့ကြသည်။

စားအတူ သွားအတူ ဖြစ်ရလောက်အောင်တော့ ဟွယ်တာခဲ့ကြ တာ မဟုတ်ပါဘူး၊ ရန့် က သူငယ်ချင်းတွေ အများကြီးနဲ့ ပျော်သည်။

သူက ဒီလိုမဟုတ် ..၊ တစ်ယောက်စ နှစ်ယောက်စသော သူငယ်ချင်း လောက်နှင့်လည်း စိုပြည်နိုင်ခဲ့သည်။ နောက်တော့ ပြင်ဦးလွင်က အဘွားရဲ့ ကျန်းမာရေးနှင့် အမွေကိစ္စတွေကြောင့် သူတို့ ပြောင်းရွှေ့သွား ပြီး ရန့် ဆိုတာကိုလည်း မကြာခင်မှာ မေ့သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အချစ်နဲ့ပတ်သက်ပြီး ဝတ်လွှာရဲ့ နဲ့ဝေ့မှသာ သူ ခံစားတတ်ခဲ့တာပါ၊ ဒါပေမယ့် ဘွဲ့ရပြီးတာနှင့် ရန်နဲ့ လက်ထပ်ပေးမည်ဆိုသည့် ကန့်သတ်ချက် ထွက်လာတော့ ဝတ်လွှာ ဘက်မှာလည်း မိဘပေးစားသူနဲ့ ယူရဖို့အကြောင်းတွေ ရှိလာခဲ့၏။

အထူးသဖြင့် ဝတ်လွှာ ရဲ့မိဘတွေက သူနဲ့ သဘောမတူတာပဲ ဖြစ်သည်။

"အမေ ရှိသေးတယ်ဆိုပေမယ့် နိုင်ငံခြားမှာ သွားနေတာ ဘယ်လောက်ကြာပြီလဲ၊ ဘာမှမထူးဘူး .. အဲဒါ မိဘမဲ့ပဲ၊ ဒီကောင်လေးလည်း အိမ်ထောင်တွေဘာပြေကျတာနဲ့ သူ့အမေနောက် လိုက်ချင်လိုက်မှာ၊ ငါ့သမီးလေးကိုတော့ ဒီလိုယောက်ျားမျိုးနဲ့ မပေးစားနိုင်ဘူး"

သူ ထိုင်နေသည့်နေရာထိ အနီးဆုံးမှာ လာပြီး တမင် ကြားအောင် ပြောသွားခဲ့သည်။

"ချမ်းသာတာ ဘာလုပ်ရမှာ လဲ .. ငါတို့မှာလည်း ငါ့သမီးတစ်သက်စားလို့မကုန်ဘူး၊ မိဘနဲ့ ရင်အုပ်မကွာ ကြီးပြင်းလာတာ မဟုတ်ရင် အဲဒီကလေးမှာ ချို့ယွင်းချက်တစ်ခုခုတော့ ရှိနေမှာပဲ၊ ချမ်းသာတိုင်းတော့ သဘောမတူနိုင်ပါဘူး" တဲ့..၊

ဒီစကားတွေကို ကြားအောင် လာပြောတော့ ရင်ထဲမှာ နင့်ခနဲ ရှိုးသည်။ ဝတ်လွှာ ကလည်း ရန်နဲ့ သူ တွဲပြီး ဘုရားလာတာ မြင်ကာ ပြဿနာရှာခဲ့၏။

စိတ်နဲ့ကိုယ်နဲ့ အံဝင်ခွင်ကျ မဖြစ်ကြဘဲ ချစ်သူနှစ်ယောက်ကြားမှာ ကောက်ကွေ့ကြောင်းတွေ ဖြစ်လာသည်။

နောက်ဆုံး တွေ့ဖြစ်ကြတော့ ဝတ်လွှာ ဒေါသတွေကြီးလျက် ကားပေါ် ပြေးတက်ပြီး ငိုသည်။ သူ ချော့မော့ဖို့ သူ့မဘောကို ရောက်သွားပေမယ့် ...





"ရှင် ဖယ်နော်... ဘာမှမပြောနဲ့တော့၊ ဖယ်ဆို ဖယ်ပေး .. နောက်ဆုံးကျတော့ ဝတ်လွှာ ကပဲ အရှက်သိက္ခာမရှိတဲ့ မိန်းမ .."

"မဟုတ်ဘူး ဝတ်လွှာ .. ခဏ ဆင်းပါဦး၊ မင်း အခု ကိုယ့်ဆီကို တစ်ခါတည်းလိုက်ဖို့ ထွက်လာတာမှန်း ကိုယ် မသိလို့ပါ၊ စကားပြောရအောင်နော် .. မင်း မဆင်းရင် ကိုယ် မင်းနဲ့ လိုက်မယ်"

တံခါးဆွဲဖွင့်ပြီး သူ အထဲဝင်ထိုင်လိုက်သည်။ မျက်ရည်တွေ သုတ်ရင်း ချော့တော့ ဝတ်လွှာ ခဏလေးအတွင်းမှာပဲ အငိုတိတ်သွားခဲ့၏။

နှစ်ယောက် သဘောတူ ခိုးပြေးကြဖို့ တိုင်ပင်ပြီး အပြုံးကိုယ်စီနှင့် နေတုန်း ဘရိတ်ပေါက်ပြီး အရှိန်နဲ့လိမ့်လာသည့် ကားကြီးက သူတို့ကားကို နောက်ကနေ ဂျိမ်းခနဲ ဆောင့်တိုက်ပစ်လိုက်ရာ ...

"အား!..."

"ဝတ်လွှာ .."

တောင်စောင်းထိပ်လေးမှာ ရပ်ထားသည့်ကားက ကစားစရာ ရုပ်တစ်ရုပ်လို မြောက်တက် လွင့်ထွက်သွား၏။

ကားထဲ ဝင်ထိုင်ခဲ့ပေမယ့် တံခါးကျအောင် မပိတ်မိသဖြင့် သူ လွင့်စင်ကျန်ခဲ့ကာ ဝတ်လွှာ ကတော့ ကားနဲ့အတူ ချောက်ကမ်းပါးထဲကို ထိုးဆင်းသွားလေသည်။

မာကျောသည့်အရာဝတ္ထုနှင့် အရှိန်ပြင်းစွာ ပစ်ဆောင့်လျက် ခေါင်းတစ်ခုလုံး ကြေမွသွားပြီလား ထင်ရလောက်အောင် နာကျင်မှုက စူးရှနိုင်..၊

သို့သော် ဝတ်လွှာ ကို စိုးရိမ်သည့်စိတ်ဓာတ်ကြောင့် သူ ဒယီးဒယိုင်ထကာ ချောက်ထဲကို လိုက်ကြည့်မိသည်။

ဝက်လက်လက်လန်နေသည့်ကားကို စီးမိုးကြည့်နေရင်း ဆံပင်တွေထဲက စီးကျလာသည့် သွေးတို့က မျက်ခုံးနယ်နမိတ်ကို ဖြတ်သန်းလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မျက်ခွံငုပါကနေ မျက်လုံးထဲဝင်ဖို့အတွက် မျက်တောင်တွေနှင့် စစ်ခင်းကြပြန်သည်။

သူ လေးဖက်ထောက် ခွေကျသွားလျက်...

"ဝတ်လွှာ .. ဝတ်လွှာ ထွက်လာခဲ့ .. ထွက်လာခဲ့လေ"

လူတွေ ပြေးလွှားရောက်လာကြသည်။

သူ့ကို တစ်ယောက်ယောက်က တွဲထူလိုက်သလို ခံစားရပေမယ့် သူ ကားဆီကိုပဲ မျက်နှာမူလျက် ,...

"ဝုန်း .."

"ဝတ်ရှာ .."

ကားဆီမှ မီးနိုးလုံးကြီး ခုန်တက်လာတာမြင်လိုက်လျှင် သူ့ အသံကုန်အော်လိုက်မိကာ အသိတရား အားလုံး မှောင်ကျသွားလေသည်။

အတိတ်ဟာ အတိတ်ဆိုပေမယ့် မနေ့တနေ့ကလိုပါပဲ ..၊





အခန်း [ ၁၂ ]

"ဒီထဲမှာ နင့်ရဲ့အတိတ်တွေ တကယ်ပါတယ်နော်"

"အားလုံး ပါတယ်၊ ဒါပေမယ့် လျှို့ဝှက်ချက်တော့ ရှိတာပေါ့"

"ဘာလဲ .. နင် သမိန့် ကို ကြိုက်ချစ်ခဲ့မိတာတွေတော့ မထည့်ဘဲ ထားတယ်၊ ဒါပဲမို့လား"

"လုံးဝ နိုးပါ .. ဟွန့် .."

ပီကေဝါးရင်း မဲ့လိုက်တော့ စိုအိနေသည့် နှုတ်ခမ်းလေးက ကလေး ဆန်သွားသည်။

"အချစ်မပါလို့ အပယ်ခံရပါတယ်ဆိုမှ ထပ်မေးသေးတယ်"

ပြောပြီး သူမ စာအုပ်လေးကို ဆောင်းချိတ်ကြည့်သေးသည်။

"ဝတ္ထုပြိုင်ပွဲလေး ဝင်ပြီး ဆုရမလားလို့ ဖျစ်ညှစ်ရေးထားရတာ၊ ပြိုင်ပွဲဝင်တဲ့ဆီ မရောက်ဘူး၊ အကဲဖြတ်ပေးပါလို့ ပြကြည့်မိတာပါ၊ ငါ့ တော်လမ်းကို ဝေဖန်လိုက်တာ စိတ်ပြတ်သွားတာပဲ"

"ဘယ်သူလဲ .. သီတာ တို့ ဦးလေးလား"

"ဟုတ်တယ်"

လို့ ပြောပြီး သီတာ ကို မျက်စောင်းရွယ်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်ဲ့ .. နင့်ဦးလေးက ဂျာနယ်တိုက်က အယ်ဒီတာမို့လို့ ဒါလေး ဖတ်ကြည့်ခိုင်းပေးပါဆိုတာ ဘယ်သူလဲ ..၊ ငါ့ပယောဂ လုံးဝ မပါဘူး"

"သိပါတယ် .. ငါကလည်း ကိုယ့်အဖြစ်ကို စိတ်တိုမိလို့ပါ၊ ငါ အရမ်း ကောင်းအောင် ရေးထားတာကို .."

"လွယ် ရယ် .. နင် တစ်ခါမှ စာမရေးဘူးဘဲနဲ့ ဘာမှလည်း တတ် တာ မဟုတ်ဘူး၊ ဒီကြားထဲ အချစ်ဇာတ်လမ်းရေးပြီး အချစ်က မပါ .."

"ဟဲ့ .. ပြိုင်ပွဲဝင်တာ တဖျစ်ဖျစ်မြည်အောင် ချစ်ပြနေဖို့ လိုလို့လား၊ ငွေ အရမ်းလိုချင်ပြီး သနားစဖွယ် စွန့်စားခဲ့ရတဲ့ ငါ့အကြောင်းလေးတွေ.."

"တော်ပါတော့ လွယ် ရယ် .. ခစ် .. ခစ် .. ခစ်"

မဒီ က လွယ့် ကိုတွန်းပစ်လိုက်ပြီး ပခုံးတွေ လှုပ်နေအောင် ရယ်၏။

"ဘာရယ်တာလဲ .. အဲဒီတုန်းက ဒေါ် သီရိကျော် ဆိုတဲ့ မိန်းမကြီး ငါ့အပေါ် ဘယ်လောက် မောက်မာသလဲ နင်တို့ သိလို့လား .. သမိန့် ရှေ့မှာ တစ်မျိုး၊ ကွယ်ရာတစ်မျိုး .."

"ဒါကတော့ ရွှေးမနဲ့ ယောက္ခမတွေတောင် တည့်ကြတာမှ ဟုတ် တာ၊ နင်က သူ့ရွှေးမမှ မဟုတ်ဘဲ"

"ဘာမှမဟုတ်တော့ ပိုပြီး ပြေလည်သင့်တယ် မဟုတ်ဘူးလား၊ နောက်ပြီး ငါက သူ့သားကို ကြည်သလို ကြိုက်သလိုပုံစံ ဖြစ်နေတာ လည်း မဟုတ်ဘူး"

"ဖြစ်သွားမှာစိုးလို့ နေမှာပေါ့၊ ဒါနဲ့ နင် ဒီစာအုပ်ထဲမှာ သမိန် နဲ့ ပတ်သက်ခဲ့တာတွေပဲ အစအဆုံးပါတာလား ..၊ နင့်ဘဝအကြောင်းတွေ ပါသေးလား"

ရွှေး က စာအုပ်ကို ထောင်ပြပြီး မေးသည်။ လွယ် က ခေါင်းခါ၏။ ဆံဖြူရုပ်ကြီးရဲ့ ရှေ့လက်တစ်ဖက်မှာ ပခုံးလေး ကပ်မှီလိုက်ပြီး ...

"ဘဝအကြောင်းတွေ မရေးချင်ပါဘူး၊ အဆိုမပါ အတီးမပါဘဲ 'က'





နေတာကို ကြည့်ရသလိုကြီး၊ ဘာတစ်ခုမှ သာယာနာပျော်ဖွယ်လည်း မရှိဘူး"

"သမိန် နဲ့ ဆုံဖြစ်ကာမှ သာယာနာပျော်ဖွယ်တွေ ရှိခဲ့တာပေါ့"

"ရွှေး နော် .. ဒီသဘောရောက်အောင် လှည့်ပတ် အစ်ထုတ်မနေနဲ့ အဲဒီမှာ ဖတ်ကြည့် .."

"ဒါကတော့ ချန်လှပ်ထားခဲ့ရင်လည်း ရတာပဲဟာ"

"ချန်စရာလားဟဲ့ .. ငါ့ဇာတ်လမ်းလေး ဆုရပါစေဆိုပြီး ငါ့မှာ စိတ်ဝင်စားစရာဖြစ်အောင် ရေးလိုက်ရတာ၊ ခုတော့ အပယ်ခံရတယ်လေ၊ အန်ကယ်လ်မောင်က ပြောတယ်၊ ဘာအကြောင်းပဲရေးရေး ကိုယ် ရေးတဲ့ အကြောင်းကို စူးနစ်ပေါ် လွင်နေအောင် ရေးရတယ်တဲ့၊ ညည်း ဇာတ် လမ်းက အချစ်ဇာတ်လမ်းဖြစ်ပြီး အချစ်ကမပါတော့ ဘယ်မှာ သွားပြပြ ဘာမှဖြစ်မှာ မဟုတ်ဘူးတဲ့"

"ပြောတာနဲ့ပဲ ဖတ်ချင်လာပြီ"

"ဘာ!..."

ရွှေး က ပခုံးလေးတွန့်၍ ရယ်သည်။

"ဘယ်လောက်ထိ ညံ့နေသလဲလို့ သိချင်လာတာလေ၊ ဟွန်း .. ပြီးတော့ ငါတို့ကို ဘာမှ သေချာပြောမပြခဲ့တာတွေ ပါမှာဆိုတော့ .."

"ဘာကို ပြောရဦးမှာလဲ .. ငါ သူ့ရည်းစားအဖြစ် သရုပ်ဆောင်ခဲ့ရ တယ်၊ ဒါပဲ .."

"ဒီထဲမှာတော့ ဇာတ်ဝင်ခန်းလေးတွေ ပါဦးမှာပေါ့၊ ရပါတယ် .. စိတ်ဝင်စားဖို့ကောင်းမကောင်း ပြီးဆုံးအောင် ဖတ်မှာပါ"

"ကြီးကြီးကျယ်ကျယ်တွေ ပြောမနေနဲ့၊ သူတို့ သိချင်တယ်ဆိုလို့ လည်း ပေးဖတ်ရသေးတယ်၊ သနားသဖြင့် ဖတ်ပေးရသလိုလို ဘာလိုလို"

"ဟဲ့ .. ငါ တစ်ခု သတိရတယ် သိလား .."



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သီတာ က ဝမ်းသာအားရ လက်တို့ကာ ...

"နင် ရည်းစားထားလိုက်ရင် အဆင်ပြေမှာ သိလား၊ ပြိုင်ပွဲကလည်း လိုသေးတော့ ရည်းစားထားပြီးမှ ပြန်ရေးပါလား"

"ကောင်းလိုက်တဲ့အကြံ .."

မဒီ က နှာခေါင်းရှုံ့ပွပွနှင့် ကဲ့ရဲ့သည်။

"သမိန် နဲ့ နှစ်ယောက်တည်း နေရတုန်းကတောင် ရင်မခုန်ခဲ့ပါဘူး ဆိုမှ၊ လွယ် ရည်းစားထားဖို့ အကြံပေးနေတယ်၊ လုပ်လေ .. နင် အမြန် ရှာပေးလိုက် .."

သီတာ က မဒီ ပြောတာကို ဂရုမစိုက်ဘဲ လွယ့် ကိုပဲ ကြည့်ကာ..

"ရည်းစားလိုနေခဲ့တာဆိုတော့ နင့်ကို သမိန် က ဘာမှမလုပ်ဘူးလား"

"ဟယ် .. ကောင်စုတ် .. ဘာတွေ မေးလိုက်တာလဲ"

ရွှေ က လှမ်းထုတော့ လက်ကိုဖယ်ချလိုက်ပြီး လွယ့် နားကို ပိုတိုးလိုင်၏။

"လိုအပ်လို့ မေးကြည့်တာပါ၊ ဘာပဲဖြစ်ဖြစ် လက်ကိုင်တာ ပခုံးဖက်တာလောက်တော့ ရှိတာပဲ၊ နောက်ပြီး .. ပါးလေးဖြစ်ဖြစ် .."

"ဒုက္ခပါပဲ သီတာ ရယ် .."

လွယ့် မျက်နှာလေး ရှုံ့မဲ့လျက် ခေါင်းကုတ်ပြီး ဟိုဘက်လှည့် ဒီဘက်လှည့် ...

"တွေ့လား .. တွေ့လား ဒါတွေ တကယ်ဖြစ်ခဲ့ပြီ .. သေချာတယ်၊ ရှက်နေလိုက်တာ ပါးလေးတွေ ရဲတောက်နေပြီ"

"သွားပါ .. ရှက်စရာတွေ မေးနေတော့ ရှက်တာပေါ့၊ ဘာမှမဖြစ်ဘူး၊ သူကလည်း အဲဒီလိုလူ မဟုတ်ဘူး"

"ဘယ်လိုလူပဲဖြစ်ဖြစ် ကိုယ့်ချစ်သူကိုတော့ .."

"တော်ပါတော့ မယ်သီတာ ရယ် .. ငါ တကယ် အရှိအတိုင်း ရေး





ထားတာ၊ အဲဒီမှာ အားလုံးပဲ သိချင် ဖတ်ကြည့် .."

"ငါတော့ စာတစ်တန် ပေတစ်ဖွဲ့နဲ့ ပြုစုထားတယ်ဆိုကတည်းက နင့်ရင်ဘတ်တစ်ခြမ်း မီးသွင်ခဲ့မှာပဲလို့ တွက်လိုက်တာ.."

"အရေးအသားကောင်းရင် ရမယ့်ဆုက တတိယဆုတောင်မှ တစ်သိန်းခွဲ၊ ဘာမှ အရင်းမစိုက်ရဘဲ ရမှာဆိုပြီး ငါ ထူးထူးဆန်းဆန်း လှုပ်ရှားခဲ့တာလေးကို ချရေးခဲ့တာ၊ တခြားကိစ္စ ဘာမှမပါဘူး"

ရွှေ က နားထောင်နေရင်း သက်ပြင်းချကာ ...

"ပြောလိုက်သမျှ အကြောင်းကလည်း ငွေ အဓိကချည်းပဲ"

"ဟုတ်တယ်လေ .. ငါ့ဘဝအတွက် ငွေက မရှိမဖြစ် လိုအပ်ချက်ပဲ"

"ဆင်းရဲတဲ့လူရော .. ချမ်းသာတဲ့လူတွေရော ငွေမလိုချင်တဲ့လူ မရှိပါဘူး လွယ် ရယ် ..၊ နင်က လိုအပ်လွန်းလို့ မဟုတ်ဘဲ လိုချင်နေတာ၊ ငွေကို ခင်တွယ်တဲ့စိတ်က ဖိစီးပြီး ရုပ်လေးလှတာပတာနဲ့ အချစ်နဲ့မနီးစပ်ဘဲ ငွေနဲ့ပတ်သက်တဲ့ ရင်ခုန်သံတွေပဲ ရှိတော့တာမျိုး .."

"ဘာဖြစ်ဖြစ် ငါ့အတွက်က အချစ်က အရေးမပါဘူး"

သီတာ က မဒီ ကိုင်ထားသည့်ဗလာစာအုပ်လေးကို ပြန်ဆွဲယူကာ...

"ဒီစာအုပ်ကို နင် ပြန်မယူတော့ဘူးလား၊ ဒီလိုဟာ .. ငါတို့ ဝေဖန်ပေးရမှာလား .. ငါတို့ဖတ်ပြီးရင် ဒီတိုင်းထားလိုက်တော့မှာလား .. အဲဒါမေးတာ"

"ဒီစာအုပ်က တို့နဲ့ပဲ ဆိုင်တာဆိုတော့ ကျေးဇူးပြုပြီး ခဏပေးပါ"

"ဟင်!..."

"သမိန် .."

လွယ် လန့်ဖျန့် မော့ကြည့်၏။ မိတ်ကပ်ရောင် ရုပ်အင်္ကျီလက်ရှည်၊ ဘောင်းဘီအညိုဖျော့ဖျော့နှင့် သမိန် ကလည်း စာအုပ်ကိုင်ထားရင်း သူမ ကိုပဲ ကြည့်ကာ ...

"ဆောရီး .. မင်း ပြိုင်ပွဲမဝင်နိုင်ပေမယ့် ငါ့အတွက် လိုအပ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာတွေ ဒီထဲမှာ ရှိနေမှာမို့လို့ အခု ယူသွားမယ်"

"အို .. မရပါဘူး၊ ပြန်ပေး .."

ဖျတ်ခနဲ ထရပ်လိုက်ပြီး လှမ်းဆွဲတော့ သူက စာအုပ်ကိုင်ရင် နောက်ဆုတ်၏။

"ဘာဖြစ်သွားနိုင်လို့လဲ .. မင်းအကြောင်း ရိုးရိုးသားသား ရေးထာ တာ မဟုတ်ဘူးလား"

"ဟုတ်ဟုတ် မဟုတ်ဟုတ် ရှင်နဲ့ မဆိုင်ပါဘူး"

"ဆိုင်တာပေါ့ .. ဒီထဲမှာ ငါ့အကြောင်းတွေလည်း ပါတယ်၊ မင် ဆုလိုချင်လို့ ဒါကို ရေးခဲ့တာမို့လား၊ အဲဒီ ဆုကြေး ငါ ပေးမယ်"

ရွှေး တို့ မတ်တပ်တွေ ထရပ်ကုန်ကြကာ နှစ်ယောက်ရဲ့ပြဿနာ ထဲကို မဝင်လိုသဖြင့် မသိမသာ နောက်ဆုတ်ကြသည်။

လွှယ် ကတော့ ပိုက်ဆံအကြောင်း ပါလိုက်တာနှင့် အသံလေး တိတ်သွား၏။ ဒါကို စိုက်ကြည့်ပြီး သမိန် က ပြုံးသည်။ ထို့ပြင် မျက်လုံ တွေက လွှယ့် ကိုယ်လေးပေါ် ဝဲသွားရာက...

"ဖောင်းလိုက် .. ပိန်လိုက်နဲ့ မြန်တယ်နော်"

"ဟင်!..."

လွှယ့် မျက်နှာလေး ရဲခနဲ ဖြစ်သွားသည်။ လက်က ဗိုက်ပေါ် ရောက်သွားပြီးမှ ကမန်းကတန်း ပြန်ချ၍ ...

"ဆောရီးပဲ"

"ဘာအတွက်လဲ .."

"လွှယ် လုပ်ခဲ့တာ ရှင်နဲ့တော့ မဆိုင်ပါဘူး"

သူက အသံမထွက်ဘဲ ရယ်လိုက်တာမျိုး နှုတ်ခမ်းတွေ တွန့်သွား

"မဆိုင်ဘူး ဟုတ်လား .. မင်း လာဖျက်တာ ငါ့မင်္ဂလာပွဲ၊ လူ လူရှုပ်အဖြစ် ဆက်လက် ရပ်တည်သွားရမှာလည်း ငါပဲ .."





တောင်းပန်မှုပြောင်းဆန်လာသဖြင့် လွှယ် က မျက်နှာကိုတင်းပစ်ကာ...

"ဒါကတော့ ဖျာကို ရိုက်ချမှ ကြမ်းပိုးထွက်မှာလေ၊ မတတ်နိုင်ဘူး"

"မင်းက မျက်နှာလေး သနားကမားနဲ့ စိတ်ထက်ပုံကတော့ ကြောက် ရာပဲ"

ပြောရင်း ကိုင်ထားသည့်စာအုပ်ကို ထောင်ပြကာ ..

"ဒီထဲမှာ အဲဒီမင်္ဂလာပွဲပျက်အောင် လုပ်ခဲ့တဲ့အကြောင်းရော ပါ လား"

"မပါဘူး"

"ဘယ်ထိပါလဲ .."

"ရှင့်အမေ လွှယ့် ဒေါသတွေကို ရိုက်ပုတ်နှိုးဆွပြီး လှည့်ပြန်သွား ထိ .."

မျက်လုံးလေးတွေ အရောင်လက်နေတာကို စိုက်ကြည့်ပြီး သမိန် ခေါင်းညိတ်သည်။

"ဇာတ်လမ်းဆိုတာ ဇာတ်သိမ်းထိ ပြည့်စုံရတယ်၊ မင်း ရေးထား တန်းလန်းကြီးပေါ့၊ ဘယ်လို အဆုံးသတ်ထားလဲ"

"ဘယ်လိုသတ်သတ် ရှင် မဝေဖန်ပါနဲ့၊ အဲဒီစာအုပ်ကို ရှင် လိုချင်ရင် တစ်သိန်းခွဲ အခု ထားခဲ့"

"အဟွန်း .."

သူ မဲ့သလား .. ရယ်သလား မသိလိုက်ခင် နှုတ်ခမ်းတွေကို ဇော့ လျက် စာအုပ်ကို ငုံ့ကြည့်၏။

"ပေးမယ် .. အခု မပါဘူး"

"ဒါဆို စာအုပ်ပြန်ပေး .."

မှန်းမလွှယ် တို့ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် လုပ်ပြန်ပြီ ..၊ ခပ်မဲ့မဲ့မျက်နှာနှင့် စိုက်ကြည့်နေသည့် သမိန် ကို မြင်နေရပြီး ရွှေး



www.burmeseclassic.com

www.burmeseclassic.com



တို့ အသည်းယားနေခဲ့ကြ၏။ ဒီလူ ဆင်ကြီးရဲ့ နောက်မှာလား .. ဟိုဘက်မှာ ထိုင်နေခဲ့တာလား..၊

သူမတို့နောက်ကို ခြေရာခံလိုက်လာတာလား၊ ဒီမှာ အစကတည်းက သူ အရင်ထိုင်နေတာလား ခေါင်းထဲမှာ ရှုပ်ထွေးကုန်သည်။

ဒီက ပြောနေကြတာတွေကို အားလုံး ကြားထားသည်ဆိုရင်တော့ လွှယ် ပိုက်ဆံအကြောင်းပဲ ဦးတည်နေတာကို နားလည်နေလိမ့်မည်။

"ရော့ .. ဒါ အခု ယူထားလိုက်"

လွှယ် ကို လှမ်းပေးလိုက်တာ ဖုန်းတစ်လုံးနဲ့ လိပ်စာကဒ်တစ်ခု..

"ဒါ ဘာလုပ်ဖို့လဲ"

"အပေါင်ထားတာလေ .. ငါ သိခွင့်မရသေးတဲ့ အကြောင်းတွေ ဒီထဲမှာ ရှိနေတော့ စာအုပ်ကို မထားခဲ့နိုင်ဘူး၊ နောက် တစ်ရက်ရက်မှာ မင်းနဲ့ ပြန်ချိန်းပြီး တစ်သိန်းခွဲနဲ့ လဲမယ်"

"မလိုချင်ပါဘူး"

လွှယ် က လက်ကို နောက်လွှဲပစ်လိုက်ပြီး ခေါင်းခါသည်။

"မလိုချင်ရင်လည်း ဒီစာအုပ်ကိုတော့ ယူသွားရမှာပဲ၊ မြန်မြန် ဆုံးဖြတ် .."

လွှယ့် မျက်ဝန်းလေးတွေ ဖုန်းဆီရောက်လာတော့ သမိန် က ပြုံးသည်။ ဒီလောက် ပွင့်ပွင့်လင်းလင်းကြီး ပိုက်ဆံမက်နေတဲ့ မိန်းကလေးမျိုး ဒီတစ်ခါပဲ တွေ့ဖူးပါ၏။ သူ လက်ပြန်မရုတ်ဘဲ ဒီတိုင်း လှမ်းထားသဖြင့် လွှယ် က ခပ်တည်တည်မျက်နှာလေးနဲ့ ဆွဲယူလိုက်ကာ ...

"ရှင်နဲ့ ထပ်မတွေ့ချင်ဘူး၊ ဒါကို ရောင်းစားပစ်လိုက်မယ်"

"အဲဒီလို မလုပ်နဲ့လေ .. ဟန်းဆက်ကတင် ရှစ်သိန်း တန်တယ် ပြီးတော့ ငါ ပြန်မရွေးမချင်း မင်း သုံးလို့ရတာပဲ"

"ကျွန်မက ဒါကြီး ကိုင်ခွင့်ရလို့ ပျော်သွားမယ်များ ရှင် ထင်နေလား"





"မထင်ပါဘူး .. မင်းက ငွေလိုချင်နေတယ်ဆိုတော့ ဒါကို ယူထား ...င် မင်းအတွက် သေချာပြီးသား ဖြစ်မယ်လေ၊ မတွေ့ချင်ရင်လည်း ...တယ်၊ ခုလိုမျိုး ဆုံဖြစ်အောင် ငါ့ဘက်က ကြိုးစားပြီး မင်းလက်ထဲ ...ာထည့်ပေးမယ် .."

"ဘာဆိုတာလဲ.. ရှင် လွှယ် တို့နောက်က တမင်လိုက်ခဲ့တာမှတ်လား"

"မဟုတ်ဘူး .. ဟိုဘက်မှာ ငါ အစတည်းက ရှိနေတာ၊ မိန်းကလေး ...ုပ်စု ရောက်လာတော့ ထသွားမလို့ပဲ၊ ငါ့နာမည်ပါလာမှ ဒီမှာ မင်း ရှိ ...နေမှန်း သိလို့ .."

"သူများ စကားပြောနေတာတွေ ခိုးနားထောင်နေတယ်ပေါ့"

"ကြားနေရတာပါ၊ မင်းရဲ့ အချစ်မသိတဲ့ အကြောင်းတွေ .."

သူက ပခုံးတစ်ဖက် တွန့်သွားအောင် မဲ့သည်။ ပြီးတော့ နေရာမှ ...ွက်သွားလေသည်။

"လွှယ် ရယ် .. နင်တော့ ငါ မပြောချင်တော့ဘူး"

သမိန် ပျောက်ကွယ်သွားသည်နှင့် လွှယ့် ကို ချီးမွမ်းဖို့ အပြေး ...သွား ကပ်လာခဲ့ကြပြီး ...

"နင့်ကို လှောင်သလို ပြောင်သလို ကြည့်သွား .. ပြောသွားတာတွေ ...် မနာဘူးလား"

"အဲဒါ နင်တို့ကြောင့်လေ .. နင်တို့ ငါ့ကို ငွေခင်တယ် .. ပိုက်ဆံ ...က်တယ်နဲ့ ပြောပြီးရင်း ပြောနေကြတာ သူ ကြားသွားလို့ .."

"ကြားသွားတယ်ပဲ ထားလိုက်ပါဦး၊ ဒီစာအုပ်လေးကို တစ်သိန်းခွဲ ...နဲ့ လဲဖို့ ဖွတ်ကြီး ပြောနေတာ နင် ကောင်းလား"

"ကောင်းကောင်း မကောင်းကောင်း ပြောမှာပဲ၊ ခုလောက်ဆို .. ...ါ အဲဒီလိုမိန်းမမျိုးဆိုတာ သူ့အမေကလည်း ပြောပြပြီးပြီနေမှာ၊ ဒီလိုရှ ...ထင်ကြီးအောင် နေပြဖို့ မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း .. ဟန်းဆက်လေးက လှလိုက်တာ .. ရှစ်သိန်းတန်တယ်ဆိုတာ ဟုတ်လောက်တယ်နော်"

သီတာ က လွယ့် လက်ထဲက ဖုန်းကို လှမ်းယူပြီး သေချာကြည့်နေရင်း ...

"ဟဲ့ .. ဖုန်းနံပါတ်လည်း ပြောမသွားဘူး၊ ငါတို့ ဘယ်လိုလုပ် ခေါ်ရမှာလဲ"

"သူကလည်း တစ်မျိုး .."

သီတာ့ ထံ ရွှေး ရဲ့ မျက်စောင်းတစ်ချက် တန်းခနဲ ဝင်သွားပြီး ...

"မိုးလင်းတာနဲ့ မားကက်ထဲမှာ အားလုံး ဆုံကြတယ်၊ အပြန် ခုလိုမျိုး ဟိုဝင်ဒီထွက်နဲ့ နေဝင်ချိန်ကျမှ အိမ်ပြန်ကြတယ်၊ နင်က ဘာအကြောင်းတွေ ပြောချင်သေးလို့ ဆက်မှာလဲ"

"ဘာပဲဖြစ်ဖြစ် သိထားတော့ဖို့ မကောင်းဘူးလား"

သီတာ က စူပွပွမျက်နှာလေးနှင့် အထွန့်တက်၏။ လွယ် က ရယ်လိုက်ပြီး ...

"မသိချင်ပါနဲ့ဟာ .. ငါ ပြန်ရောင်းချင်ရောင်းမှာဆိုတော့ နံပါတ်သိစရာမှ မလိုတာ"

"သွားမလုပ်ပါနဲ့ လွယ် ရာ .. ဒါ နင့်ကို ပေးခဲ့တာ မဟုတ်ဘူး။ အဲဒီလို ထင်သလို လုပ်လို့ မဖြစ်ဘူးလေ"

ရွှေး ပဲ နေရာတကာ အမုန်းခံ ပြောနေရတော့သည်။

ဒီမိန်းမ တကယ် မလုပ်ဘူးလို့ မပြောနိုင် ..၊





အခန်း [ ၁၃ ]

အရေးအသား ကောင်းတာ မကောင်းတာထက် ပထမစာမျက်နှာထို လှန်လိုက်ကတည်းက သူ မသိခဲ့သော အဖြစ်အပျက်တစ်ခုက စလာတာမို့ စိတ်ဝင်တစား ဖြစ်သွားခဲ့၏။

ဖြစ်စဉ် စခဲ့ခြင်းသည် သူ့ခေါင်းကဒဏ်ရာ မပျောက်တပျောက်မှာဖြစ်သည်။ တောင်ကုန်းတစ်ခု၏ အမြင့်ဆုံးနေရာမှာ ကောင်မလေးတစ်ယောက်နဲ့ လွယ် ထိုင်ပြီး စကားပြောနေခဲ့ကြစဉ် ...

"မမလွယ် ကလည်း ကိုကိုက အဲဒီလောက် မဆိုးပါဘူး၊ ညတုန်းက အပြင်မှာ တစ်ခုခု အဆင်မပြေဖြစ်လာတာ ထင်တယ်၊ ကိုကိုက ဒီလိုပဲ အပြင်မှာ အဆင်မပြေဖြစ်လာရင် အိမ်က တစ်ယောက်ယောက်နဲ့ ယှည့်ဖြစ်တော့တာပဲ၊ အရက်မသောက်ဘဲ သွေးဆိုးတာမျိုးပေါ့၊ နောက်တော့လည်း ဘာမှမဟုတ်ဘူး၊ ပြန်ရအောင်ပါ .."

"ပြန်မှာပါ အေးအေး ရယ် .. ငါ စိတ်ညစ်လွန်းလို့ပါ၊ ရန်ကုန်မှာတုန်းကတည်းက စိတ်မချမ်းသာခဲ့ဘူး၊ ဒီရောက်တော့လည်း ဇကားများရ .. ရန်ဖြစ်ရ .. ငါ ဘာဖြစ်လို့ ဒီလောက် ကံမကောင်းနေတာလဲ မသိတော့ဘူး ဘယ်မှာဖြစ်ဖြစ် မချမ်းသာရမယ့်အတူတူ ရန်ကုန်ကိုပဲ ပြန်ရွှေ့မယ်"

www.burmeseclassic.com



ဖေဖေ့ကို စိတ်မချပေမယ့် ကိုယ် မရှိလျှင် ဖေဖေ့ကို သူတို့ ဂရုစိုက် ကြမှာကို သိနေသည်။ ဒါကြောင့်လည်း မထားခဲ့ချင်ဘဲ ထား၍ ထွက်လာ မိတာ ဖြစ်သည်။ ဘာထူးလို့လည်း .. ဒီမှာလည်း တကျက်ကျက် ..။

"ငါ ရောက်လာတာလည်း ကြာပြီဆိုတော့ ပြန်သင့်နေပါပြီ"

ညနေခင်းလေး တောင်ပေါ်မှာ အေးဆေးထိုင်ချင်သေးသော်လည်း တော်တော်ကြာနေပြီမို့ ပြန်ဖို့ ပြင်ရ၏။ အေးအေး နဲ့ လွယ် အတူတူ ထရပ်လိုက်ပြီးမှ ...

"ဝတ်လွှာ .."

"အို!... ဘာလုပ်တာလဲ"

လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ခြင်း၊ မျက်နှာချင်းဆိုင် ဆွဲလှည့် လိုက်ပြီး နောက်ထပ် လက်မောင်းကို ကိုင်လိုက်ခြင်းက မြန်မြန်ဆန်ဆန်မို့ လွယ် ယောကျ်ားတစ်ယောက်နဲ့ မျက်နှာချင်း ထိမိမတတ် နီးကပ်သွား၏။

ထိုသူသည် လွယ့် ကို စိတ်လှုပ်ရှားနေသည့် အမောတကော မျက် လုံးများနှင့် ခြေဆုံးခေါင်းဆုံး ကြည့်နေလျက် ...

"မင်း .. မင်း မသေဘူးနော်၊ ဝမ်းသာလိုက်တာ ဝတ်လွှာ ရယ် .. မင်း သေသွားပြီလို့ အားလုံးက ပြောနေကြတာ .."

"ရှင် ဘာတွေ လာပြောနေတာလဲ .. လွှတ်စမ်းပါ"

"ဝတ်လွှာ .. ကိုယ်လေ .. ကိုယ့်ကို မသိတော့ဘူးလား"

"လူကို နှ ခ်ကျပ်ကွက် နင်းဖို့ မကြိုးစားနဲ့နော်၊ အချဉ်မဟုတ်ဘူး"

"သား .. သားရေ .. သူ မဟုတ်ဘူး၊ လွှတ်လိုက်ပါ"

နောက်ဂ၁ လိုက်ပါလာကြသည့် လူတွေကို မြင်လိုက်မှ ဒါ တစ်ခုခု ဆိုတာ လွယ် ဘွေးမိသွားသည်။

"သမီးဇဉ့်ဂကို အန်တီ တောင်းပန်ပါတယ်၊ သားက ခုမှ နလံထ လူမမာပါ၊ လာ .. သား ပြန်ရအောင်နော် .."





"မေမေ လုပ်ပြန်ပြီလား .. ကျွန်တော် မလိုက်ဘူး"

သမိန် လို့ နောက်မှ သိရသည့် ထိုလူသည် မအေ ဆွဲထားသည့် လက်ကို ခါချပစ်ပြီး လွယ့် လက်တစ်ဖက်ကို ဖျတ်ခနဲ ဆုပ်ကိုင်၏။

"မင်းကို ဒီတစ်ခါ ဘယ်သူမှ မနှိပ်စက်စေရဘူး ဝတ်လွှာ ..၊ ကိုယ့် ကြောင့်လည်း မသေရတော့ဘူး၊ ဒီမှာ မနေပါနဲ့ .. ပြန်လိုက်ခဲ့နော်"

"သား .."

လိုက်ခေါ်သည့် အမျိုးသမီးကြီးသည် ဒေါ်သီရိကျော် ဖြစ်ကာ ဘာမှလည်း ထပ်မပြောနိုင်တော့ဘဲ သမိန် နဲ့ လွယ့် ကို စိတ်ပျက်စွာ ကြည့်နေခဲ့၏။

ပြီးတော့ မလွှတ်တမ်း ဖိဆုပ်ထားသည့် သမိန့် လက်နဲ့ လွယ့် ကို အရှုံးပေးသလို ငေးကြည့်၍ ...

"သမီး ခဏလေးဖြစ်ဖြစ် လိုက်ခဲ့ပေးပါလားကွယ် .. နော်၊ သားက စိတ်မကျန်းမာဖြစ်နေတဲ့ လူနာတစ်ယောက်ပါ၊ ကူညီပါ .."

လွယ့် ရဲ့ ဟိုဘက်မှာ သွားရပ်ကာ နားနားကို တိုးတိုးလေး ကပ် ပြော၏။

ထိုအချိန်အထိ ဒေါ်သီရိကျော် ပါးစပ်ထဲမှာ လွယ် က 'သမီး' လို့ ခေါ်ထိုက်တဲ့ မိန်းကလေးအဖြစ် ရှိနေတုန်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၄ ]

"သူ့ချစ်သူ ကားနဲ့အတူတူ ချောက်ထဲကျပြီး ဆုံးသွားခဲ့တယ်
သူလည်း ခေါင်းမှာ ဒဏ်ရာအပြင်းအထန် ရခဲ့တယ်၊ အဲဒါကြောင့်
ကယောင်ချောက်ချားတွေဖြစ်ပြီး စိတ်က သိလိုက်မသိလိုက် ဖြစ်
ခဲ့တာ .."

အိမ်ထိ လွှယ် မလိုက်ဖြစ်ခဲ့ပါ၊ သမိန့် ကို ကျေနပ်အောင် ပြော
ဖျောင်းဖျပြီး အိမ်ပြန်ပို့သည်။ လွှယ် ကိုတော့ ဒါတွေ ရှင်းပြဖို့အတွ
ဒေါ်သီရိကျော် ကျန်ရစ်ခဲ့တာဖြစ်သည်။

"သူ စွဲစွဲမြဲမြဲ မှတ်မိနေတာ အဲဒီ 'ဝတ်လွှာ'ဆိုတဲ့ နာမည်တစ်ခု
ပြီးတော့ ဒီမိန်းကလေး သူ့ကြောင့် ချောက်ထဲခုန်ချပြီး အဆုံးစီရင်သွ
တယ်၊ တို့တွေ နှိပ်စက်လို့ ငိုယိုပြီး ဒီလိုလုပ်သွားတာ ဘာညာတွေ
စွဲလမ်းတဲ့အတိုင်း တစ်ထစ်ချ မှတ်ထားခဲ့တာ၊ အမှန်တရားက ကားချ
အက်ဆီးဒင့်ဖြစ်ပြီး လူနဲ့ကားနဲ့ ရောပါသွားတာပါ၊ သူ့ခေါင်းထဲမှာ ဖြစ်
အမှန်ကို မသိတော့ဘူး၊ ဝတ်လွှာ နဲ့ သူ့ကို ငါတို့က ခွဲတယ်လို့ အမြဲတ
စွပ်စွဲနေတယ်၊ ဟိုတစ်နေ့ကတောင် အဲဒီနေရာကို ဘယ်သူမှ မသိလို
ဘဲ ရောက်သွားသေးတယ်"





"အဆုံးစီရင်သွားပြီလို့ သူ သိထားတာမို့လား၊ အဲဒီကို ဘာသွား
လုပ်တာလဲ .. လွှယ့် ကို ဘာဖြစ်လို့ ဝတ်လွှာ လို့ ထင်နေတာလဲ"

ဒေါ်သီရိကျော် က လွှယ့် ကို စိုက်ကြည့်နေပြီးမှ ...

"မင်းရဲ့ အရုပ်အမောင်းရော .. ကိုယ်လုံးရော .. ပြီးတော့ ဆံပင်
တွေ အဲဒီလို လိပ်ခွေဖြန့်ချထားတာရော .. အားလုံးက ဝတ်လွှာ နဲ့
တော်တော်တူတယ်၊ တကယ်ပါ .. ဝတ်လွှာ ဆိုတာကို နှိပ်စက်ဖို့မပြောနဲ့
မြင်တောင် မမြင်ဖူးခဲ့ဘူး၊ သူ ဒီလိုဖြစ်သွားကာမှ သူ့အိပ်ခန်းထဲကဓာတ်ပုံ
တွေကို မြင်ရတာ၊ သူတို့ လျှောက်လည်ထားတာတွေလည်း ဗီဒီယိုရိုက်ကော
လုပ်ထားတာရှိတော့ ဝတ်လွှာ ရဲ့ အသံက မင်းနဲ့ တူတယ်၊ ဘာဖြစ်ဖြစ်
ကွယ် .. အခုလို အလိုက်အထိုက် ပြောပေးပြီး ကူညီခဲ့တာကို ကျေးဇူး
တင်ပါတယ်၊ မင်းက ပြင်ဦးလွင်ကပဲလား .. မတွေ့ဘူးသလိုပဲ"

လွှယ် က ပြုံးလိုက်ပြီး နောက်ထပ် အလိုက်အထိုက် ရောယောင်၍..

"အန်တီနဲ့ မဆုံဖြစ်လို့ပါ၊ လွှယ် က မန္တလေးမှာလည်း အနေများ
တယ်လေ .."

"ဩော် .."

ဟိုလိုဒီလို ပြောရင်းနဲ့ပဲ ဒေါ်သီရိကျော် နဲ့ လွှယ် တို့ နှုတ်ဆက်ပြန်
ခဲ့ကြ၏။ ဒါတောင် မျက်နှာလေးချိုချိုနှင့် လေသံတွေ ပစ်သွားသေးသည်။

"အန်တီကတော့ သမီးနဲ့ သား နောက်ထပ် ဆုံမိသွားမှာတောင်
စိုးရိမ်နေမိပြီ၊ ကိုယ့်ဒုက္ခ ကိုယ်ရှင်းရတာ အကြောင်းမဟုတ်ပေမယ့် သမီး
က သူ့စိမ်းမို့လား .. နောက်ထပ် ရှင်းနေရရင် အားလုံး နစ်နာကြမှာ"

လွှယ် ကပဲ သမိန် ရှိနေတဲ့အရပ်ကို ရှောင်ရှားနေပေးရမလိုလို ..
အပြန်လမ်းမှာ လွှယ် ရယ်ပစ်လိုက်မိသည်။ လုံးဝ နိုးပါ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၅ ]

"သူ ဒီဆိုင်ထဲ ဝင်သွားတာ ကျွန်တော် မြင်လိုက်တယ်"

"သားကလည်းကွယ် .. ဆင်ဆင်တူနေတဲ့ လူတွေ ရှိတာပဲဟာ၊ သား အမြင်မှားတာ ဖြစ်မှာပါ .."

ဒေါ်သီရိကျော် စိုးရိမ်စိတ်နှင့် သူမပါ ဟိုရှာဒီရှာ ဖြစ်သွားမိသည်။ သမိန် လို တွေ့ချင်လွန်းလို့တော့ မဟုတ်ဘဲ တွေ့မှာစိုးတာ ဖြစ်၏။

မုန်းမလွယ် ဆိုတဲ့ ကောင်မလေး ဒီဆိုင်ထဲ ဝင်သွားတာ အမှန်ပါ၊ ဒါပေမယ့် အထဲမှာ မရှိခဲ့တော့ ဝမ်းသာသွားမိ၏။ ထို့ကြောင့် မတော်တဆ တွေ့သွားမှာစိုးကာ သမိန် ကို အတင်း ပြန်ဆွဲနေရသည်။

"ကျွန်တော့်ကို ဘာဖြစ်လို့ ဆွဲနေတာလဲ မေမေ၊ သူ ကျွန်တော့် တစ်မျက်နှာတည်းနဲ့ လိုက်လာခဲ့တာ၊ ကျွန်တော့်မှာ **စောင့်ရှောက်ရမယ့်** တာဝန် ရှိတယ်"

"သားရယ် .."

ဒေါ်သီရိ ပြောမလို့ စကားတွေ လျှာပေါ်မှာပဲ ပျောက်ကွယ်သွားခဲ့ပြီး ဖျတ်ခနဲ မြင်လိုက်ရသည့် မျက်နှာတစ်ခုကြောင့် သမိန် မျက်နှာကို ဘယ်လိုကွယ်ပစ်ရမှန်း မသိအောင် ထိတ်ပျာသွား၏။





ဒီမိန်းကလေး ဟိုနေ့က ငါ ပြောခဲ့တဲ့ စကားအဓိပ္ပာယ်ကို နားမလည်ဘူးလား။ စိတ်ဝေဒနာသည်တစ်ယောက်ကို တကယ်တမ်း ညှာတာချင်တယ်ဆို ဘာလုပ်သင့်တယ်ဆိုတာလည်း သိသင့်သည်။

ကောင်တာနောက်ကနေ ထွက်လာသည့် လွယ် ကလည်း သမိန့်ကို မြင်လိုက်တော့ အံ့သြသွားတာပဲ ရှိသည်။

ဟိုလိုဒီလိုတွေ စိတ်ထဲမှာ မဖြစ်ခဲ့ပါ၊ ဒါပေမယ့် ဒေါ်သီရိကျော် လှမ်းကြည့်လိုက်သည့် မျက်လုံးစိမ်းတွေက 'မင်း ထွက်သွား' လို့ မောင်းထုတ်နေတာမှန်း သိသာနေသည်ဖြစ်ရာ..

"ရှင် .. တစ်ယောက်ယောက်ကို ရှာနေတာလား .."

"ဝတ်လွှာ .."

ဟိုဘက်လှည့်နေသည့် မျက်နှာကို နောက်ကနေ တမင် သွားခေါ်ခစ်လိုက်သည်။

ဒေါ်သီရိကျော် နှုတ်ခမ်းတွေ တင်းတင်းစေ့သွားသော်လည်း သမိန်ကတော့ နှုတ်ခမ်းတွေ ပွင့်သွားတဲ့အထိ ဝမ်းသာအားရ ဖြစ်လျက် ...

"တော်သေးတာပေါ့ ဝတ်လွှာ ရယ် .. ဘာဖြစ်လို့ ကိုယ့်ဆီ ပြန်မလာတာလဲ"

ပြောပြီး လက်ကို ဖျတ်ခနဲ ဆွဲ၏။

ဆိုင်ထဲမှာ စားသောက်နေသူ တချို့က သူတို့ကို လှမ်းကြည့်ကြသည်။ ဒေါ်သီရိကျော် က မျက်နှာကို ပြေပြစ်အောင် ပြင်ဆင်လိုက်ကာ...

"ကဲ .. ကဲ အပြင်မှာ စကားပြောရအောင် .. လာကြ.."

ဒရိုင်ဘာလည်း သမိန့် ကို ဆွဲဖို့ ခေါ်ဖို့အတွက် နောက်က ဝင်လိုက်လာတာ ပြန်ထွက်လာကြတာမြင်မှ ကားဆီ ပြန်ထွက်သွား၏။

သမိန် အပြင်ကိုထွက်သွားတိုင်း ဒေါ်သီရိကျော် နဲ့ ဒရိုင်ဘာ တကောက်ကောက် လိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးလို ခြေကန်မရုန်းပေမယ့် သမိန် က ရှေ့တိုးပြီးသား ခြေ လှမ်းကို တော်ရုံနဲ့ ပြန်ဆုတ်တဲ့သူ မဟုတ် ..၊

“ဝတ်လွှာ .. ကိုယ်နဲ့ လိုက်ခဲ့ပြီးပြီလေ၊ ဘာဖြစ်လို့ အိမ်ပြန်သွား တာလဲ၊ ကိုယ့်ကို မကျေနပ်လို့လားဟင် ..”

“မဟုတ်ပါဘူး”

ကားနားရောက်တော့ လွှယ် ကို မလွှတ်သေးဘဲ သူ အရေးကြီးနေ တာကိုပဲ မေးသည်။ လွှယ် အလိုက်အထိုက်ပြုံးပြီး ခေါင်းခါလိုက်တာကို ဒေါ်သီရိကျော် က ကြည့်နေလျက် ...

“ခိုးပြေးကြတယ်ဆိုတာ လက်ထပ်ပြီးတာမှ မဟုတ်ဘဲ သားရယ် သားတို့က လက်မထပ်ရသေးဘူး၊ ဝတ်လွှာ ကို သူ့မိဘကပဲ ပိုင်နေသေး တယ်၊ သားတို့နှစ်ယောက်တည်း တစ်အိုးတစ်အိမ်ထောင် နေ့ထိုင်လို့ ဘယ်ရဦးမလဲကွယ်၊ ခဏတဖြုတ် စကားပြောဆိုပြီး ဝတ်လွှာ ပြန်ပါစေ”

“ဟာ!... မဟုတ်ပါဘူး၊ ခိုးပြေးပြီးကာမှ ဘာဖြစ်လို့ နှစ်ယောက် တည်း နေလို့ မရရမှာလဲ .. မေမေ လျှောက်မပြောပါနဲ့ ဒီတစ်ခါ ဝတ်လွှာ ဝမ်းနည်းပြီး တောင်ပေါ်က ခုန်ချသွားရင် ကျွန်တော်ပါ လိုက်မှာ ..”

“အို .. သားရယ် .. မပြောကောင်းတာတွေ”

ဒေါ်သီရိကျော် လွှယ် ကို အထင်မြင်သေးသည့် မျက်လုံးစိမ်းများ နှင့် ကြည့်တတ်လာခဲ့၏။ နောက်ထပ်တစ်ခါ ကားပေါ် ခေါ်တင်ခဲ့သည့် အဖြစ်ကို ဘယ်လိုမှ မကြည်ဖြူချင် ..၊

ဒီဝေဒနာသည် ဒါကိုပဲ စွဲလမ်းနေမှန်းသိလို့ အညာကိုင်ချင်တာ လား..၊ လူဆိုတာ ပြောမှ သိရမှာ မဟုတ်ပေမယ့် သူမ သိရက်နဲ့ သား ကို တမင်ထွက်လာပြတာ ရှင်းရှင်းကြီး..၊

ဒဏ်ရာက ပျောက်ကင်းသွားပြီပေမယ့် စိတ်က ခုမှ ဘောင်ဘင် ခတ်လို့ ကောင်းနေတုန်း၊ သူ ဘာတွေ ဖြစ်ခဲ့မှန်း သိတာလည်း ရှိသည်







သိတာတွေကိုလည်း ဆွဲထည့်၏။

သမိန် သည် ဝတ်လွှာ နဲ့သူ ခိုးပြေးကြဖို့ အဆင်ပြေသွားပြီးတဲ့အထိ သူ့ရဲ့ နောက်ဆုံးစိတ်မှာ စွဲကျန်ခဲ့ကာ သူမ သေခြင်း မသေခြင်းက အမှန် ဖြစ်လိုက် အမှားဖြစ်လိုက် ..၊ အဆိုးဆုံး စွဲလမ်းနေသည်က ဝတ်လွှာ သူ့ကြောင့် တောင်ပေါ်က ခုန်ချသွားခဲ့သည်ဆိုသော အသိ..၊

မသေမပျောက်ဘဲ သူ့ဆီ ပြန်ရောက်လာကာမှ နောက်ထပ် ဆုံးရှုံး နိုင်တော့တာမို့ မုန်းမလွှယ် ဆိုသည့် မိန်းကလေးသာ ပေါ်မလာခဲ့လျှင် လုံးက ခရီးဆုံးရောက်ဖို့သာ ရှိလျက်၊ ခုတော့ ...

“မုန်းမလွှယ် ..”

“ဟင်!...”

“မေးရမှာ အားတော့နာတယ်ကွယ်၊ ဒါပေမယ့် အန်တီ့စိတ်ထဲမှာ စ်မျိုးကြီး ခံစားနေရလို့ မေးချင်တယ်”

“မေးလေ ..”

“သားရဲ့စွဲလမ်းမှုက မင်းကိုမြင်လိုက်မှ သက်သာရာရမယ်လို့ ထင် လား .. ဒါမှမဟုတ် မင်းမရှိရင် မဖြစ်တော့အောင် တမင်တကာ ဖန်တီး ်တာလား၊ စေတနာလား .. လောဘလားဆိုတာ ပြောပြနိုင်မလား”

“မသိဘူး အန်တီ .. လွှယ် ရင်ထဲမှာ အဲဒီလောက်ထိ ရှုပ်ရှုပ်ထွေး ဘယ်တုန်းကမှ မရှိခဲ့ဘူး၊ ဟိုတစ်နေ့က တွေ့ခဲ့တဲ့လူကို ဒီနေ့ မှာ ထပ်တွေ့လိုက်လို့ နှုတ်ဆက်တယ်၊ ဒါပါပဲ”

လွှယ့် မျက်နှာပေါ်မှာ ဘာတစ်ခုမှ လေးနက်မှု ရှိမနေခဲ့တာကို သည်။ ပေါ့ပေါ့ပြော လွှယ်လွှယ်ဆုံးဖြတ်တတ်သည့် အကျင့်စရိုက် ဒီမျက်နှာကို ကြည့်ပြီး စကားနည်းနည်း ပြောကြည့်လိုက်တာနဲ့ ၏။

မိန်းမချင်း ဒီ့ထက် မစာမနာလည်း မပြောချင်ပါ၊ ဒါပေမယ့် တစ်

www.burmeseclassic.com



ချက်လေး ဆင်ခြင်ပေးလိုက်ရုံနဲ့ ဒီမှာ လွယ်လွယ်ကူကူ ပြီးဆုံးရမယ့်ကိစ္စဟာ သူမကြောင့် ...

"မေမေတို့ ဘာလုပ်နေတာလဲ"

အပေါ်ထပ်ကနေ ပြန်ဆင်းလာသည့် သမိန် က အဝါရောင်စပို့ရှပ်နှင့် ဘောင်းဘီရှည်ပွပွကို အိမ်နေရင်းပုံစံနှင့် လဲလာ၏။

ပြုံးကြည်နေသောမျက်နှာကို ကြည့်ကာ ဒေါ်သီရိကျော် မတတ်သာသည့် သက်ပြင်းတစ်ချက် ချလျက် ...

"သားတို့အကြောင်းပဲ ပြောနေတာပါ သားရယ် .. ပြီးတော့လေ သမီးက ပြောနေတယ်၊ သူ ဒီမှာနေလို့ မဖြစ်ဘူးတဲ့၊ လက်ထပ်ဖို့ကိစ္စကို သူ့မိဘတွေ ကျေနပ်အောင် ပြောဆိုတောင်းပန်ရဦးမှာတဲ့၊ အဲဒါကြောင့် ..."

"ဒါဆို ကျွန်တော် လိုက်သွားရမှာပေါ့၊ တော်ကြာ ဂရုမစိုက်သလိုကြီး ဖြစ်နေရင် ဝတ်လွှာ သူ့မိဘတွေရှေ့မှာ မျက်နှာငယ်ရမယ် .."

ဘယ်ဘက်ကမှ မလွှတ်သာတော့ ဒေါ်သီရိကျော် စိတ်ညစ်သွား၏။ ကြည့်လိုက်တော့ မုန်းမလွယ် က ပြုံးတုံ့တုံ့မျက်နှာနှင့် သမိန် ကို မော့ကြည့်လို့ ...၊

ဒေါ်သက ထောင်းခနဲ ဖြစ်သွားသည်။ ဝတ်လွှာ ဆိုတဲ့ သူ့ချွေးသမီးလိုဟာကိုတောင်မှ ဒီက ဂရုစိုက်ခဲ့တာ မဟုတ်၊ သားမှာ ချစ်သူ ရှိနေသည်၊ တော်တော်ကို ချစ်နေကြသည် စသဖြင့် သတင်းတွေ အတိအကျရပါလျက်နဲ့ မသိသလိုနေပြီး ရန့် နဲ့ကိစ္စကို စီစဉ်ခဲ့သည်။

ဘာဖြစ်လို့ ဖွတ်စီစဉ်ရဲတာလဲဆိုတော့ ဝတ်လွှာ တို့နဲ့ သူမတို့က ကိုးကွယ်သည့်ဘာသာ မတူကြပေ..၊ ကိုယ့်သား ဒီလောက် မမိုက်မဲဘူးလို့ တစ်ထစ်ချတွက်ပြီး လုံးဝ ခေါင်းထဲ မထည့်ဘဲ နေခဲ့တာ ဖြစ်သည်။

ကားမှောက် သေကြေကုန်ပြီဆိုကာမှ သိလိုက်ရတော့ ခိုးပြေးကြဖို့ထိ သမိန် ဆုံးဖြတ်ပစ်လိုက်သည်တဲ့..၊





ဝတ်လွှာ က အိမ်မှာ သမိန် နဲ့ ခိုးရာလိုက်သွားပြီလို့ စာရေးထားခဲ့သည်။ ထို့နေ့မှာပဲ ကားမှောက်ပြီး သေတော့ သူတို့ သမီးတစ်ယောက်ပဲ သသွားတာမို့ ဝတ်လွှာ ရဲ့ မိဘတွေက သမိန် ကို ပြဿနာရှာဖို့ ကြိုးစားခဲ့သေးသည်။ ဒါပေမယ့် သမိန် ကိုယ်တိုင် အတိတ်မေ့ဝေဒနာရှင်ဘဝကို ရောက်သွားခဲ့သဖြင့် သူတို့တွေ ပြန်လည် ငြိမ်သက်သွားခဲ့၏။

သူတို့မှာ သမိန် အတိတ်မေ့သွားပြီဆိုတာ သေချာ သိလိုက်သည်နှင့် အခန်းထဲ ဝင်ရှာကာ ဝတ်လွှာ နဲ့ပတ်သက်သမျှ ဓာတ်ပုံတွေ၊ စာတိုစ အားလုံးကို ဖျောက်ဖျက်ထားမိခဲ့၏။

မေ့သွားသည့်အတူတူ စိတ်ဆင်းရဲစရာတွေကို မေ့နေစေချင်လို့ပါ။ ခေါင်း ပြန်ကောင်းသွားသည့်အခါကျမှ သူ့ဝေဒနာတွေကို အချိန်ကာလ ကုစားသွားလိမ့်မည်လို့ ယုံကြည်ခဲ့တာလည်း ပါသည်။

မုန်းမလွယ် ကို ဝတ်လွှာ ပါလို့ တမ်းတမ်းစွဲဖြစ်နေကာမှ ဝတ်လွှာ ဆိုတာ သူပါပဲလို့ ထုတ်ပြဖို့ကလည်း မဖြစ်နိုင်တော့ပေ..၊

ဖြစ်နိုင်တယ်ပဲ ထားဦး .. သမိန် က လက်ခံဖို့လည်း မသေချာ၊ လက်ခံခဲ့ရင်လည်း ဘာတွေဖြစ်ပျက်ပြီး ဘယ်လို သေဆုံးခဲ့ပါသည်၊ အခု မရှိတော့ပါ စသည့် အကြောင်းရင်းမှန်တွေကို အစအဆုံး ပြောပြတော့မှာ ဖြစ်သည်။ မဖြစ်နိုင်တာတွေ တွေးရင်း ဖြစ်နိုင်လို့ လက်ထပ်ပြီးဖြစ်သည့် နှစ်ယောက်ကို စိတ်မသက်သာစွာ ငေးကြည့်နေမိ၏။

တစ်ခု တော်သေးတာက သမိန့် ကို ဘယ်လို စည်းရုံး အောင်မြင်ခဲ့မှန်း မသိဘဲ မုန်းမလွယ် တစ်ယောက်တည်း ခဏပြန်ဖို့ အဆင်ပြေခြင်းပင် ...၊

"ဝတ်လွှာ .. ကိုယ့်ကို စိတ်ဆိုးတာတော့ မဟုတ်ပါဘူးနော်"

"ဟင့်အင်း .. မေမေတို့နဲ့ ဆွေးနွေးပြီးတာနဲ့ ပြန်လာမှာပါ"

"ပြီးတာပါပဲ၊ ကိုယ့်ကြောင့် မင်း စိတ်ဆင်းရဲစရာ မဖြစ်ဘူးဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်တယ်"

စကားပြောဖို့ ပြန်စောင့်ပေမယ့် မုန်းမလွယ် လက်ကို မလွှတ်တော့ ဒေါ်သီရိကျော် ဟိုမတ်တပ် ဒီမတ်တပ်နှင့် ...

"ကဲ .. ကဲ .. သူ့ကို မေမေ ပြန်ပို့ပေးလိုက်ဦးမယ်၊ ဟိုဘက်က လူကြီးတွေကိုလည်း လေးစားရာကျအောင်လို့နော်၊ သား ဘယ်မှ ထွက်မနေနဲ့ဦး သိလား"

မုန်းမလွယ် ကို ကိုယ်တိုင် ပြန်လိုက်ပို့ဖို့ အစီအစဉ် မရှိခဲ့ဘဲ ကားထဲ ပြန်ရောက်ရသည့်အဖြစ်က ပြောချင်လွန်းသည့် စကားတွေကို ပြောမှ ဖြစ်မှာမို့လို့ပါ..၊

"ဒီမှာ ခဏရပ်ဦး ဖိုးဇော် .."

အိမ်နဲ့ တော်တော်လေးဝေးသည်နှင့် လူရှင်းသည့်နေရာမှာ ကားကို ရပ်ခဲ့လိုက်ကာ ...

"မင်းရဲ့ မိသားစုအကြောင်းကို အန်တီ ကုံမမ်းပြီးပြီ"

ဘာနဲ့မှ စကားပလ္လင်ခံမနေဘဲ မျက်နှာကို ခပ်တည်တည် ကြည့်ပစ်လိုက်ပြီး လက်ပိုက်၍ ...

"မင်းက မိသားစုတပြုံတမကြီး စုဝေးနေတဲ့ အိမ်မှာတောင် အဲဒီက မိသားစုဝင် မဟုတ်ဘူးနော်"

"ဟုတ်တယ်လေ .. အန်တီ့ကို လွယ် ပြောခဲ့သားပဲ ..၊ လွယ် က မန္တလေးမှာလည်း နေတယ်"

"ဟိုမှာလည်း ဒီ့ထက်ပိုပြီး စုတ်ပြတ်မယ် ထင်တယ်၊ ဘာဖြစ်လို့လည်းဆိုတော့ သူတို့ထက် မင်း ပြေလည်ရင် သူတို့အိမ်မှာ ဘယ်ကပ်နေမလဲ"

"အန်တီက စုံစမ်းထားတာ မြန်လှချေလား"

"မစုံစမ်းလို့ မရဘူး မုန်းမလွယ် .. မင်း ရုပ်ရည်လေးကို ကြည့်ပြီး





ဘယ်လိုပုံစံ ချိုးနေသလဲဆိုတာ မထင်တတ်အောင် ဖြစ်လာတော့ ထင်တဲ့အတိုင်း ပြောဆိုမိပြန်ရင်လည်း မိကောင်းဖခင် သမီးကောင်းလေးဖြစ်နေရင် မှားဦးမယ် .."

လွယ့် မျက်ခုံးလေးတွေ တွန့်သွား၏။ ဒေါ်သီရိကျော် က သူ့မျက်နှာကို အေးစက်စက်မျက်ဝန်းများနှင့် ကြည့်၍ ...

"အန်တီ ရှိင်းသွားရင် ဆောရီးနော် ..၊ လူမိုက်ကနေ လူလိမ္မာ လူညဉ်ကျေးကျေးလေး မွေးတတ်သလို မိကောင်းဖခင် သားသမီးတိုင်းလည်း လိမ္မာယဉ်ကျေးကြတာ မဟုတ်ပါဘူး၊ အန်တီ ဆိုလိုချင်တာက မင်းရဲ့ မိဘကို မထိခိုက်ဘဲ ပြောချင်တာလေ၊ အခု သားက မင်းကို သူ့ရဲ့ တော်ခွေသူငယ်ချင်း ပြန်ကောက်ရသလို တွယ်တာနေတာ မဟုတ်ဘူး သူနဲ့ ခိုးပြေးခဲ့တဲ့ ဇနီးအသစ်စက်စက်လေး ဝတ်လျှာရုံ လို့ ထင်နေတာ .."

လွယ် က အနီရောင်ဘွယ်တာပေါ်မှာ ထပ်ဝတ်ထားသည့် ဂျာကင်အိတ်လေးထဲမှာ လက်လေးတွေ ထည့်ထားရင်း တစ်ခွန်းဘာပါဒမှ ပြန်မပြောဘဲ နားထောင်နေ၏။

"မင်း သူနဲ့ တစ်ခါတွေ့ရင် မင်းရဲ့လက်လေးတွေ ပါးလေးတွေ တစ်ခါ တို့သွားမှာပဲ၊ အဲဒါကို နှမြောတွန့်တိုရမှန်း သိတယ်ဆိုရင် မင်း သူနဲ့ ထပ်မဆုံဖြစ်အောင် ရှောင်သင့်တယ်"

"အခု ကျွန်မက တမင် လိုက်တိုးနေတာလို့ အန်တီ ပြောတာလား"

လွယ် စိတ်တိုသည့်သင်္ကေတက 'ကျွန်မ'လို့ ပြောတတ်လာခြင်းပင်..၊

"မပြောပါဘူး .. ပြောလည်း မပြောချင်ဘူး၊ မင်းက ပေါ့ပေါ့ပါးပါး တွေးတတ်တဲ့သူမို့ ဒါကို ဂရုမစိုက်မိတာဆိုရင် အဲဒီလိုပုံစံဖြစ်နေပြီဆိုတာ သတိထားမိစေချင်တာပါ"

"ကျေးဇူးပါပဲ အန်တီ .. သတိထားမိရုံတင်မကဘူး ကျွန်မ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေတွေကို ရှောင်တိမ်းတတ်တဲ့ပညာပါ တတ်သေးတယ်၊ အန်တီ...
သိအောင် ပြောပြတာပါ၊ နောက်ပြီး ..."

လွယ် က အိတ်ထဲထည့်ထားသည့်လက်တွေကို ထုတ်၍ လ...
ပိုက်ပြန်သည်။ ပြီးမှ ...

"သမိန် ဆိုတဲ့လူက မိကောင်းဖခင်က မွေးထားတာလား .. လူ...
လူမိုက်က ဆင်းသက်တာလား မသိပေမယ့် သူ မရမ်းကားဘူး"

ဒေါ်သီရိကျော် မျက်လုံးတွေ မီးတောက်သွားသလိုပင် ..၊ ကို...
တုတ်နဲ့ ကိုယ့်ကို ပြန်ရိုက်လိုက်ခြင်းကို သိသည်။ ထို့ပြင် ...

'ဆင်းသက်'သည် ဆိုသည့်စကားက အမျိုးမျိုး တွေးယူလို့ရသည...
အဓိပ္ပာယ်မို့ စံရခက်စွာ အံကြိတ်လိုက်မိ၏။

ဒီမိန်းကလေး ပေါ့သေးသေး မဟုတ်ဘူးဆိုတာ နားလည်လိုက်ခြ...
နှင့်အတူ ထင်ထားမြင်ထားတာထက်ပိုပြီး စက်ဆုပ်ဖွယ် ကောင်းနေ...
လားလို့လည်း တွေးလိုက်မိသည်။

"သူ့ရဲ့ဇနီးလောင်းဆိုပြီး အန်တီ ပြောတဲ့ ကျူးလွန်ခြင်းတွေလည်...
မကျူးလွန်ခဲ့ပါဘူး၊ လက်ကိုဆွဲထားရင်တောင် သူ ဆွဲထားတာက ရင်...
သံ မပါဘဲ ကျွန်မ ပျောက်ကွယ်သွားမှာကို စိုးရိမ်နေတဲ့ အဖြူထည်စိ...
နဲ့ပါ၊ အန်တီတို့ သတိထားမိမလား မသိဘူး .. သူကြည့်ရတာ ဝတ်...
ဆိုတဲ့ တစ်ယောက်အပေါ်မှာ သူ တစ်ခုခု ပေးဆပ်ဖို့ရှိနေတဲ့အဖြစ်...
အတိတ်မေ့သွားတဲ့အထိ စွဲလမ်းလာခဲ့သလိုပဲ၊ ဒီလိုမဖြစ်ကြခင်မှာ သူ...
အဆင်မပြေ တစ်ခုခုဖြစ်ပြီး ပြောမှားဆိုမှားတွေ ရှိချင်ရှိခဲ့မယ်၊ ဒါမှမဟု...
ဝတ်လွှာ မျက်ရည်ကျတာကိုပဲ သူ ပြောနေတာဆိုတော့ ကားမှောက်...
တောင် အဲဒီလို အခြေအနေတစ်ခုခုကြောင့် မှောက်သွားတာလို့ .."

"မှန်းမလွယ် .."

ဒေါ်သီရိကျော် ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ လွယ့် ပခုံး...





ကို ဖိဆုပ် ခါပစ်၏။

"မင်း ငါ့သားလေးကို ကြိုးကွင်းစွပ်အောင် ဖန်တီးနေတာလား"

"ပြောပြတာလေ .. သူ ဝတ်လွှာ ကို ဘယ်လောက် ချစ်ခဲ့တာ
ချစ်ခဲ့တာ မသိပေမယ့် ခုချိန်မှာ စွဲလမ်းနေတာက ချစ်ဖို့ မဖြစ်နိုင်ဘူးလို့
...စားမိလို့ပါ"

ဒေါ်သီရိကျော် ငြိမ်သက်သွားကာ ပခုံးမှာ ကိုင်ထားသည့်လက်က
...သော့ရိုလျော့ရဲ လျှော့ကျ၏။

"သူ ကျွန်မကို ပြောနေသမျှတွေက ချစ်စကားတွေ မဟုတ်ဘူး၊
...တောင်းပန်တာ၊ စိုးရိမ်တာတွေ ဒါတွေပဲ သူ ကယောင်ချောက်ချား ပြော
နေခဲ့တာ၊ ကျွန်မ အခုကပြောချင်တာက သမိန် နဲ့ ကျွန်မ ခေါ်ပြော
...ဆက်ဆံမှုမှာ ဘယ်နေရာ ဘယ်အစိတ်အပိုင်းမှ မတိုးဘူးဆိုတာပဲ"

"အဲဒီတော့ မင်းက နောက်ထပ် ဆက်လက် ပတ်သက်ဖို့ ကြိုးစား
...ယ်ပေါ့"

"မကြိုးစားပါဘူး၊ ခုလို အမှတ်တမဲ့တွေ ထပ်ရှိလာရင်တော့
...တတ်နိုင်ဘူးလေ၊ အန်တီ ဘာဖြစ်ချင်နေလဲဆိုတာ ကျွန်မ သိတယ်၊
အန်တီ မပြောခင်ဘဲ ကျွန်မရဲ့သဘောကို ပြောမယ်နော်၊ ကျွန်မက ကိုယ့်
...လမ်းကိုယ်လျှောက်နေတာ ဖြစ်တဲ့အတွက် ဘယ်သူ့အတွက်ကြောင့်မှ
ရှောင်ရှား လမ်းရှေ့နေမှာ မဟုတ်ဘူး၊ မတွေ့ချင်တဲ့လူက ရှောင်ပေါ့.."

"မှန်းမလွယ် .."

ဟိုဘက်လှည့်သွားသည့်မျက်နှာကို ဒီဘက် ပြန်လှည့်လာအောင်
...ဆင်ပြီးမှ ...

"မင်း စကားပြောတာ ပေါ့သွမ်းလှချေလား"

"ဟုတ်တယ် .. ကျွန်မ မလေးနက်တတ်ဘူး"

"နေဦး .."



www.burmeseclassic.com

www.burmeseclassic.com

ခြေလှမ်းပြင်ပြီးမှ လွယ် ဖျတ်ခနဲ ပြန်လှည့်ကာ ...

"ဒီမှာ အန်တီ .. အန်တီ ပြောချင်တိုင်း ပြောနေတာကို ခံယူ အတွက် 'နေဦး' တွေ .. 'လာခဲ့' တွေနဲ့ အမိန့်မပေးနဲ့၊ မုန်းမလွယ် က နား ဟတ်တဲ့အကျင့်ကို မွေးကတည်းက အချင်းနဲ့အတူ ရောမြှုပ်ထားခဲ့တာ

နောက်ထပ် ချာခနဲ လှည့်သွားတော့ ဒေါ်သီရိကျော် မျက်နှာ အပြေပြစ်ဆုံး ပြင်ဆင်ကာ ရှေ့ကနေ ပိတ်ရပ်လိုက်ပြီး ...

"ပြောစရာရှိလို့ ခဏ နေပါဦး"

လွယ် က ကိုယ်လေး မတ်နေအောင် တမင် ပြုပြင်ရပ်လိုက် ခပ်မဲ့မဲ့နှင့် ...

"ရတယ် ပြော .. ကျွန်မဘက်က သည်းမခံနိုင်တာ ပါလာလို့ အပြ အလှန်တွေ ပြောဖြစ်ကြရင်တော့ ရိုင်းတယ် မထင်နဲ့ .."

ဒေါ်သီရိကျော် အောင့်သက်သက်နှင့် ငြိမ်နေလိုက်ရကာ ...

"အေးပေါ့ .. ဖြစ်ဖို့ရှိလာတော့လည်း ဖြစ်ကြရုံပေါ့၊ ဒါပေမယ့် မင်းကို လုံးဝ မလိုလားတဲ့အတွက် နောက်ထပ် မင်းနဲ့ ညှိနှိုင်းလို့ ရ သေးတဲ့တစ်ချက်ကို တွေးမိလို့ ပြောချင်တယ်"

မျက်လုံးချင်း ဆုံနေလျက် ခဏတော့ တိတ်ကျသွား၏။ လွယ် ပီကေဝါးနေခြင်းကို အသုံးချကာ မေးဖျားလေး လှုပ်ခတ် တွန့်မဲ့ရင်း မျ လုံးများနှင့် အတိအလင်း စိန်ခေါ်၏။ ဒါကို သိပေမယ့် ဒေါသတွေလည် ရင်ထဲမှာ ဖြစ်လာသော်ငြား ဒေါ်သီရိကျော် မှုမပျက် ဆက်ပြော၏။

"မင်းလည်း အဆင်မပြေတဲ့သူဆိုတော့ ငါက ငွေစကားပြော စိတ်မဆိုးနိုင်လောက်ဘူးလို့ ထင်တယ်လေ .."

သွေးတိုးစမ်းသလို ပြောကာ ပြောင်းလဲသွားမည့် လွယ့် မျက်နှာ အမိအရ အကဲခတ်၏။ နှုတ်ခမ်းလေးတွေ တွန့်ခနဲ ဖြစ်သွားအောင် လိုက်တာ မြင်မှ ...





"မင်း မန္တလေးကို ပြန်သွားပေးပါ၊ ငါ သတ်မှတ်တဲ့ကာလ မလွန် မြောက်တဲ့ ပြန်မလာဘူးလို့ ကတိပေးနိုင်ရင် မင်းအတွက် သိန်းနှစ်ဆယ် ပေးမယ် .."

လွယ့် မျက်ခုံးလေးတွေ ပင့်တက်သွား၏။

သူမ မက်မောသွားပြီဆိုတာ ဒေါ်သီရိကျော် နားလည်လိုက်၏။ သူ့အတွက် ဒီငွေတွေကို အလကား ရလိုက်တဲ့အပြင် ပမာဏအားဖြင့် လည်း များလှချေရဲ့လို့ တွက်မှာပါ ..၊

ကိုယ့်အတွက်ကတော့ ဒီလို မိန်းကလေးမျိုးနဲ့ အနေနီးပြီး ငြိစွန်း သွားမယ့်အဖြစ်ထက်စာလျှင် ဒါက တန်ဖိုး မဟုတ်သေး ..၊

"ဘယ်လိုလဲ မုန်းမလွယ်..."

"သိပ်ရတာလို့ ကျွန်မဘက်က ကတိပေးရုံပဲနော်"

"မဟုတ်ဘူး .. ကတိဆိုတာက နှုတ်ကတိ၊ စာချုပ်ပေါ် မှာတော့ ရေးချုပ်ထားတဲ့ပြဿနာနဲ့ မင်း လက်မှတ်ထိုးရမှာ .."

"ဘယ်လို!..."

"မင်း မနစ်နာစေရပါဘူး၊ အဲ .. ကတိမဖျက်ခဲ့ရင်ပေါ့၊ ဒီစာချုပ်မှာ သတ်မှတ်တဲ့ကာလတွေ ပါမယ်၊ ဒီကာလကို လွန်မြောက်သွားအောင် မင်း စောင့်ထိန်းရုံပဲ"

"တကယ်လို့ မထိန်းနိုင်ခဲ့ရင် .."

"ဒီငွေကို နှစ်ဆတိုးနဲ့ မင်း ပြန်လျော်ရမှာ"

လွယ် က ခဏပဲ မျက်မှောင်ကုတ်နေကာ ချက်ချင်းခေါင်းညိတ်၏။

"စာချုပ် အရင်လုပ်လိုက်လေ .. ဖတ်ကြည့်ပြီးမှ ဆုံးဖြတ်မယ်"

"ကောင်းပြီ .. ဒီညနေပဲ ငါတို့ အစီအစဉ် စမယ်၊ စာချုပ်မှာ မင်း လက်မှတ်တင်ပြီးတာနဲ့ မင်းကို ပြင်ဦးလွင်မှာ လုံးဝ မမြင်ချင်တော့ဘူး"

လွယ် က မျက်နှာလေးမော့၍ ရယ်သည်။ တမင် လုပ်ရယ်တဲ့အမျိုး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေ..၊ တကယ် ရယ်ချင်နေတာ ဖြစ်သည်။

သူမ တစ်သက်လုံးမှာ ဒီလောက် ငွေပမာဏကို မကိုင်ဘူးခဲ့
ကိုင်ရဖို့ အခွင့်ကြုံလာတော့လည်း ဘာမှမသက်ဆိုင်၊ ပတ်သက်ဖို့မ
သော မဟုတ်မဟတ်ကိစ္စလေးတစ်ခုနှင့် ...

"မင်း ပီတိတွေဖြစ်နေတုန်း ပြောရဦးမယ်.. ငါ့ကို အချဉ်လို့တော
မထင်လိုက်နဲ့နော် ..၊ ငါ့ကို ဒီလောက်ထိ အလေးထားနေတယ်ထင်ပြ
ဘဝင်တွေ မြင့်မသွားနဲ့၊ ငါ့သားနဲ့ မင်းကို လက်ပွန်းတတီး ရှိမနေစေချင်
စိုးရိမ်စိတ်က မင်းလို မိန်းကလေးကို မောင်းထုတ်ဖို့အတွက် အသေ
အသားကို လှီးဖြတ်ပေးရမယ်ဆိုရင်တောင် နောက်တွန့်မိမှာ မဟုတ်ဘူ
ငါ့မျက်လုံးထဲမှာ မင်းက အဲဒီလို အဆင့်မျိုး ..."

"ကျွန်မကလည်း ဘယ်ယောကျ်ားကိုမှ စိတ်မဝင်စားတဲ့အတွ
တစ်စုံတစ်ယောက်က ရှုံးသွပ်စွာ ချပစ်ခဲ့တဲ့ငွေကို ကောက်ယူလိုက်
သလိုမျိုးပဲ၊ အန်တီ့ကို အချဉ်လို့တော့ မထင်ပါဘူး၊ အဟွန်း .."

လွယ် က ကျကျနန ကြည့်ပြီးမှ ရယ်လိုက်ကာ ...

"အားလုံးက အမှတ်တမဲ့တွေပါ၊ အန်တီနဲ့ ကျွန်မ ဒီလိုစကားတွေ
ပြောဖြစ်ကြတာ အခု သိန်းနှစ်ဆယ် ပေးဖို့အထိ ဖြစ်ခဲ့တာ၊ အဲဒါတွေ အန်
တစ်ယောက်တည်း ဖန်တီးနေတာနော်၊ သတိထားမိရဲ့လား မသိဘူး"

ဒေါ်သီရိကျော် အံကြိတ်ထားတာတောင် ဒေါသဖြစ်လာခြင်း
အသားပါ တုန်ချင်၏။

"ကျွန်မ ပါးစပ်က မုန်းစရာကောင်းအောင် ပြောထွက်နေတဲ့စကာ
တွေကလည်း အဲဒါတွေ ပြောထွက်အောင် အန်တီ သင်ပေးတာ၊ ကြော
ရင် နှစ်ခါသေတယ်ဆိုတဲ့ ရှေးထုံးစကားတွေ အန်တီ ကြားဖူးမှာ
မလောင်ခင် တားသင့်တာက မီးပဲ၊ ဒီလိုကိစ္စမျိုးကျတော့ မီးကို ကာကွ
ချင်တာနဲ့ လက်နဲ့ ကယောင်ချောက်ချား ကိုင်ပြီး လွှင့်ပစ်ဖို့ ကြိုးစားတာ





ဘူတယ်၊ သူ့ဟာသူရှိနေရင် ဒီတိုင်း ပြာကျသွားမှာပေမယ့် လွှင့်ပစ်လိုက်
တော့ ကိုယ့်လက်လည်း ပူတယ်၊ ကျတဲ့နေရာမှာလည်း လောင်ဦးမှာ.."

"မင်း ဘာအဓိပ္ပာယ်တွေနဲ့ ပြောနေတာလဲ"

"အန်တီ အဆင့်အတန်းစကားတွေ ပြောလွန်းလို့လေ၊ အန်တီ့ မျက်
လုံးထဲမှာ ကျွန်မက ဘယ်အဆင့်ထိ ထိုးဆင်းနေနေ ကျွန်မရဲ့အမြင်မှာ
လည်း အန်တီက ဒယ်အိုးနှုတ်ခမ်းပေါ်မှာ မီးပူလာလို့ ပြေးလွှားနေတဲ့
ပုရွက်ဆိတ်လိုပဲ.."

"မင်း ရိုင်းလှချေလားဟင်"

"ပြောပြီးပြီးလေ .. အန်တီ သင်ပေးတာပဲ၊ တစ်ခု ထပ်ပြောဦးမယ်၊
ကျွန်မက ငွေမက်လို့ ရွံစရာကောင်းချင်ကောင်းမယ်၊ သူ့ငွေတစ်ယောက်
ကိုလို့ ရုပ်ပျက်ဆင်းပျက် ကြိုးစားတဲ့အလုပ်မျိုးတော့ တစ်သက်လုံး
လုပ်ဘူး၊ အဲဒါ စာချုပ်မလိုတဲ့ ကတိ .."

"ဟဲ့ .. ဟဲ့ .. ညနေ ဘယ်လိုတွေ့ကြမှာလဲ .."

"ဒီမှာပဲ .."

လွယ် က လှည့်လည်း မကြည့်၊ ကားပေါ်လည်း မတက်ပါ။
ခြေ လှမ်းကျဲကျဲ ခါးမတ်မတ်လေးနှင့် ဆိုးဆိုးဆတ်ဆတ် လျှောက်
ထွက်သွားပုံရကာ ပျောက်ကွယ်သွားတဲ့အထိ ဒီတိုင်း ရပ်ကြည့်နေမိသည်။
ဘယ်လို မိန်းကလေးလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၆ ]

"သားရေ .."

ဓာတ်မီးရောင်တွေ တဝင်းဝင်းနှင့် ခေါ်သံကြောင့် သူ လှည့်ကြ
လိုက်သည်။ မေမေရယ် .. ဖေဖေရယ် .. ဒရိုင်ဘာလည်း ပါသည်။ စိ
ပျက်ခြင်းတွေဖြစ်ကာ နှုတ်ဖျားမှာ ကျွတ်ခနဲ ဖြစ်၏။

"မိုးမလင်းသေးဘူး သားရယ် .. ဘာဖြစ်လို့ တစ်ယောက်တည်
ထွက်သွားတာလဲ"

ကားရပ်ထားပုံကလည်း တောင်ကုန်းထိပ် မရောက်တရော
အထိ ဦးမော့နေသဖြင့် ဒေါ်သီရိကျော် ရင်တွေ တဒိန်းဒိန်းခုန်ကာ လ
ဖျားတွေပါ အေးနေခဲ့၏။

ဒီတိုင်းကြီး မောင်းတက်လာပြီးမှ ရပ်လိုက်တာဖြစ်မည်၊ ရှေ့
နည်းနည်း အရှိန်လွန်သွားတာနှင့် တောင်အောက်ကို ကျပြီ ..။

ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ဖို့များ တွေးနေပြီလား ..၊

"သား .. ကြည့်ပါဦး .. အသားတွေလည်း အေးစက်နေတာပဲ"

သမိန့် မျက်နှာကိုရော လည်ပင်းကြား လက်ဖျားတွေပါ လျှော
စမ်းကာ ဒေါ်သီရိကျော် မျက်ရည်ကျမိသည်။





ဝေလီဝေလင်း အလင်းရောင်က သိပ်မသဲကွဲပေမယ့် လင်းတော့
လင်းနေသည်မို့ မသဲမကွဲပေမယ့် မျက်ရည်ကျတာကို ဦးသိန်းထိန် မမြင်
အောင် သုတ်ပစ်ရသည်။

"မင်း ဘယ်လိုတွေ ထင်ရာလုပ်နေတာလဲ သား ..၊ မင်းအမေ ည
တိုင်း ကောင်းကောင်း မအိပ်ရဘူး၊ မိဘကိုလည်း ငဲ့ညှာဦးမှပေါ့"

"ကျွန်တော် ဘာလုပ်နေလို့လဲ ဖေဖေ၊ ဒီနေရာကို လာတိုင်း အချုပ်
သားလိုပဲ၊ အစောင့်အရှောက်တွေ ထည့်၊ နောက်က လိုက်ဆွဲခေါ်..."

"အဲဒါ ဒီနေရာကို မလာစေချင်မှန်း သိရင်လည်း မင်းက ဆင်ခြင်
လိုက်ပေါ့ သားရယ် .. ကိုယ်လည်း သိပ်ကျန်းမာသေးတာ မဟုတ်ဘူး"

သမိန် မျက်နှာပျက်ပျက်နှင့် နေရာမှ ထရပ်ကာ ...

"ဟုတ်တယ် .. ကျွန်တော့်ကို အရူးဆိုပြီး ကျွန်တော် ဘာပြောပြော
သက်မခံဘူး၊ တောင်းဆိုသမျှကို ပယ်ချတယ်၊ ဒီကိုလာတဲ့နေရာအထိ
စိတ်ချမ်းသာသလို နေခွင့်မပေးခဲ့ဘူး"

"အဲဒါတွေက မေမေ သားကို ချစ်လွန်းလို့ပါ သားရယ်"

"ကျွန်တော် မသိဘူး မေမေ၊ သိနေတာတစ်ခုက ကျွန်တော် သေ
ချင်လောက်အောင် စိတ်ညစ်နေတယ်"

"ဘာကြောင့်လဲ .."

ဦးသိန်းထိန် မေးလိုက်ပုံက စိတ်မရှည်ခြင်းတွေနှင့် ..၊ သူ့ဘက်မှာ
သားသမီး မရနိုင်တော့တာမို့ ဇနီး စိတ်ချမ်းသာအောင် အစ်မရဲ့သားကို
သားအရင်းလေးလို ပြုစု မွေးမြူလာခဲ့တာကို သူ ကျေနပ်ခဲ့သည်။

သမိန့် ကို ချစ်လည်း ချစ်ပါသည်။ ခုလည်း ချစ်နေပါ၏။ တွေးကြည့်
ချင်တော့ သူနဲ့ သွေးသားတော်စပ်ခြင်း မရှိပါ ..၊

ဘာပဲဖြစ်ဖြစ် ကိုယ့်ရင်သွေးလို ယုယ အလိုလိုက်ခဲ့တာပင်၊ ဒီအခြေ
အနေမှာတော့ ကိုယ့်ကိုယ်ကိုယ် မထိန်းချုပ်သင့်ဘူးလား ..၊



www.burmeseclassic.com

www.burmeseclassic.com



သွက်သွက်ခါ ရှုးသွပ်သွားတာလည်း မဟုတ်၊ လုံးဝဥဿုံ ဘာမှ မေးမရ၊ ပြောမရအောင် အတိတ်မေ့သွားတာဆိုလည်း ထားပါ ..၊

သူ့စိတ်ထဲမှာ မိဘလို့ ပြောပြတော့လည်း လက်ခံသည်၊ ဝတ်လွှာဆိုတာကိုလည်း မမေ့ ..၊ မမေ့သည့်ပြင် ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာတောင် ဟိုတစ်စ ဒီတစ်စတော့ တမ်းတ ရေရွတ်နေတတ်သေး၏။

သိချင်တာကျတော့ သိပြီး မေ့တာကျတော့ ဘာပြောပြော မသိလောက်အောင် ဖြစ်နေခြင်းက လူကြီးတွေကို ဆန္ဒပြနေသလိုလို ..၊

"ပြန်ရအောင်နော် သား .. ဒီနေရာက လူနေအိမ်ခြေလည်း မရှိ၊ အလင်းရောင်မရှိနဲ့ နေ့ဘက်မှာ သာယာပေမယ့် ဒီအချိန်ကြီးက မကောင်းပါဘူးကွယ်"

"အားလုံး မတားဆီးနိုင်တဲ့အချိန်ကို ရွေးပြီး ထွက်လာတာပဲ မေမေ၊ ကျွန်တော် သုံးနာရီမထိုးခင်ကတည်းက ရောက်နေတာ .."

ဘုရား .. ဘုရား ..၊

ဒေါ်သီရိကျော် နှုတ်ဖျားမှ ရေရွတ်မိတဲ့အထိ ဘုရားတ,မိလေသည်။ ဝတ်လွှာ ဒီကနေ ခုန်ချသွားတယ်လို့ပဲ သူ ထင်နေတာ၊ စိတ်ရှုးပေါက်ပြီး လိုက်ခုန်ချလျှင် သွားပါပြီ..၊

ဘုရားသိကြား'မ'လို့ သားလေး ဒီလိုစိတ်ကူးတွေ မဖြစ်ပါစေနဲ့ ..၊





## အခန်း [ ၁၇ ]

"နေဦး .. ဟိုကား .. ဟိုကား ထင်တယ် .."

"မမကြီး ကျွန်တော် ဟိုဘက်ကားကို သွားရှာလိုက်မယ်"

"အေး .. အေး မြန်မြန် ပြေးရှာစမ်း .. ထွက်တော့မယ့်ကား ရှိရင်လည်း ခဏတားပြီး တက်ရှာ .."

ဒေါ်သီရိကျော် ဆလင်းဘက်ခ်ကိုလွယ်ကာ ထဘီစကို တစ်ဖက်က'မ'ထားလျက် လူတွေတက်နေသည့် ကားဆီ အပြေးတစ်ပိုင်းသွား၏။

"ဒါ မန္တလေးပဲ ခေါက်တိုဆွဲတဲ့ကားလားဟင်"

မေးနေရင်း လူက ကားရဲ့ခြေနင်းခုံပေါ်ကို တက်ကြည့်မိပြီး ဖြစ်၏။ လူတွေရှိပေမယ့် ခုံလွတ်တွေလည်း ရှိသေးရာ မှန်းမလွယ် ကို ဒီတိုင်းပဲ ရပ်စောင့်နေရမလား၊ နောက်ထပ် ကားဆီ ပြေးရှာရမလား ..၊

တွေးနေရင်း ကားပေါ်က ပြန်ဆင်းလိုက်စဉ် အောက်မှာ ရပ်နေသည့်တစ်ယောက်နှင့် တိုက်မိတော့မလို ဖြစ်သွား၏။

"ဆောရီးပါကွယ် .. အန်တီ အရင်လိုနေလို့နော်"

"အန်တီက ဒီကားနဲ့ လိုက်မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!... မုန်းမလွယ် .."

တစ်ဖက်က မေးလိုက်မှ မျက်နှာကို မော့ကြည့်မိ၏။

မုန်းမလွယ် က အဝါရောင်လည်ကပ်လက်ပြတ်လေးနှင့် အဝါဘောင်းစင်းပါသော ဘောင်းဘီရှည်အနက်ကို ဝတ်ထား၏။

သူမရဲ့အထပ်လေးတွေ တွန့်လိပ်နေသည့် ဆံနွယ်တွေကတော့ ဖြန့်လျက်သားပါပြီးတော့ နှုတ်ခမ်းတလှုပ်လှုပ်နှင့် မြင်နေကျအတိုင်း ...

"မင်း အခုမှ မန္တလေး ဆင်းမှာလား"

"ဟုတ်တယ် .. ဘယ်နေ့မှပဲ ဆင်းဆင်း သမိန် နဲ့မဆုံမိအောင် နေဖို့ပဲမို့လား၊ စာချုပ်ထဲမှာလည်း ဘယ်နေ့မှာ မန္တလေးဆင်းရမယ်ဆိုတာ မပါဘူး"

"ဟုတ်တယ် .. မင်းကို မန္တလေးသွားဖို့ တိုက်တွန်းချင်တာ မဟုတ်ဘူး၊ ပြောစရာ အရေးတကြီးရှိနေလို့ လာရှာတာ၊ တော်သေးတာပေါ့ တွေ့လို့ .."

ဒေါ်သီရိကျော် က မုန်းမလွယ် ရဲ့ လက်တစ်ဖက်ကိုဆွဲကာ လူရှင်းသည့် အအေးဆိုင်လေးမှာ ထိုင်လိုက်၏။

သောက်ချင်စိတ်မရှိဘဲ အအေးနှစ်လုံး မှာကာ ...

"မင်းမှာ အဝတ်အစားအိတ်လည်း မပါပါလား"

လွယ် ပခုံးမှာ ကျောပိုးအိတ်လှလှလေးတစ်လုံးပဲ လွယ်ထားတာ တွေ့တော့ ဒါကို အရင်မေးလိုက်မိသည်၊ လွယ် က ပြုံး၍ ...

"အဲဒါလည်း အန်တီနဲ့ မဆိုင်ဘူး ထင်တယ်၊ အခုချိန်ထိ သမိန့်ရှေ့ကို ရောက်မသွားခဲ့တဲ့အတွက် လွယ့် ဘက်က မဖောက်ပြန်သေးဘူး။ အဲဒါကြောင့် မလိုအပ်တာတွေ မေးရင် လွယ် မဖြေနိုင်ဘူး"

"စကားပြောတာ မာလှချေလား"

"အန်တီနဲ့ လွယ် ပြေပြစ်ခဲ့တာလည်း မရှိဘူး။ ရှိလာစရာအကြောင်းလည်း ရှိမှာမဟုတ်တော့ မပြောမဆိုဖြစ်လေ ကောင်းလေပေါ့"





သေချာပြောပြပြီး ညှိနှိုင်းဖို့ ဘူ စိတ်ကူးခဲ့တုန်းက ဒေါသ တွေ မပါခဲ့ပေ၊ ခုကျမှ ဒေါ်သီရိကျော် မခံချင်ဒေါသတွေ တဆစ်ဆစ် ပွထလာခဲ့၏။

"ဟုတ်ပါတယ် .. ငါလည်း မင်းနဲ့ အမိုက်ယှာယ်မရှိတာတွေ ထိုင်ပြောဖို့ စိတ်ကူးမရှိပါဘူး။ အခု အစီအစဉ် ပြောင်းသွားတာကို ပြောချင်လို့ .."

"ဘာလဲ .."

"မင်း မန္တလေးကို သွားဖို့ မလိုတော့ဘူး"

ဝမ်းသာပေါ့ပါးသည့်ဟန် ဖြစ်သွားမည် ထင်ခဲ့ပေမယ့် လွယ် က မျက်မှောင်ကုတ်နှင့် ရှုံ့လိုဖွာ ကြည့်၏။

"မင့်နဲ့ စကားပြောကြတုန်းက မင်းရဲ့သဘောကိုလည်း တီးခေါက်မိခဲ့တယ်၊ သားကလည်း ကျန်းမာသေးတာ မဟုတ်တော့ မင်းကို သူ ပြန်ရပြီလို့ သတ်မှတ်ခဲ့ကာမှ ဗြုန်းစားကြီး ပြန်ပျောက်သွားလို့ မဖြစ်ဘူး"

တကယ်တော့ သားကို ဆေးကုပေးနေသည့် စိတ်ရောဂါကု သမားတော်ကြီးက စိုးရိမ်ဖွယ်တွေကို ထောက်ပြ သတိပေးလိုက်လို့ ဖြစ်သည်။

သား ဒီလိုဒီအကြောင်း ဖြစ်ပျက်နေတာတွေ ပြောပြပြီး အကူအညီ တောင်းတော့ ...

"သူက စိတ်ဝေဒနာရှင် လုံးလုံးလျားလျား မဟုတ်သေးတော့ သူ့စိတ်အခြေအနေ ဘယ်လို ယိမ်းယိုင်သွားမယ်ဆိုတာ စောင့်ကြည့်နေရတဲ့ အဆင့်ပဲ ကျွန်တော်တို့ ရှိသေးတယ်၊ တကယ် အတိတ်မေ့သွားကြတဲ့လူတွေက အတိတ်ကို သတိမရတော့တာကလွဲရင် အရမ်းကို ညင်သာပါတယ်၊ တကယ်ရူးသွပ်သွားရင်လည်း စိတ်ကျန်းမာရေးကို ပို့လိုက်ရုံပေါ့၊ သူက ဘယ်ဘက်ကိုမှ မကူးသေးတဲ့ စိတ်ကယောက်ကယက် ဖြစ်နေတာမျိုး .."

သမားတော်ကြီးက တော်သည်၊ လူနာကို မမြင်ရပေမယ့် ဒီလူနာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလှုပ်ရှား ခံစားနေသည့်အဖြစ်ကို အတိအကျ ပြောနိုင်၏။

"သတိရတာက နည်းပြီး မသိတော့တာတွေက များနေတယ်၊ သူ သိထားတာကိုပဲ မရမက ကုတ်ခြစ်စုဆောင်းပြီး သူကိုယ်တိုင် အဖြေ ထုတ်မှာ၊ အခင်းဖြစ်ခဲ့တဲ့နေရာကိုပဲ ဒီလောက်ထိ စွဲလမ်းနေတယ်ဆိုတာ ကောင်းတော့ မကောင်းဘူး ဒေါ်သီရိကျော်၊ စိတ်ဆိုတာ သာမန်လူတွေ မှာတောင် ထိန်းချုပ်ဖို့ ခက်တယ်မို့လား၊ ဝေဒနာရှင်အတွက်က အများ ကြီး ခက်ခဲလိမ့်မယ်၊ သူ့စိတ် တစ်ချက်လွတ်သွားတာနဲ့ ထင်သလို လုပ် မှာပဲ .."

"အဲဒီတော့ ဘာလုပ်ပေးရမလဲ ဒေါက်တာ .."

"စိုးရိမ်ကြီးပြီး ထိန်းချုပ်တာတွေ သိပ်မလုပ်ပါနဲ့၊ ဒီနေရာကို သွား တိုင်း တားဆီးနေတဲ့အတွက် ဒီနေရာကို သူ ပိုပြီး စွဲလမ်းနေမယ်၊ ခုချိန်မှာ သူကိုယ်တိုင် စဉ်းစားတွေးတောလို့ မရတာတွေက ဒေါ်သီရိကျော် တို့ တားဆီးလိုက်တဲ့လမ်းကြောင်းတွေပေါ်မှာ စူးစိုက်သွားနိုင်တယ်၊ တား လေ ပိုလုပ်ချင်လေ ဖြစ်တာမျိုးပေါ့ .."

"ဒဏ်ရာ မပျောက်ခင် ဆေးကုနေတုန်းက ဒီလောက် မဆိုးပါဘူး ဒေါက်တာရယ် .. သူချစ်သူနဲ့တူတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ပြီးမှ နုလိုတွေ ဖြစ်လာတာ .."

"အဲဒီမိန်းကလေးကို အကူအညီ တောင်းကြည့်သင့်တယ်ဗျာ .. သူ့စိတ် ကယောက်ကယက်ဖြစ်နေတာလေး ငြိမ်သက်သွားအောင်ပေါ့ ဒါ လွယ်တော့ မလွယ်ပေမယ့် ဒီဘက်မှာ အတိမ်းအစောင်းဖြစ်သွားခဲ့ရင် အသက်တစ်ချောင်း ဆုံးရှုံးရမှာမို့လား၊ ဝေဒနာရှင်အတွက် ကျွန်တော်တို့ အားလုံး ကြိုးစားသင့်တယ်၊ အထူးသဖြင့် ဒီလို ဖြစ်ပျက်သွားတဲ့ လူနာ တော်တော်များများကို ပြန်ကြည့်ရင် အနီးစပ်ဆုံး ဖြစ်ပျက် ခံစားခဲ့ရတာ တွေကိုပဲ စွဲလမ်းကျန်ခဲ့ကြတာ၊ တချို့ဆိုရင် ကိုယ် အရမ်းချစ်တဲ့လူ





အတွက် စိတ်ဖိစီးပြီး ဝေဒနာရှင်ဖြစ်သွားတယ်၊ ဒါပေမယ့် အဲဒီလူ ကိုယ့် ရှေ့ပြန်ရောက်လာတာကို မသိတော့ဘူး၊ မောင်ဖြူဆို မောင်ဖြူ .. မောင် ဖြူ နဲ့ ဒါကို စွဲနေပြီး ရှေ့မှာ မောင်ဖြူ ရှိနေတာကို မောင်ဖြူ လို့ မမှတ် မိတော့တာမျိုးပေါ့၊ သူ့စိတ်ထဲမှာ အဲဒီ မောင်ဖြူ မရှိတော့ဘူး"တဲ့..၊

သမားတော်ကြီးက ဒီတိုင်းပြောခဲ့တော့ သူကိုယ်တိုင် ငွေပေးပြီး နှင်လွှတ်ခဲ့မိတဲ့ မုန်းမလွယ် နောက်ကို ပြန်လိုက်ဖို့ ဆုံးဖြတ်ချက်က ရျက် ချင်း ဖြစ်လာခဲ့သည်။ မှန်လည်း မှန်နေပါ၏။

နောက်မှ ဘာတွေဖြစ်လာလာ လောလောဆယ် သားလေးကို ဆုံးရှုံးမခံရဖို့အတွက် ဒီတိုင်း လုပ်သင့်တာကို တွေးမိခြင်း ဖြစ်သည်။

ပြီးတော့ ကိုယ့်သားက ဟော့ဟော့ရမ်းရမ်းလူ မဟုတ်သလို မုန်း လွယ် ရဲ့စိတ်ဓာတ်ကို ခန့်မှန်းကြည့်ပြီး ယုံကြည်ဖို့ ကြိုးစားမိတာလည်း ပါသည်။

ဒီလောက် ငွေမင်တဲ့ မငွေခင် က ယောကျ်ားတွေကို စိတ်မဝင်စား တဲ့ပုံစံမျိုး ပြောသွားတာ ဖြစ်လည်း ဖြစ်နိုင်တာမို့ ...

"ငါ ပြောတာ မင်း ကြားပါတယ်နော် .."

တစ်ခွန်းမှ မမေးသေးဘဲ ကြည့်နေတော့ ဒေါ်သီရိကျော် စိတ်ကူး တွေကို ဖြတ်တောက်၍ ပြောလက်စကို ပြန်ဆက်၏။

"အဲဒါကြောင့် မင်းကို ပြန်ခေါ်ဖို့ အချိန်မီ လိုက်လာခဲ့တာ၊ ဟိုမှာ သွားနေမယ့်ကာလအတွက် ဖြစ်နိုင်ရင် ငါ့အိမ်မှာ လာနေပေးပါ၊ မင်းကို ခဲ့တစ်ပေါက် မစွန်းစေရဘူးလို့ ငါ အာမခံတယ် .."

ရောက်လာသည့် အအေးပုလင်းကို ပိုက်တံလေးနဲ့ စုပ်သောက်နေ သော် လွယ် က ဘာမှမပြောဘဲ နေ၏။

ဒေါ်သီရိကျော် ကလည်း ဖြစ်ကြောင်းကုန်စင်ကို ဘာမှမပြောပြခဲ့ ၍ သူမကို ဒီလောက်ထိ လိုအပ်နေတာမှန်း သိသွားလို့ မဖြစ် ..၊



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ဖြစ်စေချင်တာကလေ သားနဲ့ အဲဒီတောင်ကုန်း လုံးဝ ပြတ်တောက်သွားစေချင်တာ၊ မင်း အနားမှာရှိနေရင် သူ လိုလားနေတဲ့သူဆိုတော့ မင်း ပြောတဲ့အတိုင်း သူ လက်ခံမှာ .."

"သူ လက်ခံပေမယ့် ကျွန်မ လက်မခံဘူး"

"ဘာ!..."

"ကျွန်မ ခရီးထွက်ဖို့အတွက် ဟိုကလူတွေကိုရော .. ဒီကလူတွေကိုရော အားလုံး ပြောပြ ပြီးစီးသွားပြီ"

"မဟုတ်ဘူးလေ .. မင်းနဲ့ ငါ စာချုပ်စာတမ်းနဲ့ အလုပ်လုပ်ခဲ့ကြတာ"

"စာချုပ်ထဲမှာ အခြေအနေ အချိန်အခါအရ အစီအစဉ် ပြောင်းလဲခဲ့ရင် လက်ခံရမယ်လို့ မပါဘူး"

လွှယ် က အအေးပုလင်းထဲကို ပိုက်တံလေးနဲ့ တလှုပ်လှုပ် မွှေနေရင်း ဒေါ်သီရိကျော်ကို ဂရုမစိုက်သည့် မျက်ဝန်းများနှင့် ကြည့်၏။

ဘယ်လိုမှ မထင်ခဲ့သည့် တုံ့ပြန်မှုကြောင့် ဒေါ်သီရိကျော် ရုတ်တရက် ဆွံ့အသွားခဲ့၏။

"ကျွန်မ နေချင်သလို .. သွားချင်သလို သွားနေတတ်ပေမယ့် မိဘမဲ့တော့ မဟုတ်သေးဘူး အန်တီ၊ ပြင်ဦးလွင်က သူများအိမ်မှာ ကပ်နေတာလည်း ကျွန်မမှာ အိမ်ခြံမြေ မရှိလို့ မဟုတ်ဘူး .."

"အဲဒါ ဘာဆိုင်လို့လဲ မုန်းမလွှယ်"

"ဆိုင်တာပေါ့၊ ကျွန်မ ခြေထောက်တွေ စည်းကမ်းမဲ့နေလို့ ခြေလှမ်းတိုင်းမှာ လူ့အထင်သေးစရာတွေ ဖြစ်နေရင်တောင် ကျွန်မ့ ခေါင်းထဲမှာ ကျွန်မဘဝအတွက် ဖယားရှိပြီးသား၊ ကိုယ် လိုချင်တာရှိလို့ သူများအကွက်ရွှေ့တာကို တစ်ကြိမ်တစ်ခါ ခံခဲ့မိရင်လည်း ဒါ အလဲအလှယ်သဘောပဲ၊ အမြဲတမ်း ချုပ်ကိုင်လို့ မရဘူး"

"အခု အလဲအလှယ်တွေပဲလေ၊ မင်းနဲ့ ငါတို့ ဒီအစီအစဉ်ကို ခု





ကြမှာ .."

"ကျွန်မကို စာချုပ်မှာ လက်မှတ်ထိုးပြီးတာနဲ့ မခြင်ချင်ဘူးလို့ ပြောခဲ့ အန်တီ့စကားကြောင့် သုံးရက်လုံးလုံး ကျွန်မ ပြင်ဦးလွင်မှာ ခြေချုပ်နေခဲ့တယ်၊ အစီအစဉ် ခုမှ စတာလို့ ဘာကိုကြည့်ပြောတာလဲ .."

ဒေါ်သီရိကျော် တံတွေးတစ်ချက်မျိုရင်း ခေါင်းခါသည်။

"မင်း အဲဒီလို ကပ်ဖိုးကပ်ဖဲ့ မပြောသင့်ဘူးနော်၊ အစီအစဉ် မတူမယ့် သားနဲ့ပတ်သက်ပြီး ဖြေရှင်းရမယ့်ပြဿနာက ဒါပဲ"

"အန်တီ့အတွက် ဒါပဲဆိုပေမယ့် ကျွန်မက ဟိုအစီအစဉ်ကိုပဲ သဘောတူခဲ့တာ၊ ဒါကို မကြိုက်ဘူး .."

လွှယ် က ပခုံးမှာ ချိတ်ထားသည့်ကြိုးကိုပါ ဖြုတ်ချလိုက်ကာ အိတ်ထဲက ပိုက်ဆံအိတ် ထုတ်ယူ၍ ...

"ရှူး .."

ဝိတ်တာကို လှမ်းခေါ်ကာ ...

"ဘယ်လောက်လဲ .."

"ခြောက်ရာပါ"

"တစ်လုံးဖိုးပဲ ပြော .."

"ဗျာ!... ဩော် .. ဟုတ်ကဲ့ .. သုံးရာပါ"

သုံးရာ ကွက်တိထုတ်ပေးလိုက်ပြီး ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ထွက်လိုက်၏။

ဒေါ်သီရိကျော် တရားကျသည့်မျက်နှာနှင့် ငေးနေပြီးမှ ...

"နေပါဦး .. ဩော် .. အေ .. ဒုက္ခပါပဲ"

ကမန်းကတန်း ထလိုက်ပြီးမှ ဆလင်းဘက်ခ်ဖွင့်၍ အအေးဖိုး ပေးရ၏။

မုန်းမလွှယ် ဆိုတဲ့ မိန်းကလေး တကယ် မလွှယ်တာပါလား...၊



www.burmeseclassic.com

www.burmeseclassic.com



"မုန်းမလွယ် .. ဒီမှာ ..."

လမ်းပေါ်ကျမှ နှစ်ယောက် ပြန်ပြီး မျက်နှာချင်းဆိုင်မိကာ ...

"မင်းကို လိုအပ်နေတယ်ဆိုလို့ တင်းပြနေတာလား"

"အန်တီ ထင်ချင်သလို ထင်လေ၊ ကျွန်မက စာချုပ်ခဲ့တဲ့အတိုင်း တည်အောင်နေတာပဲ"

"အဲဒါကို ထားလိုက်ပါတော့၊ နောက် အစီအစဉ်အတွက် ငါက ထပ်ပေးမယ်ဆိုရင်ရော .."

လွယ် မျက်တောင်တစ်ချက်ခတ်၍ ငြိမ်သွား၏။ ဒီလိုတော့ ဖြစ်နိုင်ဖို့ရှိတာကို တွက်ပြီးသားမို့ ဒေါ်သီရိကျော် နှုတ်ခမ်းမဲ့၏။

"ဟိုစာချုပ်က ခုမှ စတာဆိုတော့ ဒီအစီအစဉ် ပြောင်းလိုက်ရတဲ့အတွက် မင်းကို တစ်ဝက်ထပ်ပေးမယ်"

"ဒါဆိုရင် ဖြစ်မှာ မဟုတ်ဘူး"

"ဘယ်လို!..."

"ပုံစံချင်း မတူဘူးလေ၊ ဟိုဟာက လွယ် ထွက်သွားပေးရုံရယ် .. အခု လက်ပွန်းတတီး နေကြရမှာဆိုတော့ ..."

"မဟုတ်ဘူး .. လက်ပွန်းတတီးက မင်း နေချင်ပါတယ်ဆိုရင်တောင် ငါ ခွင့်မပြုဘူး၊ ငါတို့တွေ ပြောဆိုမကောင်းတဲ့နေရာမှာ မင်းဆိုရင် အဆင်ပြေမလားလို့၊ သားရဲ့ စိတ်ချမ်းသာရေးကို ရည်ရွယ်တာ မင်းကိုယ်မင်း ဝတ်လွှာရုံ မဟုတ်ဘူးဆိုတာကို မေ့ထားလို့မရဘူး၊ နောက်ပြီး အခု သတ်မှတ်တဲ့ကာလအထိလည်း ဖြစ်ချင်မှ ဖြစ်မှာဆိုတော့ ငွေရေးကြေးရေးကို မင်း လောဘမတက်သင့်ဘူး ထင်တယ်"

"လောဘနဲ့ ငွေက အတူရှိနေမှ ငြိမ်းချမ်းတာ၊ လောဘတွေ ကြီးနေပြီး ကြီးသလောက် မရရင် ဘယ်သူ စိတ်ချမ်းသာမှာလဲ၊ ငွေတွေ ရှိနေပေမယ့် လောဘသက္ကာယ နည်းလို့ ရှာဖွေစုဆောင်းမတတ်ရင်ရော ဒီငွေ





ဘယ်လောက်ခံမှာလဲ၊ ကျွန်မမှာ ငွေလိုချင်တဲ့လောဘ အမြဲ ရှိတယ်"

"မိန်းကလေးတစ်ယောက်က လောဘလွန်လွန်းရင်လည်း မကောင်းဘူး"

"လွန်တာ မလွန်တာက အဲဒီမိန်းကလေးရဲ့ အရည်အချင်းပေါ်မှာ မူတည်တယ်၊ ကျွန်မကိုယ်ကျွန်မ သိပ်တော်တယ်လို့ မသတ်မှတ်ပေမယ့် ဒီ မညံ့ဘူးဆိုတဲ့ အတ္တတော့ ရှိတယ်၊ အန်တီ ယုံလား မသိဘူး"

"ယုံပါတယ် .. အဲဒီတော့ မင်းက အရင်အတိုင်း ရမှ ဖြစ်မယ်ပေါ့"

"ငါးဆယ် .."

"ဘာ!..."

နောက်ဆုံးတော့ ကိုယ်ပဲ ခေါင်းညိတ်လိုက်ရတာဖြစ်လျက် အမုန်းဆွပဲ တိုးပွား ကျန်ရစ်၏။

ဂရုမစိုက်တတ်သည့်မျက်နှာမျိုးကို သေချာ အလွတ်ရအောင် စိုက်ကြည့်နေမိရင်း ...

"ထပ်ပြောနေလည်း မင်းက ခေါင်းခါမှာပဲဆိုတော့ ထားလိုက်ပါတော့၊ စာချုပ်ကို နည်းနည်းပြင်ပြီး တို့ ဆက်လုပ်မယ်၊ မင်း အခု လိုက်ခဲ့မလား .."

"ရတယ် .. ဒါပေမယ့် ကျွန်မဘက်က ပြောဖို့ ရှိသေးတယ်"

"ဘာလဲ .."

"အဲဒီမှာ လိုက်နေပေမယ့် အပြင်ကို သွားတာလာတာတွေမှာ ကျွန်မကို အချိန်နာရီတွေနဲ့ ချုပ်ချယ်လို့ မရဘူး"

"စည်းကမ်းဆိုတာ တယ်နေရာမှာဖြစ်ဖြစ် ရှိတယ်"

"ဘယ်နေရာမှာ ဘယ်လိုနေသင့်တာ ကျွန်မ သိတယ်၊ မလိုအပ်ဘူးလို့ထင်တာဆို ကျွန်မ လက်ခံမှာ မဟုတ်ဘူး"

"အဲဒါတွေ ငါတို့ နောက်မှ ဆွေးနွေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှ မရဘူး အန်တီ၊ ကျွန်မ ခေါင်းညိတ်ခေါင်းခါတွေ လွှယ်လွှယ် မလုပ်ချင်ဘူး၊ ဒါကို လက်ခံပြီးရင် ငွေ ယူထားတဲ့လူက ရှုံးပြီ"

"အဲဒါတွေ ငါ ပြောရမှာ မဟုတ်ဘူးလား မှန်းမလွှယ် .. ငွေယူပြီးမှ မင်း ထင်သလိုနေရင် ဘယ်သူ နစ်နာမှာလဲ .."

"ငါ ပေးထားတာပဲဆိုတဲ့ အထက်စီးက ပြောဆိုတဲ့လေသံတွေကိုလည်း ကျွန်မ မခံနိုင်ဘူး၊ အဲဒီတော့ နှစ်ဖက်စလုံးမှာ နစ်နာမှု ရှိတယ်၊ အလုပ်မလုပ်ခင် အားလုံး ပြီးဆုံးအောင် ညှိနှိုင်းမယ်၊ နောက်ပိုင်းမှာ ပြင်ဆင်ချက် မရှိရဘူး၊ လိုတိုးပိုလျှော့တွေ မလုပ်ရဘူး"

ဒေါ်သီရိကျော် က ခနိုးခနဲ့ပြုံးနှင့် ခေါင်းတညိတ်ညိတ်လုပ်နေ၏။

"သိပြီ .. ငါ နောက်တစ်ခု ထပ်ပြောမိရင် မင်းရဲ့စာရင်းမှာ ငွေအမောင့်တစ်ခု ထပ်တက်မယ်၊ အဲဒီအတွက် ခြေတစ်လှမ်း ဝင်လိုက်တာပေါ့"

"ဟုတ်ကဲ့ .."

"ဒီတစ်ခါတော့ မင်းက သင်ပေးတာနော်၊ ကောင်းတယ် .. ငါတို့ အတိအကျ လုပ်ကြတာပေါ့"

ဆွေးနွေးခြင်းသည် စစ်ခင်းနေသလို ပြီးဆုံးသွားခဲ့၏။

ဘယ်သူ ကျရှုံးပြီး ဘယ်သူ အနိုင်ရသည် ဆိုတာတော့ ..၊





အခန်း [ ၁၈ ]

"ဒီအလုပ်တွေ ကျွန်တော် လုပ်နေကျ ထင်တယ်၊ ဖေဖေ ကျွန်တော့်ကို နည်းနည်းလောက် ပြပေးပါ"

"ဟော!..."

"ကျွန်တော် ဖေဖေ့ကို ဝိုင်းကူရင်း ပြန်လေ့လာချင်လို့ပါ"

"မဟုတ်တာ ငါ့သားရာ .. မင်း ကျန်းမာတာမှ မဟုတ်တာ၊ အေးဆေးနေပါ"

"ကျွန်တော့် မှတ်ဉာဏ်တွေ ချို့ယွင်းနေတာ ကျွန်တော် သိပါတယ်၊ ဒါပေမယ့် ဒီတိုင်း အလကားနေလေ ပိုဆိုးလေ ဖြစ်မှာလို့ ထင်နေမိတယ်၊ ကျွန်တော်လည်း အိမ်ထောင်သည်ဖြစ်နေပြီဆိုတော့ .."

ဦးသိန်းထိန် ဇနီးဖြစ်သူကို လှမ်းကြည့်သည်။ ဒေါ်သီရိကျော် ဝမ်းသာသွားသည့်မျက်လုံးတွေ အရောင်လက်သွား၏။

သို့သော် ကရုဏာမျက်ဝန်းတွေ ပြန်ဖြစ်သွားကာ ...

"မဖြစ်သေးပါဘူး သားရယ် .. ငြိမ်ငြိမ်လေး နေတာတောင်မှ သားတစ်ခုခုကို အတင်းအကျပ် စဉ်းစားမိရင် ခေါင်းတွေ အုံလာတယ်မို့လား၊



www.burmeseclassic.com

www.burmeseclassic.com



လူတွေ အများကြီးကို ချုပ်ကိုင်ထားရတဲ့ စာရင်းဇယားတွေက သားကို အများကြီး ဒုက္ခပေးနိုင်တယ်"

သမိန် က စာရင်းအင်းတွေကို ဟိုလှန်ဒီလှန်လုပ်ရင်း ဖွင့်ထားသည့် လက်ပ်တော့ပ်ကိုလည်း ကြည့်သည်။ ပြီးမှ ဒီဘက်ကို ပြန်လှည့်၍ ...

"ဝတ်လွှာ ဟိုအိမ် ကပ်မရ၊ ဒီမှာ အဆင်မပြေနဲ့ ကြားထဲမှာ ဒုက္ခရောက်နေမှာစိုးပြီး ခေါင်းထဲမှာ ရှုပ်ထွေးနေလို့ပါ၊ အခု သူ ကျွန်တော့်နားမှာ ရှိနေပြီပဲ၊ ဘာမှ စဉ်းစားဖို့ မလိုတော့ဘူးဆိုတော့ ရပါပြီ"

ပါကေးရောင်ပြောင်လက်နေသည့် ကြမ်းပေါ်မှာ တင်ပျဉ်ခွေထိုင်၍ ငိုမ်းဆော့နေသည့် လွယ့် ကို လှမ်းကြည့်မိကြ၏။ ပါးစပ်ထဲမှာ အချိန်မရွေး ရှိနေသည့် ပီကေကို ဝါးလှုပ်လှုပ်ဝါးရင်း လက်ကလည်း အငြိမ်မနေ မျက်လုံးတွေပါ အလုပ်ရှုပ်လျက် ဘေးမှာ ဘယ်သူတွေ ဘာပြောနေနေ ဘာဖြစ်ဖြစ် ...၊

ညအိပ်ရင်လည်း ညဝတ်အင်္ကျီနဲ့မဟုတ်ဘဲ ဒီတိုင်း ဝင်အိပ်တတ်ကာ မနက်မိုးလင်းတိုင်း ကော်ဖီပိုင်းမှာ သူမနဲ့ ဆုံဖြစ်တယ်ဆိုတာလည်း မရှိပါ ...၊ သမိန် ကတော့ ကော်ဖီသောက်ရင်း လည်နှင်အောင် မျှော်သည်

"ခိုးပြေးခဲ့ကြတာက ဟုတ်တယ်၊ ဒါပေမယ့် လက်မထပ်ရသေးတော့ အတူနေလို့ မရဘူး သား၊ သား ကျန်းမာလာမှ သူ့မိဘတွေဆီမှာ ပြန်အပ်ပြီး လက်ထပ်ပေးမယ်နော်"

မိဘတွေက ပြောပြတော့လည်း သမိန် ကျေနပ်စွာ ခေါင်းညိတ်၏ သူ့စိတ်ထဲမှာ ဝတ်လွှာ ကို အနားမှာပဲ ရှိနေစေချင်သည့်ဆန္ဒသာ ပြင်းပြခဲ့တာမို့ နောက်ထပ် ဘာမှ နားပူနားဆာ လုပ်ခဲ့တာ မရှိပေ..၊

"ဝါး ..."

လက်ကိုင်ကို ပေါင်ပေါ် တင်လိုက်ပြီး 'ဝါး'ခနဲ သမ်းလိုက်ပုံက လက်နှစ်ဖက်ကို မြှောက် ရင်ဘတ်လေး ကော့၍ ပြီးတော့ ...





"အိပ်တော့မယ်"

ဆိုပြီး ထရပ်လိုက်ကာမှ ဒေါ်သီရိကျော် နဲ့ သမိန် တို့ သူမကို လှမ်းကြည့်နေကြမှန်း သိကာ အူကြောင်ကြောင် ပြန်ကြည့်၏။

သမိန် က ကြက်သွေးရောင် တီရှပ်လက်တို ဆံပင်ဖားလျားလေးနှင့် ကပိုကရို ချစ်စဖွယ်ဖြစ်နေတာလေးကို ပြုံးကြည့်ရင်း ...

"အိပ်ချင်နေပြီလား၊ ခုမှ ကိုးနာရီကျော်ကျော်လေးပဲ ရှိသေးတာ"

"အိပ်တော့မယ်၊ လွယ် .. ကျွန်မက စောစော အိပ်ရာဝင်တတ်တဲ့ အကျင့် ရှိလို့ .."

ဒီမှာတော့ လွယ် လို့ ထည့်မပြောမိအောင် အစာတ်နိုင်ဆုံး ရှောင်နေရသည်။ ဒါပေမယ့် ကိုယ့်ကိုယ်ကို ဝတ်လွှာ လို့လည်း ဘယ်တော့မှ ပြောမိမှာ မဟုတ်ပါ ..၊ ပြောပြီး ဘယ်မျက်နှာကိုမှ မကြည့်တော့ဘဲ ထွက်ခဲ့တာမို့ သမိန် ထလိုက်လာမှန်း လွယ် မသိ ..၊

"ဝတ်လွှာ"

"ဟင်!..."

ထိတ်ခနဲ ဖြစ်သွားကာ ထူးလိုက်တာ မဟုတ်ဘဲ 'ဟင်'သံထွက်၏။

သမိန် က စပို့ရှပ်အဖြူ ပုဆိုးကွက်စိပ်လေးနှင့် ပြုံးနေသည့်မျက်နှာထလည်း နူးညံ့ချောမွေ့နေ၏။ လွယ် စူးစိုက်ကြည့်မိသွားကာ မျက်နှာကို ချက်ချင်း ပြန်လွှဲ၍ ...

"အိပ်တော့မှာပါဆို ဘာလုပ်မလို့လဲ"

"နေပါဦး ဝတ်လွှာ ရယ် .. ဒီည ကိုယ် အလုပ်လုပ်ဖို့ စိတ်ကူးထားတာ အဲဒါ မင်းက ဘေးမှာ ထိုင်နေဖို့ မလိုဘူးလား"

လွယ် စိတ်ညစ်သည့်မျက်နှာလေး ဖြစ်သွား၏။ ဒါ လိုအပ်လို့လား..၊

"နောက်ထပ် ဟိုတောင်ကုန်းကို ထပ်မသွားတော့ဘူးလို့ မင်းတောင်းတဲ့ကတိ ကိုယ် ပေးထားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ဘာဖြစ်လဲ .."

"မင်း ကိုယ့်နားမှာ ရှိနေပေးသင့်တာပေါ့"

"ကျွန်မ ကူလုပ်ပေးနိုင်တာလည်း မဟုတ်ဘဲနဲ့ ဘာထူးမှာလဲ"

"မင်း ကိုယ့်ကို မချစ်တော့ဘူးလား"

"ဘာဆိုင်လို့လဲ .."

"ချစ်တဲ့သူနဲ့ အတူနေဖို့ကို စိတ်ညစ်တဲ့သူ မရှိဘူးလေ"

"ကျွန်မက အဲဒီပုံ ပေါက်နေလို့လား"

"ပေါက်တယ် .. နေ့နေ့ညည မင်း ကိုယ့်နားမှာ ရှိနေတာမှ မဟု[illegible]တာ"

လွှယ် ဖြေရှင်းရခက်သွား၏။ သူ့နားမှာပဲ ကပ်နေရအောင် ကိုယ်[illegible] ဝတ်လွှာ မဟုတ်၊ ပြီးတော့ မကြိုက်ဘူးလို့လည်း ဒေါ်သီရိကျော် ပြေ[illegible] ထားတာမို့ လိုတာထက် ပိုပြီး မရင်းနှီးချင်တာ ဖြစ်သည်။

"ကိုယ်တို့ စကားပြောရအောင် .."

"အို ..."

လက်ကို ဆွဲလိုက်တော့ လွှက တုန်ခနဲ ဖြစ်သွားသည်။ ပြန်[illegible] ထွက်ဖို့ လက်သီးဆုပ်လေးဖြစ်သွားပြီးမှ ပြန်ဖြေလိုက်ရကာ ...

"ဒါဆိုလည်း စကားပြောမယ့်အစား အလုပ်လုပ်လေ .. ကျွန်မ အ[illegible] မှာ နေပေးမယ်"

"အိုခေ .."

အိမ်ထဲကို မဝင်ဖြစ်တော့ဘဲ အပြင်ကို နှစ်ယောက် ပြန်လှည့်လို[illegible] လျှင် ဧည့်ခန်းထဲကနေ ထွက်လိုက်လာသည့် ဒေါ်သီရိကျော် နှင့် မျက်[illegible] ချင်းဆိုင်မိ၏။

လွှယ့် မျက်နှာကို သတိပေးသလို စူးခနဲ ကြည့်ပြီးမှ သားဘက်[illegible] လှည့်တော့ ပြုံး၍ ...





"တစ်ခုခု ခိုင်းစရာရှိလို့ သား လိုက်သွားတယ် မှတ်နေတာ၊ အပျွန်း ဝတ်လွှာ က စောစောအိပ်ရာဝင်တတ်တော့ အိပ်ပါစေလို့ ပြောမလို့"

ဒေါ်သီရိကျော် က လွှယ် နဲ့ သမိန် ကို မျက်စိအောက်က အပျောက် မခံအောင် မျက်စိဒေါက်ထောက် ကြည့်နေတာ ဖြစ်သည်။

လွှယ် က သိပေမယ့် သမိန် က ရီးသားစွာ ပြုံး၍ ...

"မေမေကလည်း ကိုယ့်မိန်းမကို ခိုင်းစရာရှိမှ ကျွန်တော်က ခေါ် ရမှာလား"

"မဟုတ်ဘူးလေ သားရဲ့ .. ညလယ်စာ တစ်ခုခု စားချင်တော့ ကိုယ့်သားမယား လုပ်ကိုင်ပေးတာလေးကိုပဲ စားချင်ကြတာမို့လား၊ ဝတ်လွှာ က ကလေးလိုနေတာ စိတ်ညစ်သွားမှာ စိုးလို့ မေမေက ..."

"နေပါစေ မေမေရာ .. ကျွန်တော်လည်း ဘာမှမခိုင်းပါဘူး၊ မေမေ့ ချွေးမ ကျွန်တော့်ဆီကနေ ထွက်သွားလောက်အောင်လည်း ဘာမှဖြစ်ဖို့ မရှိဘူး"

လွှယ့် လက်လေးကို ဆွဲထွက်သွားတော့ ဒေါ်သီရိကျော် သက်ပြင်း ချရင်း ကျန်ရစ်၏။ သရုပ်ဆောင်နိုင်းနေရတာက ခိုးပြေးလာကာစ လင် မယားအသစ်စက်စက်လေးလို ..၊ ဒါပေမယ့် ...

ကြင်ကြင်နာနာတွေ ဖြစ်ကုန်ကြမှာလည်း စိုးကာ သမိန့် စိတ်ချမ်း သာ ကိုယ်ကျန်းမာဖြစ်သွားပေမယ့် ကိုယ့်မှာတော့ ငရဲ ..၊

ဒါတောင် မုန်းမလွှယ် ဆိုတဲ့ ကောင်မလေးက အနေအထိုင် တတ် နေလို့ တော်သေးသည်။ ဘာပဲဖြစ်ဖြစ် နီးစပ်မှုဆိုတာ ဘယ်သူမှ အစဉ် သဖြင့် လိုက်လံ တားဆီးထားနိုင်မှာ မဟုတ် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၉ ]

သမိန့် အခြေအနေက လူကောင်းတစ်ယောက်လိုပဲ လန်းလန်းဆန်းဆန်း ဖြစ်လာခဲ့၏။ ဒီတစ်ခါတော့ ကိုယ် လုပ်ကိုင်စီစဉ်ခဲ့တာ မှန်သွားသဖြင့် ဒေါ်သီရိကျော် စိတ်ချမ်းသာမိသည်။

နောက်ထပ် ပူပင်ခဲ့ရတာက သားစိတ်တွေ တဖြည်းဖြည်း ပုံမှန်ပြန်ရောက်လာခဲ့လျှင် မှန်းမလွှယ် ဆိုသည့်မိန်းကလေးနဲ့ ဘာတွေ ဆက်ရှင်းရဦးမှာလဲ ..၊ ဟိုတစ်ယောက် သေသွားပြီဆိုတာ လက်ခံနိုင်ပြီဆိုရင် အနားမှာရှိနေတဲ့ မိန်းကလေးကို ဘယ်လို ဆက်ဆံမလဲ ..၊

လွှယ် ခြံထဲဆင်းသွားတဲ့နောက် သမိန် လိုက်သွားတော့ အပေါ်ထပ် ပြတင်းတံခါးကနေ လှမ်းကြည့်နေရင်း ရင်မောသွားသည်။

ယော်သူတွေကတော့ ဘာမှ မသိ ..၊

သစ်ခွတိုင်တွေနားမှာ လွှယ် က အရောင်တူသည့် ပန်းပွင့်တွေကို ရေတွက်ရင်း အမျိုးအစားတူတဲ့ အပင်တွေချင်း အတန်းလိုက် ပြောင်းရွှေ့နေ၏။ သမိန် နောက်မှာ ရပ်ကြည့်နေတာကို မသိ ..၊

"အား!... ကိုက်လိုက်တာ"

လက်ကို ပုရွက်ဆိတ်ကိုက်တော့ ပွတ်သပ်ခါပစ်၍ ညည်းရင်း --





"အကောင်သေးသေးလေးနဲ့ ဒီလောက် နာအောင် ကိုက်ရသလား ပုရွက်ဆိတ်ဝဲစား .. သူ့ကို ပြန်သတ်ရင်တော့ အသံမပေး ဘာမပေးနဲ့ သေမှာ၊ သူများကျတော့ အော်သံထွက်အောင် ကိုက်တယ်၊ အကောင်အထည်လေးသာရှိရင် နင် ခုလောက်ဆို အပိုင်းပိုင်းပြတ်ပြီး သေနေပြီ.."

"ပုရွက်ဆိတ်နဲ့လည်း ရန်ဖြစ်တာပဲကွာ .. ကလေးကျနေတာပဲ"

အသံကြားမှ လက်ချောင်းလေးတွေ ပွတ်သပ်ရှုံ့မဲ့နေသည့် မျက်နှာလေး လှည့်လာ၏။

"အဲဒီလို ရန်ဖြစ်ချင်နေတာ သိလား၊ ဒီမှာကြည့်ဦး ကိုက်သွားတာ"

လွှယ် က လက်ချောင်းလေးတွေကို သူ့ရှေ့မှာ ဖြန့်ပြ၏။

"ဟင်!... ဟုတ်သားပဲ .. ရဲညိုနေတာပဲ၊ ပုရွက်ဆိတ် ခေါင်းလုံးကြီးတွေ ထင်တယ်"

ရယ်နေတာတွေ ပျောက်သွားကာ သမိန် က လွှယ့် လက်ကလေးကို ဆုပ်ကိုင်လိုက်၏။ ပြီးတော့ ညိုရဲနေသည့်နေရာလေးတွေကို တယုတယ ပွတ်သပ်ရင်း ပါးစပ်နား ဆွဲယူ၍ လေနဲ့ မှုတ်ပေးသည်။

"ရပါပြီ ဖယ်ပါ .."

လွှယ် ပြန်ရုန်းတော့ အတင်း ဖိဆုပ်ထားကာ ...

"ဘာဖြစ်တာလဲ ဝတ်လွှာ၊ ကိုယ့်ကို မင်း အဲလောက်ထိ စိမ်းစရာလား"

"မဟုတ်ပါဘူး .. ရပါပြီဆိုမှ .."

"ဝတ်လွှာ .."

ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်တော့ လွှယ် မျက်လုံးပြူးသွား၏။

"မင်း အရမ်းလှတာပဲ .. ပန်းရောင်လေး ဝတ်ထားရင် ပါးလေးတွေက ပန်းရောင်ပြေးနေတယ်၊ အနီလေးဝတ်ထားတော့ ရဲလို့၊ အနက်လေးဆိုရင် မျက်နှာလေးက ဖွေးနေတာ"

"ဟိုမှာ သွားထိုင်ရအောင် .."



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ကို ဖယ်ချုပ်ကာ လွယ် က ခုံတန်းလေးရှိတဲ့ဆီ ရှေ့ ထွက်သွား၏။ ဒါပေမယ့် ထိုင်လည်း မထိုင်ဖြစ်ပေ ..၊ သူမ ထိုင်လိုက်လျှ သမိန် က ဘေးမှာ ထိုင်လိမ့်မည်၊ အဲဒီလို မဖြစ်ချင်တာမို့ ...

"ခဏလေးနော် .. လက်ကို ရေဆေးလိုက်ချင်လို့"

"မလိုပါဘူး .. ကိုယ် ဆုပ်ထားပေးမယ်၊ ဒီမှာပဲ ထိုင်ရအောင်"

လက်ကိုလှမ်းဆွဲကာ အတူတူထိုင်ဖြစ်တဲ့အထိ သူပဲ ဦးဆောင်ရ

"ကိစ္စတချို့ကို ပြန်စဉ်းစားလို့ မရသေးတာပဲ ရှိတယ် .. ကို အားလုံး ကျန်းမာနေပါပြီ၊ မေမေ့ကို မြန်မြန်လက်ထပ်ပေးပါလို့ ကို ပြောလိုက်မယ်နော်"

"မဟုတ်တာ သမိန် ရယ်"

"နေပါဦး .. ဝတ်လွှာ ကိုယ့်ကို အရင်က အဲဒီလိုခေါ်တာ မဟုတ် ထင်တယ်"

ဘယ်လိုခေါ်ခဲ့သလဲ မေးမထားမိခဲ့ပါ၊ မေးမိခဲ့ရင်လည်း ကိုကို မောင်မောင်တွေ ခေါ်ပြီး ကိုယ် မဟုတ်ခဲ့တဲ့အကြောင်းတွေကို ညာ ပါတော့ ပြောဖြစ်မှာမဟုတ် ..၊

"ဟုတ်တယ်မို့လား .. အခု ဘာဖြစ်လို့ တစိမ်းဆန်ဆန်ကြီး ခေါ် တာလဲ"

သူ ထပ်မေးတော့မှ ...

"လူကြီးတွေရှေ့မှာ အဲဒီလိုကြီး မခေါ်ချင်လို့လေ .. သမိန် ကလည် အဲဒါလေးတွေကို ခေါင်းထဲ ထည့်မနေစမ်းပါနဲ့"

"မင်းက ကိုယ်ချစ်သလို မချစ်ဘူးလို့ ခံစားမိလာတယ်၊ ကိုယ် တစ်ခုခုကို မတင်မကျ ခံစားမိတိုင်း အဲဒါ ဘာကြောင့် ဖြစ်တာလဲ မရမက အဖြေထုတ်ချင်တယ်၊ ခေါင်းထဲက ခွင့်မပြုဘူး"

"ဘာတွေကို မတင်မကျ ဖြစ်နေလို့လဲ"





စကားပြောရင်း သူ ကိုင်ထားသည့်လက်ကို ပြန်ဆွဲထုတ်ဖို့ ကြိုးစား ...တ်သည်။ သူက မလွှတ်ပဲ ရှိနေသည့်နေရာလေးတွေကို မွတ်တိုက် ...ယနေလျက် ...

"မင်းနဲ့ကိုယ် ဘာတွေ ဖြစ်ခဲ့သလဲဆိုတာ အမိကပေါ့၊ ကိုယ် ဒီဘဝ ... မရောက်ခင် မင်းနဲ့ ပြဿနာတစ်ခုခု ရှိခဲ့တယ်လို့ ထင်နေတယ်၊ ...စားတော့လည်း မရဘူး၊ ကိုယ့်စိတ်ထဲမှာကွာ ကိုယ့်ကြောင့် မင်း ...ရောက်သွားတယ်လို့ စွဲကျန်ရစ်တာမျိုးပေါ့၊ မင်း ကိုယ့်ဘေးမှာ ရှိနေ ...လည်း အဲဒီလို ထပ်ဖြစ်သွားမှာ စိုးနေပြန်ရော၊ နောက်ပြီး မင်းဆီ ...နေ့ အတိတ်က တစ်စုံတရာကို ကြားချင်ပေမယ့် မင်း မပြောဘူး၊ ...ဒါ ကိုယ့်ကို စိတ်နာနေတာလားလို့ တစ်ခါတလေ တွေးမိနေတယ်"

"စိတ်နာနေရင် ရှင့်ရဲ့ ဘေးမှာ ဒီလို လာနေပါ့မလား၊ လက်ထပ်ဖို့ ...တော့ လူကြီးတွေ ရှင့်ရဲ့ ကျန်းမာရေးကို ပြန်ကောင်းအောင် ကြိုးစား ...ကြတုန်း မလောသင့်ဘူး ထင်လို့ရေ"

"မင်းရဲ့ မိဘတွေကရော ကိုယ့်ကို မေ့နေသည်ဆိုပြီး အခု ကြည်ဖြူ ...လား၊ မကြည်ဖြူကြတာကို ကိုယ် မသိအောင် မေမေတို့နဲ့ မင်း ကြိတ် ... ကြိုးစားနေရတာလား .."

မေးလိုက်သည့် မေးခွန်းတွေက ညှပ်ပူးညှပ်ပိတ်၊ အမြဲတမ်း ပေါ့ပါး ...ည့်စိတ်ဟာ သိန်းငါးဆယ်နှင့် နှောင်ဖွဲ့ပြီးသည့်နောက်မှာ မွန်းကျပ် ...တင်ခြင်းတွေသာ ဖြစ်စေခဲ့လျက် ...

"အဲဒါတွေကို မတွေးပါနဲ့ သမိန် ရယ် .. ခုချိန်မှာ အားလုံးက ရှင့်ရဲ့ ...မာရေးအတွက် အထူး ဂရုစိုက်နေကြတာ၊ စိတ်ကို ပေါ့ပေါ့ပါးပါးပဲ ...လိုက်ပါ"

"ပေါ့ပါးစေချင်ရင် ကိုယ့်အဲဒီလို မတွေးဖြစ်အောင် မင်းဆီက အရ ... ကြင်နာမှုတွေ ပြန်ပေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အို .. မဟုတ်ဘူးလေ .. သမိန် .."

ပခုံးလေးကိုဖက်၍ ရင်ခွင်ထဲ သွင်းလိုက်သဖြင့် လွယ် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ ပြန်ရုန်းတော့လည်း မရ ဖြစ်နေရင်း သူနဲ့ကိုယ် ရုန်းရင်းဆန်ခတ်တွေ ဒီ့ထက်ပိုမဖြစ်သင့်တာကို တွေးလိုက်မိသည်။

နောက်ထပ် သူ့မျက်နှာ ငုံ့ကျလာကာ နဖူးက ဆံပင်တွေကို သပ်တင်လိုက်ပြီး နမ်း၏။ တစ်ကိုယ်လုံး ဖျင်းခနဲ ပူရှိန်းသွားလျက် ရှက်တာလား .. ဒေါသလား မခွဲခြားနိုင်မီ ရင်ခွင်ထဲက အတင်းရုန်းထွက်လိုက်သည်။

ရင်နင့်မျက်ဝန်းတွေမှာ နားမလည်နိုင်သည့်အရိပ်တွေ ဖြစ်သွား၏။ ပြီးတော့ မချိတရိပြုံးလိုက်ကာ ...

"ကိုယ့်ကို ဝေဒနာသည်လို့ ဝတ်လွှာ ကိုယ်တိုင် သတ်မှတ်ထားတာ ထင်တယ်၊ ခိုးပြေးခဲ့မိတာကိုရော မင်း နောင်တရနေသေးလားဟင်"

"မဟုတ်ပါဘူး .. အဲဒါတွေက ..."

လွယ် လည်ပင်းပွတ်လိုက် .. ဆံပင်သပ်လိုက်နှင့် နေရာမှ ထရပ်သည်။ ရှင်းလည်း မရှင်းတတ်၊ သူ့ကိုလည်း နားလည်စေချင်ကာ..

"ဆင်ခြင်သင့်တယ် ထင်လို့ပါ၊ ကျွန်မကို တစ်မျိုး မထင်ပါနဲ့"

"မထင်ပါဘူး၊ မင်း စိတ်ညစ်နေမှာပဲ စိုးတာ၊ မင်း သဘောမကျရင် ကိုယ် နောက်ထပ် မနမ်းတော့ဘူး၊ အဲဒီလို စိမ်းစိမ်းကားကားကြီး မနေပါနဲ့"

လွယ် ခေါင်းညိတ်ပြီး သူ့အားမှာ ပြန်ထိုင်လိုက်သည်။ ဟန်ဆောင်ရခြယ့်ထဲမှာ ဒီလောက်ထိ စွန့်စားစရာတွေ ရှိနေမယ်မှန်း သိခဲ့ရင် သူမ..





အခန်း [ ၂၀ ]

နောက်တစ်ခါ ခြံထဲဆင်းထိုင်မိတော့ ဒေါ်သီရိကျော် ရောက်လာ၏။

"မင်း အခန်းတစ်ခုခု .. တချောင်ချောင် .. ဒါမှမဟုတ် ခုလို အိမ်နဲ့ [illegible]ဝေးမှာ မနေသင့်ဘူးဆိုတာ မတွေးမိသေးဘူးလား"

"ဟင်! ..."

ရုတ်တရက် လွယ် **နားမလည်** ..။

"အန်တီ ဘာပြောတာလဲ"

"မင်း ရှေ့ကသွားရင် သားက နောက်ကလိုက်လာမှာပဲ၊ တိတ်ဆိတ်[illegible]နေရာမှာ နှစ်ယောက်တည်း ဖြစ်မသွားဖို့ မင်းက ဆင်ခြင်ရမှာ .."

တည့်တည့်ပြောလိုက်မှ ဒေါသထွက်ရမှန်း သတိရကာ ပေါင်ပေါ်[illegible] တင်ထားသည့် နှင်းဆီပွင့်ဖတ်တွေကို အကြမ်းပတမ်း ခါထုတ်ပစ်[illegible]၏။ ဒေါ်သီရိကျော် ကလည်း ပွင့်ဖတ်တွေကို ခုမှ သတိထားမိ[illegible] အံ့သြခြင်းတွေအပြည့်နှင့် ...

"ကြည့်စမ်း .. ပန်းတွေ ချူးထားပြီး ခြွေပစ်နေတယ်"

ပြောချင်နေသည့် အဓိကတွေကို မေ့ကာ ပန်းတွေကို နှမြောတသ[illegible]လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ မိန်းကလေးဘဝနဲ့ လူလာဖြစ်ပြီး မိန်းမလို နူးနူးညံ့ညံ့လည်း ဘာမှမရှိပါလား မုန်းမလွယ် .. ဒီပန်းတွေ ဖူးဖို့ပွင့်ဖို့အတွက် မာလီ သပ်သပ်ထားပြီး ငါတို့ တယုတယ ပျိုးထောင်ခဲ့ရတာ"

ခြွေချထားတာ အနည်းဆုံး ငါးပွင့် ခြောက်ပွင့် ရှိလိမ့်မည်။

ဒေါ်သီရိကျော် ကြဲဖြန့်နေသည့် ပွင့်ဖတ်တွေပေါ်မှာပဲ မျက်လုံးတွေ လှူးလာခေါက်တုံ့ ပြေးလျက် ...

"ပွင့်ကာစ အစွမ်းကုန်လှနေတဲ့ ပန်းကို ခြွေချရက်တာ နည်းနည်းနောနော မာတဲ့စိတ်ဓာတ် မဟုတ်ဘူး၊ မင်း သိပ်ကို ကြမ်းတမ်းတယ်"

"များလှချေလား အန်တီ၊ ပန်းတွေ ခြွေတာ မကြိုက်ရင် မခြွေပါနဲ့လို့ ပြောလိုက်ရင် တစ်ခွန်းပဲ .."

"မင်းကို တားဆီးဖို့ထက် အံ့ဩတာက ပိုနေလို့ပေါ့အေ၊ တကယ်ပါ .. ပန်းပင်တွေ ရောင်စုံစိုက်ထားတာ စိတ်ကြည်လင်ဖို့ .. မျက်စိ ပသာဒဖြစ်ဖို့ .. ပြီးတော့ ဘုရားပန်း မညှိုးအောင် လဲဖို့ .."

"အဲဒါတွေ အားလုံးပြီးတော့လည်း ပန်းတွေက အများကြီး ပိုနေတာပဲ၊ ညှိုးသွားတာတွေကို ပြန်ရှင်းနေရတာ အလုပ်တောင် ရှုပ်သေးတယ်"

ကျေးဇူးတင်ပါတယ်လို့များ ပြောရဦးမလား မသိ ..၊

"အိမ်ထဲမှာချည်းပဲ ဘယ်သူ ထိုင်နေနိုင်မှာလဲ၊ ခြံထဲဆင်းတော့လည်း အွမ်ပျင်းမပြေဘူး၊ ပန်းလေးငါးပွင့် ခြွေမိတာ ရာဇဝတ်မှုကြီးတစ်ခုလို ပြဿနာ ရှင်းနေရတယ်၊ အခု အန်တီ့ပန်းတွေ ခြွေနေတာမြင်လို့ ပြေးလာတာလား .. ဒါပဲ ပြောချင်တာလား"

"မဟုတ်ဘူး .. မင်းကို မြင်လိုက်တိုင်း အမြင်မတော်တာတွေပဲ ဖြစ်ဖြစ်နေလို့ ပြောဖို့စကားက တော်တော်နဲ့ လိုရာ မရောက်ဘူး"

"အခု အမြင်မတော်တာ ပြောပြီးပြီဆိုတော့ လိုရင်းကို ပြောလို့ ရပြီလား"





မျက်နှာကို တည့်တည့်ကြည့် မေးလိုက်တိုင်း ဖိတ်ဖိတ်လက်နေခဲ့သည့် မျက်ဝန်းတွေကို ဒေါ်သီရိကျော် ဒေါသဖြစ်သည်။ ပီကေ ဝါးနေလို့ ...ယ်လှုပ် တွန့်ရှုံ့နေတတ်သည့်နှုတ်ခမ်းတွေက အသည်းယားဖို့ကောင်း ...ဒီမိန်းကလေး ဟိုစိတ်ဒီစိတ်တွေနဲ့ အနေအထိုင်မတတ်တာတော့ ...တာမို့ တစ်ခါတလေ သဘောကျမိတဲ့စိတ်တွေ ဖြစ်လာခဲ့ရင်တောင် ...သော အဖြူအမူ နေထိုင်ပုံတွေကြောင့် ပျက်၏။

"မင်းက ဘာကိုမှ ဂရုမစိုက် အလေးမထားတော့ ငါ ဘာပြောပြော ...နာလုပ်တယ်၊ ပုံကြီးချဲ့တယ်လို့ ထင်မှာပဲ"

သူ ရောက်လာခဲ့သည့် အဓိကအကြောင်းရင်းကို သူပဲ ပြန်စ၍ ...

"မင်းကို မယုံကြည်တာ မဟုတ်ပေမယ့် အခြေအနေ အချိန်အခါ ...ာ ဂရုမစိုက်လို့ မရဘူး၊ ဝတ်လွှာရဲ့ ဘယ်လို အဆင့်အတန်းရှိသလဲ ...ာ ခုလောက်ဆို မင်း သိနေမှာပါ၊ သူနဲ့တောင်မှ ငါ့သားကို ငါ ...ာတူခဲ့တာ မဟုတ်ဘူး၊ မင်းနဲ့ အနေအထိုင်တွေက နီးစပ်မယ့်ဘက် ...ယိုင်နေတယ်၊ အဲဒီတော့ သဘာဝကျကျ မကျကျ မင်းဘက်က ...နိုင်သမျှ ရှောင်တိမ်းဖို့ လိုတယ်၊ ဥပမာ ဟိုနေ့က ခြံထဲဆင်းမိလို့ ...နဲ့ မင်း ဘာဖြစ်သွားခဲ့သလဲ .."

မသိလို့ မေးလိုက်တာ မဟုတ်မှန်း လွယ် သိသည်၊ ရှက်သည့်စိတ် ...မျက်နှာတစ်ပြင်လုံးကို ပန်းရင့်ရောင် ဆေးဆိုးပစ်လိုက်သလို ရဲခနဲ...

"နောက်တစ်ခါ အဲဒီလို မဖြစ်ဖို့အတွက် မင်း ဆင်ခြင်ရမှန်း သိရင် ...ထပ်မလာသင့်ဘူး"

"သူ ရေချိုးပြီး အိပ်နေတယ်"

"နိုးလာလို့ မင်းကို မတွေ့ရင် ဒီလိုက်လာမှာပဲ၊ မင်း အဲဒီလိုဖြစ်ဖို့ ...ခန့်တီးတာလို့ ငါ မစွပ်စွဲခင် နောက်ထပ် ဒီလိုခြေလှမ်းတွေ မဖြစ် ...နဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ့သားကို ကျွန်မက ကြိတ်ကြိုက်ပြီး မြူဆွယ်နေတယ် ထ
လို့လား"

ဒေါ်သီရိကျော် က ရယ်လိုက်၏။ ဒါပေမယ့် မဲ့နေသလိုပင် ..။

"မင်း ဆင်ခြင်တတ်ရင် ငါ့ဘက်က ထင်တာမြင်တာတွေလည
လျော့ပါးသွားမှာပါ။ တစ်ခု သေချာတာက အနေနီးစပ်သွားလို့ဖြစ်
မင်း စိတ်မနိုင်တော့လို့ ချစ်မိပါပြီပြောပြော ငါ့သားကို မင်း ဘယ်တေ
ရမှာမဟုတ်ဘူး။ မင်းရဲ့ပေါက်ပွားလာတဲ့ ပတ်ဝန်းကျင်၊ မင်းရဲ့ ဗီဇ သ
စိတ်၊ ဘာမှမရှိတဲ့ အဆင့်အတန်း၊ ဒါတွေ အားလုံးကြောင့် မင်း
ဘယ်လိုသားရှင်ကမှ အလိုမရှိတဲ့ အရပ်မျက်နှာမှာပဲ နေရမှာ"

လွယ့် နှုတ်ခမ်းလေးတွေ တလွန့်လွန့် လှုပ်ခတ်လာ၏။ မခံစ
ဘူးသည့် ရင်နင့်ခြင်းကြောင့် မျက်ရည်တွေပါ ဝေခဲ့သည်။ ပြင်းထန်သ
စကားတွေနဲ့ တုံ့ပြန်ဖို့ပြင်သည့်အချိန်မှာ ဒေါ်သီရိကျော် က ထွက်ခွာသ
ပြီဖြစ်၏။

လွယ့် တစ်သက်လုံးမှာ ဘယ်သူ့မှ ဂရုမစိုက်တတ်ခဲ့ဘဲ ကိုယ့်ဘ
က နိမ့်ပါးနေတာတောင် ဘယ်လိုစကားလုံး ဘယ်အကြောင်းနဲ့မှ အ
တင်ခံခဲ့တာ မဟုတ် ..။

ဖြစ်ကြပြီဆိုရင်လည်း ဘတစ်ပြန် ကျားတစ်ပြန်နဲ့မို့ ရင်ထဲမှာ ထ
ကျန်ခဲ့တာ မရှိပေ၊ ဒီစကားတွေကျမှ သူမ ဘာမှလည်း မတုံ့ပြန်နိုင်

ကျန်ရစ်ခဲ့တာက ရင်ထဲမှာ စူးနင့်နာကျင်လျက် ..။





## အခန်း [ ၂၀ ]

"မမ ထမင်းစားမလို့လား .. ဘာမှ မကျက်သေးဘူး"

"ရတယ် .. အခု ဘာရှိလဲ"

ထမင်းစားချိန်မှာ ဘယ်သူနဲ့မှ မဆုံချင်၊ အထူးသဖြင့် သမိန် နဲ့ ဆုံ
တိုင်း ယုယကြင်နာတာတွေကို မလိုချင်ပေ ..။

နောက်ဆိုရင်လည်း သမိန် နဲ့အတူ နှစ်ယောက်တည်း မဖြစ်ဖို့ ..
ရင်တောင် ချစ်တဲ့အကြောင်း၊ ရင်ခုန်သံတွေအကြောင်း ဘာနဲ့ပတ်
ပြီးတော့မှ မပြောမိဖို့ လုံးဝ ရှောင်မည်ဆိုတာ ဆုံးဖြတ်ပြီးသား ..။

မနက်ကလည်း ကော်ဖီမသောက်ဘဲ နေလိုက်သည်၊ သူ လာခေါ်
ာ့ ဗိုက်မကောင်းလို့ မစားချင်ဘူး ပြောလိုက်သဖြင့် နောက်ကျမှ
ကလည်း မဖြစ်နိုင် ..၊ ထို့ကြောင့် အစောကြီး ထမင်းဆာနေတာ
သည်။ ချက်ပြုတ်သည့် မြမြ ဆိုသော ကောင်မလေးနဲ့ ရင်းနှီးနေသော
ကြောင့် ကိုယ့်ဖာသာ ဝင်ပြီး အိုးခွက်ပန်းကန်တွေ ကိုင်ကာ ...

"ငပိရည် ရှိတယ်မို့လား"

"အဲဒီမှာ မမ လှန်ကြည့်တဲ့ဒယ်အိုးထဲမှာ ငါးခူချဉ်စပ် ကျက်နေပြီ
ပဲကြာဇံဟင်းချိုလည်း ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"နေပစေ .. အဲဒါတွေ မစားတော့ဘူး"

ညှေ့သည်က စားဦးစားဖျား စားလိုက်တာမျိုး မဖြစ်ချင်လို့ပါ .

"ငါ့ကို ငပိရည်နဲ့ သခွားသီးပဲ ပေး .."

ပြောသာပြောနေကာ ငပိရည်ပန်းကန်ကို သူမပဲ ဆွဲယူလိုက်
ဘေဇင်ပေါ်မှာတင်ထားသည့် တို့စရာဆန်ကာလေးထဲက သခွားသီး
လည်း ကိုယ့်ဟာကိုယ် ယူသည်။

စားပွဲမှာ ခုံဆွဲထိုင်ကာ မြန်မြန်ဆန်ဆန် စားဖို့ လုံးပမ်းလိုက်

"မမ .. ကျွန်မ သခွားသီး အခွံခွာပေးမယ်လေ"

"နေပစေ ခါးတာမှမဟုတ်တာ၊ ငပိရည်ထဲကိုပဲ ရေတ်သီးမှုန့် နည်း
နည်း ထပ်ထည့်ပေး .."

မြမြ ကလည်း လွှယ် ထမင်းစားနေတဲ့ပုံကို အံ့ဩကာ ပျာပျာသ
လုပ်ပေးရှာသည်။ ပြီးတော့ စကားပြောဖော်ရသွားသည်မို့ အားတ
သွားသည့်မျက်နှာနှင့် အနားကပ်ကာ ...

"မမကို လိုက်မခေါ်ခင် တစ်နေ့ကလေ မနက်အစောကြီး အစ်
လေး ပျောက်သွားလို့ တစ်အိမ်လုံး ပြေးလွှားကုန်ကြတာပဲ သိလာ
အစ်ကိုလေးက အခု မမရှိနေလို့ ဘယ်မှမသွားတော့တာ၊ ဆရာဝန်
ကလည်း ဆေးကုနေတာထက် သူချစ်သူကိုပဲ ခေါ်ထားပေးလိုက်
တိုက်တွန်းတာလေ"

မြမြ က အနားကပ်လာပြီး လေသံလေးနှိမ့်၍ ပြောသလို မီးဖို
ပြန်ကပ်ပြီး ချက်ပြုတ်နေတာကိုလည်း ဂရုစိုက်၏။

လွှယ် ကတော့ သခွားသီးကို တစ်ဖက်က ကိုင်ထားပြီး ငပိရည်
နယ်ထားသည့်ထမင်းကို ဇွန်းနဲ့ခပ်စားလိုက်၊ သခွားသီး ကိုက်လိုက် .

"မမ အစ်ကိုလေးချစ်သူကို မြင်ဖူးလားဟင်"

"မမြင်ဖူးပါဘူး၊ အန်တီတို့ဆောင် ဓာတ်ပုံပဲ တွေ့ဖူးတာလို့ ပြေ





ယ်၊ နင်က သိလို့လား"

မြမြ မျက်နှာမှာ ဂုဏ်ယူဝင့်ကြွားသည့် အပြုံးလေး ဖြစ်သွားကာ...

"မြင်ဖူးတာမှ နှစ်ခါတောင်မှ၊ ခပ်လှမ်းလှမ်းကကြည့်ရင် မမနဲ့ တကယ်
တာ၊ မေးဖျားမချွန်ဘဲ မျက်နှာသွယ်ပုံ၊ ဆံပင်အကောက်လေးတွေ
သွားချထားပုံ၊ အရပ်အမောင်းလည်း တူတာပဲ၊ ဒါပေမယ့် မမ
လွှာ က နည်းနည်းကိုယ်သေးတော့ မမလို ကိုယ်လုံး သိပ်မပေါ်ဘူး၊
မ ဈေးဝယ်ထွက်ရတုန်းက အစ်ကိုလေးနဲ့ မမဝတ်လွှာ ကို စား
တ်ဆိုင်ထဲက အတူထွက်လာတာ မြင်လိုက်တာ၊ နောက်ပြီးတော့
ကိုလေးကို လိုက်ပို့တာလား မသိဘူး၊ ကျွန်မတို့ လမ်းထိပ်ထိ ရောက်
သေးတယ်၊ အဲဒါလည်း ကျွန်မက အပြင်က ပြန်လာတာမို့လို့ မြင်
တာ၊ အသားအရမ်းဖြူတယ် သိလား၊ မာနကြီးမယ်မှန်းလည်း မြင်
သိသာတယ်၊ မမကြီးတို့ ပြောတာတော့ အရမ်းချမ်းသာတယ်တဲ့."

"လူကိုကျတော့ ဘာဖြစ်လို့ မမြင်ဖူးတာလဲ"

"အဲဒါတော့ မသိဘူး၊ ဦးဦးသိန်း က အလုပ်ကိစ္စနဲ့ ခဏ ခဏ ခရီး
နေရတော့ မမကြီးက လိုက်သွားရတာမျိုးလည်း ရှိတယ်၊ အိမ်မှာပဲ
ခဲ့ရတာလည်း ရှိတယ်လေ၊ အဲဒါကြောင့် အစ်ကိုလေးကလည်း
တော့ မသိဘူး ဖြစ်နေမှာပေါ့၊ မမဝတ်လွှာ ဒီလောက် ချမ်းသာတာ
င် မမကြီးက သဘောမတူဘူးနော်၊ ခုကျမှ မမကို လိုက်ရှာပြီး
ကိုလေးအလိုကို လိုက်ခဲ့တာ၊ ကျွန်မဖြင့် အံ့ရော .."

မြမြ က ဒီကိစ္စတွေကို တော်တော် သိထားပုံပေါ်၏။

ပြီးတော့ စေ့စပ်ထားသည့်မိန်းမအကြောင်းပါ ဆက်ပြောသည်။

"မမရန့် ကျတော့ မမကြီးက သဘောတူပြီး လက်ထပ်ပေးဖို့ ဒီကို
တာ၊ မမဝတ်လွှာ လောက် မလှပါဘူး"

ပြောနေရင်း လွှယ် ကို ပြန်စိုက်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မမလိုလည်း မလှဘူး၊ ပြီးတော့ အရမ်း ဘဝင်မြင့်တာ့ သိလ
ဒီမှာ သုံးရက်လောက်ပဲ နေသွားတာ၊ ကျွန်မတို့ဆို အဆူပူ အကြိမ်းမော
ခံလိုက်ရတာ အီဆိမ့်နေတာပဲ"

မြမြ က အသံကို ထပ်တိုးပြီး တခစ်ခစ်ရယ်၏။ ဒါဆို ကိုယ်နဲ့ ပ
သက်တာရော မြမြ ဘယ်လို သိထားသလဲဆိုသည့်အတွေး ဝင်လာရ

"တို့အကြောင်းရော အန်တီ ဘာပြောသေးလဲ"

"မပြောပါဘူး။ မမကို အစ်ကိုလေးချစ်သူနဲ့တူလို့ အကူအညီတော
ပြီး ခဏ ခေါ်ထားရတယ်ဆိုတာလောက်ပဲ၊ ပြီးတော့ ဟိုလေ .. ဦးဦးသ
နဲ့ ပြောနေကြတာ ကြားတာ၊ မမက အရမ်းစွာတယ်တဲ့"

မရဲတရဲပြောပြီး ဇက်လေးပုသွားတော့ လွယ် ရယ်လိုက်မိသည
ဒီတော့မှ မြမြ ရယ်ရယ်မောမော ပြန်ဖြစ်ကာ ...

"ကျွန်မဖြင့် မမကို မြင်လိုက်ကတည်းက ချစ်သွားတာ၊ မမက
လည်း လှပါတယ်"

"မြှောက်မနေနဲ့၊ အခု ဘာမှ ကျွေးစရာ မရှိဘူး"

"တကယ် ပြောနေတာ၊ ဟော .."

မြမြ ထိတ်လန့်သွားသံလေးဖြစ်ကာ မီးဖိုတွေဘက် ချက်ချင်းလှ
သွားသဖြင့် ကြည့်လိုက်တော့ သမိန် အထဲကို ဝင်လာတာ ဖြစ်၏။

"ထမင်းစားနေတယ် .. ဘာတွေနဲ့လဲ ..၊ ဟာကွာ ..."

ငပိရည်ပန်းကန်ကို ကိုင်ကြည့်ပြီးမှ ဟိုဘက်ရွှေ့ပစ်လိုက်ကာ

"ဘာမှမချက်ရသေးဘူးလား မြမြ၊ ဒီအချိန်ထိ .."

"ကျက်တဲ့ဟင်းတွေ ကျက်နေပါပြီ၊ မမက မစားဘူးဆိုလို့ပါ"

"ကျွန်မ ဒါနဲ့ပဲ စားချင်လို့ပါ၊ ပြီးတော့ ပြီးနေပြီ"

"ဟုတ်မှာပေါ့၊ မင်းမျက်နှာမှာလည်း ချွေးတွေ မြစ်တစ်စင်း
တော့မယ်"







သမိန် က ရေခဲသေတ္တာသွားဖွင့်ကာ ကုဒ်တ်ဘူးယူပြီး သူကိုယ်တိုင်
ည့်ပေး၏။

"ဒါလေး သောက်လိုက်ဦး၊ ငရုတ်သီးတွေ ဒီလောက်ရဲနေတာ"

လွယ့် မျက်နှာလေးက သူ ဂရုစိုက်နေတာကို စိတ်ပျက်ခြင်းများစွာ

"ကိုယ်စားချင်တာ မစားရဘူးလား၊ တကယ်ပဲ .."

"စားရပါတယ်၊ ဘယ်လောက်ထိကောင်းတာ စားချင်လဲ၊ ကြိုက်တာ
.. ဒါက အန္တရာယ်ဖြစ်လောက်အောင် မင်း မရှိမဆန့် စားနေတာ"

"တစ်ခါတလေစားတာ ဘာမှမဖြစ်ဘူး၊ ကောင်းကောင်း မကောင်း
င်း ကိုယ်စားချင်ရင် ကောင်းနေတာပဲ၊ သမိန် ကိုက နေရာတကာ
ကြည့်ပြောနေတာ"

လွယ် ကိုင်ထားသည့် ဖန်းကို ချလိုက်တာနှင့် မြမြ က ယူသိမ်းသွား
သမိန် က ပြုံးလိုက်ပြီး သူ့မခေါးမှာ ထိုင်လိုက်ကာ ...

"နေရာတကာ လိုက်ကြည့်နေတာ မင်းကို ချစ်လို့ပါ ဝတ်လွှာ ရယ်"

"အဲဒါတွေလည်း ခဏ ခဏ ကြားနေရတာပဲ၊ မပြောနဲ့တော့"

"ဘာလဲ .. ကြားတောင် မကြားချင်တော့တာလား၊ စိတ်ကောက်
လား"

"နှစ်ခုစလုံးပဲ"

လွယ် ထရပ်လိုက်သည်နှင့် သူက လိုက်လာကာ ...

"ဝတ်လွှာ .."

"ဖယ်ပါဆို .."

လွယ် က အခန်းထဲကထွက်ဖို့ ခြေလှမ်းပြင်သည်၊ သမိန် က လက်
ထားကာ ...

"မင်းကို မေမေတို့ တစ်ခုခု ပြောထားသလား၊ ကိုယ့်နားမှာ ကပ်



www.burmeseclassic.com

www.burmeseclassic.com



မနေစေချင်တာမျိုး ..."

"မဟုတ်ဘူး"

"ဒါဆို မင်းကိုယ်တိုင်က ကိုယ့်ကို စိတ်ကုန်သွားတာပေါ့"

"မဟုတ်ပါဘူး"

"ဟုတ်တာ တစ်ခုခုတော့ ရှိလိမ့်မယ် ဝတ်လွှာ၊ အဲဒါ ပြောစမ်း

ပြောချင်တာကတော့ လျှာတွေတောင် ယားနေသလိုပင် ..၊ ဒါ

မယ့် စာချုပ်ပျက်သွားလျှင် ကိုယ်ပဲ ဒုက္ခများမှာမို့ မျိုသိပ်နေရသည်

ဒေါ်သီရိကျော် အသေးစိတ် ထောင့်စေ့အောင် ထည့်သွင်းထား

အချက်အလက်တွေက နည်းတာမဟုတ်သလို မှားကွက်ကိုပဲ စော

ကြည့်နေတာ ဖြစ်သည်။ ဘာနဲ့တူသလဲ ဆိုလျှင် ...

"ဒါလေး အရမ်းကောင်းတယ် စားကြည့်၊ မျိုတော့ မချနဲ့"ဆို

မျိုး၊ နောက်ဆို လွယ် ကလည်း ဆုံးဖြတ်ထားပါသည်။

သဘာဝကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ သမိန် နဲ့ နှစ်ယော

တည်း ဖြစ်သွားသည့်အချိန်တွေမှာ ကင်းရှင်းအောင်နေဖို့ ...

"ကိုယ် မေးတာကို ဖြေဦးလေ"

"ဘာလဲ ..."

"မင်း ကိုယ့်ကို ရှောင်နေတာမို့လား"

"မဟုတ်ပါဘူး၊ ဒါပေမယ့် လူကြီးချင်းက မပြေလည်၊ ရှင်က မကျ

မာနဲ့ဆိုတော့ စိတ်ညစ်တာပေါ့"

"ကိုယ် ဘာဖြစ်လို့ မကျန်းမာရမှာလဲ၊ ကိုယ့်စိတ်တွေ .."

"နေဦး သမိန် .."

လွယ် က မြမြ ကို လှည့်ကြည့်၏၊ မြမြ ကလည်း အလိုက်သိသည်

မီးဖိုကို ပိတ်ပစ်ခဲ့ပြီး ချက်ချင်း အပြင်ထွက်သွားသည်။

လွယ် ပြန်ထိုင်လိုက်တော့ သူကလည်း ပြန်ထိုင်ကာ ...





"ပြောလေ .."

"ရှင် နေကောင်းပြီဆိုရင် ဝတ်လွှာ ကို ဘာဖြစ်လို့ မသိတော့တာလဲ"

"ဘာ!..."

"ကျွန်မက ဝတ်လွှာ မဟုတ်ဘူး"

"ကျွတ်!... လုပ်ပြန်ပြီကွာ"

သမိန့် မျက်နှာ ရှုံ့မဲ့သွား၏။

"အဲဒီလို ရှင့်ကို တစ်ယောက်ယောက်က ပြောဖူးလို့လား"

"မပြောပါဘူး၊ ဒါပေမယ့် မင်း ကိုယ့်ကို ခပ်စိမ်းစိမ်း ဆက်ဆံနေတော့ ဟိုဟိုဒီဒီတွေ တွေးမိရင်း အဲဒီလို ဖြစ်နေမလားဆိုတာ ပါလာတာ"

"ဟုတ်တယ် .. ရှင့်ရဲ့ ဝတ်လွှာ က သေသွားပြီ"

"သူ့ကိုယ်သူ သေကြောင်းကြံခဲ့တာ ဟုတ်ပါတယ်၊ ဒါပေမယ့် မသေဘဲ့ပဲ ကိုယ်တို့ ပြန်ဆုံရတာ မဟုတ်ဘူးလား"

"ရှင် အဲဒီနေရာလေးမှာပဲ လှည့်ပတ် ရှုပ်ထွေးနေတော့ သမိန်၊ တစ်ခါလောက် ခေါင်းအေးအေးထားပြီး စဉ်းစားကြည့်စမ်းပါ၊ ကျွန်မက ဝတ်လွှာ ဖြစ်နိုင်လို့လား"

ငေးကြည့်နေသည့် မျက်ဝန်းတွေက စဉ်းစားနေတာမဟုတ်မှန်း လွယ် သိသည်။ ဝတ်လွှာ ဖြစ်နိုင်၊ မဖြစ်နိုင်ကို မခွဲခြားဘဲ ဝတ်လွှာ အဖြစ် သနေ ရှန်းထွက်ဖို့ကြိုးစားနေသူအဖြစ် ကြေကွဲစွာကြည့်နေခြင်း ဖြစ်သည်။

စိတ်ထဲမှာတော့ မကောင်းပါ။ သူ ရှုံးသွပ်ခဲ့တဲ့ တောင်ကုန်းထိပ်မှာ ကိုယ့်ကို မြင်သွားကာမှ ကစဉ့်ကလျားစိတ်တွေက သူမကို မသေဘဲ ပြန်လာသော ဝတ်လွှာ အဖြစ် တရားသေ စွဲပစ်လိုက်တာ၊ ကိုယ် ဒီလို ဖြစ်ချင်သလို သူလည်း တကယ့်အမှန်တရားကို မတွေးနိုင်ခဲ့တာဖြစ်၏။

ဝေဒနာသည်တစ်ယောက်ဘက်မှာ အပြစ်မရှိပေမယ့် တစ်ဘက်မှာ သူ့အမေနဲ့ သူမ ပြန်လည် တိုက်ခိုက်နေရတာ လူမင်္ဂ..၊



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုယ့်ကို လက်မထပ်ချင်တော့ဘူးဆိုရင် တခြားနည်းကို သုံးပါလား ဝတ်လွှာ၊ ကိုယ့်ချစ်သူကို ပြန်မသိတော့တဲ့ စိတ်ဝေဒနာသည်ကြီး ဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် မတွေးပါရစေနဲ့"

"တွေးလို့မရတာကို ရသွားစေချင်လို့ပါ။ ရှင် သူ့ဓာတ်ပုံတွေကို မြင်ရင်တောင် မှတ်မိသွားနိုင်တယ် သိလား"

သမိန် က အားတက်သရော မရှိပါ။ သူ့စိတ်ထဲမှာ ဝတ်လွှာ သေမသေဆိုတာ တွေးစရာ မဟုတ်တော့သလို အရူးလို့ စွပ်စွဲခံနေရတာကိုပဲ ရင်နာနေလျက် ...

"ဆက်ပြောစမ်းပါ၊ ကိုယ် ဘာတွေ ဖြစ်ခဲ့တာလဲ"

"ကျွန်မ သေချာတော့ မသိဘူးလေ၊ ဒါပေမယ့် ဝတ်လွှာ က သူ့ကိုယ်သူ သေကြောင်းကြံတာ မဟုတ်ဘူး၊ ရှင်နဲ့ ကားအတူစီးပြီး ချောက်ထဲကျတော့ ရှင်က ပြုတ်ကျကျန်ခဲ့တာ"

သမိန် မျက်မှောင်ကုတ်သွားသည်။ ထိုအဖြစ်ကို အမှန်အတိုင်း သိချင်လို့ မရမက ခွဲခြားစဉ်းစားတိုင်း ဒီနေရာမှာပဲ တဝဲလယ်လယ် ..။

"ရှင် စဉ်းစားကြည့်ပေါ့၊ ကျွန်မကတော့ ရှင့် ကျန်းမာရေးအတွက် အကူအညီပေးနေရတဲ့သူပါ၊ ကျွန်မကိုပဲ ဝတ်လွှာ လို့ ယုံကြည်နေတယ်ဆိုရင်လည်း ရှင့်သဘောပဲ၊ ဒါပေမယ့် ချစ်သူတွေလို ရင်းနှီးဖို့တော့ မဖြစ်နိုင်ဘူး"

"အစ်ကိုလေး မမကြီး ခေါ်နေတယ်"

သမိန် က မြမြ လာခေါ်တာကို လှည့်ကြည့်ပြီး ခေါင်းညိတ်သည်။ ပြီးတော့မှ ဒီဘက် ပြန်လှည့်၍ ...

"မင်းလည်း စဉ်းစားပါဦး ဝတ်လွှာ .. ကိုယ်တို့ လက်မထပ်ရသေးဘူး။ တခြားလူတွေရဲ့ ပယောဂနဲ့ ပြိုကွဲ ပျက်စီးသွားအောင် လုပ်သင့်သလား ဆိုတာ"

သေစမ်း ..။





ဒီလောက်ထိ ပြောပြလိုက်တာတောင် တစ်စက်မှ နားမဝင်၊ သမိန် အပြင်ထွက်သွားသည်နှင့် လွယ် လှုပ်လီလှုပ်လဲ့လေး ထရပ်သည်။

သိန်းငါးဆယ်နဲ့ ဒါကို သဘောတူမိတာ မှားလေခြင်းဟု အထပ်ထပ် ရေရွတ်ပြီး အပြင်ကို ရောက်လာလျှင် ...

"မှန်းမလွယ် .."

ဒေါ်သီရိကျော် ၏ ဒေါသမျက်နှာက ဆီးကြိုနေခဲ့၏။

"မင်းကို အဲဒါတွေ ဘယ်သူ ပြောခိုင်းလို့လဲ"

စောစောက ပြောခဲ့တာတွေ ဒီမိန်းမကြီး ဘယ်လိုကြားသွားတာလဲ..၊ ရုတ်တရက် စကားမပြန်နိုင်သည့် သူမကို ဒေါ်သီရိကျော် က စိုက်ကြည့်နေရင်း ...

"ဒီလောက်ခံစားပြီး ရှုပ်ထွေးနေတဲ့ခေါင်းထဲကို ကိုယ့်ကိုယ်ကိုယ် သတ်သေချင်သွားအောင် မင်း လုပ်နေတာလား"

"ဘာဖြစ်သွားနိုင်သလဲတော့ မသိဘူး၊ ဒါပေမယ့် ကျွန်မအတွက် အန္တရာယ်ကင်းဖို့အတွက်က အဖြစ်မှန်ကို သူ သိဖို့ လိုတယ်"

"မင်းကို သူ သတိပြန်ရလာအောင် ပြုစုပေးဖို့ ဆရာမ ငှားထားတာ မဟုတ်ဘူး၊ လောလောဆယ် ဆိုးဝါးစွာ ဖြစ်လာနိုင်တဲ့ အခြေအနေတစ်ခု ကို ထိန်းထားနိုင်ရုံပဲ"

"ထိန်းထားတဲ့ကာလမှာ သူ မဟုတ်မဟပ်လုပ်တော့ ..."

"ဟေ့ .. ငါသား အဲဒီလောက် မရမ်းကားဘူး"

"မရမ်းကားပေမယ့် မကင်းနိုင်တဲ့ကိစ္စတွေ ရှိတယ်၊ အဲဒါတွေမြင်တော့ ကျွန်မကပဲ မြူဆွယ်သလိုလို အန်တီပဲ စွပ်စွဲတာ"

"မင်း မဟုတ်ရင် ပြီးတာပဲ"

"မဟုတ်တာကို အန်တီ ပြောချင်တိုင်း ပြောတာ ခံပြီးမှ မျက်နှာညည်းရွှဲနဲ့ ရှင်းပြရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကို မိန်းကလေးက ဆင်ခြင်နိုင်ရင် .."

"မရဘူး၊ မိန်းကလေးက ဆင်ခြင်တာ၊ ကာကွယ်တာ အားလုံး သူတို့ဘက်က လွန်ကျူးလာမှ ဖြစ်ရတာ၊ အန်တီ့သား ရမ်းကားလာရင် လွတ်မြောက်တာက နောက်မှ၊ လူမြင်မတော်တာက အရင်၊ အဲဒါကို မြင်ပြီး တစ်ဖက်သတ် အပြောခံရတာတွေ နောက်တစ်ခါ လုံးဝ မရှိရ အောင် ဒီတိုင်း လုပ်ရမှာပဲ"

"မလုပ်ရဘူး .. ဝက်လွှာ ဘယ်လိုသေသွားတယ်ဆိုတာ သူ သေချာ သိသွားရင် ဒီအချိန်မှာ ဘာမှ ထိန်းလို့ရမှာ မဟုတ်တော့ဘူး၊ နောက်ပြီး အဲဒီကိစ္စတွေထဲ မင်း ဝင်ပါဖို့ မလိုဘူးဆိုတာ နားလည်ထားပါ"

"နားလည်ပေမယ့် ကျွန်မက သမိန် နဲ့ အနီးဆုံးနေရတဲ့လူ၊ အပြင်လူ လို နေလိုက်ရမှာလား .. အတွင်းလူလား၊ အန်တီ လိုသလို အကွက်ရွှေ့ တိုင်း ကျွန်မ သရုပ်မဆောင်နိုင်ဘူး"

"မုန်းမလွယ် .."

ဒေါ်သီရိကျော် အံကြိတ်သံနှင့် ခေါ်ပြီး ရှေ့ကို တိုး၏။ ပြီးတော့ အသံနိမ့်၍ ...

"ငါ ခိုင်းတဲ့အတိုင်း လုပ်ပေးဖို့ မင်းကို ငှားရမ်းထားတာ၊ မင်း စိတ် လွတ်လပ်သလို ဆုံးဖြတ်နေလို့ မရဘူး၊ သမိန့်နားမှာ နေရပေမယ့် မင်းဟာ သက်မဲ့ရုပ်တစ်ရုပ်ပဲ ဖြစ်ရမယ်၊ ဘယ်ခြေလှမ်းပဲ လှမ်းလှမ်း ခြေလှမ်းတိုင်းဟာ ငါရဲ့ညွှန်ကြားချက်မပါဘဲ လှမ်းခွင့် မရှိဘူး၊ အေး .. မင်း ကိုယ့်သဘောနဲ့ကိုယ် ဒီအလုပ်ကနေ နှုတ်ထွက်သွားမယ်ဆိုရင် တော့ စာချုပ်ပါအတိုင်း ဆောင်ရွက်ရမှာကို မမေ့နဲ့ .."





အခန်း [ ၂၂ ]

"မင်း လုပ်နေတာတွေ လွဲနေပြီ ထင်တယ် သီရိ၊ သေချာလည်း ဒွေးစားဦး"

"လွဲရုံမကလို့ တစ်ဖက်စောင်းနင်း ဖြစ်နေလည်း မတတ်နိုင်ဘူး အစ်မကြီးရယ်၊ သူ့ကို ခေါ်ထားရပေမယ့် နိုးစပ်သွားမှာကိုတော့ လုံးဝ အဖြစ်မခံနိုင်ဘူး"

"ဒါပေမယ့် သူ ပြောသလို သူက အနီးဆုံးလူပဲလေ၊ မင်း တစ်ခုကို ဖြစ်အောင်လုပ်မယ်ဆိုရင် တစ်ခုကိုတော့ ပေးရမှာပဲ၊ ကောင်မလေးပုံစံ က ငွေစကားပြောလွန်းတာကလွဲရင် မဆိုင်တာကို စိတ်ဝင်စားတဲ့ပုံ မရှိ ပါဘူး၊ မင့်သားအပေါ်မှာလည်း မင်း စိုးရိမ်နေသလောက်တော့ မဖြစ် နိုင်ပါဘူးကွာ၊ သူနဲ့ သား အဆင်မပြေရင် သားပဲ စိတ်ဆင်းရဲရမှာနော်"

ဒေါ်သီရိကျော် ဘာမှမပြောနိုင်၊ ခုလည်း သားမျက်နှာ မကောင်း ရှာပါ။

"ဒါမှမဟုတ်ရင်လည်း သူပြောသလို မင့်သား စိတ်ပြန်ကောင်းသွား အောင် အဖြစ်မှန်ကို ပြောပြရင်း တဖြည်းဖြည်း ..."



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်လို့ပေါ့ ဖေကြီးရယ်၊ ဒါတွေကို သူ ဒီအချိန်မှာ လုံးဝ မသိသင့်ဘူး၊ သူ့ခေါင်းထဲမှာ တကယ် အေးချမ်းသွားပြီဆိုမှ ကုလုံးကို အစကနေ ပြန်ကောက်ရမှာ၊ သမားတော်ကြီးလည်း ဒီတိုင်း ပြောထားတာပဲလေ၊ နောက်ကျိနေတဲ့ရေကို ရေကြည်ဖြစ်ဖို့ ကြိုးစားတာထက် အနည်ထိုင်သွားအောင် စောင့်နိုင်ရင် သည်းခံခြင်းရဲ့ အကျိုးကို ခံစားရမှာပါတဲ့"

လင်မယား စကားပြောနေတုန်း ဖုန်းဝင်လာသဖြင့် ဒေါ်သီရိကျော်ပဲ သွားကိုင်သည်။

"ဟယ် .. မမ လား"

"... ... ..."

"ဟင်!... အဲ့ဒါ .. အဲဒါ ဟုတ်ပါတယ်၊ ဒါပေမယ့် မမ ဘာမှမပူပါနဲ့ သား အခြေအနေက စိတ်ဝေဒနာ လုံးလုံးလျားလျား ဖြစ်နေတာ မဟုတ်ဘူး၊ မယုံရင် သမားတော်ကြီး ဦးမောင်မောင်ဖြူ ကို မေးကြည့်ပါ၊ ဖုန်းနံပါတ် ပေးပါ့မယ်"

"... ... ..."

"ဟုတ်ကဲ့ပါ မမ ရယ် .. သားလေးကို ညီမလေး ဘယ်လောက်ချစ်သလဲဆိုတာ မမ သိပါတယ်"

"... ... ..."

"ယုံကြည်တယ်ဆိုရင် အားလုံးကို စိတ်ချနေပါ၊ မမကို ဒါတွေ အကြောင်းမကြားတော့တာက မမ စိတ်ဆင်းရဲမှာ စိုးတာရယ်၊ မကြာခင် ပြန်ကောင်းရမယ်လို့ ယုံကြည်ထားတာရယ်ကြောင့် ..."

"... ... ..."

"သူတို့သမီးသေတာ သားနဲ့မှ မဆိုင်တာ၊ ဘေးမှာ သက်သေတွေလည်း ရှိတယ်လေ၊ ဘာပြဿနာဖြစ်စရာ ရှိလို့လဲ၊ နောက်ပြီး သူတို့ဗုဒ္ဓဘာသာမဟုတ်ဘူး၊ သားလည်း ဒါကို သိထားတော့ ဒီလို ဖွတ်တရွတ်





ဆုပ်သွားမယ်လို့ ထင်ကိုမထင်တာ"

"... ... ..."

"စိတ်ချပါ မမ၊ နောက်ကို သူ့စိတ်တိုင်းကျပဲ ဖြစ်စေရပါ့မယ်"

ဖုန်းချလိုက်ပြီးတော့ ဦးသိန်းထိန် က ပြစ်တင်ချင်သည့် မျက်ဝန်းများနှင့် စောင့်နေလျက် ...

"အဲဒါကြောင့် ငါ ပြောတာပေါ့၊ သူများပြောလို့ သိသွားရင် မကောင်းဘူးလို့၊ နိုင်ငံခြားမှာ နေပေမယ့်လည်း ဆက်သွယ်ချက်တွေ အများကြီးရှိတဲ့ဟာ .."

"ကျွန်မတို့က မရိုးသားတဲ့စိတ်နဲ့ ဖုံးဖိထားတာမှ မဟုတ်တာ"

"ဒါတော့ ဒါပေါ့ကွာ .. ခုလည်း မင်း မချို တို့ သားအမိကို လက်သွတ်မခံနိုင်လို့ ဖုံးတန်တာ ဖုံး၊ ဖိတန်တာ ဖိ လုပ်နေတုန်းလေ၊ မင်းအစ်မက သူ့သားစိတ်ကြိုက် ရွေးပါစေတော့လို့ အခု ပြောသွားတယ်မို့လား.."

ဒေါ်သီရိကျော် ဆိုဖာနား ပြန်ရောက်လာပြီး ခေါင်းညိတ်သည်။ ဒါပေမယ့် ...

"လက်လွှတ်မခံနိုင်လို့ မဟုတ်ပါဘူးရှင်၊ အားနာလို့ပါ၊ ရန့် ကလည်း သားကို သဘောကျနေရှာတယ်၊ သူ့အမေကိုယ်တိုင်ကလည်း ဒါကို ဖွင့်ပြောခဲ့ပြီးမှ .."

ဒေါ်သီရိကျော် ဆက်မပြောပေမယ့် ဦးသိန်းထိန် နားလည်သွားသည်။

"ဒါပေမယ့် မင့်သား သတိပြန်ရလာရင်ရော ရန့် ကို လက်ထပ်ဖို့ သေချာပါ့မလား"

"မသေချာပေမယ့် အခု မရှင်းသေးရင် ဖြစ်နေသေးတယ်၊ ကျွန်မ ခေါင်းတွေ အရမ်းရှုပ်နေပြီ ဖေကြီးရယ် .. တကယ်ဆို ဝေဒနာနဲ့ လူနာအကြောင်းပေါ်မှာ သူ့အတိုင်း သွားဖို့ပဲရှိတာ၊ မုန်းမလွယ် သားပေါ်



www.burmeseclassic.com

www.burmeseclassic.com



မလာခဲ့ရင် ခုလိုပြဿနာတွေ ထပ်ရှင်းနေရမှာ မဟုတ်ဘူး၊ အဲဒီမိန်းကလေး ငွေမက်လွန်းတာကို အရမ်းမုန်းတယ်၊ တည့်အောင် ပေါင်းကြည့်ဖို့ကို စိတ်ကူးထဲမှာတောင် မရဘူး၊ ဘယ်ဘဝက ရေစက်လည်း မသိပါဘူး"

"ရေစက်နဲ့ မဆိုင်ပါဘူး၊ မင့်သားအတွက် မင်း အပူလွန်ပြီး တစ်ယောက်တည်း ဖြစ်နေတာ"

ဒေါ်သီရိကျော် ဖျတ်ခနဲ လှည့်ကြည့်တော့ ဦးသိန်းထိန် က ချစ်စနိုးစနောက်သည့်အပြုံးနှင့် ...

"မင်း မမှားပါဘူး၊ ဒါက မိဘတိုင်း ဒီလိုပဲဟာ"

ကိုယ်လည်း မိခင်တစ်ယောက် ဖြစ်ခဲ့ဖူးတာကို ပြောချင်တာလား- မလုံမလဲ တွေးလိုက်မိသည်။ ဦးသိန်းထိန် က ကလေးမရနိုင်သည့် ချို့ယွင်းချက် ရှိသည်။

ပြီးတော့ ဒေါ်သီရိကျော် ကိုလည်း သူကစ၍ မြတ်နိုးခဲ့ရတာဖြစ်သည်။ ထို့ကြောင့် အိမ်ထောင်ကျခဲ့တာ၊ ကလေးရခဲ့ဖူးတာတွေ သိတာတောင် လူကြီးတွေနဲ့ တင့်တင့်တယ်တယ် တောင်းရမ်းလက်ထပ်ခဲ့၏။

ကြင်ကြင်နာနာလည်း ပေါင်းသင်းခဲ့သည်။ ဒေါ်သီရိကျော် က ကလေးဆုံးခဲ့ရသူမို့ အစ်မဖြစ်သူ ဒေါ်ရတနာကျော် မွေးခဲ့သည့် သမိန့်ကိုတော့ လက်ပေါ်က မချနိုင်အောင် ချစ်ခဲ့၏။

ဒေါ်ရတနာကျော် သည် ကလေးကငယ်ငယ် ခင်ပွန်းသည်က ဆုံးသွားသဖြင့် စိတ်ထောင်းကိုယ်ကြေ ဖြစ်နေခဲ့ရာ ကလေးက သူမလက်ပေါ်မှာ နေရတယ်လို့ မရှိ။

နောက်တော့ ညီမလက်ထဲ စိတ်ချစွာ ထည့်ထားခဲ့ပြီး နိုင်ငံခြားမှာ အလုပ်လုပ်ဖို့ ထွက်သွားခဲ့သည်။

ဟိုအရင်က ကလေးက ငယ်ငယ်လေးမို့ မကြာခဏ ပြန်လာတတ်ပေမယ့် နောက်ကျတော့ ပြန်လာလည်း ခဏတဖြုတ်..၊





သမိန့် ကလည်း ဘယ်အမေက အမေရင်းလဲဆိုတာ သိသည်။ ...မယ့် ငယ်စဉ်ကတည်းက ဖေဖေ မေမေလို့ ခေါ်ခဲ့သည့် ဒေါ်သီရိ...ကျော် တို့ လင်မယားအပေါ်မှာ ဒီနေ့ထိ မေတ္တာမပျက် ရှိခဲ့၏။

ဒါတွေကို လူတော်တော်များများ မသိကြပေ ..၊

ဒေါ်သီရိကျော် အတွက်ကတော့ သားအရင်း မဟုတ်ပေမယ့် ...မိခင်ကမွေးထားသည့် တူလေးမို့ သားအတွက်ဆို ဘာကိုပဲ ရင်ဆိုင်ရ...ပေ..၊

တရားတာ၊ မတရားတာ မသိ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၃ ]

"ဆိုင်ကယ်လ် စီးချင်လို့လား"

"ဟင်!..."

ကိုယ်တစ်ယောက်တည်း မှတ်ပြီး ဆိုင်ကယ်လ်ကို သေချာ ကိုင်တွယ် ပွတ်သပ်ကြည့်နေတုန်း သမိန် ရောက်လာတော့ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"မဟုတ်ပါဘူး၊ ဆိုင်ကယ်လ်က အရမ်းမြင့်တော့ တော်ရုံ ပုပုသေးသေး ယောကျ်ားတစ်ယောက် စီးရင် ကြည့်ကောင်းမှာ မဟုတ်ဘူးလို့ တွေးနေတာ"

"မင်းနဲ့ကိုယ် ဆိုင်ကယ်လ် အတူစီးဖူးတယ် ထင်တယ်"

"ဟင်!..."

"တစ်စီးတည်း မဟုတ်ဘူး .. တစ်ယောက်တစ်စီး"

"ကျွန်မ ဆိုင်ကယ်လ်မှ မစီးတတ်တာ"

လွယ် ဘာပြောပြော တယ်သဘောနဲ့ဖြစ်ဖြစ် သူက ယုံကြည်ပုံ မပေါ်ဘဲ ဝန်မခံချင်လည်း ကျေနပ်ပါတယ်ဆိုသည့် မချိုပြုံးနှင့် ...





"ဒါဆို ကိုယ် သင်ပေးမယ်"

"သင်ပေးမယ် .."

"အင်း .."

"ဒါကြီးနဲ့ .."

"မဟုတ်ဘူး .. ဟိုဘက်ထဲမှာ မိန်းမစီးတစ်စီး ရှိတယ်"

ပြောပြီး သူ ဆိုင်ကယ်လ် သွားထုတ်လာသည်။

လွယ် စီးတော့ စီးကြည့်ချင်၏။ ဒါပေမယ့် ဒေါ်သီရိကျော် သိရင် ...က်မှာ မဟုတ်တာကို သိနေသဖြင့် သူ ထုတ်ယူလာတာကို ငေးရင်း ...ှုပ်မယှက် ဖြစ်နေမိ၏။

"လာလေ .."

"မဖြစ်ဘူး ထင်တယ် .. ရှင်က .."

"မကျွန်းမာဘူးလို့ ပြောဦးမလို့လား"

"အန်တီ ဆူနေမှာ စိုးလို့ပါ"

"ဘာမှမဖြစ်ဘူး၊ ကဲ .. လာပါဆိုကွာ"

ဆိုင်ကယ်လ်က ခုနကလောက်တော့ မမြင့်ပေ၊ ဒါပေမယ့် မိန်းမ...ပြီးတော့ ရှေ့ဘား ကောက်ထားတာလည်း မဟုတ်..၊

သူမက ဘောင်းဘီ အဝါရောင်ခပ်ပွပွလေး ဝတ်ထားတာမို့ အဆင်...ပေမယ့် သူ့ရှေ့မှာ ထိုင်လိုက်ရတော့ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်...သည်။

"စိတ်မလှုပ်ရှားနဲ့နော် .. ဖြည်းဖြည်းပဲ လိမ့်မယ်၊ ခြံနဲ့ကပ်လျက် ...ဘက်ကလမ်းကို မကွေ့နဲ့၊ တည့်တည့်အတိုင်း သွား .. အဲဒါက ...ဘက်အဆင်း သိပ်မရှိဘူး"

"အင်း .."

လွယ် ဆိုင်ကယ်လ်ပေါ် ထိုင်လိုက်ကတည်းက မစီးတတ်ဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



တာ သိလိုက်သဖြင့် သမိန် က သေချာ သင်ပေးသည်။

ဘယ်ဘက်ခြေထောက်ကို သူကိုယ်တိုင် ကိုင်ပြီး ဘယ်လိုတင်
ခြေဖျားကို ဘယ်လိုဖိ ဆိုတာကအစ ..။

လက်ကိုင်မှာ လွယ် လက်ကလေးကို တင်ပေးကာ သူ့လက်နဲ့ ထ
အုပ်ကိုင်ကာ ...

"ဂီယာ ဖရီးထား .. ဒီလက်ကို နောက်ကို ဖြည်းဖြည်းဆွဲပြီး
ထွက်မယ်၊ ဆိုင်ကယ်လ်မှာက ညာလက်ကိုင်က လီဗာ၊ ဂီယာက ဘယ
ခြေထောက်မှာ၊ အခု စထွက်မယ်"

သူ ပြောနေတာကို နားထောင်ရင်း ဆိုင်ကယ်လ်လေး သိမ့်ခနဲ တု
သွားတာကို လန့်သွား၏။

"လီဗာကို အတင်းမဆွဲနဲ့လေ .. စထွက်တဲ့အရှိန် များသွားမှာပေ
ဟုတ်ပြီ .. ဂီယာကို နောက်တစ်ချက် ထပ်နင်း .. ဖြည်းဖြည်းလေး ဖြ
လွှတ် .. ရပြီ၊ ဒါဆို ဂီယာတူး ဝင်သွားပြီ"

ကားမပြောနဲ့ စက်ဘီးတတ်တာတောင် စီးတတ်နေတာပဲ ရှိသည်
မကြာမကြာ စီးဖြစ်တာမဟုတ် ..။

ဆိုင်ကယ်လ်ပေါ် ထိုင်လိုက်ရသည်နှင့် သူ့ရင်ခွင်ထဲ ရောက်နေ
သည့်အဖြစ်က တစ်မျိုး၊ ဆိုင်ကယ်လ်စက်သံကြီး ကြားကာ ရင်ခုန်သံတွေ
မြန်လာတာက တစ်ဒုက္ခမို့ ကိုယ့်ကိုယ်ကိုယ် မကြာခင် မြေကြီးပေါ် အုန်
ခနဲ ပစ်ကျတော့မှာလို့ပဲ ထင်နေ၏။

"ဝတ်လွှာ .. ကြောက်နေတာလား"

"အင်း .."

"ကိုယ် ရှိနေတာပဲ ဝတ်လွှာ ရဲ့ .. စက်ဘီးသာသာလေးပဲ ပြေးနေ
တာ ဘာကြောက်စရာရှိလဲ.."

"ကျွန်မ တကယ် မစီးတတ်တာ ရှင် အခု သိပြီဆိုတော့ ရှင့်ချစ်သူ





ဟုတ်နိုင်ဘူးဆိုတာ မတွေးမိဘူးလားဟင်"

"အဲဒါတွေ ထားလိုက်ပါကွာ .. ချစ်သူတွေ၊ မုန်းသူတွေ ကိုယ် မသိ
ဘူး မင်းကို အခု ကိုယ့်မျက်စိအောက်က အပျောက်မခံနိုင်တာ လုံးဝ
သေချာတယ်၊ မငြမ်းနဲ့တော့ .."

ဒီလူ သိသိကြီးနဲ့များ တမင်တကာ အသားယူချင်လို့ အတိတ်မေ့
သလို ဆက်ပြီး ရောချနေတာလား ..။

"မင်းဓာတ်ပုံတွေကို ကိုယ် ညတိုင်း ထုတ်ကြည့်ပြီး မျက်စိညောင်း
မှ အိပ်တာ"

"ဘယ်လို !.."

"မလှည့်နဲ့လေ၊ ချုံထဲ ပစ်ဝင်သွားလိမ့်မယ်"

ဆိုင်ကယ်လ်က နည်းနည်းခါသွားတာနှင့် ဘယ်လိုမှ ထိန်းလို့မရ..။

"ဓာတ်ပုံ ဟုတ်လား .. ဘယ်က ရတာလဲ"

"ရိုက်ယူထားတာပေါ့၊ တကယ်လို့ ကိုယ်က မင်း မဟုတ်တဲ့သူနဲ့
တကယ်ချစ်ခဲ့ပြီး မင်းကို ဒုက္ခပေးနေမိတာဆိုရင် ကိုယ့်မှာ အပြစ်ရှိတယ်
လေ၊ ဒါကို ကိုယ်တိုင် လက်ခံနားလည်လာတဲ့ တစ်နေ့မှာ .."

"ဟင်!..."

"ဟော့ .. ပြန်ဝိုက် .."

"ဒုန်း .."

နှစ်ယောက်စလုံး မှားသွားပါသည်။ မစီးတတ်သေးသည့်သူကို စိတ်
လှုပ်ရှားစေခြင်းနှင့် လှုပ်ရှားမှုကို မထိန်းချုပ်တတ်သည့် မုန်းမလွယ် ..။

"အား .."

"သမိန် .. ရှင် .. ရှင် .. ဘာဖြစ်သွားလဲဟင်"

ကိုယ့်ကိုဖက်ပြီး ကာကွယ်ခဲ့တာမို့ သူက အထိနာတဲ့သူ ..

သမိန် သည် ခေါင်းကို လက်နှစ်ဖက်နဲ့ ဖိကပ်ထားပြီး ရှုံ့မဲ့ညည်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



“ခေါင်းထိသွားတာလား .. လက် ဖယ်ပါဦး”

ဒဏ်ရာ ရှာတာလည်း သွေးစ မမြင်၊ ဒါပေမယ့် သမိန် က မျက်
မဖွင့်နိုင်အောင် တွန့်မဲ့ ညည်းနေတာမို့ သူမ ခါးနာသွားတာတောင်
စိုက်ရမှန်း မသိ ..၊

ထိုစဉ် သူ့ဘောင်းဘီအိတ်ထဲက ထွက်ကျနေသည့် ဖုန်းကို လှမ်း
ကာ အိမ်ကို ဖုန်းဆက်မလို့ ဖြစ်သည်။

ဘာကို ဘယ်လို နှိပ်ရမှန်းလည်း မသိ ..၊

ဖြစ်ချင်ရာဖြစ် ဖုဖုမြင်ရာ နှိပ်ပစ်လိုက်တော့ နံပါတ်တွေ အစီအ
ပေါ်လာ၏။ ဘယ်လိုခေါ် ရမှန်းမသိဘဲ ဟိုနှိပ်ဒီနှိပ် လျှောက်လုပ်နေ
home phone ဆိုတာကို မြင်လိုက်တော့ အိမ်ဖုန်းပဲဆိုပြီး ဖုန်းပုံစံ
ဆွဲထားသည့်အကွက်လေးထဲကို နှိပ်လိုက်မိသည်။

လက်တွေ တဆတ်ဆတ်တုန်ကာ ကိုယ်လုပ်တာ မဟုတ်ရဲ့လား
လို့ တွေးရင်း ဖုန်းကို ငေးစိုက်ကြည့်နေမိ၏။ ထိုစဉ် ငုတ်တုတ်ထိုင်နေ
ဖြစ်သည့် သမိန့် ကို ကြည့်လိုက်မိလျှင်…

သွေးတွေ ..

ခေါင်းကို ကိုင်ထားသည့် လက်ချောင်းတွေကြားထဲမှာ သွေးစ
ကို မြင်လိုက်ရပြီး လွယ် မျက်လုံးတွေ ပြူးကျယ်သွား၏။

သွားပြီ ..၊





အခန်း [ ၂၄ ]

ဒဏ်ရာက သိပ်မကြီးပေမယ့် နှစ်ချက် ချုပ်လိုက်ရ၏။
လူနာကို ဒီလိုထပ်ဖြစ်စေခဲ့သည်မို့ ဒေါက်တာက ခေါင်းတခါခါနှင့်
ညည်း၏။

“ဝတ်လွှာ… ဘယ်လိုနေလဲ မေမေ၊ သူ .. သူ .. ဘာဖြစ်သွားလဲ”

“သူ ဘာမှမဖြစ်ဘူး သား၊ ခုနကပဲ ဒီနားက ထသွားတာ”

“ဟင်!…”

မျက်နှာခပ်မဲ့မဲ့နှင့် ဒေါ်သီရိကျော် ပြောတာကို ခပ်ကြောင်ကြောင်
ကြည့်သည်။ ပြီးတော့ ဆေးရှိန်ကြောင့် မျက်လုံးတွေ မှိတ်လိုက်တာ
နှင့် နောက်တစ်ခါ ပြန်၍ အိပ်ပျော်သွားခဲ့၏။

ထိုည သုံးနာရီနားနီးမှ သမိန် ကိုယ်ပူပြန်လာပြီး အဖျားတွေ တက်
လာသည်။ တစ်ညလုံး တတ်သမျှ မှတ်သမျှတွေနဲ့ ပြုစုရင်း ဒေါ်သီရိ
ကျော် တို့ လင်မယား ဒီတိုင်း ငုတ်တုတ်..၊

မိုးမလင်းတလင်းမှာပဲ ဆရာဝန် ပြန်ပင့်ရ၏။

နောက်တော့ …



www.burmeseclassic.com

www.burmeseclassic.com



"သိပြီလား ဖေကြီး ..၊ ဖေကြီး ပြောတော့ ဒီကောင်မလေးက အိ
မဖြစ်နိုင်ပါဘူးဆို၊ ကျွန်မတို့ မျက်စိကွယ်တာနဲ့ သားကို ခေါ်ထုတ်သွ
တာ အခု တွေ့ပြီလား .."

"မင်းပဲ သားကို သူကိုယ်တိုင် ဝတ်လွှာ သေသွားပြီးတဲ့အကြော
တွေ ပြောပြနေလို့ ကြိမ်းမောင်းခဲ့ရသေးတယ်ဆို .. မင့်သားက ဦးဆော
ခေါ်သွားတာ မဖြစ်နိုင်ဘူးလား၊ သား သတိရလာမှ မေးမြန်းကြည့်
ကွာ၊ တစ်အိမ်တည်း အတူ နေနေကြတဲ့လူတွေ ခဏခဏ အချင်းများ
ကြတာ မကောင်းပါဘူး၊ ကိုယ့်သားက လိုလားနေတာ သူ့ကို နှိပ်
သလို ဖြစ်နေပါဦးမယ်"

ဒေါ်သီရိကျော် တွေးတိုင်း တနုံ့နုံ့ ဖြစ်နေ၏။ ဝတ်လွှာရဲ့ ဆို
မိန်းကလေးနဲ့ ချစ်ကြိုက်နေသည်ဆိုတာ သိသာ သိထားခဲ့သည်။

မျက်စိနောက်လောက်အောင် မှုပျက်ခဲ့ဖူးတာ မရှိပေ။ ကိုယ့်ရှေ့
လည်း ချစ်သူနဲ့ပတ်သက်သော တစ်စုံတရာကို မပြောခဲ့ဖူးပါ။

ဘယ့်နှယ် ဝေဒနာသည်ဖြစ်သွားရွာမှ မုန်းမလွယ် ကနေ ဝတ်
ဖြစ်လာခဲ့ပြီဆိုမှ ...

"မမကြီး .. အစ်ကိုလေး သတိရနေပြီ"

"ဟေ .. လာပြီ"

ဒေါသဖြစ်တာက တစ်ဖက်၊ နေနိုင်လွန်းတာကျတော့လည်း မ
နပ်ပြန်..၊ နှစ်ယောက်အတူ ဆိုင်ကယ်လိမ့်မှောက်ခဲ့သည်ဆိုပြီး သူမ ဘ
ဒီလောက်ဖြစ်တာမဟုတ်ဘဲ အိပ်ရာထဲ ဗင်ခွေနေ၏။

ဒီက လူနာကို မတ်တပ်လေး ကြာကြာရပ်ပြီး မေးမြန်း ကြည့်
တစ်ချက်ကလေးမှ မရ ..၊

တကယ်လို့ ဘေးမှာ တကပ်ကပ် လုပ်နေရင်လည်း ကြို
မဟုတ်ပေမယ့် လုံးဝမကပ်တာကျတော့လည်း ကိုယ့်ကို ရွဲ့သလိုလို





မစိုက်သလိုလို ..၊

"သား .."

"သား သတိရလာပြီ"

ဒေါ်သီရိကျော် ရဲ့ မကျေနပ်ခြင်းတွေ သားမျက်နှာကို မြင်လိုက်ရ
တာနှင့် အားလုံး ပျောက်၏။

"မြမြ ရေ .. သားအတွက် မနက်စာ မြန်မြန်လုပ်စမ်း၊ ငါ ပြောထား
တဲ့အတိုင်းနော်"

ရှေ့ကို ပြေးလာရင်း နောက်ကိုလည်း လှမ်းအော်ပြော၍ ...

"သား .. ခေါင်းထဲမှာ ကြည်ရဲ့လား .. အဖျားတွေ တက်လိုက်တာ၊
ညက ခေါ်လို့ကို မရဘူး၊ ရေခဲဖတ်တွေ အရမ်းအုပ်နေရတော့ စိတ်ပူ
လိုက်ရတာကွယ်"

"ကျွန်တော် အိမ်ပြန်ရောက်နေတာလား .. ဝတ်လွှာ ရော .."

"ဝတ်လွှာ လည်း ပါတာပေါ့ သားရယ် .. မပူနဲ့ သူ ဘာမှမဖြစ်ဘူး"

"ဘာမှမဖြစ်ဘူး .."

သမိန့် မျက်နှာမှာ မယုံကြည်နိုင်ခြင်းတွေ ဖြစ်လျက်၊ တံတောင်
နှစ်ဖက်ထောက်ကာ ပက်လက်ကနေ ထထိုင်ဖို့ ကြိုးစား၏။

"အား .."

"သားရယ် .. အရမ်း အားနည်းတာကို အတင်း မထပါနဲ့ဦး၊ သား
ဘာသိချင်လို့လဲ .. မေမေ့ကို မေးလေ .."

သမိန့် အိပ်ရာထက်ကို ခပ်လျှော့လျှော့ ပြန်လှဲလိုက်ရကာ ...

"ဝတ်လွှာ နဲ့ ကားနဲ့ တောင်အောက်ကို ထိုးကျသွားတာ သူ ဘာမှ
မဖြစ်ဘူးလား .. ကျွန်တော့်ရှေ့မှာတင် ကားမီးလောင်သွားတာ .."

"ဟင်!..."

ဒေါ်သီရိကျော် နှုတ်ခမ်းတွေ ပွင့်ဟသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းထိန် ဝမ်းသာအားရ ရှေ့တိုးလာကာ ...

"စိတ်အေးအေးထားပါ သားရယ် .. ဟိုကွာ .. ဝတ်လွှာ ကို သူ့မိဘတွေ စောင့်ရှောက်ထားကြတယ်၊ ဘယ်အခြေအနေဆိုတာကတော့ ဖေဖေတို့လည်း ကိုယ့်သားကို ပူပင်နေကြတာ အခုထိ မမေးဖြစ်ကြဘူး"

ဦးသိန်းထိန် အခြေအနေအလိုက် မသိမသာမေ့ရင်း အမှန်တရားလေး ထည့်ပေးလိုက်သည်။ သမိန့် မျက်နှာသည် အဆမတန် ကြေကွဲခြင်းများနှင့် မျက်ဝန်းတွေ မှိတ်ကျသွားခဲ့ပြီး ...

"ကျွန်တော့်မှာ အပြစ်ရှိတယ် ဖေဖေ .. သူ ကျွန်တော့်ကို အဲဒီလောက်ထိ ချစ်ခဲ့မှန်း တကယ်ကို မသိခဲ့ဘူး။ သူ့ကို ကျွန်တော်ကိုယ်တိုင် ဒုက္ခပေးခဲ့မိတာ"

တစ်ယောက်ယောက်ကို ပြောနေသလိုလို .. ကိုယ့်ဖာသာ ရေရွတ်နေသလိုလိုနှင့် မှိတ်ထားသည့် မျက်ဝန်းထောင့်မှာ စိုလက်လက်လေးတွေ ဖြစ်လာခဲ့သည်။

"သူ အသက်မရှင်နိုင်ဘူး"

လို့ နှုတ်ခမ်းတွေ လှုပ်ခတ်ရုံလေး ပြောလိုက်ပြီး ဆံပင်တွေထဲသို့ မျက်ရည်ကြောင်းတစ်ခု ဖြတ်ဆင်းသွား၏။

ဝတ်လွှာ ကို နောက်ဆုံး နှုတ်ဆက်လိုက်ခြင်း ဖြစ်လိမ့်မည်။





## အခန်း [ ၂၈ ]

တံခါးခေါက်သံကြောင့် အိပ်ရာက နိုးနေပြီး မထချင်သေးလို့ မှိန်းနေရာကနေ ထလိုက်ရသည်။

ဆိုင်ကယ်လိမှောက်ထားသည့်အရှိန်က တစ်ကိုယ်လုံး နာကျင်နေတာ မနေ့က နည်းနည်းပါးပါးလို့ ထင်ခဲ့သည့် ခါးနာခြင်းကလည်း သိသိသာသာ ဖြစ်နေ၏။

"ခေါက် .. ခေါက် .."

"လာပြီ"

တံခါးခေါက်သံက အရှိန် ပိုမြင့်လာမှန်း သိသာသဖြင့် မြမြ မဖြစ်နိုင်တာ သေချာသွားကာ မြန်မြန်ဆန်ဆန် ဖွင့်လိုက်ရသည်။

ထင်သည့်အတိုင်း ဒေါ်သီရိကျော် ၏ ဘယ်တုန်းကမှ မနူးညံ့ခဲ့သည့် မျက်ဝန်းတွေက သူမ ခုမှ အိပ်ရာကထတာကို မနှစ်မြို့စွာ စုန်ချီဆန်ချီ ..၊

"ညက အိပ်လို့မှ ပျော်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမေးတာမဟုတ်မှန်း သိပေမယ့် လွယ် ခေါင်းညိတ်လိုက်သည်။ မလိုအပ်ဘဲ နီးနီးနေတာ မကြိုက်ဘူးဆိုတော့လည်း ကိုယ့်အလု က တတ်နိုင်သမျှ ဝေးဝေးနေရုံသာ ..၊

ဘယ်လိုနေနေ အပြစ်မလွတ်နိုင်သည့် အဖြစ်ကတော့ ...

"မျက်နှာသစ် .. ကိုယ်လက်သန့်စင်ပြီးရင် မင်း အဝတ်အစားတွေ သိမ်းလိုက်တော့"

"ရှင်!..."

ထိုမျက်နှာမျိုး ဖြစ်သွားတာကို အလွန်အမင်း ကျေနပ်သွားသည် မျက်ဝန်းတွေ အရောင်လဲ့သွားကာ ဒေါ်သီရိကျော် အားပါးတရပြုံးလိုက်၏

"သား ပြန်ကောင်းသွားပြီ၊ မင်းကို မလိုတော့ဘူး။ စာချုပ်ထဲက အတိုင်း ငါ့ဘက်က အချိန်မရွေး ရုတ်သိမ်းဖို့ ရှိတယ်ဆိုတော့ ဒီနေ့ကစပြီး မင်း လွတ်လပ်သွားပြီ"

"ကျွန်မ တကယ် ပြန်လို့ရပြီလား .."

"အဟွန်း .."

မေးလိုက်မိပြီးမှ သူမျှား ကျေနပ်အားရသွားအောင် လမ်းပေးလိုက် သလို ဖြစ်သွားမှန်း သတိရကာ ...

"သူ ပြန်ကောင်းသွားပြီဆိုတာကို အံ့သြလို့ မေးတာပါ၊ စာချုပ် ပြေသွားပြီဆိုတော့ ဝမ်းသာစရာပေါ့"

မာနစိတ်နှင့် နောက်ကို ပြန်လှည့်လိုက်စဉ် ခါးထဲကနာကာ လူက နဲ့ခနဲ ဖြစ်၏။

ဒေါ်သီရိကျော် က သူမနောက်ကနေ ခပ်လှုပ်လှုပ် လျှောက်လိုက် လာကာ ...

"မင်းကိစ္စပြီးတာနဲ့ ချက်ချင်းထွက်ပါ၊ နောက်တစ်ချက်က မင်းရဲ့ ဆံပင်တွေကို ပုံစံပြောင်းဖို့ .."





"ဘာ!..."

လွယ် နောက်ပြန်လှည့်ကာ ကိုယ့်ဆံပင်ကို ပြန်ကိုင်မိ၏။

အစကတည်းက သူမဆံပင်က လှိုင်းအနည်းငယ် ရှိသည်။ ထို့ ကြောင့် ဆေးသားတင်လိုက်တာနှင့် သူများတွေလို ခဏခဏ ပြန်ကောက် နေရာ မလိုဘဲ ဒီပုံအတိုင်း တသမတ်တည်း ဖြစ်သွားခဲ့တာ..၊

ဆံပင်ရောင် ဆိုတာကတော့ ခုခေတ်မှာ ကြိုက်သလို ပြောင်းလဲလို့ နေသည်ပဲ ..၊

ဒေါ်သီရိကျော် က လွယ့် ကို စူးစိုက်ကြည့်ကာ ...

"နောက်ထပ်တစ်ခါ မင်းနဲ့ဆုံဖြစ်ရင် ဝတ်လွှာ နဲ့ ဆင်တူလိုက်တာ ဆိုတဲ့ အကြည့်လေးနဲ့တောင် မမြင်စေချင်လို့ ငါ ပြောတာ မင်း ရှင်း ရဲ့လား"

"သိပ်ရှင်းတာပေါ့ .. ဒါပေမယ့် ကျွန်မကိုယ်ပေါ် က အစိတ်အပိုင်း တစ်ခုခုကို ဖြုတ်ပြင် ပြောင်းလဲပေးလိုက်ဖို့ထိ အန်တီက ကျွန်မအတွက် အရေးပါလို့လား"

"ငါက မပါနိုင်ပေမယ့် မင်း အရေးပါတာကို ပေးနိုင်ရင် မင်း ခေါင်း ညိတ်မှာပါ"

ပြောပြီး လက်ငါးချောင်း ခပ်ချဲ့ချဲ့ စုလိုက်ကားလိုက် လုပ်ပြ၍ ...

"ငါးသိန်း ပေးမယ်"

လွယ့် နှုတ်ခမ်းမှာ မထိတထိ အပြုံးတင်သွားတော့ ဒေါ်သီရိ တလွဲ ထင်သွားလျက် ...

"ဆယ်သိန်း ထပ်ရမယ် .. မင်း မကျေနပ်ရင်လည်း နေလိုက်လေ .. ခု ဒီအိမ်မှာ ငါ့သားအတွက် မင်းကို ပိုက်ဆံပေးပြီး လိုသလို ခိုင်းထား ခဲ့တာစွ ငါ့ဘက်က မပြောရဲစရာ ဘာမှမရှိပါဘူး"

ရင်ထဲမှာ မီးစတစ်စလို ပူပြင်း စူးအောင့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မုန်းမလွယ် .. မိန်းကလေးဖြစ်ပြီး လက်ဝါးဖြန့်ရတာ ဂုဏ်ယူစရာ မဟုတ်ဘူး၊ ငွေကို လိုပြီးရင်း လိုနေတာလည်း ဒါ့ပုံမှန် မဟုတ်ဘူး မင်းကို ဘယ်အဆင့်အတန်းထဲက လာတယ်ဆိုတာထိတော့ ငါ စိတ်မဝင်စားပေမယ့် ငါနဲ့ပတ်သက်နေသမျှ မင်းရဲ့ အမူအကျင့်တွေက ရှုံစရာကောင်းနေတယ် .."

"အဲဒါ အန်တီကိုယ်တိုင် ရေးတဲ့ အရုပ်ပါ၊ မင်းသမီးလို့ မြင်ပြီး ပုံဖော်ရင် မင်းသမီးပုံ ထွက်မယ် .. ဘီလူးသရဲလို့ မြင်နေရင်တော့ ဘီလူးသရဲပဲ ဖြစ်လာမှာပေါ့၊ ကျွန်မက ကိုယ် မှန်တယ်ထင်ရင် ဘာကိုမှ ဂရုမစိုက်ဘူး၊ သူများသားသမီးကို မှိုချိုးမျှစ်ချိုး ဝေဖန်တတ်တဲ့ အန်တီ့လိုလူကတော့ တစ်လောကလုံး အန်တီ့သားကလွဲရင် ဘယ်သူ့သားသမီးမှ ကောင်းမှာ မဟုတ်ဘူးလေ၊ လုပ်စမ်းပါ .. ဝါသနာပါရင် ဂျာနယ်မှာပါလာအောင် ဖြန့်လိုက်ဦး၊ အော်ဆဲနေတဲ့လူကို အရူးလို့ ပြောကြမလား၊ တိတ်ဆိတ်နေတဲ့လူက အရူးလား .."

"ဟုတ်တယ် .. ငါ ရှုံးခဲ့တယ်၊ ရှုံးလို့သာ မင်းလို မိန်းကလေးနဲ့ပတ်သက်ခဲ့မိတာ .."

"အပျွန်း .. တူနေပြန်ပြီ၊ ကျွန်မကလည်း ကိုယ့်ကိုယ်ကိုယ် အဲဒီအတိုင်းတွေးပြီး ဒေါသထွက်နေတာ၊ ဘယ်သူ ရှုံးသလဲ မသိဘူးနော်"

"တောက် .."

ဒေါ်သီရိကျော် တက်ခေါက်၍ လက်သီးနှစ်ဖက် ဆုပ်သည်။

လွယ် က ခုတင်အောက်က သူမရဲ့အိတ်ကို ဆွဲထုတ်ယူလိုက်ပြီးမှ ပြန်မော့ကြည့်၍ ...

"အမြန်ဆုံး သွားစေချင်တယ်ဆိုရင် စာချုပ်ရယ် .. ငွေ ဆယ်သိန်းရယ် .. အခု သွားယူထားသင့်တယ်နော်၊ ဘာအတွက်မှ နောင့်မနှေးအောင်ပေါ့"





"ဘာစာချုပ်လဲ .."

"အန်တီနဲ့ ကျွန်မ ဘာစာချုပ်တွေ ရှိလို့လဲ"

မျက်နှာကို တည့်တည့်ကြည့်၍ ပြောလည်း ပြောရဲသည်၊ မေးည်း မေးရဲပါ၏။

စာချုပ်ကို ယူလာခဲ့တော့ ငွေဆယ်သိန်းကို အရင်သိမ်းပြီးမှ စာချုပ်ကို အစိပ်စိပ်အမွှာမွှာ ဆွဲဆုတ်ပစ်လိုက်ကာ ...

"ကြွေးစာရင်းက ရှင်းပြီနော် .. ဒီ ဆယ်သိန်းအတွက် ကျွန်မ ဒီင်တွေကို ဖြောင့်လိုက်ရင် .. အိုခေ .."

ရှက်ရွံ့သိမ်ငယ်ခဲ့ရသမျှ ဒေါ်သီရိကျော် မျက်နှာကို စေ့စေ့ကြည့်ပြီး စ်ခဲ့နိုင်သေးသည်။

ဘယ်သူ ရှုံးခဲ့သလဲတော့ မသိ ...၊



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၂၆ ]

"မှတ်သားပဲ .. နင့်ဟာက ပြီးလည်း မပြီးသေးဘူး၊ အချစ်ကလည်
ဘယ်နေရာမှာမှ မပါဘူး"

"အေးလေ .. တကယ်ဆို သမိန် နဲ့ နင် ဒီထက် ရင်းနှီးခဲ့ရမှာ

"ဘာလုပ်ဖို့လဲ"

"ဟဲ့ .. အဲဒီလိုဟာမျိုးက သူတို့ ပြန်ကောင်းလာရင်တောင် မေ့
တာကို မသိစိတ်က သတိရနေတတ်တယ်၊ သမိန် တို့က အရမ်းချမ်းသာ
တဲ့ပုံပဲ၊ နင် ကံကောင်းဖို့ဟာ မာနကြီးတစ်ခွဲသားနဲ့ နေခဲ့တာကိုး၊ မိဘ
မိဘနေရာမှာ ထားလိုက်ရင် သူပြောတာတွေက သူ့သားအတွက်တော
မတရားတာ မရှိပါဘူးဟာ .."

မဒီ တို့က ကျကျနန ဝေဖန်သည်။ စာအုပ် မဖတ်ရတော့ဘူး၊ ပါးစ
ကပဲ ပြောပြဆိုလို့ လွှယ် ကလည်း စီကာပတ်ကုံးပြောပြနေတာ ဖြစ်သည
နားထောင်ပြီးတော့လည်း ကိုယ့်ကို ချီးမွမ်းလိုက်တာ တစ်ကွက်မှ မပါ

"လွှယ် .. နင် သူ့ကို တကယ် ဘယ်လိုမှကို ဘာမှမဖြစ်ခဲ့ဘူးလား"

"ဘာဖြစ်ရမှာလဲ .."



BURMESE CLASSIC



"သူက သူ့ရည်းစားလို ဟိုကိုင်ဒီကိုင် .. နမ်းမယ် ဖက်မယ်တော့
မှာပဲ၊ အဲဒါ ..."

"တော်စမ်းပါ .. လျှောက်မေးမနေပါနဲ့ .."

စာအုပ်ထဲမှာတော့ အချစ်မေတ္တာအကြောင်းအရာလေးတွေ ပါ
င် မရှိရှိတာလေးတွေကို စုဆောင်း ဖြန့်ကားပြီး ရေးထားတာပေါ့..၊
ပြောပြတာလောက်ကတော့ ဒါတွေပါဖို့မှ မလိုဘဲ ..၊ ရွှေး တို့
လိုအားမရတွေ ဖြစ်နေကြကာ ...

"ဟဲ့ .. နင် စာအုပ်ထဲမှာတော့ အဲဒါတွေ ပါလား"

"မပါဘူး .. အရှိအတိုင်းပဲ"

ပါတယ်ဆိုလျှင် မေးခွန်းတွေ ဆက်တိုက်ကျလာမှာကို သိနေသဖြင့်
ခေါင်းခါပစ်လိုက်သည်။ သီတာ က ရှုံ့တွတွနှာခေါင်းကို လက်ညှိုး
ထက်မညှပ်၍ ပွတ်ပြကာ ...

"အယ်ဒီတာက ကဲ့ရဲ့တယ်ဆိုတာ နည်းသေးတယ်"

ဘာဖြစ်လဲဆိုသည့် မျက်နှာလေးနှင့် ဂျယ် က ပခုံးတွန့်၏။ မဒီ
မဆံပင်တွေကို ကိုင်ကြည့်ရင်း ...

"နင်က ကာတိတော့ တည်သားပဲ၊ ဆယ်သိန်း ယူပြီးကတည်းက
ကတည်း ဖြောင့်လာခဲ့တာ၊ လုံးဝ ပြန်မကောက်တော့ဘူးပေါ့"

"ဖြောင့်နေတာလေးကို ပိုကြိုက်လို့ပါ၊ ကောက်ပွနေတာထက် ပိုပြီး
သလိုပဲ၊ ပြီးတော့ ပုံစံနှစ်မျိုး ဖြစ်သွားတာကို ကြိုက်တယ်"

"လွှယ် ရယ် .. နင်က ပိုက်ဆံစကားချည်းပဲ ပြောနေတော့ ဟိုက
ပေါ့၊ တင်းပြီး ပြောတော့လည်း နင် ခေါင်းငုံ့ခံခဲ့ရတာ မဟုတ်ပါ
နဲ့များ အငြိုးအတေးတွေ ထားနေသေးတယ်"

"ဟုတ်တယ် လွှယ် .. နင် သမိန့် မင်္ဂလာပွဲကို ဖျက်ဆီးပစ်လိုက်တာ
လွန်တယ် သိလား။ ပြီးတော့ နင့်အတွက်လည်း မကောင်းဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စ နင့်အဒေါ်တွေသာ သိသွားရင် မလွယ်ဘူး"

"ငါ သိသားပဲ .. ဖေဖေ့နားထဲ ချက်ချင်းပို့ပြီး ပုံကြီးချဲ့ကြမှာ"

ရွှေး က ထမင်းချိုင့်ပြန်ဖွင့်၍ လက်ဖက်သုပ်ကျန်တာလေးကို

စားနေရင်း ...

"ပုံကြီးချဲ့နေဖို့လည်း မလိုဘူးလေ .. နင် လုပ်ခဲ့တာ သေး

နုပ်နုပ်ပြသနာမှ မဟုတ်တာ၊ နင့်အဖေကလည်း ဒေါသခပ်ကြီးကြီးနဲ့

အိမ်မှာ ဘာဖြစ်ဖြစ် သူငယ်ချင်းတွေ ဆုံပြီဆို ပြန်ပြောပြခဲ့မိသည်

ထို့ကြောင့် တစ်ယောက်အကြောင်းတစ်ယောက် မသိကြတာ မရှိ

လွယ် က သနားစရာလည်း ကောင်းပါသည်။ ဆွေမျိုးတွေ

အိမ်တည်း စုထပ်နေကြသဖြင့် တကျက်ကျက်နှင့် မသင့်မြတ်ကြ

"ငါကတော့ စိတ်တိုတာနဲ့ အပြင်ထွက်သွားပြီး ဟိုလျှော

ကြည့်၊ ဒီလျှောက်ကြည့်နဲ့ ပြီးတယ်၊ ဖေဖေကတော့ ဖြိုးဖြက်ဆို ဆင်

မသွားနိုင်ဘူးလေ၊ ညီမတွေက မလေးမစားပြော .. တူတူမတွေ

ဆောင်းတာချိုတ်တာနဲ့ နင်တို့ စဉ်းစားကြည့်ဦး ..၊ အကြီးဆုံးလည်း

နဂိုကတည်းက မာနကြီးတဲ့သူ ရင်ထဲမှာ ဘယ်လို ခံစားရမလဲ" တဲ့

သူမ ရည်ရွယ်လုပ်ကိုင်သမျှမှာ သူမဘဝနဲ့ ဒီအဖေအတွက်ချည်း

"ငါ အပင်ပန်းခံမှ ဖြစ်မှာပေါ့ဟာ .. ငါတို့သားအဖအတွက် ငွေ

လို့ မဖြစ်ဘူး"

ဒီစကားကိုပဲ ပြောကာ ဟိုတုန်းကဆို နေ့မှာ အလုပ်တစ်ခု၊ ည

ပိုင်းမှာ အလုပ်တစ်ခု၊ လမ်းဘေးမှာ အထည်ဖြတ်စတွေ ရောင်းလို

ဘောထုပ်တွေ ရောင်းလိုက်၊ အရောင်းအဝယ်ဆိုလည်း သူမ ဘာလုပ်

အဆင်ပြေတာပဲ ဖြစ်၏။

လွယ် လုပ်ကိုင်နေသမျှ သူတို့သုံးယောက် မပါဘဲလည်း မနေ

ကာ ထမင်းချိုင့်တွေ ကိုယ့်ကားယားနှင့် ဟိုမတ်တပ် ဒီမတ်တပ်





ဘယ်နေရာဖြစ်ဖြစ် မပါမပြီး ..၊

ပိုက်ဆံလေး စုမိတာနှင့် အလုပ်ထဲမှာပဲ အရောင်းစာရေးမလေး

တွေကို အထည်တွေ လဆိုင်းနဲ့ ပေး၊ ငွေတိုးတွေ ချေး ..၊

သူလေးငယ်ငယ်နှင့် ဖယ်ဆက်သလို လုပ်သွားတာ ဘယ်သူမှ

မသိမီ၊ နောက်ဖေးမှာ ခနိုမိုး၊ ထရံကာ အိမ်လေးတစ်လုံး ဖြစ်မြောက်

သွားတဲ့အထိ လွယ် က တစ်ယောက်တည်း လုံးပမ်းခဲ့၏။

ပျဉ်ထောင်ပျဉ်ခင်းနှင့် သွပ်မိုးအိမ်လေး ဖြစ်သွားတာကတော့

ဒေါ်သီရိကျော် အထင်မြင်သေးစွာ မကျေမနပ် စွန့်ကြဲခဲ့သည့် ငွေစတွေနဲ့

ငွေမက်မှုကြောင့် ဒီငွေတွေ ဘယ်ကရသလဲ .. ဘယ်ကို ရှာသလဲ

စကားတွေ ဆွေမျိုးတွေထဲမှာ ပြန့်ကားခဲ့ရသည်။

ပြီးတော့ ပတ်ဝန်းကျင်က ပုတ်ခတ်လာကြသည်။ အခု နောက်ဆုံး

ကောင်းအရ ဒေါ်သီရိကျော် ၏ အဆုံးထိ နှိမ့်ချ ဝေဖန်ကွဲရဲ့ ခြင်း ခံရသည်

အထိ ..၊ တကယ်ဆို သူမ လုဖို့ ဝဖို့ အဝတ်အစား၊ နေထိုင်မှုအတွက်

ရှာဖွေလိုက်ခဲ့တာ ဘာမှမရှိ ..၊

"ရွှေး .. နင် ဘယ်လိုထင်လဲ"

လက်ဖက်သုပ် လက်ကျန်ထဲမှာ အားနည်းနေပြီဖြစ်သည့် ပဲကြော်

တွေကို မွှေနှောက်ရှာရင်း တွေးချင်ရာတွေးနေတုန်း ...

"အခု သမိန် က စာအုပ်ယူသွားပြီး ဖတ်ပြီလေ၊ သူ ဖြစ်ခဲ့တာတွေကို

အမေက တကယ် ဘာမှမပြောခဲ့တာမှန်ရင် သူက ခုမှ သိရမှာ၊ သိပြီး

ဘယ်လိုဖြစ်မယ်ထင်လဲ .."

သီတာ က သိချင်လွန်းသည့်မျက်နှာလေးနှင့် သူ့လက်ကိုပါ ကိုင်

သည်။ ပဲစပ်ထဲ သွင်းဖို့လက်က ဟိုရောက်ဒီရောက် ဖြစ်နေသဖြင့်

သူ လက်ကို ရုန်းပစ်လိုက်ပြီး ...

"နေစမ်းပါဦး .. ဒီမှာ လက်ဖက်လေး စားပြီး တွေးနေတာကို"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုကြည့်ပြီး လွယ် က ရယ်သည်။

"နင်က ရယ်နိုင်တယ်နော်၊ ငါတို့ကတော့ သမိန့် ရင်ထဲက အနာ
ဂတ်ကို အရမ်း စိတ်ဝင်စားတာပဲ၊ သူ့ရဲ့အနာဂတ်က နင် ဖြစ်နေရင်တော့"

"သွားစမ်းပါ .. တစ်လောကလုံးမှာ ယောကျ်ားဆိုလို့ သူ တ
ယောက်ပဲ ရှိတော့မယ်ဆိုရင်တောင် တစ်သက်လုံး အပျိုကြီး လုပ်
လိုက်မယ်"

"အဲဒီလောက်ထိ ဘာဖြစ်စရာ ရှိလို့လဲ"

"ဒေါ်သီရိကျော် ဆိုတဲ့ မျက်နှာကြီးကို မုန်းလို့"

"ဒါဆို သမိန့် ကို မမုန်းဘူးဘဲ၊ ဟဲ့ .. ဇာတ်လမ်းက ဆက်ရှ
သေးတယ်"

မဒီ နဲ့ သီတာ အားတက်သရောတွေ ထပြောကြတော့ ရွေး က
မော့မကြည့်ဘဲ တခစ်ခစ် ရယ်သည်။

"ဖုန်းထားခဲ့တာ နှစ်ရက်ကျော်နေပြီနော် .. ဒီစာအုပ်လေး ဖတ်
တာ မပြီးနိုင်လို့တော့ မဖြစ်နိုင်ဘူး"

"ဟုတ်တယ် .. စေတနာတွေ .. စေတနာတွေ .."

"ဘာစေတနာလဲ .. မနက်ဖြန်မှ မလာရင် သူ့ရဲ့ လိပ်စာကာဒ်အတိုင်
သွားပြီး အဲဒီခြံရှေ့မှာ ကြွေးတောင်း ချိတ်ပစ်မှာ .."

"လုပ်ပြန်ပြီ .. မတော်တရော်တွေ .."

ပြုံးနေသည့်မျက်နှာတွေ တည်ကုန်ကြ၏။ လွယ် က အပြုံးမပျ
ဘဲ ဆံပင်လေးသပ်၍ မျက်နှာကို မော့၏။

အပိုပြောလိုက်တာ မဟုတ် .. အဲဒါ တကယ် ..၊





အခန်း [ ၂၇ ]

BURMESE CLASSIC

ဖုန်းမကိုင်တတ်တဲ့အထိတော့ မဟုတ်တော့ပါ၊ ဒါပေမယ့် ကိုယ့်
ဖုန်းမှ မဟုတ်ဘဲ၊ သူ့ဖုန်းက သူနဲ့သက်ဆိုင်တာတွေကို နားမထောင်ချင်..၊

နေ့စဉ် ဖုန်းသံတွေမြည်လိုက် ပြီးဆုံးသွားလိုက်ဖြစ်တတ်ပြီး ဒီနေ့ကျ
မှ ဖုန်းမြည်သံက ပြီးဆုံးသွားတယ် မရှိ..၊ ခဏလေး ငြိမ်သွားလိုက် ..
ပြန်ခေါ်ဦးကိုက် ..၊

ဂျူတီချိန်းခါနီးကျမှ ကတ်စတန်မာတွေနဲ့ အလုပ်ရှုပ်နေတုန်း ဖုန်း
သံက ကောင်းကောင်းကြီး နှိပ်စက်လေသည်။

"လွယ် .. နင့်ဟာကြီး လုပ်ဦးလေ"

အနီးဆုံးမှာရှိနေသည့် သီတာ က ဒီဘက်ကို ကူးလာပြီး ကပ်
ပြော၏။

"နေပစေ .. သွားကိုင်မိရင် ငါ ကိုင်ပေါက်မိမှာ"

သီတာ ခေါင်းလေးကုတ်ပြီး ပြန်ပြေးသွား၏။ ဒီတိုင်း မြည်နေဘာ
ညနေ အလုပ်ဆင်းသည့်အချိန်ကျမှ ...

"တွေ့မယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. ဘာလုပ်မလို့လဲ၊ သမိန့် လားမှ မသိတာ"

"သမိန့် မကလို့ သူ့ဘိုးအဖြစ်ဖြစ် သူ့ဆက်ဖို့ ငါ ယူထားတာ မဟုတ်ဘူး"

မဟုတ်နိုင်ဘူးဆိုတာ စိတ်က သိနေသည်။ သူ စာအုပ်ယူသွားပြီး သည့်အချိန်မှာပဲ ဝင်လာခဲ့တာ နည်းတာမှ မဟုတ်ဘဲ ..၊

ကိုယ့်ဒေါသနဲ့ ကိုယ် ဖုန်းကို ဆောင့်အောင့်ဖွင့်ကာ ...

"ဒီမှာ .. မကိုင်မှန်းသိရက်နဲ့ ဘာဖြစ်လို့ ဒီလောက် ခေါ်နေတာလဲ ကျွန်မက ဖုန်းပိုင်ရှင် မဟုတ်ဘူး၊ ဒီဖုန်းကို မိန်းမအိမ်သာရှေ့က ကောက် ထားတာ၊ ရှင်းတယ်နော် .. နောက်ထပ် မခေါ်နဲ့ .."

"ဟယ် .. လွယ် လုပ်ပစ်လိုက်ပြန်ပြီ"

ရွှေး ကို ပါးစပ်အဟောင်းသားနှင့် ..၊ လွယ် အကျီအိတ်ထဲ ထည့်ပစ် လိုက်သည့်ဖုန်းကို လူတစ်ယောက်ကို အားနာစွာ ကြည့်သလိုမျိုး ငေး မောလျက် ...

"ဖုန်းခေါ်တဲ့လူကို ဒေါသဖြစ်တာများ သမိန့် ကို ထိခိုက်အောင် ပြောလိုက်ရသလား လွယ် ရယ် .. နင်က ဒေါသဖြစ်ပြီဆို ဘယ်မျက်နှာကို မှ မကြည့်ဘူး၊ တကယ် .."

ရွှေး ကပ် ဆေစီးစွာ အပြစ်တင်၏။ 'ပါတ်တယ် .. ဘာဖြစ်လဲ' ဆို သည့်မျက်နှာလေးနှင့် လွယ် က ခြေလှမ်းမှန်မှန်နှင့် ရှေ့ဆက်၏။

ဒီနေ့ ဘယ်မှ ဆက်မသွားကြတော့ဘဲ ကိုယ့်အိမ်ကိုပဲ စောစောပြန် ကြဖို့ စီစဉ်ထားပြီးသား ..၊ အကြောင်းရင်းက လွယ့် အိမ်မှာ ပြဿနာ နည်းနည်းရှိတယ်ဆိုသောအချက်ကြောင့်ပင်။

အဘာဖြစ်တာလဲ ဆိုတာကတော့ နောက်နေ့ကျမှ သိရမှာပါ ..၊

လွယ် က ဘယ်တော့မှ စိတ်ကူးတွေကို ကြိုတင် တိုင်ပင်တဲ့သူ မဟုတ်..၊ ဖြစ်ပြီးပြီးဆိုမှ ဒီလိုဖြစ်သွားခဲ့တယ်၊ ဒါကြောင့်ဆိုတာတွေ





ဝင်လာခဲ့တာ ဖြစ်၏။

"ငါတော့ အိမ် စောစောပြန်ရောက်ပြီး ပျင်းနေတော့မှာပဲ"

မဒီ က စတင်ညည်းညူ၏။ နောက်ဆက်တွဲ စိတ်ညစ်ခြင်းက ...

"ဒီနေ့ ထွက်မြွက် ရဲ့ မွေးနေ့တဲ့၊ မနေ့က အဲဒါပြောပြီး ငါ့ရှေ့ကနေ ထွက်သွားကြတာ"

"သူ့ကောင်မလေးနဲ့လား"

"မဟုတ်ပါဘူး၊ တာဝန်ခံကြီးနဲ့ အတူတူ ဆင်းသွားတာ၊ သူ ငါ့ကို မေ့တော့ထားမိတယ်ဟာ၊ သူ့မွေးနေ့ကို ငါ သိအောင် တမင် ငါ့နားမှာ ပြောသွားတာ ထင်တယ်"

"လုပ်ပြီ .."

"ကုစရာ ဆေးမရှိတော့ဘူး"

ကားမှတ်တိုင်မှာ တစ်ခုတဝေးတည်း ရပ်လိုက်မိကြတော့ မဒီ က ဆိုက်ပြီး ...

"နင်တို့ကလည်း ပြောတာပဲ၊ ငါကလည်း အဲဒီလို မိန်းကလေးတွေ ရှုမဖိုက်တာတတ်တဲ့ ဂျစ်ကန်ကန် ခပ်ချောချောပုံမျိုးလေးမှ ကြိုက်တာ"

"သူက ပြန်ကြိုက်ရင်တော့ ဟုတ်တာပေါ့"

"ဒါကတော့ ငါ့ကံပေါ့ဟာ"

"ကံကို မျှော်ကိုးပြီး သူ ပြောလာမယ့်အချိန်ထိ နင်က ဖုတ်ဖတ်မော အောင် လိုက်ကြိုက်နေမှာလား .."

"ငါ ကြိုက်နေတာ ဘယ်သူ သိမှာလဲ"

"အဲဒါပဲလေ .. သိအောင်လည်း လုပ်မရ၊ သိတော့လည်း မကောင်း"

"ဟိုမှာ .. နင် စီးရမယ့်ကား လာပြီ"

နားအေးချင်လွန်းလို့ဆိုသည့် မျက်နှာလေးနှင့် လွယ် က မဒီ လက်ဆွဲ၍ တားမရပ်သေးဘဲ အနားရွေ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပြီ .. တက် .. တက် .."

မဒီ ကိုယ်လေးကို တွန်းတင်လိုက်ပြီးမှ ကူဆွဲလာခဲ့သည့် ဆွဲခြင်း လက်ထဲ ထည့်ပေးလိုက်သည်။

"ကောင်စုတ် .. အော်တော် စေတနာမေတ္တာ ကြီးမားနေတ

ကားပေါ်ကနေ မဒီ ပွစိပွစိ မေတ္တာပို့သွားတာ နှုတ်ခမ်းလေး လုံးချွန်နေ၏။ လွယ် က ရယ်ပြီး လက်လေးပြလိုက်သေးသည်။

"နင်ကလည်း နောက်ကားလာမှ လိုက်လည်း ရတဲ့ဟာကို၊ သူ့ အိမ်စောစောပြန်ရမှာ ပျင်းလို့ပါလို့ ပြောနေတာ"

"နင်တို့ကရော သူ့ခံစားချက်လေးကို ဖေးဖေးမမ ညာညာတာ ဝိုင်းဝန်းခံစားပေးကြလို့လား .. ထွတ်မြတ်ကောင်းကင် ဆိုတဲ့နာ သူ့ပါးစပ်ထဲက ထွက်လာတာနဲ့ ကဲ့ရဲ့ဖို့ပဲ .."

"ကဲ့ရဲ့တာ မဟုတ်ပါဘူး၊ သူ့ကို သနားလို့ ပြောနေတာ၊ အဲဒီကော ဆောင့်ကြွားကြွားနဲ့ ခုနစ်လွှာ လေးခန်းတွဲ ခပ်စုတ်စုတ်လေးပိုင်ပြီး လေး လုတပတရှိရုံနဲ့များ .."

"အေးလေ .. သူ့လောကီ မလှတဲ့လူက သူ့တိုက်ခန်းမှာ ငှားနေ ချစ်မိသွားတာကိုး၊ အချစ်ခံရတယ်ဆိုတော့ နည်းနည်းပါးပါးတော့ တက်မှာပေါ့"

"လွယ် .."

"ဘာလဲ .."

"ဘယ်သူ့ဘက်က ပြောနေတာလဲ"

"မဒီ က ချစ်နေတာ သဘာဝကျတဲ့အကြောင်း ပြောချင်တာ သူ့ရှိတာလေးနဲ့သူ မာန်တက်နေတဲ့သူကလည်း မှန်တာပဲ မဟုတ် လား .. မာန်တက်တဲ့သူကို တက်ဘယ်ဆိုပြီး ချစ်တဲ့သူကလည်း လျက်ချစ်ဆဲ ဖြစ်နေတာ၊ အချစ်မှာ သာတယ်နာတယ် မမှတ်ကြလို့





သူတို့ချင်း ဘယ်သူက ဘယ်သူ့ကိုပဲ မာန်တက်နေနေ .. သည်းခံနေနေ.."

"ကဲ .. တော်ပါတော့၊ မာန်တက်တာတွေ ချစ်လျက်ချစ်ဆဲတွေနဲ့ လုံးထွေးပြီး ထွတ်မြတ်ကောင်းကင် ရှေ့ကို ကန်တော့ပွဲ ပြေးထိုးရတော့ မလို ဖြစ်နေပြီ"

"ငါတော့ လစ်ပြီ"

နောက်ထပ် သီတာ ကားပေါ် ပြေးတက်သွားသဖြင့် ရွှေး နဲ့ လွယ် ပဲ ကျန်ရစ်၏။ သူမတို့က လမ်းတစ်ဝက်ထိ ကားချင်းတူသဖြင့် ဒီမှတ်တိုင် ကနေ အတူတူ သွားကြမှာဖြစ်သည်။ ဒါပေမယ့် ...

"မှန်းမလွယ် .."

အနားကို မထင်မှတ်ဘဲ ရောက်လာသည့် သမိန့် ကို နှစ်ယောက် လုံး ကြောင်တောင်တောင် လှည့်ကြည့်၍ ...

"သမိန် .."

လွယ် အသံမထွက်ဘဲ ခေါ်တော့ သူက ခေါင်းညိတ်လိုက်ကာ ...

"ဟုတ်တယ် .. မင်းနဲ့ ငါ ရှင်းစရာရှိတာတွေ ရှင်းဖို့လေ၊ တစ်နေရာ ရာ သွားရအောင်၊ မင်း ရွှေးချယ်မယ့် နေရာတစ်ခုခု .."

"မလိုပါဘူး၊ ရှင် ဖုန်းပြန်ယူမှာမို့လား၊ ဘယ်မှာလဲ ပိုက်ဆံ .."

"မင်းကို ပိုက်ဆံတွေ အထပ်လိုက် ဒီမှာ ပေးရမှာလား"

သူ မေးလိုက်မှ လွယ် မျက်နှာလေးပျက်ပြီး ငြိမ်ကျသွား၏။

"ဟုတ်သားပဲ လွယ် .. ဆိုင်တစ်ဆိုင်မှာ ခဏ သွားထိုင်လိုက်ပါ"

"နင် လိုက်မှာလား"

ရွှေး က ခေါင်းခါလိုက်စဉ် ကားလာတာကို မြင်သွားသဖြင့် ...

"ကားလာပြီ .. ငါ သွားတော့မယ်"

ရွှေး ကားပေါ်တက်သွားတာကို လွယ် မျက်မှောင်လေး ကျုံ့၍ လိုက်ကြည့်နေမိ၏။



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းမတွေ သမိန် နဲ့ပတ်သက်တာဆို ဘာဖြစ်ဖြစ် သာသာထိုးထိုး ဘာကို မကျေနပ်မှန်းမသိဘဲ လွယ့် မျက်နှာလေး တင်းသွားသည်။

သမိန် က ယောကျ်ားကိုင် လက်ကိုင်အိတ်ကို တစ်ဖက်က ကိုင်ထားလျက် တစ်ဖက်က ဘောင်းဘီအိတ်ထဲမှာ ဖြစ်ကာ ...

"ဒီနားမှာပဲ တစ်နေရာမှာ ထိုင်မယ်လေ၊ မင်း ခပ်ဝေးဝေး မသွားချင်ရင် .."

"ဟုတ်တယ် .. ဟို အအေးဆိုင်မှာ ထိုင်မယ်"

မုန့်တီဆိုင်နှင့် မုလာင်းလေးတွေ ထောင်ပြထားရုံနှင့် အအေးဆိုင်ဟု သတ်မှတ်နိုင်သော ရှေ့မှာ စားပွဲပုလေးနှစ်ပိုင်းသာရှိနေသည့် လမ်းဘေးဆိုင်လေး ..၊

သူ့မျက်နှာ ပျက်သွားတာကို မြင်မှ ဆုံးဖြတ်ချက်က ပို၍ ခိုင်မာသွားကာ လွယ် ပဲ ရှေ့က ရှိတက်ခဲ့သည်။

ပန်းနုရောင်လွင်နေသည့် ရှပ်အကျီလက်ရှည်နှင့် ဘောင်းဘီရှည်အနက်က တောင့်တင်းကျနသည့် သူ့ကိုယ်မှာ ထင်းနေသည်။

ကိုင်ထားသည့် လက်ကိုင်အိတ်က ပို၍ စိတ်ဝင်စားဖွယ် ဖြစ်၏။ လွယ် ကတော့ ရင်ဘတ်မှာ ဖာပန်းတွေပါသည့် ရယ်ဒီမိတ်လက်တို ခပ်ပွပွလေးနှင့် ခြေသလုံးတစ်ဝက်လောက်ပဲရှိသည့် ကွာတားဘောင်းဘီကို ဝတ်ထားကာ လက်ထဲမှာတော့ ဖျောက်ဖျက်မရသည့် ဆွဲခြင်းလေးနဲ့ ဖြစ်သည်။

ပုံစံချင်းက တခြားစီဖြစ်နေလျက် နှစ်ယောက်တွဲပြီး ဆိုင်ထဲ ဝင်သွားတော့ ဘယ်သူတွေ ဘယ်လိုမျက်လုံးနဲ့ ကြည့်ကုန်ကြမည် မသိ ..၊

အလှမ်းဝေး ကျန်ခဲ့ပြီဖြစ်သည့် ကားမှတ်တိုင်ထဲက မျက်လုံးတွေတောင် ဒီဘက်ထိ ပါလာခဲ့၏။

"ယူနီဖောင်း လဲတာတော့ မြန်သားပဲ၊ ဒါပေမယ့် ဆွဲခြင်းရှိနေတော့





မင်း အလုပ်ကပြန်လာတာ သိသာပါတယ်"

"ဘယ်သူက မသိသာအောင် ဖုံးဖိနေတာမို့လို့လဲ"

ပက်ခနဲ ရန့်တွေ့သံက တန်းထွက်၏။ သူက ပြုံးလိုက်ကာ ..၊

"မသိဘူးလေ .. တစ်ခုခုကြောင့်များ အရေးခွဲလဲလဲပြီး ထွက်ရတာလားလို့ .."

"ရှင်က တော်တော်စပ်စုတာပဲ၊ ကျွန်မ အလုပ်လုပ်တာကိုလည်း သိတာပဲလား"

"သိတယ် .. လိုက်ကြည့်ထားတာ"

"ရှင်နဲ့ ဘာဆိုင်လို့လဲ"

"အစက မဆိုင်ဘူးလေ .. မင်းကြောင့် ငါ့သိက္ခာတွေ ရေစုန်မျောလွန်တော့ မထူးစိတ်ပိုက်လိုက်ရတာ"

မျက်နှာပုံက တည်တည်တံ့တံ့ကြီးနှင့် စကားလုံးတွေက ဟိုရောက် ဒီရောက်မို့ လွယ် က မျက်ခုံးတွေ တစ်ဆစ်ကျိုးတဲ့အထိ တွန့်ကုတ်၍ စူးစူးရဲရဲ ကြည့်သည်။

"ရှင် အဲဒါကို မကျေနပ်ဘူးပေါ့"

"လွယ်လွယ်နဲ့တော့ ဘယ်လိုလုပ် ပျောက်ပျက်သွားမှာလဲ၊ မကျေနပ်တာ မဟုတ်ပေမယ့် မင်းကို မေ့မသွားတာက သေချာတယ်"

မျက်နှာကို စိုက်ကြည့်နေသည်မို့ လွယ် ဖျတ်ခနဲ လွှဲပစ်လိုက်သည်။

"မုန်းမလွယ် .."

သူက ခေါ်လိုက်ပြီး လွယ် လှည့်မကြည့်ခင်ချင်း စကားမဆက်ဘဲ ဆောင့်နေ၏။ နောက်ထပ် မျက်လုံးချင်းဆုံမှ ...

"မင်းက မုန်းမလွယ် ဆိုပေမယ့် တစ်ခုခုကို ဆုံးဖြတ်တာတော့ လွယ်လွန်းတယ်၊ မင်း လုပ်ခဲ့သမျှ တောက်လျှောက်မှာ ငါ့ရဲ့မင်္ဂလာပွဲကို အဲဒီပုံစံနဲ့ လာဖျက်ခဲ့တဲ့အတွက် မင်းနဲ့ငါ ဘာဖြစ်သွားလဲ သိလား.."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှဖြစ်ဖို့ မရှိဘူး၊ အားလုံး ပြီးသွားတာ အေးဆေးပဲ"

"မအေးဆေးဘူးဆိုတာ နောက်တော့ မင်း သိလာလိမ့်မယ်၊ လော လောဆယ် ငါ ပြောချင်တာက ငွေရမယ်ဆိုရင် တက်ကြွလာတတ်ဇ မင်းရဲ့မျက်လုံးတွေကို ဆင်ခြင်ဖို့ ..."

"ဘာလို့ ဆင်ခြင်ရမှာလဲ ..၊ ရှင် ပြောသလို ကျွန်မက ဒါရဖို့ တစ် အတွက်နဲ့ လုပ်ချင်ရာလုပ် ဖြစ်ချင်တိုင်း ဖြစ်နေတဲ့ မိန်းကလေး မဟု ဘူး၊ ကိုယ် ရသင့်တယ်ထင်ရင် ရအောင်ယူတယ်၊ မရှုံးသင့်တဲ့နေရာမှ အနိုင်တိုက်မှာပဲ၊ ဘာလဲ .. စာဖတ်ပြီး ရှင့်အမေဆီက ကျွန်မ ငွေတွေ အများကြီး ယူသွားတာကို ရင်ခံနေတာလား"

"ဟုတ်တယ် .. ဒါပေမယ့် ငွေတွေကို မဟုတ်ဘူး၊ မင်းကို နှမြောတာ"

နောက်ထပ် သူ့မျက်လုံးတွေ အရောင်မကွဲသော အလင်းတ တစ်ချက် ဖြတ်ပြေးသွားပြန်သည်။

လွှယ် က ပြန်၍ စိုက်ကြည့်နေကာ ...

"ဟွန်း .. ကြားကောင်းအောင် ပြောမနေနဲ့ သမိန် ..၊ အဲဒီစကားမျိုး ကျွန်မအံဖေဆီက ကြားရရင်တောင် ကျေးဇူးတင်မှာ မဟုတ်ဘူး"

"မင်း ကျေးဇူးတင်အောင် ပြောနေတာမှ မဟုတ်တာ၊ ငါက ဘာ မှန်း မသိ၊ မင်းက ခံစားချက်မရှိနဲ့ အတူနေခဲ့ကြတဲ့အချိန်မှာ မေမေနဲ့မင်း မုန်းချင်တိုင်းမုန်းဖို့ ဖြစ်သွားကြတယ်၊ အဲဒါ ဘာမှမဖြစ်သင့်တဲ့ကိစ္စတွေ

"ဖြစ်သင့်တာတွေကို ရွေးပြီး ဖြစ်လို့ရော ရသလား၊ ကျွန်မ ရှင့် ရှင်းပြချင်တာတော့ မဟုတ်ဘူး၊ ဒါပေမယ့် ရှင့်အမေကို ဘယ်တော့ မပြောတဲ့ အမုန်းတွေ ရှိခဲ့ရတဲ့အကြောင်းရင်းကို ပြောပြမယ် .. အဲဒါ သားကို ထိပါးမခံနိုင်တာ တစ်ခုတည်းနဲ့ သူများသားသမီးကို မှိုချိုးမျှစ်ချိုး ပက်ပက်စက်စက် ဝေဖန်ခဲ့လို့ .."

သူ့ထံမှ ပင့်သက်ရှိုက်လိုက်ခြင်းကို မြင့်တက်သွားသည့် ရင်အ





ပြန့်ပြန့်ကြောင့် သိလိုက်ရ၏။

"ရှင်ကရော ဘာဖြစ်လို့ ကျွန်မနဲ့ပတ်သက်ဖို့ ကြိုးစားနေတာလဲ၊ ရှင့်အမေနဲ့ပတ်သက်ခဲ့တာတွေထဲက တစ်ခုခုကြောင့် တုံ့ပြန်ဖို့လား .."

"ငါက ကြိုးစားတာ မဟုတ်ဘူး၊ ငါ့ရင်ထဲမှာ မင်း ဘယ်တုန်းကမှ ရှိခဲ့တာကို မင်း လာပြီး ပတ်သက်ခဲ့တာ၊ ဒီမှာ မုန့်မလွှယ် .. နတ်သမီး လောက်လှတဲ့ မီလျှံနာတစ်ယောက်တောင် မင်းလောက် စိတ်ဝင်စားဖို့ ကောင်းမှာ မဟုတ်ဘူး၊ မင်း ဟန်ရေးပြသွားတဲ့ လုပ်ကွက်တွေကိုလည်း ဘယ်မိန်းကလေးမှ လုပ်ရဲမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခြေ သုမ်းရွေ့မှားသွားရင် တစ်ဘဝစာ သွားပြီ .."

"ဟွန်း .. ဒေါ်သီရိကျော် ရဲ့သား ပီသပါတယ်"

"မင်းကို စေတနာနဲ့ ပြောနေတာ၊ နောက်ပြီး .. ငါက ဒေါ်သီရိကျော် ရဲ့သားလည်း မဟုတ်ဘူး"

"ဘာ!..."

"ငါ့ကို ငယ်ငယ်လေးကတည်းက သားလို မွေးခဲ့တဲ့ အဒေါ်"

'ဘာမှ မထူးပါဘူး' ဆိုသည့် မဲ့ပြုံးနှင့် ပါးရိုးနှစ်ဖက်ပေါ်မှာ ပြိုကျ လာသည့် ဆံပင်တွေကို ကျောနောက် ပို့ပစ်လိုက်သည်။

ဒါပေမယ့် ခဏပဲဖြစ်ကာ တစ်ဖက်က နောက်ထပ် ဖြာဆင်းလာ၏။ အအေးနှစ်လုံးမှာလိုက်ပြီး လာချပေးသည့်ထဲက ကိုလာတစ်လုံးကို လွှယ့် ရှေ့ကို တိုးပေးရင်း မျက်လုံးတွေကတော့ သူမ မျက်နှာလေးဆီမှာ ...

"ငါ့မင်္ဂလာပွဲကို မင်း ရောက်လာပြီးမှ ဒါ .. ဒီလိုဖြစ်တာ အကြောင်း ရှိမယ်ဆိုတဲ့ စိတ်ဝင်စားမှုနဲ့ အဲဒီပွဲ ပျက်ပြီး ငါ လူယုတ်မာ ဖြစ်ခဲ့ရတာ ကိုတောင် ဒေါသဖြစ်ဖို့ မေ့နေခဲ့တယ်၊ အဲဒါ မင်းဘဝ ပျက်သွားခဲ့တာ ဘာကယ်လားဆိုတဲ့ ပထမဆုံး ဖြစ်ခဲ့တဲ့ စာနာစိတ်၊ ငါ့ကြောင့်လားဆိုပြီ ဆင်တွေးမိတော့ ချောက်ချားသွားခဲ့တယ်၊ အဲဒီအချိန်မှာ ငါ့ရဲ့ပွဲ ပျက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာထက် မိန်းကလေးတစ်ယောက်ကို ဖျက်ဆီးခဲ့ပြီး ဒီလို ရှန်းထွက်ခဲ့တဲ့ လူအဖြစ် ကိုယ့်ကိုယ်ကိုယ် အထပ်ထပ် အပြစ်တင်ရင်း ရှက်မိတာက ပိုပါတယ်"

လွှယ် သူ့မျက်နှာကို ငေးနေရင်း မဲ့ရွဲ့လှောင်ရယ်ဖို့တွေကို မေ့နေခဲ့သည်။

"မေမေ့ကို မေးတော့လည်း ဘာမှမဟုတ်ဘူးလို့ ဖွတ်ငြင်းတယ် နောက်ဆုံးကျမှ ငါ့တို့ ဝေယျာဝစ္စ ပြုစုလုပ်ကိုင်ပေးဖို့ ခဏ လာနေဖူးတယ်တဲ့"

ဒီစကားကြားတော့ လွှယ့် မျက်နှာမှာ နာကျင်သည့် မဲ့ပြုံးလေး ဖြစ်သွားခဲ့၏။ ပြီးတော့ သောက်ချင်တာမဟုတ်ဘဲ အလုပ်မရှိသည့် လက်က ရှေ့က ကိုလာပုလင်းကို ဆွဲယူပြီး ပိုက်တံလေးကို နှုတ်ခမ်းမှာ တပ်လိုက်သည်။

သမိန် က ပုလင်းကို မကိုင်ပါ။ လက်တွေကို စားပွဲပေါ် တင်ခြင်း မှိုခြင်းလည်း မပြု၊ လက်ကိုင်အိတ်ကို ပြန်ဖက်ထားတာမျိုး လက်ပိုက်၍ စကားပြောနေတာ ဖြစ်သည်။

"မေမေက ဆင်းရဲချမ်းသာပေါ်မှာ ဒီလောက်ထိ မခွဲခြားပါဘူး မင်းအပေါ်မှာပဲ တစ်မျိုး အထင်လွဲသွားတာ၊ မင်းကလည်း မင်းရဲ့စိတ်ကူးတွေနဲ့ ထင်သလို ပြင်ဖျက်ပြီး မေမေ့ကို ပုံဖော်တယ်၊ ဘာပဲဖြစ်ဖြစ် ပြီးသွားတာတွေကို ထားလိုက်ပါ .. မင်းရဲ့ အယူအဆ ပြောဆိုနေထိုင်ပုံတွေကို ပြင်မယ်ဆိုရင် မင်း အမြဲတမ်း လိုအပ်နေတဲ့ ငွေရေးကြေးရေး အတွက် ငါ ကူညီနိုင်တယ်"

"ဘာ .. ပြောတယ် .."

"စကားကို တိုးတိုးပြောတတ်ဖို့လည်း လိုတယ်၊ ပြီးတော့ ဒေါသ တစ်ထစ်လျှော့ပြီး ဘယ်လို အဓိပ္ပာယ် သက်ရောက်တဲ့စကားလဲဆိုတာ





အရင် စဉ်းစား၊ ယောက်ျားလေးတစ်ယောက်ရဲ့ ပါးစပ်က ခုလို ငွေစကား ပြောရင် နည်းနည်းတော့ အဆင်မပြေဘူး။ ဒါပေမယ့် ပြောတဲ့သူရဲ့ ဆိုလိုရင်းက ကွာပါတယ် .."

"ရှင်က ကျွန်မကို ဘာစကားတွေ လာပြောနေတာလဲ၊ ဘယ်လို အနေအထားနဲ့ ရပ်တည်ဖို့ ကြိုးစားတာလဲ၊ ရှင့်အမေကစပြီး မသင့်မြတ်ကြတဲ့ ကျွန်မတို့ရဲ့ မျက်နှာစာ နှစ်ဖက်မှာ အခု ရှင့်မင်္ဂလာပွဲ ဖျက်ခဲ့တဲ့ အထိ အားလုံး မှင်နီတွေအပြည့်နဲ့နော်"

"မင်း ထင်တာပါ၊ မင်းအတွက် ငါ့ရဲ့စာမျက်နှာပေါ်မှာ မှင်နီ မရှိဘူး"

လွှယ် နဲ့ သူ မျက်လုံးချင်းဆုံလျက် ဘယ်သူကမှလည်း လွှဲဖယ်ဖို့ ကြိုးစားမိ..၊ ခဏကြာမှ လွှယ် က မဲ့ပြုံးလေးနှင့် လွှဲပစ်လိုက်ကာ ...

"ပထမတစ်ခါ ရှင် ဖွဲ့လမ်းခဲ့တဲ့မိန်းမအဖြစ် ကျွန်မက ပုံရိပ်တွေ အားဝင်ခဲ့တယ်၊ နောက်ထပ်တစ်ခါရှင် လက်ထပ်မယ့် ဇနီးလောင်းနဲ့ ကွဲသွားတယ်၊ အဲဒါ ကျွန်မကို စေတနာတွေ ထားပြနေတာ ရယ်စရာကြီး သမိန် .."

သူက မတည်မပြုံးမျက်နှာနှင့် ကြည့်နေလျက် ...

"ပထမတစ်ခါ ရှောင်တိမ်းမရနိုင်တဲ့ ကံတရားပါ၊ နောက်ထပ် တစ်ခါက ဆုံစည်းဖို့မရှိလို့ လွဲသွားတာပဲ၊ ခုချိန်ထိ ဖြေသိမ့်လို့ မရလောက်အောင် ငါ့ဘက်မှာ နစ်နာခဲ့တာ မရှိသေးဘူးလို့ ခံစားမိတယ်၊ အဲဒါ အမှန်အတိုင်း ပြောတာ"

လွှယ် က ပခုံးလေး မသိမသာတွန့်၍ အယုံအကြည်မရှိသည့် ခနဲ့ပြုံးနှင့် ပိုက်တံလေးကို နှုတ်ခမ်းလွှာကြားမှာ ပြန်တပ်သည်။

သမိန် က လှမ်းဆွဲထားလိုက်ပြီး ...

"ယင်နားသွားပြီ၊ မသောက်နဲ့တော့"

ပြောလည်းပြောကာ လွှယ် က ပိတ်ထားတာတောင် ပုလင်းကို



www.burmeseclassic.com

www.burmeseclassic.com



ရအောင်ဆွဲယူပြီး ဘေးမှာ ချထားလိုက်၏။

သူမျက်နှာသည် မသိနားမလည်သည့် ကလေးတစ်ယောက်ကို နေရာတကာ လိုက်ပြော တားဆီးနေရသဖြင့် စိတ်မရှည် ဖြစ်လာတာမျိုး..၊

သူ့အတွက် ပုလင်းကိုတော့ ကြည့်လည်း မကြည့်၊ ကိုင်လည်း မကိုင် ..၊ လွှယ် လည်း သိပါသည်။ ဒီလိုနေရာကို သူမ ရွေးချယ်လိုက်တဲ့ အတိုင်း နောက်ကပါလာရပေမယ့် သူ သဘောကျမှာ မဟုတ် ..၊

စားပွဲတွေပေါ်မှာ ရေစိုကွက်တွေ တင်နေကာ မစိုဘဲ ခွန်းကွက်နေသည့် စားပွဲတစ်ခုလုံးက ယင်တွေ ဟိုတစ်စ ဒီတစ်စ ကူးလူးပျံသန်းနေတော့ ပိုဆိုးသည်။

ထိုပြင် လူပေါ်ကို နားခိုယစ်မူးဖို့ ကြိုးစားနေကြသေး၏။

"တစ်နေရာ သွားရအောင်"

လွှယ် စဉ်းစားနေမိတုန်း ပိုက်ဆံ ထားခဲ့ပြီး သူ ထရပ်လိုက်သည်။

ဒီနေရာကို ရွေးချယ်ခဲ့တာက ကိုယ် ..၊ သူ့ဟာသာ ဆုံးဖြတ်ပြီး ထရပ်လိုက်တော့ လွှယ် က မထဘဲ မော့ကြည့်၏။

"ထကွာ .."

"အို .. ဘယ်လိုလုပ်တာလဲ"

မထင်မှတ်ဘဲ လွှယ့် လက်ကလေးတစ်ဖက်ကို ငုံ့ဆွဲလိုက်သဖြင့် ခေါင်းမခါဖြစ်လိုက်ဘဲ လူက ဖရိုဖရဲ ပါသွား၏။

"အချိုရည်သောက်ထားတဲ့ မင်းနှုတ်ခမ်းနားမှာ ယင်တွေ ဝဲနေတာ မသိဘူးလား"

"ဝဲပစေပေါ့ .. မနားရင် ပြီးတာပဲ"

"နားသွားမှ ခါထုတ်တော့ ဘာလုပ်မှာလဲ၊ ယင်နားသွားလို့ဆိုပြီး နှုတ်ခမ်းပေါ် ပိုးသတ်ဆေးဖျန်းလို့ ရလား"

လက်ကို တစ်ချက်မှမလွှတ်ဘဲ တောက်လျှောက် ဆွဲခေါ်သွား





ဖြင့် လွှယ် အတင်း ရုန်းပစ်လိုက်မိသည်။

"ယင်ပဲနားနား ဝဲပဲစားစား လွှယ် တို့က အဲဒီလိုဆိုင်မျိုးမှာ ထိုင်နေ လူကို ဆွဲလား လွဲလားနဲ့ ရှင် လူပါးမဝနဲ့ .."

လူရှင်းသည့် လမ်းအစပ်ကို မတိုင်ပင်ရဘဲ နှစ်ယောက်စလုံး တိုး ပြီးသား ဖြစ်သွားလျက် ...

"လူပါးဝတာ မဟုတ်ဘူး၊ အမြင်မတော်လို့ ပြောနေတာ၊ မင်းနဲ့ ငါ စိမ်းသက်နေတဲ့လူတွေ မဟုတ်ဘူး မှန်းမလွှယ် ..၊ ဖွတ်ကြီး စိမ်းပြ နဲ့ မင်းက ငါ့ရင်ထဲမှာ ငါ ထိတွေ့ပတ်သက်ခဲ့ဖူးတဲ့ မိန်းမနှစ်ယောက် ရင်းနှီးနေတယ်၊ မင်း ငါ့ကို ကြည့်နေတဲ့မျက်လုံးတွေနဲ့ ဆုံမိတဲ့ ပြီးတော့ ဘယ်လို ပတ်သက်ခဲ့ကြတယ်ဆိုတာ သိလိုက်ရတဲ့ တဲ့ ဘယ်သူ့ တိုက်တွန်းချက်မှမပါဘဲ ငါတို့ ရင်းနှီးခဲ့တဲ့ပုံရိပ်တွေ ထဲမှာ အလိုလို ပေါ်လာခဲ့တာ .."

"ရှင် လူကို ရီးတီးယားတားတွေ မပြောနဲ့နော် .. အဓိပ္ပာယ် မရှိ."

"ဘာလို့ မရှိရမှာလဲ ..၊ မင်းကို မရိုးမသားပြောချင်လို့ အစပျိုးနေ မဟုတ်ဘူး၊ ငါနဲ့ စပြီး ပတ်သက်ခဲ့တဲ့အချိန်ကနေ ခုချိန်ထိ မင်းက ကို သနားစရာကောင်းနေလို့ ဖြစ်လာခဲ့တဲ့ ကရုဏာတွေ .."

"ဘာ!..."

သနားစရာကောင်းသည်ဆိုသည့် စကားက ရှိနေသည့် မာနတရား ရိုက်ပုတ်နှိုးလိုက်သည့်နှယ် ..၊ သမိန် က လွှယ့် မျက်ဝန်းလေးတွေ ကြည့်ပြီး သက်ပြင်းချ၏။

"ငါ့ကြောင့် မင်း အများကြီး နစ်နာခဲ့ပါတယ်၊ အဲဒါ မေမေတို့ မသိခဲ့ မင်းကိုယ်မင်းလည်း မသိဘူး၊ အခု မင်းရဲ့ အခြေအနေ ဘယ်လိုဖြစ် လဲ သိရဲ့လား"

"ဘာမှ သိဖို့ မလိုဘူး၊ ဘာလဲ .. မင်္ဂလာပွဲထဲမှာ ကျွန်မ ဟန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့တဲ့အဖြစ်ကြောင့်လား .."

"အဲဒါတွေက အဓိကပေါ့"

"ဖြစ်သွားပါစေ .. ကျွန်မ လုပ်ချင်တာလုပ်ပြီးရင် ဘယ်တော့ နောင်တမရဘူး၊ ရော့ .. ဒီမှာ ရှင့်ဟန်းဖုန်း၊ ကျွန်မကို ဘာမှ ပေးဖို့မလိုဘူး အဲဒီ ဘာမှမဟုတ်တဲ့ စာအုပ်ကိုပဲ ဆွဲဆုတ်ပစ်လိုက် .."

"နေဦး .."

လွယ် က ဖုန်းကို သူ့လက်ထဲ လှမ်းထည့်သည်။ သူက ဖုန်းကို မဟုတ်ဘဲ လက်ကို ဖိဆုပ်ပစ်လိုက်ကာ ...

"မင်းကို ပြောစရာတွေ ရှိသေးတယ်"

"ရှင် လက်ကို လွှတ်နော် .. ဒီဘက်မှာသာ ဆွဲခြင်းကိုင်မထားရင် ရှင့်ပါး ကွဲပြီ"

"ခဏလေး နားထောင်"

သူက လက်ကို လွှတ်လိုက်ကာ ...

"မင်းစာအုပ်ကို ယူသွားတဲ့နေ့ကတည်းက ဖတ်ပြီးခဲ့တာ၊ ဖတ်ပြီး တော့ ငါ ဘာလုပ်ခဲ့သလဲ မင်း သိလား"

လွယ် မဖြေမှန်းသိသားနဲ့ မေးကာ မျက်နှာလေးကို စိုက်ကြည့်နေ သေးသည်။ ပြီးမှ ...

"မင်း အဲဒီလောက်ထိ ဘာဖြစ်လို့ ဒေါသထွက်နေတာလဲဆိုတာ ငါ လိုက် စုံစမ်းတယ်"

လွယ့် မျက်နှာလေး အရောင်ရင့်လာ၏။ အချိန်မရွေး ပါးရိုက်ပစ် လိုက်ဖို့ စုဆောင်းမိနေပြီဖြစ်သည့် ဒေါသတွေကို သူလည်း မြင်သည် ဒါပေမယ့် ...

"မင်းဘဝကို နည်းနည်းပါးပါး သိလိုက်ရတဲ့အတွက် မင်းရဲ့ စိတ် မင်းရဲ့ ပါးစပ် တစ်ထပ်တည်း မကျခဲ့တာတွေကြောင့် လူ အထင်သေးစရာ





ဖြစ်ခဲ့တာကို နားလည်ခဲ့တယ်၊ သနားတယ်ဆိုတာ မင်းကို အထင် သေးလို့ ပြောတဲ့စကား မဟုတ်ဘူး၊ မိတ်ဆွေကောင်းတစ်ယောက် နဲ့ နားလည်သွားတာ၊ မေမေနဲ့ မပြေလည်ခဲ့တာတွေကို ခဏထား ခဲ့ကို မင်းအတွက် မိတ်ဆွေတစ်ယောက်လို သဘောထားကြည့်ပါ ခန့်မလွယ် ..၊ ခဏလေးအတွင်းမှာ ငါ့စေတနာအမှန်ကို မင်း မြင် ပါ"

လွယ့် မျက်ဝန်းတွေ တခြား တိမ်းသွား၏။

ပလက်ဖောင်းပေါ် မှာ လူတွေ သွားလာနေကြပြီး သူမတို့ကိုတော့ သူကမှ ဂရုထားပြီး ကြည့်ရှုနေကြတာ မရှိပါ ..၊ လွယ် ငြိမ်သက်နေ သမိန် က စကားလက်စကို အပြတ်မခံဘဲ ဆက်ပြော၏။

"ငါ ငယ်ငယ်တုန်းက ရန်ကုန်မှာပဲ နေတာ၊ နောက်တော့မှ ပြင်ဦး ကို ရောက်သွားတာလေ၊ ရန်ကုန်က မစိမ်းသက်တဲ့နေရာ ဆိုတာ ပြတာပါ၊ အခု ရန့် နဲ့ လက်ထပ်ဖို့ သေချာသွားမှ မိန်းကလေး ပျော်တဲ့ နေလိုက်ပါဆိုပြီး ရန်ကုန်မှာ မေမေတို့က စီးဖို့ကားနဲ့ ခြံနဲ့တိုက် ခဲ့တယ်၊ ခုတော့ ခြံထဲမှာ ငါ တစ်ယောက်တည်းပေါ့၊ ကိုယ့်ရဲ့ သမီး ဆုံးရှုံးခဲ့ရတာကို နှမြောလို့ ရေရွတ်နေတာ မဟုတ်ဘူးနော်၊ အလုပ်အားနေတာကို မင်း သိစေချင်လို့"

စကားပြောရင်း ငါ ဖြစ်လိုက် .. ကိုယ် ဖြစ်လိုက် ..၊

"အဓိက လိုရင်းကကွာ .. ခု အချိန်လေးမှာ မင်းအတွက် မိတ်ဆွေ ကောင်း ဖြစ်ပေးချင်တယ်၊ မင်း လိုအပ်တာတွေ အတော်အတန် ဖြည့်စုံ အတွက် ဒီအလုပ်ထက် လစာပိုကောင်းတဲ့ အလုပ်တစ်ခုခု ကိုယ် နိုင်တယ်"

"ကျွန်မက လက်ခံမှာပဲလို့ ရှင် ထင်လား .."

"ထင်တယ် .. ဒါက ကိုယ့်ဘက်က စေတနာသန့်သန့်နဲ့မို့ပါ မင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီလောက်တော့ လှူကဲခတ် မညံ့ပါဘူး”

လွယ့် မျက်နှာလေးမှာ ပြုံးခြင်းရယ်ခြင်းတွေ ဖြစ်မလာသေး မယ့် မျက်ဝန်းတွေမှာတော့ ရယ်မြူးရိပ်တို့ စွန်းထင်းနေ၏။

“မေမေနဲ့ မင်းရဲ့ တိမ်းစောင်းမှုတွေကို တည့်မတ်ဖို့ ငါ မကြိုး ဘူး၊ လောလောဆယ် မင်းရဲ့ယုံကြည်သူတစ်ယောက်အဖြစ် ရပ်တည် ပဲ လိုချင်တာ”

“ရှင့်မျက်နှာကိုကြည့်ပြီး ရှင့်ရဲ့အမေကို မုန်းတီးကြောင်း တစ်နေ့ အခါရှစ်ဆယ်လောက် ထိုင်ပြောနေရင်ရော ..”

“ရေတွက်ထားမယ် .. အခါ ရှစ်ဆယ် မင်း ပြောနိုင်ရင် ရေသ တစ်ဘူး လက်ဆောင်ထပ်ပေးဖို့ ..”

လွယ် က မျက်နှာကို ဆံပင်တွေ အုပ်ကွယ်သွားအောင် လှည့် လိုက်ပြီး ရယ်သည်။ သမိန် က ကြည့်နေရင်း ပြုံးလျက် ...

“လိမ္မာသွားပြီ .. ပြောရတဲ့လူလည်း အာခေါင်ခြောက်သွားတယ် ရာစ်ခုခု သွားစားရအောင် မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ် ..”

“မိုးချုပ်သွားရင် ဘယ်လိုလုပ်မလဲ”

“မချုပ်စေရဘူး၊ မင်းတို့လေးယောက် လူစုခွဲတဲ့အချိန် အတိအ ပြန်ပို့ပေးမယ်”

ဒါတွေလည်း သူ သိလိုက်တာပဲလား ..၊

ရင်ထဲမှာ ဒေါသတွေ မရှိတော့ဘဲ ပေ့ါပါးနေတာက သေချာသွ သည်။ ပြီးတော့ ပျော်သလိုလို .. ကြည်နူးသလိုလို ..

“ရော့ .. ဖုန်းပြန်ယူ ..”

“မင်းကို ပြောထားတာလည်း ပေးမယ်၊ ဆိုင်ထဲကျမှ ..”

သူက ဖုန်းကိုမယူဘဲ နာရီ ငုံ့ကြည့်ပြီး လှည့်ထွက်သွားသည်။ တော့မှ ပြန်လှည့်လာကာ လွယ့် လက်ထဲက ဆွဲခြင်းကို ယူ၏။





“ဟင့်အင်း .. ရတယ်”

“ပေးပါကွာ .. ဘော်ဒီဂတ်လို့ပဲ ခဏတဖြုတ် သဘောထားလိုက်” ခြင်းကို သူ အတင်းဆွဲယူသွား၏။ လက်ကိုင်အိတ်ကြီးတစ်ဖက်နှင့် ဆွဲခြင်းကိုင်ထားတော့ သူ့ပုံစံနဲ့ ကြည့်ရှုမကောင်းပေ ..၊

ပြန်တောင်းတော့လည်း မရ..၊

“ကားပါတယ်မို့လား ..”

“ပါတယ်လေ .. ကားပေါ်ကို တင်ခေါ်တော့ မင်းက လိုက်မှာမို့ လား”

ဘယ်မှာရပ်ပစ်ခဲ့ပြီး ဒီလောက်ထိ အပင်ပန်းခံနေသလဲ မသိ ..၊

“မင်း လမ်းများများ မလျှောက်ရအောင် ဂျေဒိုးနပ် ဝင်စားမယ်၊ ကြိုက်လား”

“အင်း ..”

မှန်နက်တွေနှင့် တံခါးချပ်ကြီးတွေဆီ လှေကားထစ်တွေကို နင်း တက်ရင်း လွယ့် နှုတ်ခမ်းလေးမှာ ပြုံးယောင်သမ်းနေ၏။

ဘာကို ပေ့ါပါးကြည်နူးနေသည်မှန်း မသိပေမယ့် ကလေးတွေ တာမျိုး လက်လေးတွေ လွှဲ ခေါင်းလေးမော့ပြီး ရယ်ပစ်ချင်မိသည်။

တွေးကြည့်လိုက်တော့ သမိန့် အပေါ်မှာ သူမ ယုံကြည်သွားခဲ့ခြင်း လေသည်။ သူမတစ်သက်လုံးမှာ ဖေဖေကလွဲ၍ သူစိမ်းတစ်ရုံဆံ တစ် ယောက်၏ လိုက်လျောကြင်နာခြင်းကို မရှိခဲ့တာ၊ သူနဲ့သာ ပထမဆုံး..၊

သို့သော် ကြည်နူးရခြင်း အားလုံးဟာ အိမ်ကို ပြန်ရောက်ခဲ့သည့် အထိ ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၂၈ ]

ပါးရိုက်တာတော့ မဟုတ် .. ဒါပေမယ့်လည်း ဖက်ပိုးအုပ်တယ် တာလည်း တစ်သက်နဲ့တစ်ကိုယ်မှာ မခံခဲ့ဘူးတာမို့ ဘယ်လိုရိုက် မှန်း မသိလိုက်မီ လွယ် စားပွဲပေါ်ကို မှောက်လျက်သား လည်ကျသွာ

"အဲဒါ ဒုက္ခိတတစ်ယောက်ရဲ့ လက်ဝါးပဲ .."

ဦးမှန်းဝေ သည် ရိုက်ပစ်လိုက်သည့်လက်ဝါးကို ဖိဆုပ်အံကြိတ် လွယ့် မျက်နှာကို ပြန်မော့လာတဲ့အထိ စူးစိုက်ကြည့်ရင်း စကား တစ်လုံးချင်း ဆို၏။

"ဖေဖေက အိမ်ထဲမှာနေတဲ့ ဒုက္ခိတကြီးပဲ .. ငါ ဘာလုပ်လုပ် ပါဘူးဆိုပြီးတော့ .."

"မဟုတ်ဘူး .. ဖေဖေ .."

"တိတ်စမ်း ..၊ ပါးစပ်ကို ပိတ်ထား"

လွယ် ပူလောင်ကျိန်းစပ်နေသည့် ဂုတ်ကို ဖိကိုင်ရင်း စားပွဲ လက်ထောက်ပြီး မတ်တပ်ပြန်ရပ်သည်။

လက်က နှစ်ဖက်စလုံး မအားတော့ ဆံပင်ရှည်တွေက မျက် တစ်ပြင်လုံးပေါ်မှာ ဖရိုဖရဲ ကပ်ငြိ ဖုံးကွယ်နေကြ၏။





လိုမျက်နှာကို ဦးမှန်းဝေ က နာကျင်သည့်မျက်ဝန်းများနှင့် ငေးစိုက် ကြည့်...

"ငါ ယုံကြည်အားကိုးခဲ့တဲ့ သမီးက ဒီလိုမိန်းကလေးမျိုး ဖြစ်နေ တယ် .. အဖေနဲ့သမီး နှစ်ယောက်တစ်ဘဝလို့ အရှက်မရှိ ပြောမိတဲ့ ခံဝ .. ငါ့ပါးစပ်ကို ငါ အပြစ်ပေးချင်တယ်"

"ဖေဖေ .."

"တိတ်တိတ်နေစမ်းပါ ..၊ ငါက အဖေနေရာမှာ နေခွင့်မရတဲ့သူ သမီးတစ်ယောက်လုံး သူများရဲ့ အငှားမိန်းမဖြစ်၊ အငှားကိုယ်ဝန်ကို ယ်.."

"မဟုတ်ဘူး .. အဲဒါတွေက မဟုတ်ဘူး ဖေဖေ .. သမီး ရှင်းပြတာ ကို နားထောင်ပေးပါ။ ခဏလေး ပြောခွင့်ပေးထားပါ ဖေဖေ..၊ သမီး အဲဒီလို လုပ်ပါဘူး"

လွယ် လက်တစ်ခါခါနှင့် ရှင်းပြဖို့ ကမူးရှူးထိုး ရှေ့တိုးသည်။ ဦးမှန်း ဝေ က စူးရဲသည့်အကြည့်တွေကို မသိမ်းဘဲ ခေါင်းခါလျက်...

"ပထမဆုံး ကြားလိုက်ရတုန်းက ငါ့သမီးကို ယုံကြည်မှုအပြည့်နဲ့ ဆက်ထပ်ကြားရတော့ ဓာတ်ပုံနဲ့တကွ အထိအကျ"

လွယ် တအံ့တဩဖြစ်သွားသည်။ လ မကူးသေးပေမယ့် ရက်တွေ ညောင်းခဲ့ပြီမို့လား ..၊

ဒါတွေ သူမခေါင်းထဲမှာ ရှိတောင်မရှိတော့ပေ။ ဘာဓာတ်ပုံတွေလဲ ဆိုတာကို တွေးကြည့်မိရင်း ရုတ်တရက် ဘာမှမပြောနိုင် ..၊

ဦးမှန်းဝေ သည် လွယ် အသံတိတ်သွားတာကို ဘယ်လိုခံစားသွား သည်မသိဘဲ စူးရဲနေသည့်မျက်ဝန်းမှာ မျက်ရည်ရောင်တွေ စိုလက်လာ ပြီး...

"ပြင်ဦးလွင်ကို ထွက်သွားတုန်းက ငါကတော့ ငါ့သမီးလေး လွင့်



www.burmeseclassic.com

www.burmeseclassic.com



သွားရှာပြီ ဒါ ဘာမှ အကာအကွယ် မပေးနိုင်ဘူးဆိုပြီး ညီမတွေကိုလည်း တလွဲထင်၊ တစ်ဆွေတစ်မျိုးလုံးကို မုန်းတီး .. နင်က ဒီလိုအကြံတွေ ရေငတ်တုန်း ရေတွင်းထဲကျသွားတာကိုး .."

"မဟုတ်ပါဘူး ဖေဖေရယ် .. သမီး ပြင်ဦးလွင်ကို ထွက်သွား အထိ ဒီပြဿနာတွေနဲ့ ဘာမှမဆိုင်ပါဘူး၊ သမီး ရှင်းပြပါရစေ .. ဖေဖေ က စာရေးဆရာတစ်ယောက်ဖြစ်ပြီးတော့ ဒီလို ရှင်းရခက်တဲ့ အဖြ အပျက်တွေ ရှိတတ်တာကို ဘာဖြစ်လို့ လက်မခံရတာလဲ .."

ဦးမုန်းဝေ မျက်ခုံးနှစ်ဖက် တွန့်ခနဲ ဖြစ်သွားပြီး အံသံတိတ်နေ

"သမီးလေ .. သမီး အဲဒီလောက် စာရိတ္တမပျက်ပြားပါဘူး ဖေဖေ

လွယ် သည် မျက်နှာလေးကို ခါပစ်လိုက်ပြီး လက်နှစ်ဖက်နဲ့ပါ မျက် နှာထက်က ဆံပင်တွေကို ဖယ်ရှားပစ်လိုက်သည်။ ထိုအခါ မျက်ရည်တွေ ပြည့်အိုင်နေသည့် မျက်ဝန်းလေးတွေနှင့် မျက်ရည်စီးကြောင်းတွေ စိုနေ နေသော ပါးပြင်လေးတွေက ဦးမုန်းဝေ ၏ ဒေါသစိတ်တို့ကို တစ်ထ လျှော့စေခဲ့လျက် ...

"ဖေဖေ့ကို ဘယ်သူ သတင်းပေးတာလဲ ..၊ ဦးအောင်မိုး လား -

ပြင်ဦးလွင်ကသတင်း ဒီကိုရောက်ရခြင်းက ဦးလေးဝမ်းကွဲ ဦးအော မိုး ကြောင့်သာဖြစ်မှန်း လွယ် တွေးမိသည်။ ဦးမုန်းဝေ က အံသံတိတ် ကြည့်နေသဖြင့် ...

"သမီး ဦးလေးအောင် အိမ်မှာ ခိုကပ်နေရတဲ့ ကာလတစ်လျှော မှာ သူ့သားသမီးတွေက ပြုံပြုံရွှရွှနဲ့ပါ ဖေဖေ ..၊ အဲဒါကို စိတ်ညစ် သမီးနဲ့တည့်တဲ့ အေးအေး နဲ့အတူတူ အပြင်မှာသွားလာနေရင်းနဲ့ပဲ အန် တွေ ဖြုန်းနေမိခဲ့တယ်၊ အဲဒီမှာ သမိန် ဆိုတဲ့လူနဲ့ ဆုံမိတာပါ၊ အစကလည်း မသိဘူး .. တွေ့ကြတော့လည်း သမီး မသိတဲ့လူပါပဲ၊ သူက ကားမှောက်ပြီး ဆုံးသွားတဲ့ သူ့ချစ်သူလို့ စွဲလမ်းပြီး သမီးကို အတင်းတွယ်ကပ်နေတာ





ပေမယ့် သူက လူ့ရမ်းကား မဟုတ်ပါဘူး၊ အဲဒီမှာ သူ့အမေက သမီးကို သသွားတဲ့ မိန်းကလေးလိုပဲ ခဏလောက် ဟန်ဆောင်ပေးဖို့ အကူအညီ တောင်းခဲ့တာ .."

ပြောနေရင်း ဖေဖေ လက်ခံရဲ့လားလို့ မျက်နှာကို ကြည့်ရတာ ည်း အမော့ပါ ..၊ 'မယုံဘူး တော်တော့'လို့ ပြောလိုက်မှာလည်း စိုးကာ အဖြစ်တို့ကို တိုတိုနဲ့လိုရင်းရောက်အောင် မြန်မြန်ဆန်ဆန် ရှင်းပြနေမိ၏။

"ယုံပါ ဖေဖေရယ် .. ပြင်ဦးလွင်မှာ သမီးတို့ အလုပ်သဘောမျိုး ယ်ခဲ့တာပါ၊ အဲဒီအတွက် သမီး သူ့အမေပေးတဲ့ ငွေကိုယူခဲ့တယ်၊ အဲဒါနဲ့ အိမ် ပြင်တယ်၊ ဖေဖေ့ကို သူငယ်ချင်းနဲ့ စပ်တူထိုးတဲ့ထီ ပေါက်တာလို့ ညာခဲ့မိတာက ဒါတွေက အားလုံး ပြီးသွားပြီမို့လို့ပါ"

"ရန်ကုန်က မင်္ဂလာဆောင်မှာ ကိုယ်ဝန်သည်အဖြစ် သရုပ်ဆောင် ခဲ့တာရော .. ဘယ်သူ့ဆီက ဘယ်လောက်ရခဲ့သလဲ"

"ဟင့်အင်း .. အဲ့ဒါ .. အဲဒါက သမီး မခံချင်စိတ်နဲ့ ဒေါသအလျောက် ားခဲ့တာပါ၊ သူ့အမေက သမီးကို အထင်အမြင်သေးစကားတွေနဲ့ မှိုချိုး ချိုး ပြောလို့ .."

"ဘာ!..."

ဦးမုန်းဝေ အံသံကြီး ကျယ်လောင်စူးရှသွား၏။ ညီဝမ်းကွဲတော် သည့် ဦးအောင်မိုး ထံမှ သတင်းတွေ ခဏခဏရောက်လာသည်။

ဓာတ်ပုံနဲ့တကွ မမြင်ရမချင်း သူ လက်မခံနိုင်ခဲ့ပေ ..၊

ကိုယ့်သမီးက မိဘမျက်ကွယ်ရောက်တာနှင့် ဒီလို ထင်ရာလုပ်မယ့် မီးမျိုး မဟုတ်ဟု တစ်ထစ်ချ ယုံကြည်စိတ်နှင့်ဖြစ်သည်။

"ဒါတော့ နာမည်တောင် ကောင်းကောင်းမသိဘူး မုန်းဝေ ..၊ ဝုံသား မီးတွေ ဘယ်ကရလာတယ် မသိဘူး၊ ရန်ကုန်က မင်္ဂလာပွဲပျက်သွား ာရော အဲဒီက တစ်ပိုင်းတစ်စ ပြန်ရောက်လာတဲ့ မင်္ဂလာပွဲက ဓာတ်ပုံတွေ



www.burmeseclassic.com

www.burmeseclassic.com



ရော ငါ သေချာကြည့်လိုက်တာတော့ မုန်းမလွယ် ပဲ...၊ အဲဒီပုံတစ်ပုံ မနည်းယူထားလိုက်ပြီး ငါ မင်းဆီပို့လိုက်တာ၊ မင်းကလည်း မြင်မှ ယုံ ငါ သိပါတယ်၊ အစတည်းက ငါ အကြောင်းကြားသားပဲ .. မင့်သမီး ပြည် လွင်မှာ ကျော်မကောင်း ကြားမကောင်းတာတွေ လုပ်နေတယ်ဆိုတာ

"ခက်တာက သတင်းတွေ ပါလာတိုင်း ငါ့သားသမီးတွေဆီက ဖြစ်နေတယ်၊ ကလေးချင်း မတည့်ကြတော့ ငါဟောင်မှ 'ဟုတ်ရဲ့လား' တွေးမိတာ .. မင်းလည်း ယုံမှာ မဟုတ်ပါဘူး၊ ငါကတော့ ဝတ္တရား အတိုင်း ကြားတဲ့သတင်းကိုလည်း ပို့တယ်၊ မြင်ရတာကိုလည်း ပို့ပေးတာ ပဲ၊ အဲဒါမှ မယုံနိုင်ရင်လည်း မင်း့ သဘောပဲကွာ၊ မိဘချင်း ငါ ကို ချင်းစာပါတယ် .. ပြီးတော့ ငါတို့လင်မယားက မုန်းမလွယ် ကို ချစ် မင်းလည်း အသိ၊ ဒါဖွေကို မင်း လက်ခံတယ်ဆိုရင်တောင် သားသမီး ဒေါသရှေ့ထားပြီး မဆုံးမပါနဲ့ကွာ .. မုန်းမလွယ် က သူများနဲ့မတူ မင်း ရင်ကျိုးရမယ်"တဲ့...။

စာရေးလိုက်တာတွေကို သေချာမှတ်မိနေသေးသည်။

မကောင်းတာတွေ လုပ်နေမှန်း သိတာကို ရင်ကျိုးမှာစိုးပြီး မဆုံး ဘဲ နေရမှာလား .. သားသမီးမို့ ပိုဆုံးမရမှာ ဖြစ်သည်။

မမှားသင့်တာ မမှားရအောင် ပြောပြမည်၊ ရိုက်သင့်ရင် ရိုက်မည် ဒါမှ နားမလည်သေးရင်တော့ မြေပြင်မှန်း ဝေဟင်မှန်း မခွဲခြားနိုင် ဖွတ်တိုးလျှောက်မည်ဆိုလျှင် ...

"ရှေ့မှာ မြေပြင် မရှိတော့ဘူး ..၊ အဲဒါ ချောက်ကြီးပါ"လို့ ရင်ဘ ထုအော်ရင်း ကျန်မနေခဲ့နိုင်ပါ...၊

"ဒီမှာကြည့်" ဆိုပြီး ကိုယ်သအလျှင် လက်တွေ ခုန်ချလိုက်တော မည်။ သမီးမျက်နှာကို စူးစိုက်ကြည့်ရင်း ဦးမုန်းဝေ ကရုဏာတွေ၊ မချင့်ခ ဒေါသတွေနှင့် နှုတ်ခမ်းသားတွေ လှုပ်ခတ်နေပေမယ့် ဘာမှလည်း ဆ





ပြောဖြစ် ...၊

လွယ် သည် ဒေါ်သီရိကျော် အကြောင်းတွေ ပါလာပေမယ့် ဘယ် သို့ပြောပြော ကိုယ့်အတွက် ကောင်းဖို့ဖြစ်မလာနိုင်တာကို သိသည်။

တို့ကြောင့် တတ်နိုင်သမျှ ကျော်လွှားထားခဲ့ရင်း...

"မြင်ဦးလွင်မှာ စိတ်ဝေဒနာရှင်ဖြစ်နေတဲ့ သူ့သားအတွက် အားလုံး ဝိုင်းကူညီဖို့၊ ဘယ်လိုစခန်းသွားဖို့ သူပဲ စီစဉ်ခဲ့တာ၊ အဲဒီထဲမှာ သမီးနဲ့ သူ့သား နီးစပ်သွားမှာစိုးလို့ လုံးဝကင်းရှင်းအောင် စီမံခဲ့တာတွေလည်း ပါတယ် ဖေဖေ၊ အဲဒါကြောင့် သမီး ဘာမှမဖြစ်ခဲ့ဘူးဆိုတာ ယုံပါ၊ မဖြစ်နိုင် ဘူးဆိုတာ သိလို့လည်း သမီး ဒါကို လုပ်ဖြစ်ခဲ့တာ"

"သိပြီ .."

ဦးမုန်းဝေ ထံမှ ရင့်သီးပြတ်သားသည့် စကားသံ ထွက်လာခဲ့ပြီး...

"သမီး ဘယ်လိုအနေအထားနဲ့ အဲဒီမှာ နေခဲ့ရတယ်ဆိုတာ ဖေဖေ သိပြီ"

လေသံက ပျော့ပျောင်းခြင်း မရှိပေမယ့် ညှံ့သက်သွားခဲ့သော အသုံး အနှုန်းတွေကြောင့် လွယ် ဝမ်းသာလွန်းလို့ မျက်ရည်ဝေလေသည်။

"မင်္ဂလာပွဲကို ဖျက်တာက ဘယ်သူနိုင်းတာလဲ ..၊ သူ့အမေကို ကျေနပ်တာ သက်သက်လား၊ ဒီကောင်လေးကို သမီး မေတ္တာရှိလို့ ဖျက် တာလား"

"သူ့ကို သမီး ဘယ်လို ဖောက်ပြားတဲ့စိတ်မှ မရှိခဲ့ပါဘူး ဖေဖေ .. သမီး စိတ်ထဲမှာ အန်တီသစ် တို့ အန်တီချစ် တို့နဲ့ ကင်းရှင်းချင်တယ်၊ သူတို့ဆက် မသာနိုင်ဘူးဆိုတာ သိပေမယ့် သမီးနဲ့ ဖေဖေ သူတို့လက် အောက်မှာ နိမ့်ကျနေတာမျိုး မဖြစ်ချင်ဘူး၊ အဲဒီဆန္ဒတွေ ပြင်းပြနေတာ ကလွဲရင် တခြား ဘာစိတ်မှ မရှိခဲ့ဘူးဆိုတာ မှန်သောစကားပါ"

ဦးမုန်းဝေ တိတ်ဆိတ်စွာ နားထောင်နေခဲ့၏။ လွယ် ၏ ရှေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ထပ်တိုးလာကာ တောင်းပန်သနားခံသည့် မျက်နှာလေး မော့၍…

"ရန်ကုန်မှာ အဲဒီမိန်းမကြီးနဲ့ အမှတ်မထင် ပြန်ဆုံတာပါ..၊ သူ့ သူ့သား မင်္ဂလာဆောင်ခါနီးမှ သမီးက ဖျက်ဆီးဖို့ ကြိုးစားတယ်ထင် မဟုတ်တမ်းတရားတွေ လာပြော .. ရင့်ရင့်သီးသီး စကားလုံးတွေနဲ့ ပ ခတ်လွန်းလို့ သမီး …"

"တော်တော်မိုက်တဲ့ မိန်းကလေး"

လွယ် မျက်နှာလေး ငုံ့သွားကာ ဦးမုန်းဝေ ခြေထောက်နား ဒူးထောက်လျက်လေး ထိုင်ချလိုက်ရင်း…

"သမီး မှားသွားပါတယ် .. အဲဒါ ဒေါသတစ်ခုကို မထိန်းလိုက်နိုင် တဲ့ အမှားပါ ဖေဖေ..၊ စာရိတ္တပျက်နေလို့လည်း မဟုတ်ဘူး၊ ငွေကြေး လည်း မပါပါဘူး..၊ ပြီးတော့ ကိုယ်လုပ်တဲ့အမှား ဘယ်လောက်ကြီးမ ကျယ်ပြန့်သွားနိုင်တယ်ဆိုတာလည်း ရုတ်တရက် မတွေးမိလောက်အေ သမီး မိုက်ခဲ့ပါတယ် .. ဒီမိန်းမကြီးကို စိတ်ဆင်းရဲစေချင်လို့ ပြောလို့လ တာ ဘာဖြစ်လဲဆိုတဲ့ မိုက်စိတ်နဲ့ ကျူးလွန်ခဲ့တာပါ"

ဦးမိုးဝေ မျက်လုံးတွေ မှိတ်ချလိုက်ကာ ခေါင်းတရမ်းရမ်း ဖြ သွား၏။

"ဖေဖေ သမီးကို အထင်မလွဲပါနဲ့နော် .. သမီးဘဝမှာ လေးစ အားကိုးရဆုံး အချစ်ရဆုံးလူက ဖေဖေပါ၊ သမီး ဘာတွေးတွေး ဘာလု လုပ် ဖေဖေက ပထမ၊ ဖေဖေပဲ ဒုတိယပါ..၊ ခုနကလို စကားမျိုး မပြော နဲ့ ဖေဖေနော်..၊ သမီး အဲဒီလို ဘယ်တော့မှ မတွေးဘူး"

"ထ .. ထ"

ဦးမုန်းဝေ ခြေတစ်လှမ်း နောက်ဆုတ်လိုက်ပြီး လွယ့် ကို လ ကမ်းပေးသည်။ ဘယ်လိုမှ ခွင့်မလွှတ်ချင်ပေမယ့် ကိုယ့်သမီးလေး ဖြ နေတော့လည်း ဒေါသက အနိစ္စထဲကို လိုင်းကူးသွားခဲ့၏။





ရှေ့မှာ လွယ့် မျက်နှာလေး မော့ငေးလာတော့ ပခုံးလေးတစ်ဖက်ကို ဆုပ်ကိုင်၍…

"သမီးကိုယ်ဝန်နဲ့တုန်းက သမီးရဲ့မေမေ ဖေဖေ့ကို ဘာပြောသွားလဲ မီး သိလား .."

ဦးမုန်းဝေ က ခဏရပ်လိုက်ပြီးမှ …

"ဒီကိုယ်ဝန်ကို စရိုက်ပျက်တွေကြားထဲမှာ မမွေးနိုင်ဘူးတဲ့..၊ ရှင် ယ်လောက်ပဲ နာမည်ကျော်နေပစေ နောက်ချေးတောထဲက ပန်းပွင့်ပဲတဲ့"

နာကျင်မှုများနှင့် ဦးမုန်းဝေ ၏ စကားသံတို့က တုန်ချင်ချင်။ ပြီး တော့ ဆက်မပြောချင်တော့ပေမယ့် မဖြစ်မနေ ပြောရသည့်စကားတွေကို ကြိတ်ရင်း ရှေ့ဆက်၏။

"ဟုတ်တော့ ဟုတ်ခဲ့ပါတယ်၊ ဖေဖေက လူဆင်းရဲ အသိုင်းအဝိုင်းထဲ မွေးဖွားလာတဲ့သူ၊ ပညာတတ်နည်းပါးတဲ့ထဲမှာ ဖေဖေတစ်ယောက်ပဲ ချွန်ခဲ့တယ်၊ အောင်မြင်တဲ့ စာရေးဆရာ ဖြစ်ခဲ့တယ်"

'အမုန်းဆူး' ဆိုသည့် နာမည်နှင့် အောင်မြင်ခဲ့လို့ထင်သည်။ အမျိုး မျိုးသော အကြောင်းကြောင်းကြောင့် ဦးမုန်းဝေ ရဲ့အောင်မြင်မှု သက် မ်းက မပြီးဆုံးဘဲ ပျောက်ကွယ်ခဲ့ရ၏။

ဇနီးသည်နှင့် ကွဲကွာခဲ့ရသည့်နောက်မှာ အောင်မြင်နေသည့်နာမည် စ်လုံးကိုလည်း သူ မမက်မောတော့ဘဲ အရက်နှင့် အချိန်တွေဖြုန်းခဲ့ သည်။ သမီးလေးကို သူ့အမေ နောက်ထပ်တစ်ခါ လာခေါ်ပါသေးသည်။ ပေမယ့်…

"ဖေဖေရဲ့ အောင်မြင်မှု အနာဂတ်တွေအားလုံးကို သမီးမေမေပဲ ဖျက်ချိုးခဲ့တာ၊ အရာအားလုံးကို သည်းခံနိုင်ခဲ့ပြီး နောက်ချေးပုံထဲမှာ ပွင့် ့သန်းဆိုတဲ့စကားကို ဖေဖေ ခွင့်မလွှတ်နိုင်ဘူး၊ အဲဒါကြောင့် သမီးလေး ခင်မဲ့ခဲ့တာပါ၊ ဖေဖေကိုယ်တိုင်လည်း သမီးကိုမငဲ့ဘဲ အရက်နဲ့ မွေ့ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ခုတော့ .. သမီးက ဖေဖေ့ရဲ့ဝန်ကို မနိုင်မနင်း ထမ်းနေရတယ်၊ တကယ်ဆိုရင် ဘယ်လိုမှ လိမ္မာယဉ်ကျေးလာဖို့မရှိတဲ့ သမီးရဲ့မှားယွင်းမှုတွေက ဖေဖေ့ကြောင့် ..."

"မဟုတ်ပါဘူး ..၊ အဲဒါတွေ ထားလိုက်ပါ ဖေဖေ"

"ဖေဖေပြောချင်တာ ကျန်သေးတယ် သမီး .. ဖေဖေ မကောင်းခဲ့တာ မှန်တယ်၊ သမီး မလိမ္မာတာလည်း သဘာဝကျပေမယ့် သမီးမေမေ ပြောတဲ့အတိုင်း သမီးဖြစ်လာတာကို ဖေဖေရင်နာတယ်၊ ရှက်လည်း ရှက်တယ်၊ ဖေဖေ့လက်ထဲမှာ ကြီးပြင်းလာရင် ဒီလိုပဲ ဖြစ်မယ်လို့ ..."

"ဒါပေမယ့် သမီးကို ဖေဖေ့လက်ထဲမှာပဲ ထားခဲ့တယ်မို့လား ဖေဖေ"

"ဖေဖေက တလွဲမာနတွေနဲ့ မပေးခဲ့တာပါ၊ အဲဒီအချိန်မှာ ငါ့သမီး ဘဝကို တင့်တယ်အောင် ငါမွေးမယ်၊ သူပြောသလို မဖြစ်ရဘူးဆိုတဲ့ မာနတွေနဲ့ပေါ့၊ တကယ်တမ်းကျတော့ အရှင်လတ်လတ် ရင်ခွဲပြီး ရှုံသမျှ ကလီစာတွေ ထုတ်ယူသွားသလိုပဲ၊ အချစ်ကြောင့် ဖေဖေ ကျရှုံးခဲ့တယ်၊ ဖေဖေ့ရဲ့ ကျရှုံးမှုကြောင့် သမီးတစ်ဘဝလုံး အမြင့်ကို မရောက်နိုင်ခဲ့ဘူး"

"အဲဒါလည်း သမီးရဲ့ ကံကြမ္မာပါပဲ ဖေဖေရယ် .. ထားလိုက်ပါတော့"

သားအဖနှစ်ယောက်၏ နာကျင်ခြင်းတွေ အဆုံးမသတ်ရသေးမီ ဒေါ်နုသစ် က ပြောသမျှတွေကိုလည်း ကြားပြီးဖြစ်ပုံနှင့် ခပ်လှုပ်လှုပ်ဝင်လာကာ..

"အမလေး ငါကတော့ ငါ့အစ်ကိုကြီး ပေါက်ကွဲနေပြီ .. မတရား သဖြင့် ရိုက်နှက်နေရင် ဝင်တားဦးမှဆိုပြီး လာကြည့်တာ"

"ဝင်တားဖို့ ဟုတ်ရဲ့လား အန်တီသစ် ရယ် .. ရိုက်မှရိုက်ရဲ့လား ဆိုပြီး နာနာမရိုက်မှာစိုးလို့ လာချောင်းကြည့်တာမို့လား"

လွယ့် မျက်နှာလေးက ချက်ချင်းတင်းသွားသည်။ ဘယ်တုန်းကမှ နွေးထွေးခဲ့သည်မရှိသော ခံစားချက်တို့က ဒီအသံ ဒီမျက်နှာတွေကို ရင်





လိုက်ရတိုင်း အဒေါ်အရင်းတွေပါလားဆိုတာလည်း မမြင်၊ သွေးသား ယာဇဉ်ဆိုတာလည်း ဘာမှမရှိ၊ ထူးဆန်းစွာ ဖွဲ့စည်းလာခဲ့သည့် န်းတရားတို့၏ အလိုအတိုင်း ..၊

"လွယ့် ပြဿနာတွေကို တစ်တိုင်းပြည်လုံး သိသွားကြတာထက် တီသစ် တို့ အိမ်ကလူတွေ သိမှာကိုပဲ ကြောက်တာ၊ အခု သိနေပြန်ပြီ ဘား"

"ဖြစ်ရလေ ငါးစိမ်းသည်မရယ် .. သွေးသားမှန်းမသိ ဆွေမျိုးမှန်း သိ မျက်စိမဖွင့်သေးဘဲ လိုက်ဟောင်နေတဲ့ ခွေးဖဲ့ပါက်လေးလို ညည်းက ထဲက ထွက်လာကတည်းက ငါတို့မောင်နှမတွေကို ပေါ်ပြီး ထွက် တာ၊ ကျုပ်တို့ကတော့ ဘယ်တော့မှ ပက်လက်လှန်ပြီး တံတွေးမထွေး ဘယ်လိုပဲ မိုက်ရိုင်းနေနေ တူမတော်နေတော့ ညည်း မကောင်းတိုင်း တွေ သိက္ခာကျတာပဲ၊ အဲဒါကိုတော့ ဆုံးမစေချင်တယ်၊ ရိုက်သင့်ရင် .. နှင်သင့်ရင် နှင်ပေါ့၊ ဖအေကိုတောင် ရှာကျွေးနေသေးတာ၊ အိမ် အိမ်ကောင်း ဆောက်ထားတာလည်း ဒီမှာ ကော့ကျော့လို့လေ .."

ဒေါ်နုသစ် က အိမ်ကို ကြမ်းခင်းနဲ့ခေါင်မိုး မျက်လုံးညှောင်းအောင် ခန့်ချီ ကြည့်လိုက်ပြီးမှ ...

"ညည်းလို သမီးမျိုးကို နှင်ထုတ်လိုက်လည်း ဝတ်နေမလား .. ဘဝ နေမလားလို့ ပူဖို့မှ မလိုတာ"

"နုသစ် .."

"နေပါဦး ကိုကြီးရဲ့ .. ကိုကြီးသမီး အခု ဘာတွေလုပ်နေသလဲ၊ း ကြားလည်း ကြားပြီးပြီ၊ မြင်လည်း မြင်ပြီးပြီ၊ ဒါကို ဘာဖြစ်လို့ ဘဲ ဒီသမီးကိုမွေးတဲ့ ဟို မိန်းမရိုင်းကိုပဲ လှမ်းဆွေးပြနေရတာလဲ"

"ငါ့သမီးကို ဆုံးမတာ မဆုံးမတာ နှင့်တို့သင်ပေးဖို့ မလိုဘူး။ လမ်း တဲ့စကားတွေကိုလည်း ငါ နားမထောင်ချင်ဘူး၊ နှင် ပြန်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုသစ် မျက်လုံးတွေ ရူးရူးရဲရဲဖြစ်သွားသည်။ ဘယ်တုန်းက ရှိုင်းရှိုင်းစိုင်းစိုင်း ပြန်မအော်ခဲ့ဘူးသည့် အစ်ကိုမို့ ပက်ခနဲ ပြောလိုက် စကားက လျှာဖျားရောက်မှ တစ်ထောက်နားသွားသည်။

ဒါပေမယ့် နာကျင်ခဲ့ရတာလည်း နှစ်တွေကြာညောင်းခဲ့ပြီဖြစ်ရာ

"ဟုတ်ပါတယ် .. သစ်တို့က လမ်းမကျတဲ့စကားတွေပဲ ပြောတတ်တဲ့ စရိုက်ပျက် အဆင့်အတန်းတွေပါ။ ကိုကြီး မိန်းမရကတည်းက ပြော မယ်ဆိုရင် ဒီကောင်မလေး သစ်တို့ သွေးသားထဲကို ရောက်လာကတည်း က ကိုကြီးမိန်းမ သတ်မှတ်ခဲ့တဲ့ အဆင့်အတန်းပါပဲ"

"နုသစ် .. ငါ အဲဒါတွေကို မကြားချင်ဆုံးနော်၊ နင် တော်တော့"

"ပြောခွင့်လေးတော့ ပေးပါ ကိုကြီးရဲ့ .. အခု မအေတူသမီးက လည်း အောက်ကနေပြီး ကြောက်ပြီလား ပြန်မေးနေတာပဲ၊ သစ် တို မောင်နှမတွေအားလုံး ကိုကြီးကို ချစ်တယ်၊ ကိုကြီးရဲ့ကျေးဇူးတွေလည် ရှိခဲ့လို့ ခုလို ဝိုင်းဝန်းပံ့ပိုးနေခဲ့ကြတယ်၊ ဘယ်လိုပဲ ကူညီပံ့ပိုးခဲ့ပစေ ကိုကြ သမီး လေးစားရိုသေခဲ့တာ တစ်ချက်မှ မရှိဘူး၊ ကျေးဇူးတင်ရကောင်းမှန် နားမလည်ဘူး"

"ဘယ်လိုကျေးဇူးတင်တာ ခံချင်လို့လဲ ..၊ အန်တီသစ် တို့ မိသား တွေအောက်မှာ ပြားပြားဝပ်ပြီး ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးလိုလား"

"ညည်းလိုမိန်းမ ဘယ်တော့မှ အစွယ်မကျိုးဘူးဆိုတာ ငါတို့က နားလည်ပြီးသားပါ"

"သိလည်း မပြောနဲ့ပေါ့၊ အန်တီသစ်တို့ ဖေဖေ့ကို ချစ်တယ်မို့လား ဖေဖေ့ကို ရိုသေပြုစုကြလေ .. လွယ် နဲ့က အလွတ်ကြီးပဲ၊ စေတနာမေတ္တာ ဆိုတာ အသွားအပြန်ရှိတယ်"

"ပြောနေလိုက်တာများ တစ်လောကလုံးကို ခါးစောင်းတင်မယ် လေသံနဲ့အေ"





ဒေါ်နုသစ် ရဲ့အောက်က အငယ်ပေမယ့် ဘယ်တုန်းကမှ ညီမတွေ မတွေ ရိုသေသမှုနဲ့ မဆက်ဆံခဲ့ကြသည့် အစဉ်အလာအတိုင်း ...

"နင်မို့လို့ပဲ သစ် ရယ်... ပြောစရာရှိရင် ကိုကြီးကိုပဲပြော၊ တိုင်စရာ င် တိုင်ပေါ့၊ ကိုယ့်အစ်ကိုက ပြောဆိုတာ တရားတရား မတရားတရား ယ်တဲ့လူက ခံပြောနေတာ မရှက်ဘူးလား .."

ဒေါ်နုချစ် ပြောပုံက ဘယ်ဘက်ကိုမှ ကောင်းတာမပါဘဲ မြှောက် ဆိုလို ကိုက်ပေါက်လိုက်သလိုလို ..၊

"ဒီမိန်းမအကြောင်း စကားထဲလည်း မပါစေနဲ့၊ အိပ်မက်ထဲတောင် ယ်မခံနဲ့ ကိုယ့်သွေးသားဖြစ်နေတဲ့သူကိုတော့ မခေါ်ဘဲ နေလို့ရပေမယ့် ဘော်ချင်လို့မှ မရတာ"

"မတော်ချင်လည်း ရတယ်လို့ သဘောထားလိုက်ကြ၊ နင်တို့ပြန် တော့"

ဦးမုန်းဝေ နောက်ထပ်နှင်ကာမှ ဒေါ်နုချစ် က ဒေါ်နုသစ် ကို လက် ချိတ်၏။ အစ်ကိုဖြစ်သူ ဘာပြောနေနေ သူမတို့ကိုယ်တိုင်လည်း သးမစား ပြောမိတာ ရှိချင်ရှိမည်။

ဒါပေမယ့် ဒီအစ်ကိုအပေါ်မှာ စိတ်နာတာ စိတ်ကွက်တာ ဘယ် မှရှိ ..၊ ညီမနှစ်ယောက်ရဲ့ မျက်လုံးတွေက လွယ့် မျက်နှာပေါ်မှာ လိုက်ရဘဲ လွတ်ထွက်သွားသည့် အမဲတစ်ကောင်လို ..၊

ယောက်မကို မုန်းသည့်အမုန်းက ဒီမိန်းကလေးကို ငါ့အစ်ကိုရဲ့ သွေးလေးပါလားလို့လည်း မမြင်ချင်တော့ပေ ..၊

သင်းကိုက မေတ္တာမထားချင်အောင် မိုက်ရိုင်းလွန်းလို့ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၉ ]

"ဘာ အရေးအခင်းတွေ ဆွေးနွေးနေကြတာလဲ ..၊ ဒီနေ့ အ
သိမ်းပြန်ရင် နင်တို့ကို ရန်ကင်းစင်တာမှာ အခေါက်ကင်နဲ့ အအေး
တိုက်မယ်"

"အခေါက်ကင် .."

"အင်း"

"တကယ် .."

"တကယ်ပါဆို .."

"တကယ်နေမှာပေါ့ .. ဟိုနေ့က သမိန့် ဆီက စာမူခရထားတ
မဒီ က မျက်နှာငယ်လေးနှင့် စကားမဆို၊ ရွှေ က မယုံသ
မေးတော့ သီတာ က လူတတ်ကြီးလုပ်ပြီး ပြောပြနေ၏။

လွယ် က ခေါင်းရော လက်နှစ်ဖက်ပါ ခါပြကာ ...

"လုံးဝ မဟုတ်ဘူး ..၊ ငါ သူ့ဆီက တစ်ပြားမှ မယူခဲ့ဘူး"

"လာပြန်ပြီ ထူးဆန်းအံ့ဖွယ်တွေ"

"ဟုတ်တယ် .. နင်တို့ကို ငါ မနက်ကပြောသားပဲ၊ သူနဲ့ ငါ မိ
ဖွဲ့ထားတယ်လို့"





"အေးလေ အဲဒါ ပိုက်ဆံကြောင်းမှ မပြောပြဘဲ"

"ခု ပြောပြီလေ .. မုန့်ကျွေးမှာက သပ်သပ်ပါဆို .."

ကောင်တာတွေမှာ လူပါးတုန်း စကားပြောဖို့ အခွင့်အရေးတွေ
နေကြသည်။ ထုံးစံအတိုင်း လူရှုပ်နေတတ်သည့် ရွှေ တို့ရဲ့ ဖိနပ်ဆိုင်
ဘက်ကို နာရီဆိုင်ကနေ လွယ် က ကူးလာခဲ့တာ ဖြစ်၏။

"ဒါဆို ဘာတွေ ကံစမ်းမဲ ပေါက်လာတာလဲ .. ပြော .."

ရွှေ က ထပ်မေးတော့ လွယ် က လည်ဂုတ်လေးထဲ လက်တစ်
သွင်း၍ ပွတ်သပ်ရင်း ရယ်ကျဲကျဲမျက်နှာလေးနှင့်...

"မနေ့က ငါ ဓာတ်ပိုးအုပ်ခံရတယ်ဟ .."

"ဟင်!.."

"အဲ့ဒါကြောင့် မုန့်ကျွေးမှာ ဟုတ်လား"

"ဟုတ်တယ် .. အသားနာပေမယ့် ဖေဖေနဲ့ ငါ့ရဲ့ကြားက ဖုံးဖိဟန်
ဆောင်ထားရတဲ့ ပြဿနာတွေ အဲဒီရိုက်ချက်ထဲမှာ အားလုံး ပါသွား
ယ်"

"ရှင်းအောင် ပြောစမ်းပါဟယ်"

လွယ် က စကားပြောလို့ ရမရ မားကတ်ထဲမှာ သွားလာနေကြ
ည့် လူဦးရေ အနည်းအများနှင့် အခြေအနေကို တစ်ချက်ကြည့်လိုက်
သည်။ ပြီးမှ လိုရင်းကို မြန်မြန်ဆန်ဆန် ပြောပြလိုက်ကာ...

"သမိန် နဲ့ ငါ အခု ပြေလည်သွားတဲ့အဆင့် မပါဘဲ ရှေ့က ရှုပ်ထွေး
ာတွေ အားလုံး အခု ဖေဖေ သိသွားတယ် .. နားလည်သွားတယ်..၊
တီသစ်တို့ ညီအစ်မတွေလည်း ဖေဖေ့ကို သွေးထိုးလို့ရဲလို့ လက်
သွားကြတယ်၊ အဲဒါ ဘယ်လောက် မင်္ဂလာရှိလဲ၊ ကဲ.. ငါ့အတွက်
လုံး လွတ်လပ်အေးချမ်းသွားပြီ..၊ ဖေဖေက နောက်ထပ် ငွေနောက်
ိမ်လို့ မှားတာမျိုး ထပ်မဖြစ်စေနဲ့တဲ့၊ ဒါပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း .."

ရွှေး က သက်ပြင်းလေးချ၏။ သီတာ က ခေါင်းတညိတ်ညိတ်... လူကြီးလေးလို...

"နားရင်းအုပ် ခံထားရတဲ့ အခေါက်ကင်လေးကို စားရမှာတော့...

"ဘာလဲ မစားရက်တော့ဘူးလား"

"မဟုတ်ပါဘူး .. မြန်မြန် အလုပ်သိမ်းပါစေ ဆုတောင်းမလို့ ... ကြာ စိတ်ပြောင်းသွားရင် မကျွေးတော့ဘူးဆို ဒုက္ခ"

ရွှေး က ရယ်လိုက်ပြီး မျက်လုံးက မဒီ ဆီရောက်သွားကာ ... နေတာတွေ တို့လို့တန်းလန်းနှင့် ရပ်၏။ လွယ် က ခုမှ သတိထားမိ... ခဲ့ပြီး ...

"မဒီ ဘာဖြစ်နေတာလဲ .."

"အင်း .. ထုံးစံအတိုင်းပေါ့ဟယ်"

သီတာ က ပြောမလို့ပေမယ့် ကောင်တာပေါ် ရောက်လာသ... ဖိနပ်အိတ်တွေကြောင့် ကွန်ပျူတာရှေ့ကို ရောက်သွား၏။

ရွှေး ကပဲ မဒီ ကို အားမလိုအားမရ ကြည့်၍ ...

"ဘေးလူကပြောပြရင် နင် တစ်မျိုး ခံစားရဦးမယ်၊ ကိုယ့်ဟာကိ... ပြောပြလိုက် .."

မဒီ ကလည်း မေးပါစေလို့များ ကြိတ်ဆုတောင်းနေသလား ... ပြောပြချင်နေသည့် မျက်နှာလေးနှင့် လွယ့် ဘက်ကို လှည့်လာက...

"ထွက်မြတ် လေ .."

"သိပါတယ် .. အဲဒါပဲဆိုတာ ..၊ ပြောမှာသာ မြော"

"ဒီနေ့ မနက်အစောကြီး သူတာဝန်ခံဆီမှာ အိပ်တာထင်တယ်... အထပ်က ဆင်းလာတော့ ငါက ငါ့အခန်းက ထွက်တာနဲ့ .."

"တိုက်မိကြရောလား .."





"မတိုက်မိပါဘူးဟာ .. ငါကိုက သူနဲ့ပတ်သက်ရင် အားနည်းချက်... တာပါ"

ပြောပြရင်း မျက်တောင် ပုတ်ခတ်ပုတ်ခတ်ဖြစ်လာတော့ မျက်ရည် ...ဉ်နေပြီကို သီကာ လွယ် စိတ်တိုသွား၏။

"ဘာတွေဖြစ်တာလဲ ပြောစမ်းပါ ..၊ နင့်မှာ ဒါပဲ"

"ငါ မှားတာပါ၊ သူ့ကိုယ်ကနေ ပြုတ်ကျသွားတာကို တမင်ချပစ်... .. ကျကျန်ခဲ့တာမှန်း မစဉ်းစားလိုက်ဘဲ 'ပစ္စည်းတစ်ခုခု ကျသွားပြီ' ...သူ့ကို လှမ်းအော်လိုက်မိတယ်"

"အဲဒါ ဘာဖြစ်သွားလို့လဲ"

"စနိုးတာပါလေ .. သူက အမှိုက်ချလိုက်တာကို ငါက အဲဒီလို ...လိုက်တော့ စဉ်းစားကြည့်ပေါ့"

"ဘာ စဉ်းစားရမှာလဲ .. ကျခဲ့တာ မဟုတ်ဘူး၊ အမှိုက်မို့လို့ ချလိုက် ...ပါလို့ ပြန်ပြောရင် ပြီးပြီပဲဟာ"

မဒီ က အဲဒီလို မဟုတ်တာကို ခေါင်းခါပြောနေပြီး စကားသံက ...တ် ..၊ ထိုအခါကျမှ ရွှေး က ဝင်၍ ...

"အဲဒီလို မဟုတ်ဘူး လွယ် ရယ် .. ဟိုက ပြုံးစိစိနဲ့ ပြန်မေးသွား...တဲ့"

"ဘယ်လို .."

"မင်း မမောသေးဘူးလား .. တဲ့"

"အမာ .."

လွယ် ဒေါသထွက်သွားကာ မဒီ ကတော့ ပေါက်ခနဲ ကြွေဆင်းသွား ...ည် မျက်ရည်ကို ဖုံးကွယ်ရန် မျက်နှာလေး ငုံ့ပစ်ရှာ၏။ ရွှေး က ဆက်

"ဒီကောင်နဲ့ပတ်သက်ပြီး သူ တစ်နေ့နေ့ ခံစားရဦးမှာလို့ ငါ ပြောခဲ့



www.burmeseclassic.com

www.burmeseclassic.com



သားပဲ၊ ဘာဖြစ်ဖြစ် မိန်းကလေးတစ်ယောက်က ကြိတ်ချစ်နေပြီဆိုရင် တစ်ဖက်ယောကျာ်းလေးက မသိဘဲ မနေဘူး။ ကိုယ့်ကို သဘောကျတဲ့ လည်း မပြဘဲနဲ့ ခေါင်းထဲ ထည့်မနေပါနဲ့ဆိုတာ နားမှမထောင်တာ"

"အို .. ချစ်တော့ ဘာဖြစ်လဲ၊ ယောကျာ်းဖြစ်ဖြစ် မိန်းမဖြစ်ဖြ တစ်ဖက်သတ်ဖြစ်ဖြစ် နှစ်ဖက်သတ်ချစ်ချစ် ကိုယ့်ဖာသာ ချစ်ချင်လို့ ချ တယ်၊ ဘာဖြစ်လဲ .. ယောကျာ်းဖြစ်ပြီး ဒီလို မစာမနာ ပြောစရာလား"

မဒီ က ငိုနေတာကိုလည်း လူသိမှာစိုးကာ မျက်ရည်ကို ကုန်ငေ အောင် သုတ်ပြီးမှ ပြန်မော့ကာ...

"ကိုယ်က သိက္ခာမရှိသလို ဖြစ်သွားတာကိုး ..၊ ငါ့အပြစ်နဲ့ ငါ လွယ် ရယ် .. သူကိုက သူ့ကို အဲဒီလို စပြီး ရင်းနှီးဖို့ကြိုးစားတဲ့မိန်းကလေ တွေရှိတော့ မာနကြီးနိုင်တာ"

"ဘာ မာနလဲ .. အဲဒီလို မာနမျိုးများ ဟွန်း .."

"နင်က လက်မခံနိုင်ဘူးလား"

ရွှေး က ကောက်ခါငင်ကာ မေး၍...

"ရုပ်ရှင်ဆန်ဆန်လေး နင် လှုပ်ရှားလိုက်ပါလား လွယ် ..၊ ကိုယ့်ကို ကိုယ် မဒီ လို အဖြစ်မဆိုးအောင်တော့ ထိန်းပေါ့၊ မအောင်မြင်ရင်လည် ငါတို့တွေချည်းပဲ ရှက်စရာမလိုဘူး၊ အောင်မြင်ခဲ့ရင် ငါ့ရဲ့ တစ်လစာ နင့်ကို အကုန်လုံးပေးမယ်"

"ဘယ်လို .. ရွှေး .. နင် ဘာပြောတယ်"

"ကိုယ့်သူငယ်ချင်းအတွက် မကျေပွဲလေးပေါ့ ..၊ မဒီ က အဲဒီကော နင့်ကို ပြေပြေလည်လည် ပြောဆိုလာမယ်၊ ရွှေ့ဆက်ဖို့အတွက် အိုေ တဲ့အဆင့် ရောက်နိုင်မယ်ဆို နားလိုက်တော့"

"ဘယ်လိုကြီးလဲ .."

လွယ် က မျက်မှောင်လေးကုတ်၍ ပြန်မေးခဲ့။





"ဟုတ်တယ်လေ .. ရင်ဘတ်ကြီး ဟာင်းလင်းပွင့်အောင် ကြိတ် ်နေတဲ့ ကိုယ့်သူငယ်ချင်းက ရှိနေတော့ ရုပ်ရှင်ထဲကလို တွဲသွား ာ ဟိုလိုလို ဒီလိုလိုအဆင့်တွေ ပါလို့မဖြစ်ဘူး၊ ပညာပြရုံလေးပဲ"

လွယ် က မျက်ခုံးလေး ခပ်မင့်ပင့်နှင့် စိတ်ဝင်စားသွားသည့်မျက်နှာ ာ တဖြည်းဖြည်း ကြည်လင်လာသည်။

ငွေနောက် မလိုက်တော့ပါဘူးလို့ ဖေဖေ့ကို ကတိပေးခဲ့ပေမယ့် နှာက မနေ ..၊ ပြီးတော့ ဟုန်းခန့် ထတောက်လိုက်သည့် ပထမဆုံး ာဒေါသက ကိုယ့်သူငယ်ချင်းဘက်က မခံနိုင်သည့် မာနနဲ့မို့ ..၊

"မဒီ .."

သူမ မဒီ ကို ခေါ်ပြီး မျက်နှာတည့်တည့် လှည့်ပြကာ ...

"ငါက အဲဒီလောက်ထိ ဖြစ်မြောက်နိုင်မယ့် ရုပ်ရည် ရှိရဲ့လား"

မဒီ က မျက်လုံးလေး ဝိုင်းနေအောင် ကြည့်နေရင်း ခေါင်းခါလိုက် ဖြင့် ထောက်ခံလေသည်။

"အဟွန်း .. အားတက်ဖွယ်ပဲ"

လွယ် က တစ်ချက်မျှ အပြုံးမပျက်ပေ ..၊

"လွယ် ရယ် .. သူနဲ့ စေ့စပ်ထားတဲ့တစ်ယောက်က ချမ်းသာ ာက် ဝတ်နိုင်စားနိုင်တော့ ဖြုန်းခနဲကြည့်ရင် အေးမြတ်သူ လိုပဲ၊ ်င့်မပါပေမယ့် အရမ်းလှတာ၊ အဲဒါကိုတောင် သူက အရေးထားပုံ ူး"

"တော်ပြီ .. တော်ပြီ နင် အဲဒီလောက် အထင်ကြီးနေတာကို မဟုတ် ကြောင်း သက်သေပြဖို့ လိုကိုလိုနေပြီ..၊ နင့်အတွက်လည်း ပါမယ်၊ ာ တစ်လစာလုံးလည်း ရှုံးမှာဆိုတော့ .."

လွယ် ပြောလိုက်တာကို ရွှေး က ရယ်မောကာ..

"ငါ ပြောတာကို လက်ခံမယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ခံတယ် .. ဒီလစာ ပေးရမှာနော်၊ ကတိ .."

"ဘာ!..."

ရွှေ ဂျာ အံ့ဩသွားသည့် မျက်နှာနှင့် ...

"လက်ဖွဲ့ဖို့က လေးရက်ပဲ လိုတော့တာ"

"အဲဒါ ငါ့ကိစ္စပါ .. နင်ပဲ ပြောတာလေ၊ တွဲသွားတွဲလာအဆင့်အထိ ရောက်ဖို့ မလိုဘူးဆို .."

"ဒါပေမယ့် ငါပြောတဲ့ အနေအထားက .."

"မပါက်ပါဘူး ရွှေ ရယ် .. ကိုယ့်ကို သဘောကျအောင် လုပ်ရမှာ လွယ်တာမှ မဟုတ်တာ၊ အဲဒါကိုပဲ ငါ ဖြစ်အောင် လုပ်ပြမယ်"

ရွှေ ခေါင်းညိတ်လိုက်ရသည်။

"ဘယ်မိန်းကလေးမှ မရဘူးဆိုတဲ့ အခွင့်အရေး နင် ရရမှာနော်"

"မကျေနပ်ရင် ခေါင်းစဉ်တပ်ထားလိုက်"

"မတပ်ပါဘူး .. နင်နဲ့သူ အိုခေပြီဆိုတာနဲ့ ငါ့ရဲ့ အမှတ်ပေးစည်းမျဉ်းနဲ့ ငြိမငြိ တစ်ချက်လောက် အကဲခတ်ရုံပဲ"

မဒီ ကတော့ သူမ နားမလည်သည့် ဘာသာစကားတွေနှင့် သူမ အကြောင်းတွေကို ရှေ့မှာ လာပြောနေကြသည်ဆိုသော မျက်လုံးလေး အပြူးသားနှင့် ..။

ရင်ထဲမှာ ဒီအစီအစဉ်ကို မဖြစ်စေချင်သလိုလို .. ဖြစ်စေချင်သလိုလို ...။





## အခန်း [ ၃၀ ]

"ဘာ!..."

အလန့်တကြား မဟုတ်ပေမယ့် သမိန် ဘာ..သံကြီးက မျက်နှာ ချက်ယွင်းခြင်းနှင့် ပေါင်းစပ်၍ တော်တော် ကျယ်ပြန့်သွား၏။

လှုပ်ရှားဖို့က သုံးရက်ပဲ ရှိသည်။ ဒီနေ့ စရမှာကို သူ ဒီနေ့ပဲ ရောက်လာပြီး ဘုရားသွားရအောင်လို့ ခေါ်တော့ မပြောလို့ မဖြစ်တော့ပေ..၊

ဒီအတိုင်း မလိုက်ချင်ဘူး ပြောဖို့က သူ့မွေးနေ့ဆိုတော့ တကယ် သွားဖို့ရှိနေသည့် လမ်းကြောင်းကိုပဲ ပြောပြလိုက်ရ၏။

"အစီပွာယ်မရှိတာ လွယ် .. မင်း ဒါမျိုးတွေ လျှောက်မလုပ်တော့ ဘူးလို့ ငါ ယုံကြည်ထားခဲ့တာ၊ အခု ဘာထဖြစ်တာလဲ .."

"အဲဒီသတ္တဝါ အရမ်းလှပါးဝလို့ပါဆို .. ပြီးတော့ တစ်လစာကြေး လောင်းထားတာ"

ပိုက်ဆံအကြောင်းလေးပြောတော့ ပခုံးလေးတွန့်၍ ရယ်လိုက်တာ ကို သမိန် က သေချာစိုက်ကြည့်၏။

တော်တော်အံ့ဩဖို့ကောင်းသည့် စရိုက်ဆိုးလေးမို့ သူမလေးကို သူ စိတ်ဝင်စားခဲ့သည်။ စာရိတ္တပါ ဖောက်ပြန်နေတာလားဆိုပြီးတော့ ရှေ့ဖြစ်နောက်ဖြစ်တွေပါ လိုက်စုံစမ်းမိတဲ့အထိ ..၊



www.burmeseclassic.com

www.burmeseclassic.com



မုန်းမလွှယ် ဆိုတဲ့ ကောင်မလေး ဆိုးချင်လို့ ဆိုးနေတာမှန်းသိလို့ ပြုပြင်ထိန်းသိမ်းပေးချင်တဲ့ ဆန္ဒတွေလည်း ရှိထားခဲ့၏။

ခုတော့ သူ့စိတ်ကူးတွေတောင် စီကာပတ်ကုံး မဖြစ်ခဲ့သေး ..၊

"လွှယ် .."

"ဟာ .. ဘာလဲ"

အတူတူတွဲသွားနေရင်း လက်ကိုဆုပ်ကိုင်လိုက်သဖြင့် လွှယ် က မျက်နှာလေး ရှုံ့တွသွားပြီး ပြန်ရန်းပစ်၏။

"လူတွေ အများကြီးပဲ သွားလာနေတာနော်၊ သူများကို ဟိုဆွဲဒီဆွဲနဲ့"

"ဒါကျတော့ ဆင်ခြင်ရမှန်း သိလား .. မင်း အခု သွားမယ့်လမ်းက ဘာလဲ .."

"အလုပ်ကိစ္စလေ .. လွှယ့် အတွက်က ဒါ အလုပ်လုပ်နေတာပဲ"

"သူများလစာကို အသားတင်ရဖို့လား .. မလုပ်နဲ့ အဲဒီလစာ နှစ်ဆ ငါ ပေးမယ်"

"အံ .. မာ .."

အံမာကို သံရှည်ဆွဲ၍ လွှယ် က ခြေလှမ်းရပ်ပစ်ကာ ဘုကြည့် ကြည့်သည်။

"လူလည်ခေါင်မှာ ရန်ဖြစ်ချင်ပြန်ပြီလား ..၊ ဒီမှာ မကောင်းဘူး .. လာ .."

"သမိန် နော်၊ ဒီမှာ သွားစရာရှိတယ်"

သမိန် က လက်ကိုမလွှတ်ဘဲ လူသွားလမ်းနှင့်ဝေးသော သစ်ပင်ရိပ် အောက်ထိ ဆွဲခေါ်သွားကာ ...

"မင်း ငါ့ကို ဘာဖြစ်လို့ တခြားယောကျ်ားတွေလို ထည့်တွေးထားတာလဲ"

"ရှင်က ယောကျ်ားမဟုတ်တော့ အခြောက်လား"





"အဲဒီ သဘောပဲထားလိုက် .. ရတယ်၊ မင်းကို ငါ ဘာပြောပြော ဟိုဒီဒီ အစွန်းလွတ်တာ တွေး .. မောင်နှမလိုမြင်၊ မင်းကို နောက်ထပ် မွားရအောင် ငါ ပြောနေသမျှ မရိုးသားတာ တစ်ခုမှ မပါဘူး"

လွှယ် စူပုတ်ပုတ်လေး ကြည့်နေရင်း ငြိမ်သက်သွား၏။

"ယောကျ်ားလေးတစ်ယောက်ကို မြူဆွယ်လို့ ရတော့ရော ဘာ အကျိုးရှိမှာလဲ၊ မရတော့လည်း မင်းရဲ့ ကိုယ်ကျင့်သိက္ခာတွေ သွားပြီ..၊ အချစ်ကြောင့် ရူးကြတာဆို သနားမယ့်သူ ရှိဦးမယ်၊ မင်း ဘာမှ ဟုတ်တာ သည်း မဟုတ်ဘဲနဲ့"

"လွှယ့် အတွက် ဟုတ်တယ် သမိန် ရဲ့ .. အဲဒီကောင်ကို မဒီ က ဘုံးခနဲ လဲကျလောက်အောင် ကြွေနေတာ၊ တစ်ရာ့တစ်ပါးသော မင်း အပေါင်းတို့ထက် မြတ်သောပုဂ္ဂိုလ်ကြီးလို့ အထင်ရွတ်ကြီးနေတာ"

"သူ ချစ်နေတော့ ဘာဖြစ်ဖြစ် ကောင်းတာတွေချည်း ဖြစ်မှာပေါ့"

"သမိန် နော် .. လွှယ် က ခင်လို့ မခြွင်းမချန်ပြောပြထားတာ၊ အဲဒီ ထို လိုက်လိုက်တားနေရင် နောက် ဘာမှမပြောတော့ဘူး၊ မိတ်ဆွေလို့ သည်း မသတ်မှတ်ဘူး"

"ကလေးကျနေတာပဲကွာ .. ပြဿနာပဲ"

သူမှာ ကိုယ့်ဘက်က ရင်းနှီးနေသလောက် သူမလေးက မရင်းနှီး သည်မို့ ပြောသမျှ စကားတွေ မအောင်မြင် ..၊

"ညီမလေးလို သဘောထားပြီး ဆုံးမတာ" ဆိုတဲ့ စကားကျတော့ သည်း အဲဒီလိုပုံစံဝင်အောင်ပဲ ပြောပြနိုင်သည်။ ဒီတိုင်း တည့်တည့်ကြီးပြော တော့ သူ့တစ်စိမ်းဖြစ်တဲ့ယောကျ်ားနဲ့ မိန်းမ၊ သင်းကလေးက ယုံမှာလား..၊

"လွှယ် .."

လွှယ် က နာရီလေးမြှောက်ကြည့်တော့ ထိုလက်ကလေးကို ပြန် ဒိချလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတစ်ယောက်က မင်းရဲ့သူငယ်ချင်းကို ပြန်ကြိုက်စေချင်တာလား ..၊ ကိုယ် ကူညီနိုင်မလား ကြည့်ပေးမယ်၊ ကိုယ်တို့က ယောက်ျားချင်း"

"အဲဒါ မဖြစ်နိုင်ဆုံးပဲ"

"ဘာဖြစ်လို့လဲ"

"မဒီ က သိပ်မလှဘူးလေ ..၊ သူ့ဟာသူ မကြိုက်ချင်တာကို သမိန် က ဘာလုပ်လို့ရမှာလဲ"

"မင်းကတော့ သိပ်လှနေလို့ အလောင်းအစား လုပ်ခဲ့တာလား"

"လွယ် က လှဖို့ မလိုပါဘူး၊ သူ့ရည်းစားဖြစ်ဖို့ ကြိုးစားမှာမှ မဟုတ်တာ၊ မိန်းကလေးတစ်ယောက်ကို ဂရုစိုက်တတ်လာအောင် နည်းနည်းပါးပါး သတိပေးရုံပဲ"

"ဟွန်း .."

သမိန် က ခပ်ရွှဲ့ရွှဲ့ ခါးထောက်ပြီး လှောင်သလို ရယ်၏။ လွယ် ကလည်း စိတ်မဆိုးပါ။ သူ့လိုပဲ လိုက်ရယ်လိုက်ပြီးမှ ...

"ပြီးတော့လည်း ဒါပဲလို့ ရှင် ထင်တယ်မို့လား၊ ဒါပဲ မဟုတ်ဘူး ဆိုတာ မကြာခင် သိရမှာပါ၊ သွားမယ် .."

"ဟေ့ ..."

"ရှင် မတားနဲ့တော့နော် .. ဒီမှာ အချိန်မရှိတော့ဘူး"

"နေဦး .."

ရှေ့ကနေ ကာဆီးရပ်လိုက်ပြီးမှ ဘာပြောရမှန်းလည်း မသိ၊ အနီ အနက်ကွက်နှင့် ရှပ်အင်္ကျီပွပွ၊ အနက်ရောင် ဇတော့ကင်ကပ်ကပ်လေး နှင့် လွယ့် ကို ထပ်ကြည့်မိရင်း စိုးရိမ်နေတာကလည်း ဘာကြောင့်မှန်း မသိပေ ..၊ လွယ် ဒီလောက်လည်း မလှပါ ..၊ ကိုယ်ရောင်ကိုယ်ဝါလည်း တောက်တောက်ပပ မရှိ၊ ဒါပေမယ့် ဒီကိစ္စ လွယ့် လက်ထဲ ရောက်သွားလည်း လွယ်လွယ်လေး ဖြစ်မြောက်သွားမှာကို အလိုလိုသိနေခဲ့၏။





လွယ် ဆိုတဲ့ မိန်းကလေး တကယ်ကို မလွယ်တာပါ ..၊

"အခု ဘယ်ကိုသွားမှာလဲ၊ ငါ လိုက်ပို့မယ်"

"ဘယ်ဖြစ်မလဲ .. ထွက်မြတ် ဒီအချိန် သွားလာတတ်တဲ့ နေရာ နှစ်ခု ရှိတယ်၊ အဲဒီကို သွားရမှာ၊ လွယ့် ဖာသာ ကိုယ့်အစီအစဉ်နဲ့ ကိုယ် ရှင့်ရှေ့မှာ မလုပ်ချင်ပါဘူး"

ဘာတွေလုပ်မှာလဲ ရင်ထဲမှာ ပူသွားသည်။

ဒါကို မရမက မမေးမိရင်လည်း အကောင်းသား ..၊ မေးတာကို ပြောတဲ့လူကလည်း ပြောပြခဲ့သည်။

ဒါ လုပ်ဖို့သွားမည်ဆိုသည့် ခြေလှမ်းတွေကို ဒီအတိုင်း ငုတ်တုတ် ထိုင်ကြည့်နေပေးရအောင် သူက ငကြောင်လား၊ ကြောင်တော့ မကြောင် သေမယ့် သူ ကျန်ခဲ့တော့မှာက သေချာသွား၏။

"သမိန့် မွေးနေ့အတွက် နေ့လယ် နှစ်နာရီ လန့်ချ် လိုက်ကျွေးလေ..၊ အသင့်အတင့် လက်ဆောင်လေး ဝယ်ပြီး လာစားပေးမယ်"

"လန့်ချ် စားမှာကို နေ့လယ် နှစ်နာရီ .."

"ဟုတ်တယ်လေ .. လွယ် အလုပ်ရှိပါတယ် ဆိုမှ"

သမိန် 'ကျွတ်' ခနဲ မျက်နှာလွှဲလျက် ရှုံ့မဲ့သွား၏။

"ကြွတော်မူပါ ဒေါ်မုန်းမလွယ်" လို့သာ အော်ဟစ်လိုက်ချင်၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၁ ]

ဆူးလေလမ်းထောင့်ကနေ လွှန်တာနှင့် ရှေ့ကသွားနေတဲ့သူ
လှမ်းမြင်လိုက်ရင်း စပို့ရှပ်လည်ပိုင်း အဝါရောင်နှင့် ကော်ဖီရောင်ရင့်ရှ
ဘောင်းဘီရှည်က ပြောင်နေသည်။

လှိုင်းတွန့်ထင်နေသော ဆံပင်က ဂုတ်စပ်ထိ ရှည်နေပြီဖြစ်လျှ
ခပ်ဖွဖွ၊ အသားဖြူတာက ထင်းနေသည်။ ခပ်သွယ်သွယ်ပုံစံနှင့် လမ်း
လျှောက်နေပုံက ကြည့်ကောင်း၏။

အုတ်ဘောင်ခွေထားသည့် သစ်ပင်အုပ်အုပ်ရဲ့ဘေးမှာ လူတစ်
ယောက်နဲ့ စကားပြောနေပြီး ပလက်ဖောင်းအတိုင်း လျှောက်ထွက်သွား
တာ ဖြစ်၏။

"သူ မနက်ပိုင်းဆိုရင် သူ့ဦးလေးနဲ့အတူတူ အဲဒီအောက်က ခြေ
ထပ်မှာ ဘီလိယက် ထိုးတယ်၊ လူစည်တဲ့အချိန်ဆို သူ ပြန်ထွက်လာ
ရော..၊ အဲဒီကမှ 'ရွှေဘဲ' ဘဲကင်ဆိုင်မှာ ခဏထိုင်တယ်၊ အဲဒီမှာလည်း
သူနဲ့ပတ်သက်တာ တစ်ယောက်ယောက် ရှိတယ်ထင်တာပဲ" တဲ့...။





မသေချာသလိုလို ပြောပြနေခဲ့ပေမယ့် မဒီ တစ်ယောက် ထွတ်
မြတ်ကောင်းကင် သွားလေရာကို ဘယ်လောက်ထိ လိုက်ပေးထားခဲ့သည်
မသိ ..၊

လွှယ် ကတော့ ပါးစပ်ထဲက ပီကေကို ဟူးခနဲ ထွေးထုတ်ပစ်လိုက်
ပြီး အသင့်ယူလာသည့် နှစ်တစ်လက်မ သစ်သားချောင်းတိုတို အပေါင်း
ကို လွယ်အိတ်ထဲက ထုတ်ယူလိုက်၏။

မနက်ကိုးနာရီ မထိုးသေးသလို ဒီနေ့ ကဆုန်လပြည့် သောကြာနေ့
မို့ ရုံးပိတ်ရက်မှာ လူတွေစည်နေခဲ့သည်။

ခြေလှမ်းကို ကျဲနိုင်သမျှ ကျဲလိုက်ပြီး အမြန်နှုန်းကို မြှင့်သည်။ ပြီး
တော့ မြန်ရာကနေ ပြေးလိုက်ခြင်းသို့ ရောက်ကာ ...

"ဟိုလူ ဟေ့ .. မပြေးနဲ့နော်၊ ခါးပိုက်နှိုက် .. ခါးပိုက်နှိုက် .. အဲဒီ
အဝါရောင်ကို ဖမ်းပေးပါ"

လွှယ် အသံကို စုညှစ်၍အော်သည်။ အော်နေရင်း နောက်လှည့်
ကြည့်လိုက်သည့် သူ့မျက်နှာ ဒီဘက်မရောက်ခင် ...

"ဒုတ် .."

"အား ..."

"ဟယ်!..."

နာကျင်ရှုံ့လေးဆိုပြီး လက်ကို သေချာဆထားပြီးမှ ရိုက်တာတောင်
နဖူးစောင်းထိပ်မှာ သွေးကွက်တစ်ကွက် ချက်ချင်းဖြစ်သွား၏။

"မင်း !.. အား .."

သူ ဒေါသဖြစ်၍မရဘဲ ဒယိမ်းဒယိုင်နှင့် စကားလည်း မဆုံး ..၊

"ဆောရီး .. ဆောရီး၊ ခါးပိုက်နှိုက်နဲ့ မှားလို့...."

လွှယ် တမင်ရိုက်တာပေမယ့် သွေးထွက်သံယို ဖြစ်သွားခြင်းကို
တကယ်တောင်းပန်မိတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခါးပိုက်နှိုက်တဲ့"

"ဟိုမှာ ပြန်ထနေပြီ"

ပတ်ဝန်းကျင်၏ ပြေးလွှားလာသည့် ခြေလှမ်းတွေက ထွတ်မြ
ကို ဝိုင်းအုံဖမ်းဖို့ ဖြစ်၏။ ဒီလိုအခြေအနေထိ ချဲ့ကားမတွေးမိခဲ့သ
လွယ် မျက်လုံးပြူးသွားကာ လှည့်ပြေးဖို့ပြင်လျှင်..

"ဟိတ် .. မင်း မသွားနဲ့လေ"

"ဘာလုပ်တာလဲ"

ထွတ်မြတ် က လွယ့် လက်မောင်းကို ပိုင်ပိုင်နိုင်နိုင် ဆွဲပစ်လို
ပြီး ...

"မင်း ထွက်သွားရင် ဒီမှာ ငါ ဘယ်လိုရှင်းမလဲ"

လွယ် ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ် လူတွေ ဝိုင်းလာကြ၏။

"ဘာပါသွားတာလဲ ..၊ ဒီကောင် ဘာယူပြေးတာလဲ"

"သူ့ကိုယ်ပေါ်မှာ ရှာ .."

"မဟုတ်ဘူး .. ကျွန်တော် မဟုတ်ဘူးနော်၊ ဟေ့ .. မင်းပြောလေ"

လွယ် သူ့နှဖူးက ချွေးတွေကို ငေးနေရင်း ဆတ်ခနဲ ဖြစ်သွားကာ

"ဟုတ်ပါတယ်ရှင် .. မဟုတ်ပါဘူး၊ သူ တကယ်ပါ .."

"ဘာပြောနေတာလဲ .. မင်းပဲ ခါးပိုက်နှိုက်ဆို .. ဟုတ်တာတွေ
မဟုတ်တာတွေ ရှုပ်နေတာပဲ"

"ဟုတ်ပါတယ် .. အဲဒါ ကျွန်မ လူမှားပြီး ရိုက်လိုက်တာပါ၊ တကယ့်
ခါးပိုက်နှိုက်က ဘယ်ရောက်သွားလဲ မသိဘူး"

"ဟာ .. ကံကောင်းလို့ ဒီကောင်"

"လူတစ်ယောက်လုံးကို ရိုက်ပစ်ပြီးမှ မှားမှန်းသိရလား"

"အင်္ကျီ ဘောင်းဘီ အရောင်တွေ တူနေလို့"

မျက်နှာတွေ တင်းကုန်ကြသည့်လူတွေကြောင့် လွယ် ဇက်လေး





မိ၏။ တချို့က ဒေါသနှင့် ချက်ချင်းလှည့်ထွက်သွား၏။ တချို့က
ဇာတ်ရာကို စိတ်ဝင်စားနေကြသေးသည်။

"ရပါတယ်"

ထွတ်မြတ် သည် လူတွေကြည့်နေတာ မကြိုက်သည့်ပုံနှင့် ဘောင်း
တ်ထဲက တစ်သျှူးထုတ်၍ ဒဏ်ရာကို အုပ်လိုက်၏။

လူစုစုရှိနေသည့် နေရာက ခွာခဲ့ပြီး ...

"မင်း လိုက်ခဲ့"

"ဟင် !... ဘာ ..."

လွယ့် လက်တစ်ဖက်ကို ဆောင့်ဆွဲကာ ဘယ်ကို သွားနေမှန်း မသိ..၊

"ရှင် ဘယ်ကိုလဲ .. လက်ကိုလည်း ဆွဲထားသေးတယ်"

အတင်းဆောင့်ရုန်းတော့ သူက လွှတ်မပေးဘဲ ဒေါသဖြစ်သွားသည့်
နှာနှင့် ...

"မင်းကို လက်ဆွဲချင်လွန်းလို့ ဆွဲထားတယ် မှတ်နေသလား၊ ငါ့ကို
င်းချည်း ဝင်ရိုက်ပြီး၊ ခါးပိုက်နှိုက်လို့လည်း လူလည်ခေါင်မှာ အော်
တယ်၊ တွေ့မယ် .."

"ဘာတွေ့မှာလဲ ..၊ ဘာလုပ်မလို့လဲ"

ဒဏ်ရာရှိနေတဲ့လူရဲ့ ခြေလှမ်းကလည်း လွယ် အပြေးတစ်ပိုင်း
ာ်နေရ၏။ ရောက်သွားတော့ အထူးကုဆေးခန်း ..၊

သူများလိုလည်း ထိုင်စောင့်မနေဘဲ အထွေထွေရောဂါ အထူးကု
အခန်းထဲ တန်းဝင်လိုက်သည်။

"ဟာ!... ကောင်းကင် .."

ဒေါက်တာက လူလတ်ပိုင်း သာသာလောက်ပါ။ ပြီးတော့..

သူနဲ့လည်း ရင်းနှီးပုံပေါ်သားနဲ့ ဘာလုပ်ပြလိုက်သည် မသိဘဲ
ည်ကို တအံ့တသြ ခေါ်လိုက်ပြီး လုံးဝ ပါးစပ်ပိတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မချုပ်ရပါဘူး၊ သွေးထွက်များတာက နဖူးတို့ ခေါင်းတို့ကို ထိ
ဒီလိုပဲ"

"ချုပ် မချုပ်ရ ဒဏ်ရာက ကြီးတယ်မို့လား"

"ဟင်!..."

ဆရာဝန်ကို သူက ပြန်မေးနေသေးသည်။ ဆရာဝန်က ကြော
တောင်တောင့်နှင့် ...

"ဒီလောက်ဆို ရပြီလေ၊ အနာကျက်ဆေး ထိုးပြီးပြီပဲ"

"သောက်ဆေးတွေ အများကြီး ဝယ်ရမှာ မဟုတ်ဘူးလား၊ စမ်းသ
ခရော ဘာရော အားလုံးတွက်ပေး .. ဘယ်လောက်လဲ"

"အဲဒါက ဆေးကောင်တာမှာ ရှင်း"

"ဟုတ်တယ် .. ဆေးအမယ်တွေ အဲဒီမှာ စုံလင်အောင် ရေးလိုက်
ပြည့်ပြည့်စုံစုံနော် .."

"ဒီမှာ ..."

သူ့ရည်ရွယ်ချက်ကို ဆရာဝန် သဘောပေါက်မပေါက်တော့ မသိ
လွယ် က နားလည်နေပြီမို့ ရှေ့ကို တိုးလိုက်တော့ ...

"ကျွန်မကြောင့် ဒဏ်ရာရတာဆိုပြီး ဆေးဖိုးဝါးခတွေ ပုံချဖို့ စိတ်ကူ
ရင် ရှင် သွားပြီနော်..၊ မပြောမရှိနဲ့ .."

"ဘာကွ!.."

"ဟုတ်တယ် .. ခါးပိုက်နှိုက်ခံရပါတယ်ဆိုမှ ဒီမှာ ပိုက်ဆံ ဘယ်
လုပ် ပါမှာလဲ၊ အပြန်လမ်းစရိတ်တောင် မကျန်ခဲ့ဘူး"

ကြည့်စမ်း .. ဒါကို သူ ဘာဖြစ်လို့ မတွေးမိခဲ့တာလဲ..။

လွယ့် ကို ဒေါသတွေနဲ့ လှည့်ကြည့်မိပြီးမှ ဒေါသဖြစ်စရာလည်း
မဟုတ်တော့ ခံရခက်သွားသည့် မျက်လုံးတွေက ထိုမျက်နှာလေးထ
မှာ ခဏကြာသွားသည်။





ဖြူဝင်းသည့် မျက်နှာလေးမှာ အပြာရောင်စံသော မျက်နက်ဝန်း
တွေက စိုလက်နေ၏။ ဆံမြိတ်တို့မထားဘဲ ရှေ့နောက် ညီနေသည့်
င်ကို အလယ်ခွဲချထားတော့ နှာတံချွန်ချွန်နှင့် မျက်ခုံးတန်းလေးတွေ၊
မ်းသားလေးတွေက ထင်းနေ၏။

လူတစ်ယောက်ကို ရိုက်နှက်ရဲတဲ့သတ္တိက သူမမျက်နှာလေးထက်
ရှိနေတာဖြစ်သည်။ ရှပ်အင်္ကျီလက်တိုက အတွင်းကြိုးလေးနှင့်
က်မောင်းမှာ ပြန်ချိတ်ထားသဖြင့် လက်မောင်းလှန်ထားသလိုဖြစ်ကာ
သားဝင်းဝင်းလေးတွေကို မြင်နေရ၏။

ပုံစံလေးက ကြည့်လို့တော့ ကောင်းပေမယ့် အကျင့်ကမကောင်း..၊
ည့်နေပြီးမှ နှာခေါင်းတစ်ချက် ရှုံ့မိကာ ...

"ဟုတ်တယ် .. မင်းကို ဒုက္ခပေးချင်တာ၊ ခုထိ လုံးဝ မကျေနပ်
ဘူး"

ဆရာဝန်က သူတို့နှစ်ယောက်ကို ကြည့်၍ ...

"မင်းတို့အာ သူငယ်ချင်းတွေ မဟုတ်ဘူးလား၊ ငါ ဘာမှကို နား
ည်တော့ဘူး"

"သူငယ်ချင်း ဖြစ်စရာလား ကိုလေးရာ .. ဒီလောက် သွေးထွက်
ိုဖြစ်အောင် ခေါင်းရိုက်ခွဲထားတာ"

"ဘာ!..."

ဆရာဝန်က တအံ့တသြနှင့် ...

"ဒါ .. သူ ရိုက်တာလား"

"ဟုတ်တယ် .. ဘယ်လိုပြစ်မှုမျိုး မြောက်သလဲ၊ သူ့ကို တစ်ခုခု
ံလို့ရအောင် မြန်မြန် အဖြေရှာစမ်းပါ"

"ဘာဖြစ်လို့ ရိုက်တာလဲ"

ဒီတစ်ခါ သူ မဖြေခင် လွယ် က ဝင်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ခါးပိုက်နှိုက်နဲ့မှားပြီး လွယ် ရိုက်လိုက်တာ ..၊ ခါးပိုက်နှိုက်နဲ့ သူ
တူနေတာကိုး"

"ဘာပြောတယ် .."

"အကျီအရောင်ကို ပြောတာပါ"

သူ ဒေါသထွက်နေတာကို လွယ် က စိတ်မရှည်သလို မျက်မှော
ကုတ်၍ လှည့်အော်လိုက်သေးသည်။

ပြဿနာက ဒီထိရှည်လျားဖို့ မဟုတ်ဘဲ ယောကျ်ားဖြစ်ပြီး လက်
ပြန်ချင်နေသည့် သူ့ကြောင့် အချိန်တွေလည်း ကြာနေပြီ ..၊

ရွှေး တို့နဲ့ ချိန်းထားတာလည်း မသွားနိုင်သေး၊ သူ့မှာပဲ ဒေါသ
သလား ..၊ လွယ် နှာခေါင်းလေး ရှုံ့ပွပွနှင့် မျက်စောင်းထိုးတော့ ဆရာ
က ရယ်သည်။

"လူမှားတာဆိုရင်တော့ သူက တောင်းပန်ရင် ကျေနပ်လိုက်
ညီရာ .."

"တောင်းပန်ဖို့ နေနေသာသာ ဒီထိ ဆွဲလားရုန်းလားနဲ့ ခေါ်လာ
ရတာ"

"ရှင့်ကို ဆောရီးလို့ ပြောပြီးပြီလေ၊ ဒါ ဖြစ်တဲ့ကိစ္စလေးနဲ့ ရှင် လ
ဆွဲနေတာကို ပြုံးပျော်ကျေနပ်ရမှာလား .."

ပြောနေရင်း ပခုံးမှ စလွယ်သိုင်းချိတ်ထားသည့် အိတ်အညိုရော
လေးရဲ့ကြိုးမှာ လက်မနဲ့ချိတ်၍ ခြေလှမ်းပြင်သည်။

"ဟွန်း .. လမ်းမှာ ဒီမှာ ဆွဲပါတယ်၊ ကိုင်ပါတယ်နဲ့ အော်ပစ်လိုက်
ရင် ဒဏ်ရာကိုအုပ်ရင်း အချုပ်ထဲ တန်းရောက်သွားနိုင်သေးတယ် သိ
လား ..၊ ကျား သနားလို့ နွားချမ်းသာတယ် မှတ်"

"ဟာ!... ကြည့်စမ်း"

သူ ချာခနဲလှည့်ထွက်သွားတော့ ဆရာဝန်က အသံထွက်အော





ယ်သည်။ လှမ်းဆွဲမလို ဖြစ်သွားသည့် သူ့လက်ကိုလည်း ပုတ်ချပစ်
လိုက်ကာ ...

"မင်းကိုယ်မင်း ချာတိတ်လေး မှတ်နေလား ကောင်းကင် .. တော်တော့"

"ဘာတော်ရမှာလဲ ..၊ ပြောသွားတာ ကြည့် .. ကျွန်တော် နွားဖြစ်
သွားတာ"

"စကားပုံနဲ့နှိုင်းရင် ရိုင်းတယ်ကွာ .. ကျေနပ်လိုက်ကွာ၊ ချာတိတ်မကာ
ချစ်စရာလေးပါ"

"ဘာဆိုင်လို့လဲ"

"မင်းနဲ့ ခုမှ သိတာလား"

"ကြုံသိစရာ ဘာအကြောင်းမှ မရှိဘူး"

စိတ်တိုမပြေသေးဘဲ သူ ပြန်ထွက်လာခဲ့လျှင် လာခဲ့တဲ့အတိုင်း ပြန်
ရောက်ရမှာမို့ ဂွမ်းနဲ့အုပ်ထားသည့်ဒဏ်ရာကို လက်တစ်ဖက်နဲ့ စမ်း
ကြည့်မိသေးသည်။

"ဒီနေ့ ဘာနေ့မို့လဲ ..၊ သွေးထွက်သံယို ဖြစ်ရတဲ့အထိ ကံဆိုးခဲ့တယ်"

လွယ် ကတော့ ကိုယ့်ကိုယ်ကိုယ် ကံဆိုးကံကောင်း ဘာမှခွဲခြားမရ
ဖြစ်နေရင်း ပီကေတစ်ခု ပါးစပ်ထဲထည့်သည်။

ဒီတစ်ခါ ပီကေ ဝါးရတာလောက် စိတ်ပျက်စရာကောင်းတာ မရှိပါ
ဘူးလို့ စိတ်မှာဖြစ်လျက် လမ်းလျှောက်နေရင်း နှုတ်ခမ်းက မဲ့ရွဲ့ကာ
ဟိုဘက်ရောက် ဒီဘက်ရောက် ..၊

လူငယ်တချို့ထွင်ကြတဲ့ လမ်းမျိုး မဖြစ်ချင်လို့ ထူးခြားတဲ့လမ်းမျိုး
ရွေးခဲ့ကာမှ ကံကောင်းလို့ ရိုက်မှုနဲ့ အချုပ်ထဲမရောက်တာ ..၊

တကယ်ဆို ရိုက်မလို့ ရွယ်ရုံဖြစ်ဖြစ် ရိုက်မိရင်တောင် ထိန်းလိုက်
တာနဲ့ ထိမိသွားတာမျိုးဖြစ်ဖြစ် .. ဘယ်လိုမှ သံသယဖြစ်ဖွယ်မရှိဘဲ ခြေး
ခံမိဖို့ တစ်ခုခုဆို ပြီးပြီ ..၊



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ တာကယ်ရိုက်မိသွားသည်။ တာကယ့် ခါးပိုက်နှိုက်အစစ်
လို လူတွေ အုတ်အော်သောင်းနင်း ဖြစ်ကုန်၏။

လွှယ် စိတ်ညစ်နေသည့်ထဲက ပြုံးလိုက်မိသေးသည်။

မဒီ သိရင်တော့ ရယ်ပဲ ရယ်မလား ..၊ 'အဲဒါကြောင့် မလုပ်ပါနဲ့
ပြောတာ' ဆိုတဲ့ စကားသံလေး ထွက်မလား ..၊

ဘာဖြစ်ဖြစ် နောက်ထပ်တစ်ခါ ဆုံမိရင် ရန်သူဖြစ်သွားမလား
မိတ်ဆွေဖြစ်သွားမလားဆိုတာ သိရမှာပါ ..၊

သူမ ကားမှတ်တိုင်မှာ အကြာကြီးရပ်နေပြီး သူများလို ကားစော
တာမဟုတ်ဘဲ စိတ်ကူးတွေနဲ့မျှောကာ ဘယ်ကားလာလာ မတက်ဖြစ်

ရွှေး တို့တွေ စောင့်နေကြလိမ့်မည်၊ ခုလောက်ဆိုရင်တော့ ...

"လွှယ် ဒီလောက်ကြာနေရင် ငါ သိပြီ" လို့ ရွှေး ပြောနေနိုင်
ကိုယ့်အတွေးနဲ့ကိုယ် လက်ပိုက်လေး ပီကေဝါးရင်း လွှယ့် မျက်နှာ မဲ့သွား
လိုက် ပြုံးသွားလိုက် ဖြစ်နေဆဲ ...

"ကားခ မရှိဘဲနဲ့ ကားစောင့်နေတာလား"

အနားမှာ ကပ်ပြောလိုက်တာကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်
မိသည်။

ထွတ်မြတ်ကောင်းကင် ..၊ လွှယ် အံ့ဩသွား၏။ ပြီးတော့ ဝမ်း
သွားသည်။ မျက်နှာမှာ အမူအရာတွေ တရှပ်ရှပ် ပြောင်းလဲသွား
တည်တည်တံ့တံ့လေး ပြန်ဖြစ်ကာ ...

"ရှင့်အပူ မပါပါဘူး"

"ကားခပေးမယ် ယူမလား"

"ဘာ!..."

ဒီတစ်ခါ ဘယ်လိုကြိုတင်ပြင်ဆင်မှုမှ မရှိဘဲ ဟန်ဆောင်ခြင်း
သည့်ဒေါသက လွှယ့် မျက်နှာလေးကိုပါ နီရဲသွားစေကာ ...





"အမြန် ပြင်ပြောလိုက်စမ်းပါ .. မဟုတ်ရင် ပါးကွဲသွားလိမ့်မယ်"
သူတို့ဆီကို လူတွေ အာရုံများလာကြ၏။

ထွတ်မြတ် ရဲ့မျက်နှာမှာ ရှက်သလို အနီရောင်သမ်းလျက် ချက်
ချင်းပဲ မေးရိုးနှစ်ဖက်မှာ တင်းခနဲ ဖြစ်၏။

"မင်းကြောင့် နှစ်ခါ ရှိပြီနော်"

"ဘာ နှစ်ခါလဲ .."

"ငါ့ကို အရှက်ခွဲတာ"

"နင် မေးတာရော ကောင်းသလား"

စိတ်တိုလွန်းကာ နင်တွေ ငါတွေ ပါကုန်၏။

"လမ်းစရိတ် မရှိမှန်းသိလို့ ကားခမေးတာ ဘာဖြစ်လဲ..၊ လေယာဉ်ခ
လားလို့ မေးရမလား"

"နင့်ကို ဘယ်သူက မေးခိုင်းနေလို့လဲ"

ဟုတ်သည် ..၊ မေးမိတာက ကိုယ့်ပါးစပ်နဲ့ကိုယ် .. ဒီနားထိ ရောက်
လာခဲ့တာက ခြေထောက်တွေ သစ္စာမဲ့တာ ဖြစ်၏။

"ဒါဆို မမေးတော့ဘူး ..၊ တက္ကစီနဲ့ ပြန်ပို့မယ်"

"ဘာ!..."

လက်ကို ဆုပ်ကိုင်ပစ်လိုက်ကာ ...

"မင်း ထပ်အော်ရင် မိန်းမ စိတ်ကောက်နေလို့ လိုက်ချော့တာလို့
ပြောလိုက်မယ် ..၊ ငြိမ်ငြိမ်နေ"

တက္ကစီတွေ ရပ်ထားသည့်ဆီ ခေါ်သွားကာ ဘယ်လောက်လဲ
မေး .. ဘယ်ဆိုတာ မပြောဘဲ လွှယ် နဲ့အတူ သူပါ ဝင်ထိုင်သည်။

ကားသမားကလည်း အပြေးတစ်ပိုင်း ဝင်လာပြီး မောင်းထွက်၏။

လွှယ် က မသိမသာ မဲ့လိုက်ပြီး ကူရှင်မှာ ကျကျနနမှီကာ မျက်နှာ
ညှဉ် ပီကေ ဝါးနေလိုက်၏။ ပြီးတော့ ကိုယ့်သွားမယ့်နေရာကို မောင်းပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သေးသည်။

ဖြစ်ပြန်ပြီ တစ်မျိုး ..၊ ထွတ်မြတ် သူမကိုကြည့်ပြီး မျက်မှောင်ကုတ်သွားမိသည်။ ကားပေါ်ရောက်ရင်တော့ ရေရေလည်လည် ကျိုင်တက်ပြီး ထင်ထားပေမယ့် ...

"ဘယ်လိုဖြစ်သွားတာလဲ .. ကောင်းမှန်း သိသွားတာလား"

မေးမိပြီးမှ ရိုင်းသလိုဖြစ်သွားတာ သိလိုက်သည်။ သူ မေးရမည့် အကြောင်းကလည်း ဒီလိုစကားတွေပဲ ဖြစ်နေတာ မတတ်နိုင် ..၊

ဒါပေမယ့် သူမက လှည့်ကြည့်ပြီး ဆတ်ခနဲ ခေါင်းညိတ်၏။

"ဟုတ်တယ် .. လူကောင်းသူကောင်းပုံပေါက်တယ်လို့ သုံးသပ်လို့လေ၊ ကျေးဇူးပဲ"

ပြောပုံက ...

ဒဏ်ရာကို စမ်းမိရင်း ထွတ်မြတ် က ပြုံးသည်။

ဆေးခန်းထဲမှာ လမ်းစရိတ်တောင် မရှိတော့ဘူးလို့ ပြောပြီးထွက်သွားကတည်းက သူမကို မကျေနပ်ခြင်းအားလုံး ပြီးဆုံးခဲ့တာဖြစ်သည်။

တစ်မျိုးတော့ တစ်မျိုးလေးပါ..၊

"မင်းနာမည် ပြောမလား .."

မေးပုံကို ကြားလိုက်ပြီး လွှယ် က သူ မမြင်အောင် မဲ့သည်။ 'နာမည် ဘယ်လိုခေါ်လဲလို့' မေးလိုက်ရင် သိက္ခာကျတယ် ထင်လို့လား ..၊

"ဟိတ် .. မေးနေတာ ကြားလား"

"ကြားသားပဲ ပြောမလားဆိုတော့ မပြောချင်လို့ မပြောတာ"

"လွှယ် ဆိုတာ နာမည်လား"

ဟင်!.. ဘယ်လိုသိသွားတာလဲ ..၊ ဆေးခန်းထဲမှာ နာမည်ထည့် ပြောခဲ့မိတာကို လွှယ် သတိမရ ..၊

သူ့မျက်နှာကို ဇာရားခံကြည့် ကြည့်၍ ...





"ဘယ်က ကြားလိုက်တာလဲ"

"မင်း ပြောတာပဲ"

ဒီတော့မှ တွေးမိသွားကာ မျက်နှာကို ရှေ့ပြန်လှည့်၍ ...

"ဟုတ်တယ် .. အဲဒါ နာမည်"

"တစ်လုံးတည်းတော့ မဟုတ်လောက်ပါဘူး ဘာတဲ့လဲ"

"ဘာဖြစ်ဖြစ်ပေါ့"

လွှယ် အဲဒီလောက်ထိ တကယ် စိတ်မဝင်စားပါ၊ ဒီလောက်ဆို သူ ကိုယ့်အပေါ် စိတ်ဝင်စားမှု တစ်စုံတရာရှိပြီဆိုတာ သေချာသွားပြီ ..၊

နောက်ထပ်တွေ့ရင် ကိုယ့်ကို သတိထားမိပြီးသား ဖြစ်မှာလည်း သေချာနေသည်။ အကျင့်ရှင်က ဒီမှာတင်ပဲ 'ကဒ်'လုပ်လိုက်ရုံ ..၊

"ရပြီ ကားဆရာ .. လွှယ် ဒီမှာပဲ ဆင်းမယ်"

"ဟိတ် .. နေဦးလေ"

သူ လက်ကိုကိုင်တော့ ခါးခါးသီးသီး ခါချပစ်ကာ ...

"ရှင် တော်တော် လက်ရဲပါလား ..၊ ဒီတစ်ခါ လက်ပါရင် ဒီကလည်း ကြောက်တတ်ဘူးနော် မပြောမရှိနဲ့"

"သိတယ် .. ကြားမနေနဲ့"

လက်ကိုဆွဲထားဖို့ မကြိုးစားတော့ဘဲ သူပါ လိုက်ဆင်းကာ ကားခ သွင်းပေး၏။

လွှယ် က ပလက်ဖောင်းပေါ် ပြန်တက်ပြီးမှ သူ့ကို ကြည့်၍..

"ရှင်က ဘာဖြစ်လို့ ဆင်းတာလဲ"

"မင်းနောက်ကို လိုက်မယ်ထင်လို့လား"

သူ့မျက်နှာကိုကြည့်ကာ လွှယ် က ဆံပင်တွေကို မျက်နှာလေး မော့၍ ခါထုတ်လိုက်ပြီး ...

"ပြီးရော .."



www.burmeseclassic.com

www.burmeseclassic.com



ဒီလမ်းထိပ်ကနေ ဟိုဘက်ကူးလိုက်တာနှင့် ရွှေး တို့ ထိုင်နေတဲ့ဆိုင်
ကို လှမ်းမြင်ရမှာဖြစ်သည်။

တကယ်ဆို ရွှေး တို့မြင်အောင် သူနဲ့ တွဲလျှောက်လိုက်ရင် ပြီးသွား
မှာပါ ..၊ မတွဲချင်တာက တွဲပြဖို့အထိ ဖယောင်းထဲမှာ မပါလို့ဖြစ်ကာ
ကို သူမြင်သွားလျှင် ဒီနေ့ ဒီနေရာမှာပဲ မဖွယ်မရာဖြစ်ရပ်တစ်ခုအနေ
ပြီးဆုံးသွားမှာ သေချာနေသေးသည်။

ဘာဖြစ်ဖြစ် နောက်တစ်ခါ ဆုံဖြစ်ခြင်းသာ အဖြေဖြစ်သည်မို့ ထွ
မြတ် က လွယ် လျှောက်ထွက်သွားတာကို ရူးစိုက်ကြည့်လိုက်ရင်း ဖုန်း
ထုတ်ယူလိုက်သည်။

"လေးလေး .. ကျွန်တော့်ကား လာပို့ပေးပါ၊ အဲဒီက တစ်ယော
ယောက်နဲ့"

"... ... ..."

"(...)လမ်းထောင့် မီးပွိုင့်နားမှာ .."

ဖုန်းပိတ်လိုက်ပြီး လက်က တွဲလွဲကျသွားပေမယ့် မသိမ်းဖြစ်
သူ ဒီနေ့ ဘာတွေဖြစ်နေခဲ့တာလဲ ..၊





အခန်း [၄၂]

"တကယ် .."

"တကယ် ခေါင်းရိုက်ခွဲခဲ့တယ်ပေါ့"

"ဟုတ်တယ်...၊ နှစ်ယောက်စလုံး ဆေးခန်းရောက်သွားရော..."

လွယ် ပြောပြတာတွေကို နားထောင်ရင်း မဒီ မှင်တက်မိနေသူလို
ဘာမှ ဖြည့်စွက်မမေးနိုင် ..၊

သီတာ က ရယ်ဟဟလေးနှင့် ဝမ်းသာနေပုံရှိကာ ရွှေး ကတော့
ခေါင်းညိတ်နေရင်း တဖြည်းဖြည်း ပြုံးလာပုံက သူမ တစ်လစာပြုတ်ပြီ
ဆိုလည်း ဝမ်းနည်းပုံ မရ ..၊

ထို့ပြင် မယုံမကြည်ဖြစ်ကြတာမျိုးလည်း မရှိဘဲ မဒီ ကို လှည့်ကြည့်
ကြ၏။

မဒီ သည် သူမ အလှည့်ရောက်ပြီဆိုတာ နားလည်သွားကာသည်
ချောင်းရှင်းသလို တံတွေးမျိုချလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"နင် အရမ်းတော်ပါတယ် ...၊ ငါ အံ့ဩလွန်းလို့ ဘာပြောရမှန်း မသိအောင် ဖြစ်သွားတယ်၊ ဒါ .. ဒါဆို နင့်ကို သူက လက်တွေဘာတွေ ဆွဲတာပေါ့နော်"

"ဒါပေါ့ .."

ဆွဲလိုက်တာမှ ခဏခဏဆိုတာကို ထည့်မပြောဖြစ်ပါ ..၊

ရွှေး နဲ့ သီတာ တို့ မျက်လုံးတွေမှာလည်း မဒီ ကို ကရုဏာဖြစ်နေခြင်းတွေ လွှမ်းမိုးလျက် ...

"ငါတို့ ပြောသွားပဲ မဒီ ရယ် .. ယောကျ်ားတစ်ယောက်ကို အထင်တွေ စွတ်ကြီးမနေပါနဲ့လို့၊ သူ့ကို အထင်ကြီးနေလေ ကြိုက်တဲ့စိတ်တွေ ကြီးမားလေပဲ၊ ဒါပေမယ့်နော် .."

မဒီ ကို ပြောနေရင်း သီတာ က လွယ့် ဘက်ကို လှည့်ကာ ...

"ငါတို့နှစ်ယောက်ရှေ့မှာ နင့်ရဲ့ အဆင်ပြေခြင်းကို သက်သေပြဖို့အတွက် ဖိုင်နယ်လ် ကျန်ရသေးတယ်"

လွယ် က ရယ်နေသည်။

ပြီးတော့ သမိန့် ကို သတိရသွားကာ ...

"ငါ သူနဲ့ သွားတွေ့ရဦးမှာ .."

"ဘယ်သူနဲ့လဲ"

"သမိန် နဲ့"

ရွှေး တို့ တစ်ယောက်မျက်နှာ တစ်ယောက် ဖျတ်ခနဲ ကြည့်၏။

လွယ် ကတော့ သူမ ကတိပြုထားသည့်အတိုင်း စားသောက်ထားတာတွေအတွက် ရှင်းပေးနေရင်း ...

"သူ့အတွက် မွေးနေ့လက်ဆောင် ဝယ်သွားရဦးမှာဆိုတော့ ငါ လစ်တော့မယ်"

"လွယ် .."





"ဘာလဲ .."

"နင် ထွတ်မြတ် ကို ဘာညာသာရကာ သွားလုပ်မယ့်ကိစ္စလည်း သူ့ကို ပြောတာ့ပဲနော်၊ အံ့ရော ..."

"သူက ငါ သွားကာနီးမှ မွေးနေ့ပြောပြီး ဘုရားကိုခေါ်တာကိုး"

"ဟဲ့ .. အဲဒါရော ပြောစရာလား၊ ဒီလိုကိစ္စကြီးကို ကိုယ့်ကို အထင်မြင်သေးတာပေါ့"

လွယ် က ပိုက်ဆံအိတ်လေးကို အိတ်ထဲပြန်ထည့်၍ ပခုံးမှာ စွတ်ရွ လွယ်လိုက်ရင်း ရယ်ကာ ...

"သူ့အတွက် ငါ့ကို အထင်သေးရလွန်းလို့ သေးစရာ မကျန်တော့ဘူး နေမှာပါ၊ ငါ ဘာပြောပြော ကြီးတာသေးတာတွေ မဖြစ်တော့ဘူးဟ"

"ဟုတ်လား .. ဒီတိုင်း ပြောလား"

"အဟွန်း ... ပြောနေသလိုပဲ၊ သူ့မျက်နှာကိုကြည့်ရင် ငါ သိတာပေါ့..၊ ရှ ငါ့ကို အစ်ကိုကြီးတစ်ယောက်က ညီမကို စိတ်ပူသလိုမျိုးပဲ ရှိတာ"

"လုပ်ပြီ .."

"လွယ် ရယ် ထွတ်မြတ် တောင် နင့်ကို အခု သဘောကျသွားပြီ..၊ သမိန် က အစ်ကိုကြီးလို စိတ်ပူတာ ဖြစ်စရာလား"

မဒီ လေသံလေး ထွက်လာသည်။

အားလုံးက အံ့ဩသလို ကြည့်လိုက်ကြပြီးမှ မျက်နှာတွေ ကပျာကယာ ပြန်လွှဲ၍...

"အဲဒါပြောတာပေါ့ နင်လည်း ယောကျ်ားလေးတွေကို ယောကျ်ားအဖို့ရော မြင်ရဲ့လား ..၊ ကိုယ့်ကိုယ်ကိုယ် ပြန်စမ်းကြည့်ပါဦး"

"အေးလေ .. နာမည်ကသာ မှန်းမလွယ် ..၊ ဘာဖြစ်ဖြစ် တွေးလိုက်ရင် လွယ်လွယ်ပဲ"

"ဘာဖြစ်လဲ ကိုယ့်စိတ်ထဲ ရှိတဲ့အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



လွယ် ထွက်သွားတာကို သုံးယောက်လိုက်ငေးနေရင်း အသံထွက်လာတာက မဒီ ...

"လွယ် က စိတ်ဓာတ်ရော လူရော ချစ်စရာလေးနော် .. တွေးကြည့်ရင် သမိန် ကလည်း နှယ်နှယ်ရရထဲက မဟုတ်ဘူး၊ ထွတ်မြတ်လည်း မာနကြီးတဲ့လူပဲ၊ သူ့ကိုကျတော့ .."

"မသိတော့ မကြောက်ဘူး၊ မကြောက်တော့ မသေဘူးတဲ့၊ မကြားဖူးဘူးလား .. မြွေမှန်း တီကောင်မှန်း မသိအောင် တုံးတဲ့လူကို မြွေပေါက်ကတောင် မပေါက်ဘူး၊ 'ဒီကောင် ငါပေါက်လိုက်လည်း ဘာမှန်းမသိတော့ တုံးခနဲ လဲမှာ မဟုတ်ဘူး၊ အလုပ်ရှုပ်တယ်'ဆိုပြီးတော့ .."

ဟာသဆန်ဆန် ဥပမာတွေနှင့် ရွှေး က မဒီ ကို ကျွတ်တန်းဝင်အောင် ကြိုးစား၏။

'မထင်'လို့သာ ပြောလိုက်ချင်၏။





အခန်း [ ၃၃ ]

ဘိုမ်အရုပ်လေးကိုကြည့်ပြီး သူ ပြုံးလိုက်တော့ လွယ် က မျက်[...]င်လေးကုတ်၍ ...

"ဘာပြုံးတာလဲ .. အရုပ်လေးဆိုပြီး အထင်မသေးနဲ့ လေးထောင့်[...]ာတောင် ပေးရတာ"

ပြောလိုက်ကာမှ သူက ရယ်လိုက်ပြီး ...

"မင်းရဲ့ လက်ဆောင်ကို ကြည့်ရင်းနဲ့ ပုခက်ထဲ ပြေးဝင်ရတော့မလို[...]င်ပေါက်လာလို့ပါ၊ ဘယ်လိုစိတ်ကူးနဲ့ ဝယ်လာတာလဲ"

"မလိုချင်ဘူးလား"

"လက်ဆောင်ပေးတာပဲ ဘာဖြစ်ဖြစ် တန်ဖိုးထားရမှာပေါ့ကွာ .. [...]ိတ်ကူးကို သိချင်လို့ မေးကြည့်တာ"

လွယ် က နဖူးပေါ် ကျနေသည့် ဆံပင်တွေကို တစ်ချက်သပ်လိုက်[...] အရိုးရည်တွေ ထည့်ထားသည့်ဖန်ခွက်လေးကို လက်နဲ့ဆုပ်ကိုင်ကာ..

"ဒါဆို ပြောပြမယ် .. ပထမစိတ်ကူးက ဘာဝယ်ရမှန်း မသိလို့"

"အဟွန်း .."



www.burmeseclassic.com

www.burmeseclassic.com



"နောက်စိတ်ကူးက အရုပ်မလေးက အရမ်းလှတော့ ဝယ်ကို ဝယ် ချင်လာတာနဲ့ သမိန့် မှာလည်း သတို့သမီး လတ်လတ်ဆတ်ဆတ်ကြီး ဆုံးရှုံးထားတာဆိုတော့ .."

"ပုပ်သိုးနေတဲ့ သတို့သမီးတွေ ရှိနေပုံပဲနော် .. မှတ်ထားရမယ်"

နှစ်ယောက်သား ပြိုင်တူရယ်မိကြ၏။ မြစ်ကမ်းနဖူးက 'နန်းသီတာ' မှာ နေ့လယ်စာ မှာထားပြီး စကားပြောလိုက် ရယ်လိုက်နှင့် မြစ်ရေပြင်ကို လှည့်ငေးရတာလည်း အေးချမ်းမှုတစ်ခုပင် ..၊

မြစ်ကမ်းနဖူးမှာ ထိုင်ဖူးသည်၊ ဒီနားမှာပဲ ဖြစ်၏။ ဒါပေမယ့် ဆိုင်ထဲ ကိုတော့ တစ်ခါမှ မထိုင်ဖူးခဲ့ပါ ..၊ တွေ့ကြဖို့ ဖုန်းဆက်တော့ သမိန့် က သူကိုယ်တိုင် နေရာရွေးချယ်ပြီးဖြစ်ကာ လွှယ့် ကို သူပဲ လာခေါ်သည်။

'နန်းသီတာ'၏ အပေါ် ထပ် ခေါင်မိုးဖွင့်ထပ်ခိုးလေးက ပန်းခြံထဲမှာ ဖြစ်သည်။ မြစ်ပြင်ကို အပေါ်စီးကငေးရင်း လွှယ့် စိတ်တွေ ပေါ့ပါးနေကာ ဘာပြောပြော ပြုံးရယ်မပျက် ရှိခဲ့တာကိုက ပျော်နေလို့ထင်၏။

"ဆက်ပြောလေ .. အဲဒီတော့ ဘာဖြစ်လဲ .."

"သတို့သမီး အစားရတယ်လို့ သဘောထားလိုက်ပေါ့၊ လွှယ် က တောင်းပန်တဲ့သဘောပေါ့"

သမိန့် က ရယ်နေလျက် လွှယ့် ကို စိုက်ကြည့်သည်။ ပြီးမှ ...

"မွေးနေ့လက်ဆောင်ထက် အဓိကကျတာကို သိချင်သေးတယ်"

"ဟင် .. ဘာလဲ"

"မနက်က သွားတဲ့ကိစ္စ ဘာတွေဖြစ်ကုန်လဲ"

"အဲ .."

လွှယ် မျက်ခုံးလေး ပင့်သွားပြီး တော်တော်နဲ့ ပြန်မကျ ..၊ မျက်ဝန်း လေးတွေ ဟိုဘက်ဒီဘက် ပြေးလွှားပြီး ခဏလေး အလုပ်ရှုပ်သွားကာ

"ဘာမှမဖြစ်ဘူး .. အဆင်ပြေတယ်"





"ဘာ!..."

ပြုံးနေသည့်မျက်နှာ ချက်ချင်း ပျက်ကျသွားသည်။ အရုပ်မလေး ...သားရင်း လွှယ့် မျက်နှာကို ထပ်စိုက်ကြည့်ကာ ...

"အဆင်ပြေတယ် ဟုတ်လား"

"အင်း ..."

"အဲဒီတော့ ဘာတွေဖြစ်လာဖို့ ရှိသေးလဲ..၊ မင်း ဘာတွေ လုပ်ပစ် ...လဲ"

"ပြီးပြီလေ.. အဆင်ပြေတယ်ဆိုတာ ပြန်နိုင်ရင် တစ်လစာ ရမှာပါဆို."

"အဲဒီအလောင်းအစားတွေ၊ ပိုက်ဆံကိစ္စတွေ ထားလိုက်စမ်းပါ၊ အခု ...်ယောက်နဲ့ မင်း ..."

သူ စကားထောက်သွားပြီး မျက်လုံးချင်းဆုံသွား၏။ လွှယ် သူ့မျက်လုံး ...ုံးရဲနေတာကိုကြည့်ရင်း ရွှေ တို့ ပြောတာတွေကို သတိရမိသည်။

" သမိန့် က အစ်ကိုကြီးလို စိတ်ပူတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား" ...ဒီလူ အဲဒီလို တကယ်ဖြစ်နေတာလား ..၊

ဒီလိုမထင်ခဲ့သည့်စိတ်က သူ့အမြင်မှာ ကိုယ်ဟာ တစ်စက်လေးမှ ...ကြီးဖွယ်မရှိသော ဆင်းရဲမွဲတေပြီး စိတ်ဓာတ်က အာပလာနှင့် ...

"ပြောလေ .. ဘယ်လို အဆင်ပြေတာလဲ"

သူ ထပ်မေးသည်။ ထိုအခါကျမှ မျက်လုံးချင်းဆုံနေတာကို လွှယ် ...ရှေ့ပစ်ကာ ...

"သူက ဘယ်မိန်းကလေးနဲ့မှ အရေးတယူမရှိခဲ့ဘူးဆိုတော့ လွှယ် ...ရေးတယူဖြစ်သွားအောင် သူ့ခေါင်းကို တုတ်နဲ့ရိုက်ပစ်လိုက်တယ်"

"ဘယ်လို !.."

သူ မယုံနိုင်သလို ထပ်မေးတာကို လွှယ် က ရှင်းမနေဘဲ မြန်မြန် ...ခင် ဆက်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ ရန်ဖြစ်ရင်း စကားပြောရင်းနဲ့ နောက်ကျတော့ ပြေလည်
သွားတယ်၊ အပွန်း .. လွယ် က ခါးပိုက်နှိုက်ခံရတယ်ဆိုပြီး သူ့ကို လူ
ရိုက်သလို လုပ်လိုက်တော့ လွယ့် မှာ လမ်းစရိတ်မရှိတော့ဘူး ထင်
တက္ကစီတောင် ငှားပေးလိုက်သေးတယ်"

သမိန် မျက်လုံး တဝင်းဝင်းဖြစ်နေလျက် အသံတိတ်နေ၏။

တက္ကစီ အတူစီးလာခဲ့တာများ ပြောလိုက်လျှင် ဘယ်လိုနေ
မသိ၊ အထင်လွဲမှာ ကြောက်တာမျိုး မဟုတ်ဘဲ ကိုယ် မလိုအပ်ဘူး
တဲ့အရာကို အကျယ်တဝင့် ဘာမှ မရှင်းချင်တာ ဖြစ်သည်။

ထို့ကြောင့် လွယ် ကိုယ့်စိတ်ကူးနဲ့ကိုယ် ဖြုတ်ထုတ်ရှင်းနည်း
ပြောပြလိုက်ခြင်းပင် ..၊ တော်တော်ကြာသွားမှ သူ ခေါင်းညိတ်က

"ဒါကို မင်းက ပြီးပြီလို့ သတ်မှတ်လိုက်တယ်ပေါ့"

"ပြီးတော့ မပြီးပါဘူး၊ သူနဲ့ လွယ် ခင်ခင်မင်မင်ဖြစ်သွားတာ
ရွှေး တို့သိအောင် သက်သေပြရဦးမှာ ..၊ အဲဒါပြီးရင် အောင်မြင်ပြီ"

"ဘာ အောင်မြင်တာလဲ"

"လွယ် လောင်းထားတာလေ .. သမိန် ပြောသလို ငွေစကား
ပြောနေတာ မဟုတ်ဘူး သမိန် ရဲ့ .. ကိုယ်ထင်တာ၊ လုပ်ချင်တာ
ပြီးဆို အဲဒီအလုပ် မပြီးဆုံးဘဲ ဘာတွေဖြစ်ဖြစ် နောက်မဆုတ်ချင်ဘူ

"အဲဒါကြောင့် မင်းကို စိတ်မချတာ၊ ဒီမှာ လွယ် .. မင်းနဲ့ငါ လက်
တတွဲနေခဲ့ဖူးတဲ့ကာလမှာ ငါ့ရဲ့ စိတ်က နဂိုအသိစိတ် မဟုတ်ခဲ့ပေ
မင်းနဲ့အတူရှိခဲ့ဖူးတယ်ဆိုတာ သိလိုက်တဲ့အချိန်မှာ ငါ အားလုံးကို သ
တယ်၊ မင်းကို အဲဒီတုန်းကအတိုင်းပဲ ချွေးတွေးလို့ရတယ်၊ အဲဒါ သံယော

လွယ် က အအေးသောက်လိုက်ရင်း နှုတ်ဆိတ်နေခဲ့၏။ သူ
ဘိုမရုပ်လေးကို ဖွင့်လျက်သားရှိနေသည့် ဘူးလေးထဲ ပြန်မထည့်
ဦးထုပ်လေး ဖြုတ်ကြည့်လိုက် ပခုံးလေးကို ပွတ်နေလိုက်နှင့် စကား





ညီး မပျက် ..၊

"ပြီးတော့ မင်းရဲ့ စရိုက် .. မင်းစိတ်ဓာတ်ကို စိတ်ဝင်စားတဲ့သူ ဖြစ်
ခဲ့ရင်း မင်းကို သူများထက်ပိုပြီး နားလည်နိုင်တဲ့ ပညာတွေပါ ရလာ
နောက်ကို စိတ်ထဲမှာ ဖြစ်လာတိုင်း လျှောက်လျှောက် မလုပ်ပါနဲ့"

"ပွန်း .."

လွယ် က ဖန်ခွက်ကို ပြန်ချလိုက်ပြီး နှုတ်ခမ်းလေးမဲ့၏။ ဘာမှ
တော့ ပြန်မပြော ..၊

"ငါ့စကားကို နားထောင်စမ်းပါ၊ အခု လက်တည့်စမ်းနေတဲ့ကိစ္စက
ပြောသလို ပြီးချင်တဲ့နေရာမှာ ပြီးလိုက်လို့ရတဲ့ကိစ္စမျိုး မဟုတ်ဘူး။
ကြောင့် နောက်ထပ် တစ်ခန်းရပ်ထွက်ဖို့ရှိနေတဲ့ ပြကွက်တွေ မလုပ်
တော့"

"ဟာ!... အဲဒါတော့ ဘယ်ဖြစ်မလဲ၊ သူများ လောင်းထားတာ ရှုံး
မှာပေါ့"

"မင်း မရှုံးဘူး၊ အဲဒါ သူတို့လည်း သိနေလောက်ပါပြီ၊ ငါလည်း သိ
ယ်၊ အဲဒါကြောင့် တားနေတာ .. လောင်းကြေးမရမှာ ကြောက်နေ
ဆိုရင် .."

"သမိန် နော် .."

"ကျွတ်!..."

ပြောတော့လည်း မကြိုက် .. တားတော့လည်း နားမထောင် ..၊
ကိုယ့်အတွက် ဝင်နေရတာက သူ့စိမ်းပြင်ပြင်နေရာမှာမို့ ကိုယ့်
မှာ ရင်းနှီးတွယ်တာနေသမျှ သက်သေပြချက် မဲ့နေခဲ့၏။

ထိုစဉ် ထမင်းဟင်းတွေ တစ်မျိုးပြီးတစ်မျိုး ရောက်လာကာ ခဏ
ွင်းမှာ စားပွဲတစ်လုံး ပြည့်သွား၏။

"ဘယ်လိုလဲ .. စားရတော့မှာလား .. မစားရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"စားလေ .. စားစေချင်လို့ မှာထားတာဥစ္စာ"

"မသိဘူး .. မျက်နှာ ရှစ်ခေါက် ကိုးခေါက် ချိုးထားတော့ ဘယ်သူ က စားရဲမှာလဲ .."

လွှယ် နှုတ်ခမ်းလေး စူနေကာမှ သူက ပြုံး၍ ...

"လွှယ် .."

"ဘာလဲ .."

"ကောင်းတယ် .. အဲဒီလို ယဉ်ယဉ်ကျေးကျေးလေး"

"ပြောမှာပဲ၊ ဒီမှာ တင်းနေပြီ"

"နောက်ထပ် ကိုယ်လိုချင်တဲ့ မွေးနေ့လက်ဆောင် တောင်းရင် ပေးမှာလား"

"ပေးနိုင်တာ တောင်းပေါ့"

ပြောပြီးမှ တူကို အိတ်ထဲက ထုတ်လိုက်ရင်း မဲ့ကာ ...

"လက်ဆောင်တစ်ခုနဲ့ အားမရနိုင်တဲ့ မွေးနေ့ရှင်မျိုး ခုမှပဲ တွေ့ဖူးတယ်" ဟု ပွစိပွစိ ရေရွတ်လေသည်။

သမိန် က အသံထွက်အောင် ရယ်လျက် ...

"မဟုတ်ပါဘူးကွာ .. ကတိတစ်ခုပဲ လိုချင်တာ"

"ဘာလဲ .."

"မင်း ဟိုတစ်ယောက်နဲ့ ထပ်ဆုံဖို့ မဖန်တီးဘူးလို့"

နောက်ထပ် မျက်လုံးချင်း ဆုံသွား၏။ လွှယ့် စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားကာ ချက်ချင်း မျက်နှာလွှဲမိလျက် သူက စူးစိုက်ကြည့်နေဆဲ—

"ပြောလေ .."

"ဘာဖြစ်လို့ ဒီအကြောင်းထဲက မထွက်တာလဲ၊ လွှယ့် အတွက် ဘာမှမဟုတ်တဲ့ကိစ္စ"

"မဟုတ်တာတွေ ဟုတ်လာမှာ စိုးလို့ပေါ့"





"ဘာဟုတ်ရမှာလဲ"

"မင်း ရည်းစားထားဖြစ်သွားမှာလေ"

အံ့သြသွားသလို ဖြစ်သွားလျက် လွှယ် က ပခုံးလေးတွန့်၍ ရယ်သည်။

"သမိန် ရယ် .. လွှယ့် ကို အထင်ကြီးနေလိုက်တာ၊ ရတ်တရက် ဒီယ့်ကို သတိထားမိသွားအောင် လုပ်ပစ်လိုက်လို့ လှည့်ကြည့်လာတာမျိုး တခြား မိန်းကလေးတွေနဲ့ မပြောမဆိုဖြစ်ပေမယ့် လွှယ် နဲ့ ပြဿနာ ဖြစ်တော့ ပြောရဆိုရတာတွေ ဖြစ်ခဲ့တယ်၊ ဒါပဲလေ .. လွှယ့် လို အခြေ နေ အဆင့်အတန်းလောက်နဲ့ မိန်းကလေးကို သူဌေးပဂေးဆိုတဲ့ လူတွေ က သဘောကျတယ်ဆိုရင်တောင် စိတ်ကူးယဉ်တာထက် ပိုမှာ မဟုတ် ဘူး လွှယ် ကတော့ စိတ်ကူးထဲကိုပဲ မထည့်ခဲ့တာ၊ အိပ်မက်ကိုလည်း မက်တယ်၊ အနာဂတ်ကိုလည်း အရောင်ခြယ်ကြည့်ဖို့ စိတ်မကူးဘူး။ လွှယ် ထက်မှတ်တာက ပစ္စုပ္ပန်မှာ စိတ်ချမ်းသာဖို့ .."

"မရနိုင်တာကို စိတ်မကူးတာမျိုးဆိုရင် ရနိုင်ပေ့ါအခါ အဆင်ပြေ သွားဖို့ ရှိတာပေ့ါ။ ဒီလိုလား .."

"မသိဘူး .. အဲဒါတွေ တော်ပါတော့၊ ချစ်တာတွေ ကြိုက်တာတွေ သမိန် နဲ့ကျမှပဲ စေ့စေ့ပေါက်ပေါက် အမေးခံရတယ်၊ တကယ်ပဲ လူကို ဝင်ဆွဲတိုင်း သူမှာ ပဟေဠိတွေ ဖြစ်နေတာ"

"ဟုတ်တယ် .. မင်းကို နားလည်ချင်လို့လေ"

"မလုပ်ချင်နဲ့တော့ ..၊ လွှယ့် လို ပေါ့ပေါ့ပါးပါးပဲ နေ၊ မသွင်မတွေ့ရင် ဒီလိုသူ မဖြစ်ဘူးတဲ့၊ အဲ ... ဟုတ်ပါဘူး"

လွှယ် မျက်လုံးလေး ဝိုင်းသွားပြီး ကပျာကယာ ပါးစပ်ပိတ်တော့ သမိန် ပြုံးမိသည်။

"စရိုက်မတူဘဲ ပေါင်းလို့ မရတာကို ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကတော့ မင်းနဲ့ စရိုက်တူဖြစ်ပြီး ပေါင်းချင်တာ မဟုတ်
မင်းက ရေလှိုင်းလေးဆိုရင် ကိုယ်က ကမ်းစပ်၊ ကဗျာဆန်ဆန်ပြောပြ
မှ သဘောမပေါက်ရင်တော့ အမြင်မတော်တာတွေ့ရင် ထိပ်ပေါက်အော
အောင် ရိုက်နှက်ဆုံးမမယ့် ဆရာနဲ့တူသော အဆွေခင်ပွန်းကောင်း
ချင်တာ .."

ပြော၍ ရယ်မိကြရင်း အားလုံးက ပေါ့ပေါ့ပါးပါး ပျောက်ကွယ်
ခဲ့၏။ လွှယ့် ကို ကျွေးချင်၍ တမင်လာခဲ့တာမို့ သမိန် က ဘာမှသိပ်
ဘဲ တို့တို့တိတိစားရင်း မျက်လုံးတွေက လွှယ့် ဆီမှာပဲ ရှိခဲ့သည်။

ပြီးတော့ သူ့မ ပန်းကန်ထဲကိုပဲ ဟင်းတွေစုံအောင် ထည့်ပေ
ရင်း ...

"စားကောင်းအောင် စားနော် .. လက်ဆောင် နောက်တစ်
မပေးပေမယ့် မွေးနေ့ရှင်က ကျေနပ်ပြီးသားပါ"

လွှယ် က တူတစ်ဖက် ဇွန်းတစ်ဖက်နှင့် ပါးစပ်ထဲမှလည်း
ရင်း ...

"တစ်ခန်းရပ် ပြကွက်ကတော့ ပြီးအောင် ကရမှာပဲလေ၊ ဒါ
ကတိပေးတယ် .. ရည်းစားမထားဖြစ်စေရဘူး"

"ဟုတ်ပါပြီ .. ကြည့်ရဦးမှာပေါ့"

"သမိန် .."

"ဟင် .."

"မိန်းမနှစ်ယောက်နဲ့ကွဲတာ ဘာမှ မခံစားရဘူးလား"

"လူကြားမကောင်းကွာ .. မေးပုံကြီးကလည်း .."

လွှယ်.က ထမင်းစားရင်း စကားပြောရင်း ရယ်လည်းရယ်
ဒါပေမယ့် စားသောက် ကိုင်တွယ်နေတာတွေမှာ အားလုံး သေ
သပ်လေးပဲဖြစ်နေတာ ချစ်ဖို့လည်း ကောင်း၏။





"ဟုတ်တယ်လေ .. လွှယ် ကြားဖူးတာ အတိတ်မေ့တဲ့လူတွေက
သတိရလာရင် ကြားထဲမှာ ကြာခဲ့တဲ့ကာလတွေကို ပြန်မေ့သွားတယ်တဲ့၊
ဖြစ်ခဲ့တဲ့အကြောင်းကိုပဲ မနေ့တစ်နေ့ကလို ပြန်ခံစားရတတ်တယ်တဲ့"

"ကိုယ်လည်း ဒီလိုပဲလေ .. မင်းကို ဘယ်သတိရမလဲ၊ ဝတ်လွှာ
နဲ့ ကိုယ် ကားမှောက်ခဲ့တာကိုပဲ တန်းသတိရတာ .."

"ဒါပေမယ့် ရှင် အခု အဲဒါတွေနဲ့ မဆိုင်တော့သလိုပဲ၊ အထူးသဖြင့်
လွှယ် က နှောင့်ယှက်ခဲ့တဲ့လူဆိုတော့ .."

"ဒါက ခြွင်းချက်ပေါ့ကွာ .. ငါ့ဘဝရဲ့ တစ်ခန်းတစ်ကဏ္ဍမှာ မင်း
ရှိခဲ့တယ်ဆိုတာ သိလိုက်ပြီးတော့ မင်းကို သူများမြင်သလို ငါ မမြင်ခဲ့ဘူး၊
အဲဒါ အမှန်အတိုင်း ပြောတာပါ၊ နောက်ပြီးတော့ကွာ သူ ကိုယ့်ကြောင့်
ဖြစ်ရတယ်ဆိုတဲ့ ယူကျုံးမရစိတ်က အသည်းကွဲတာမျိုးတော့ မဟုတ်
ဘူး အဲဒါလည်း သေချာတယ်"

"ဘာဖြစ်လို့ ယူကျုံးမရတာလဲ"

သမိန် က လွှယ် လက်လှမ်းလိုက်သည့် တစ်သျှူးစကို သူ ကိုယ်တိုင်
ဆွတ်ပေးလိုက်ပြီးမှ ...

"သူနဲ့ကိုယ် လမ်းခွဲကြဖို့ ပြောပြီးသား .."

"ဘယ်လို .."

"သူကလည်း ကိုယ့်ဘက်က အေးတိအေးစက် ဖြစ်နေတာကို
ကြိတ်ခံစားပြီး ခပ်မာမာ နေခဲ့တယ်၊ ကိုယ်ကလည်း ကိုယ်ချစ်သလို သူ
ချစ်ဘူးပဲ ယူဆတယ်၊ တို့နှစ်ယောက်ရဲ့အနေအထားက ရည်းစား သက်
တမ်းတစ်လျှောက်မှာ နွေးထွေးမှု သိပ်မရှိခဲ့ဘူး"

"ဘယ်သူကစပြီး ဖြတ်တာလဲ"

"သူက စဖြတ်တာ၊ ဒါပေမယ့် ကိုယ်ကလည်း ကြိုတွေးပြီးသားပါ
ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တို့နှစ်ယောက်က ဘာသာမတူကြဘူး မိဘ



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့ စရိုက်သဘာဝတွေက ဆန့်ကျင်ဘက်ပဲ"

"ဘယ်လို ဆန့်ကျင်တာမျိုးလဲဟင်"

"သူတို့က ဟိုခေတ်စကားနဲ့ ပြောရရင် ဆိုရှယ်ကျတာမျိုး မေမေတို့ကျတော့ စီးပွားရေး၊ လူမှုရေးဆိုတာ သူ့နေရာနဲ့သူပဲ၊ ကို အလုပ် ကိုယ်လုပ်ပြီး မိသားစုအရေးထက် တခြားကိစ္စ ဘောင်ကျော် တွေ မရှိဘူး၊ ဝတ်လွှာ မာနကြီးတာလည်း အဲဒါတွေပေါ့ကွာ၊ မိဘ လည်း အရမ်းချမ်းသာတယ်လေ၊ ကိုယ့်အပေါ်မှာကျတော့ ဘယ် ငံ တိုင်းကျမလဲ .."

"သမိန် က သူ့ကို မလိုက်လျောခဲ့တာမျိုးလား"

လွယ် မေးလိုက်တာကို နားမလည်သလို သမိန် က စိုက်ကြ နေ၏။ လွယ် က ထမင်းစားပြီးမှ ရေခူသုတ်ကို ဒီအတိုင်း တွန့်ညှပ် ပြီး ပါးစပ်ထဲ ထည့်လိုက်ရင်း ...

"ဘယ်လောက် မာနကြီးတဲ့ မိန်းကလေးပဲဖြစ်ဖြစ် ကိုယ့်ချစ်သူ ချော့မော့အလိုလိုက်တာကိုတော့ သဘောကျမှာပဲလေ၊ သမိန် က ဘာ လိုလူလဲလို့"

"မသိဘူးကွ .. ဒါပေမယ့် သူ့အတွက် ရင်ခုန်သံဖြစ်လာတို အတိုက်အခိုက်တွေ ပါနေသလိုပဲ၊ မတူကြတဲ့ ဘာသာတရားကြော ပေါင်းကြရဖို့မရှိဘူးဆိုတဲ့ အသိက အမြဲတမ်း ပူလောင်နေတယ်၊ လ ထပ်ဖို့မဟုတ်ဘဲ အပျော်တွဲကြတာမှ မဟုတ်တာ၊ လက်ထပ်ဖို့က မဖြ နိုင်တော့ဘူးဆိုတာ သိနေတော့ ..."

"အစက အဲဒါတွေ မသိခဲ့ဘူးလား"

"မသိဘူး .. ချစ်သူတွေဖြစ်ပြီး ရှစ်လကြာမှ သိတာ"

"ရှစ်လတောင် .."

"အင်း .."





"အဲဒီ ရှစ်လ မကျော်ခင်တော့ အရမ်းကိုချစ်တာပဲပေါ့"

"ချစ်တာပေါ့ .. ဝတ်လွှာက မာနကြီးကြီး ခပ်ရိုင်းရိုင်းပဲ၊ ဒါပေမယ့် ကိုယ့်ကို ချစ်တယ်၊ ဒါပေမယ့်ကွာ ..."

နောက်ထပ် ဒါပေမယ့်မှာ သမိန် မျက်နှာညိုသွားလျက် ဟန်ဆောင် နှဲ့ဆောင်ကိုင်ထားသည့် တူကို ချထားလိုက်ပြီး ...

"သူ အဲဒီလောက်ထိ ချစ်တတ်မှန်း ကိုယ် အဲဒီမှာ မသိခဲ့ဘူး"

"ဘာသာမတူဘူးဆိုတာ သူကရော မသိဘူးလား"

"သိတယ်လေ .. သူ ဖြစ်စေချင်တာက ကိုယ့်ဘက်က လိုက်လျော ရမယ်၊ သူ့ဘက်ကို လာဖို့ပေါ့"

"ဒါတော့ မကောင်းပါဘူး"

"ကိုယ်လည်း အဲဒါတော့ ဘယ်လိုမှ မလိုက်လျောနိုင်ဘူးလေ၊ ဖြတ် တောက်နိုင်ဖို့ ကြိုးစားရမယ်ဆိုတဲ့အသိက အဲဒီကတည်းက ရှိနေခဲ့တာ၊ နောက်ဆုံးတွေ့ကြကာမှ ကိုယ် ဘယ်လိုမှ မထင်မှတ်ဘဲ သူက ကိုယ့်ဆီ အပြီးထွက်လာခဲ့တာ ဖြစ်နေတယ်"

"ရှင့်ဘာသာထဲကို သူ လာမယ်ပေါ့"

"အဲဒါတွေ မပါသေးဘဲ ကိုယ့်ကို သူ ပေါက်ကွဲတာပဲ၊ မဖြစ်နိုင်တာ ကို ကိုယ်ပြောတုန်း သူ ကားပေါ် ပြန်တက်တယ်၊ စိတ်ထဲမှာ တစ်ခုခုဖြစ် သွားနိုင်တယ်ဆိုတာ ခံစားလိုက်မိပြီး ကိုယ် သူ့ကို တတ်နိုင်သမျှ လိုက် လျောပြီး ချော့မော့ဖို့ ဆုံးဖြတ်ခဲ့တာပါ"

ဒါပေမယ့် ဘာမှမဖြစ်လိုက်ခင် ပြီးဆုံးခဲ့တာကို မပြောပြချင်တော့ ဆ ...၊ လွယ်ကလည်း သိသင့်သလောက်တော့ သိခဲ့ပြီးပြီမို့ ခေါင်းညိတ် လိုက်ခြင်းဖြင့် ထိုအဖြစ်ကို ကန့်လန့်ကာ ချပေးလိုက်သည်။

"ဆောရီးနော် .. အဲဒါကိုပဲ ခဏ ခဏ ပြန်စပေးမိတယ်ထင်တယ်"

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ခံစားစေချင်လို့ မဟုတ်ပါဘူး၊ လွယ့် ကြောင့် ဖြစ်ခဲ့တာတွေ ကို မလုံလို့"

"မင်းကြောင့်လို့ တစ်ခါမှ ကိုယ် ဒေါသစိတ်နဲ့ မတွေးခဲ့ဘူးလို့ ပြော ပြီးပြီပဲ..၊ ဝတ်လွှာ နဲ့ သေကွဲကွဲခဲ့ရတာရော၊ ရှင်တဲ့သူနဲ့ ကွဲခဲ့တာရော အားလုံးကို ထားခဲ့နိုင်တယ်၊ မင်းက ဘယ်သူနဲ့မှ မသက်ဆိုင်ဘဲ မင်းနဲ့ လိုအပ်ချက်နဲ့မင်း အတင့်ရဲစွာ ရောက်လာတာ၊ ဒါလည်း မင်းနဲ့ငါ ထူးဆန်း စွာ ဆုံစည်းဖြစ်ဖို့အကြောင်းပဲ"

"အဟွန်း .. ရှင့်ကို လွယ် ခင်ပါတယ်"

"ကျေးဇူးကြီးပါတယ် ဆရာမရယ် .. နောက် ဘယ်တော့မှ မစုန် အောင် ကျွန်တော် နေပါ့မယ်"

"တွေ့လား .."

လွယ် က မျက်စောင်းလေး ရွယ်၏။

နှစ်ယောက် စားသောက်ပြီးတော့လည်း ချက်ချင်း မပြန်ဖြစ်သေး ဖေဖေ့အတွက် ဘဲကင်ပါဆယ် မှာထားပြီး ထိုင်နေမိကြသေးသည်။

အားလုံးမှာခဲ့တာတွေ ရှင်းလိုက်တော့ ခြောက်သောင်းကိုးထောင်

"ဟယ် .. အများကြီးပဲ၊ ဘဲကင်ပါဆယ်အတွက် လွယ့် ဖာသာ ပေးမှာပါ၊ ဖေဖေ့အတွက် သပ်သပ်မှာလိုက်တာကို"

"အခ်ိပ္ပာယ်မရှိတာကွာ .. နောက်ထပ် ဘာလိုချင်သေးလဲ၊ ဒီမှာ ပေးချင်လွန်းလို့"

သမိန် က ပြုံးနေပေမယ့် လွယ် ပြုံးမဲ့မဲ့လေး ဖြစ်နေ၏။ ဒါတော စားတဲ့ဟင်းတွေကို သူကိုယ်တိုင်မှာတာမို့ တော်သေးသည်။

ကိုယ်မှာတာဆို စားပြီးတာတွေကို ပြန်အန်ထုတ်လိုက်ချင်လော အောင် မျက်နှာသူ့ရှမှာ ကျိန်းသေ...။ ထိုင်ရာကနေ အတူတူထရပ်ပြီ စားပွဲက လှည့်ထွက်ကြစဉ် ပခုံးချင်းတိုက်ပြီး သူ့လက်ထဲက အရုပ်ဘူ





လွတ်ကျပြန်သည်။ အသာလေး အုပ်ထားရုံမို့ သံမံတလင်းပေါ်မှာ အရုပ် ထွက်ကျသွား၏။ နှစ်ယောက်ပြိုင်တူ ငုံ့ကောက်လိုက်မိလျှင် အရုပ်က လက်နှစ်ဖက်ထဲမှာ တစ်ပိုင်းစီ ကိုင်မိပြီးဖြစ်ကာ ...

"အိုက် .. လက်ဖ် .. ယူ"

ဟင်!...

လွယ် မျက်လုံးဝိုင်းသွား၏။ သူလည်း အံ့သြသလို ဖျတ်ခနဲ ကြည့် သည်။

အရုပ်မှာ ဒီအသံထွက်နိုင်မှန်း လွယ် မသိခဲ့ပါ။ သူလည်း ခုမှကြားပြီး အံ့သြသွားတာ ဖြစ်၏။

ပြီးမှ တခြားစားပွဲက လူတချို့ လှည့်ကြည့်နေကြတာ သတိရကာ အရုပ်ကို သူ့ဘက်တွန်းပေးလိုက်ပြီး လွယ် ဆက်လျှောက်ခဲ့၏။

လှေကားထစ်တွေကို နင်းဖြတ်ခဲ့စဉ် ...

"ဘိုမရုပ်လေးက ဘယ်သူ့ကို အဖြေပေးနေတာလဲ"

လွယ် က လှည့်မကြည့်တော့၊ သူက လွယ့် လက်ဖျားလေးကို ဖမ်းဆွဲလိုက်ကာ ...

"လွယ် သိလား .."

"ဘယ်လိုလုပ် သိမှာလဲ .. သူ့ဖာသာသူ အသံထည့်ပေးထားတာကို ဖယ်ပါ .."

လက်ကို ခါချပစ်လိုက်တော့ ရယ်သံသဲ့သဲ့နှင့် သမိန်က နောက်ချန် နေခဲ့၏။ ထိုရယ်သံကြောင့် ရှက်သလိုလို ရင်တွေ ခုန်နေသလိုလို ..၊

"ဒါ မေးစရာလည်း မဟုတ်ဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၄ ]

"လိုအပ်လို့ မေးနေတာပေါ့ သားရယ် .. ရင်းနှီးတယ်ဆိုတာ အတိုင်းအတာ ရှိတယ်"

"တိုင်းတာပြီး ခေါ် ပြောနေကြတာတော့ မဟုတ်ဘူး မေမေ၊ သူ့စိတ်ဓာတ်ကို ကျွန်တော် နားလည်တယ်၊ အဲဒါကြောင့် ကရုဏာဖြစ်မိရင်း သံယောဇဉ်ပါသွားတာ"

ဒီအတိုင်းပဲ ဖြေပြီး သမိန် အခန်းထဲ ဝင်သွား၏။ ဒေါ်သီရိကျော် ဘိုမရုပ်လေးကို ကိုင်လျက် အပြင်မှာ ကျန်ခဲ့လေသည်။ အရုပ်လေးရဲ့ ခါးပတ်မှာ စာရေးစရာ နေရာလေး ရှိနေ၏။ ထိုမှာ ရေးထားတာက ...

သမိန့် အတွက် မွေးနေ့လက်ဆောင် ...။

မုန်းမလွယ် ...။

"ဘာတွေ ဖြစ်နေတာလဲ သီရိ"

ဒေါ်သီရိကျော် တောင့်မတ်စွာ ရပ်နေဆဲ ဦးသိန်းထိန် အလုပ်က ပြန်လာတာနှင့်တိုးကာ အနားကို ရောက်လာ၏။

ပြီးတော့ ဘိုမရုပ်ကို သေချာငုံ့ကြည့်လိုက်ပြီး သဘောပေါက်သွားကာ သမိန့် အခန်းကိုလည်း ငဲ့ကြည့်၏။





"မင်း အထဲက ဝင်ယူလိုက်တာလား"

"မဟုတ်ပါဘူး .. ဖုန်းစင်ဘေးမှာ တင်ထားပြီး သူ အထဲဝင်သွားတာ၊ ပြီးမှ ပြန်ထွက်လာပြီး ယူတာ၊ ကျွန်မ ကိုင်ထားတာ မြင်လို့"

"မင်းက ဆွဲလိုက်ရောလား"

ဒေါ်သီရိကျော် ၏ အံ့ဩသည့် မျက်လုံးတွေက 'မေးရက်လိုက်တာ' ဆိုသည့် အဓိပ္ပာယ်တွေနှင့် တန်းခနဲ ရောက်လာ၏။

"ဒါကို ကျွန်မက မမေးရဘူး ဟုတ်လား .. မုန်းမလွယ် ဆိုတဲ့ ဘာမှန်းမသိတဲ့ မိန်းကလေးနဲ့ ပတ်သက်နေတာကို ဒီအတိုင်း ကြည့်နေရမယ်ပေါ့"

ဦးသိန်းထိန် က သက်ပြင်းချလိုက်ပြီး ကိုင်ထားသည့်အိတ်ကို နီးရာ စင်မြင့်တစ်ခုထက်မှာ လှမ်းတင်လိုက်၏။

"ကြည့်မနေသင့်ပေမယ့် ပြောတိုင်း ရခဲ့လို့လား သီရိ ရယ် .. ပြီးတော့ သူ့အမေကလည်း .."

"တော်တော့ အစ်ကို .. သားကို ကျွန်မ မွေးခဲ့တာ၊ အဲဒီအတိုင်းပဲ ရှိခဲ့တာ အနှစ်နှစ်ဆယ်ကျော်ပြီ၊ မမလည်း ဒီလိုပဲ သတ်မှတ်ပြီး သားကို စီမံခွင့်ပေးခဲ့တာ၊ သား စိတ်ချမ်းသာသလို ဖြစ်ပါစေဆိုတဲ့စကားကို မမ ပြောခဲ့တာက အားလုံး ငြိမ်းချမ်းစေချင်တဲ့သဘော၊ သူမွေးတဲ့သား ဆိုတဲ့သဘောနဲ့ မဟုတ်ဘူး"

"မင်းတို့ညီအစ်မရဲ့ သံယောဇဉ်ကို ငါ သိပါတယ်၊ ဒါပေမယ့် ဒီကိစ္စတွေကြောင့် မင်းနဲ့ မင်းရဲ့ သားကြားမှာ စိမ်းသက်မှုတွေ ရှိလာခဲ့တယ်မို့လား .. ဒီတိုင်း ဆက်ပြီးသက်တမ်းရင့်သွားရင် အခု သူ့အဒေါ် ဆိုတာပဲ သိသွားတာ၊ တစ်ချိန်မှာ သူ့အမေနဲ့ မင်း ဘာမှမတော်စပ်ဘူးဆိုတာ သိခဲ့ရင်.."

"ဘာမှ သိဖို့မလိုဘူး အဖေကြီး၊ ကျွန်မတို့ညီအစ်မက အရင်းအချာတွေထက် ချစ်ခဲ့ကြတာ၊ ဒီမိသားစုဟာ ကျွန်မကို ဘယ်တုန်းကမှ ခွဲခြားတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီရိကျော် က လေသံကို လျှော့ချလိုက်ပြီး သမိန့် အခန်းကို လှမ်းကြည့်လိုက်သေးသည်။ ပြီးမှ ...

“သိသွားခဲ့ရင်လည်း ကျွန်မမေတ္တာက မှတ်ကျောက်တင်ခံနိုင်တဲ့ မေတ္တာစစ်ပါ။ ကျွန်မရဲ့ကလေး ဆုံးသွားခဲ့လို့ သားကို အစားထိုးချစ်ခဲ့တာမျိုးလည်း မဟုတ်ဘူး။ မျက်နှာလေးကို မြင်လိုက်ကတည်းက မမွေးတဲ့သားလေးကို ကိုယ်မွေးထုတ်လိုက်ရသလို ချစ်ခဲ့ရတာ ..”

“ကဲ .. ကဲ မင်း စိတ်ဆင်းရဲစရာတွေပဲ ပါ ပြောမိပြန်ပြီ..၊ ထားလိုက်ပါကွာ၊ မုန်းမလွှယ် နဲ့ ကိစ္စလည်း သေချာစုံစမ်းပါဦး၊ မဟုတ်သေးဘဲနဲ့ သတိပေးလိုက်သလို ဖြစ်သွားပါဦးမယ်”

ဦးသိန်းထိန် က အိတ်ကို ပြန်လှမ်းယူပြီး အထဲကို လျှောက်ဝင်သွားလေသည်။ ရင်သွေးဆိုတဲ့အကြောင်း ပါလာတိုင်း ဦးသိန်းထိန် စကားရှေ့မဆက်ဘဲ ဒီအတိုင်း အမြဲရှောင်ထွက်သွားတတ်လေသည်။

သူ့ကိုယ်သူ သားသမီးမရနိုင်သည့်အဖြစ်ကို မတွေးချင်တာလား ဖခင်းဖြစ်သူ အိမ်ထောင်ကျခဲ့ဖူးတဲ့အဖြစ်ကို လက်မခံနိုင်တာလား ..၊

အသက်တွေကြီး အရွယ်တွေလည်း ရလာပေမယ့် စိတ်ကပြောင်းချင်မှပြောင်းမှာမို့ ခုလိုအခြေအနေမြင်ရတိုင်း ဒေါ်သီရိကျော် တွေးဖြစ်ခဲ့၏။ ကိုယ့်ဘက်ကတော့ ဘာတစ်ခုမှ ဖုံးဖိလိမ်ညာခဲ့တာ မရှိလို့ ပြောရဲတာပါ။

မိန်းမသားနှစ်ယောက်ထဲမှာ ဒီသားလေးတစ်ယောက်ပဲ ရှိခဲ့တာ ဘယ်သူ့ ဆုတောင်းမှားခဲ့တာလဲ..၊

သူမဘက်က သေချာတာကတော့ ဘယ်တော့မှ နောင်တရဖို့ မရှိ

:●●●●●●





အခန်း [ ၃၅ ]

“ဒီနေ့ သမိန့် ကို လွှယ် က မုန့်ဝယ်ကျွေးမယ်”

“ဗိုက်ပြည့်နေလို့ မစားတော့ဘူး”

“ဘာ!...”

သမိန့် မျက်နှာက အပြုံးအရယ်မဲ့လျက် လွှယ် က ကြည့်တာကို ပြန်ကြည့်နေပြီးမှ...

“မင်း ဘာကြောင့် ကျွေးမှာလဲဆိုတာ သိတယ်၊ အဲဒါကြောင့် ဆုံးဖြတ်ထားတယ် ဒီနေ့ ဘာကျွေးကျွေး မစားဘူး”

ပြောပြလိုက်မှ သဘောပေါက်သွားကာ လွှယ် က ဆံပင်လေး သပ်နေရယ်သည်။

“ရွှေ က ပြေလည်တဲ့သူပါ သမိန်ရဲ့..၊ သူရတဲ့လခက သူပဲသုံးတာ၊ လွှယ် တို့လို လစာလေး ပွတ်ချွတ်ရေတွက်ပြီး လကုန်တဲ့အထိ ဘယ်လိုဖြန့်သွားရမလဲလို့ ခေါင်းကိုက်အောင် စဉ်းစားနေရတဲ့ အခြေအနေမျိုး မဟုတ်ဘူး။ မားကက်ပိုင်ရှင်ကလည်း သူ့ဦးလေးပဲ”



www.burmeseclassic.com

www.burmeseclassic.com



သမိန် က လမ်းအတူလျှောက်နေရင်း ဘောင်းဘီထဲ လက်တစ်ဖက် ထည့်ထားလျက် တစ်ဖက်ကနေ လွှယ့် လက်ထဲက ဆွဲခြင်းလေးကို လှမ်းယူသည်။

ဒီတစ်ခါက လွှယ် က သူ့လက်နဲ့လွတ်အောင် လွှဲရှောင်လိုက်ကာ…

"မကိုင်နဲ့..၊ လူမြင်လို့လည်း မကောင်းဘဲနဲ့"

"လူမြင်ကောင်းစေချင်ရင် မင်းကို တစ်ရက်ခြား လာကြို့ပြီး ပြောချင်ချင် မပြောချင်ချင် ဘေးမှာ လိုက်ကပ်လျှောက်မနေရတဲ့ အဖြစ်မျိုးနဲ့ လမ်းမပေါ် ဖြတ်လျှောက်နေပ့ါမလား"

"ဟော … တွေ့လား။ မကျေနပ်တာတွေ ပေါ်ပြီ"

"မကျေနပ်တာတော့ မဟုတ်ဘူးကွ .. ဒါပေမယ့် ဒီလောက်ထိ ရင်းနှီးနေကြပြီဥစ္စာ၊ ကိုယ့်ကားကို ယုံကြည်စိတ်ချစွာ စီးဖို့ ဘာဖြစ်လို့ မစဉ်းစားတာလဲ"

"သမိန် ရယ် .. လွှယ် က သမိန့် တို့လို အဆင့်အတန်းနဲ့ .."

"အဲ့ဒါတွေ မင်းနဲ့ငါကြားမှာ ပြောနေဖို့ လိုသေးသလား"

"လိုတာပေ့ါ .. လွှယ် ရှင့်ကို ဘာဖြစ်လို့ ဒီလောက် ရင်းနှီးသွားမိသလဲ၊ ကိုယ့်ကိုယ်ကိုယ်တောင် နားမလည်နိုင်ဘူး၊ တကယ်ဆို ဒေါ်သီရိကျော် ကို လွှယ် အရမ်းမုန်းခဲ့တာ၊ သူ့ အခုနေ လွှယ် နဲ့ ရှင့်ကို မြင်သွားရင်လည်း ကျေနပ်ပျော်ရွှင်သွားမှာ မဟုတ်တာ သေချာတယ် သမိန်"

"ဘာပဲဖြစ်ဖြစ် ငါတို့ အဲ့ဒါတွေနဲ့ မဆိုင်ကြေးလို့ နားလည်ထားကြပြီးသား"

"လွှယ် ကတော့ မေ့ထားလို့ မရဘူးလေ..၊ မိန်းကလေးမို့ ပိုပြီး ဆင်ခြင်ဖို့လိုတာ၊ နောက်ထပ်တစ်ခါ သူ့ ပြောကွက်ရသွားအောင် အနေအထိုင် မမှားချင်ဘူး"

"ဒါဆိုလည်း ပြီးတာပဲ၊ နောက် နေ့တိုင်းလာကြို့မယ်"





"ဟင်!... အဲဒါ မကောင်းပါဘူး"

"ဖြစ်ပြန်ပြီ တစ်မျိုး"

လွှယ် က ခါးခါးသီးသီး ပြောလိုက်ပြီးမှ အားနာဟန် ဖြစ်သွားပြီး …လိုက်ကာ...

"ဖြစ်နိုင်ရင် သမိန် တစ်ရက်ခြား လာနေတာတောင် လွှယ့် ကို …တွေ့ သတိထားမိနေကြတာ"

"မလာသင့်ဘူးပေါ့"

"ဟုတ်တယ် .. တစ်ခါတလေ အပြင်မှာတွေ့ဖြစ်ကြ၊ စားသောက် …း စကားပြောကြတာမျိုးဆို ပြဿနာမရှိဘူးလေ၊ သမိန် က ကား …ဘူးဆိုပေမယ့် .."

ပြောနေရင်း နုံ့သာရောင် ရှပ်လက်တို ဘောင်းဘီရှည်အနက်နှင့် …နှံ့ဖန့်သန့်စင်နေသည့် မျက်နှာကို လွှယ် က အပြစ်တင်ချင်သလို …ကြည့်၍…

"ပြောလေ .."

"ကားမပါလည်း ဘယ်လိုအဆင့်အတန်းကလူဆိုတာ နဖူးမှာ ကပ် …သလိုပဲ"

သမိန့် မျက်နှာ သုန်မှုန်သွားကာ …

"နောက်နေ့ကျရင် စွပ်ကျယ်ချိုင်းပြတ်အစုတ်နဲ့ လာမယ် .. ဘယ် …လဲ"

"အဟွန်း .. အဲဒါလည်း သမိန် က ချောနေမှာပဲ၊ အနေစုတ်ပေမယ့် …ဆပ်တဲ့ မြပဂါဆိုတာမျိုး"

"မုန်းမလွှယ်"

သမိန် က တစ်ခါတစ်ခါ ဒီလိုပဲ တစ်စတစ်ဆုံး ခေါ် နေကျဖြစ်သည့် …ဆိုင်း..



www.burmeseclassic.com

www.burmeseclassic.com



"ဒီဘက်ကို လှည့်ကြည့်ပြီး ပြောစမ်းပါ"

လက်ကိုကိုင်လိုက်တော့ လွယ် က ရုန်းလိုက်ပြီး မျက်နှာလေး
ရယ်ပြီး ...

"တကယ် အသည်းယားတယ်ကွာ .. စကားတွေ ဝေ့ပတ်ပြော
ပြီး နောက်ဆုံးတော့ ဒါပဲ"

"ဘာ ဒါပဲလဲ"

"မင်းဆီကို ငါ လာနေတာကို တကယ် စိတ်ညစ်နေတာလား"

"မညစ်ပါဘူး..၊ သမိန် ကလည်း ကားလိုက်စီးဖို့တွေ၊ နေ့တိုင်း
ဖို့တွေ မပြောနဲ့လေ၊ ကိုယ်က ရှိုးသားနေသားနဲ့ ဟိုလိုဒီလိုထင်ကုန်
ရင် မကောင်းဘူး"

"သူများတွေအကြောင်း မင်း ဆုံးဖြတ်ရင်တော့ မှားမှာစိုးလို့
ချည်းပဲ လိုက်ပြောနေရတယ် .. ကိုယ့်ကျမှ စည်းကမ်းတွေ ထွက်လာ
မနည်းပါလား"

"ဟုတ်တယ် .. ဘာဖြစ်လို့လည်း မသိဘူး၊ သမိန် နဲ့ တွဲသွား တွဲ
နေရတာ လွယ် စိုးရိမ်နေတာတော့ အမှန်ပဲ..၊ အဲဒါလေ သမိန့် ကို မခင်
မဟုတ်ဘူး၊ ဒေါ် သီရိကျော် ကို သတိရလိုက် ပတ်ဝန်းကျင်ကို သတိ
သိမ်ငယ်စိတ်တွေ ဖြစ်လိုက်နဲ့၊ လွယ် အဲဒီလို တစ်ခါမှ မဖြစ်ခဲ့ဘူး"

ခြေလှမ်းတွေ နှေးကျသွားပြီး သမိန် က လွယ့် မျက်နှာလေး
ငုံကြည့်၏။

လွယ် ကလည်း ပြန်ကြည့်နေလျက် နောက်ကျမှ မသိမသာ ရှ
ဝန်းလေးတွေ ရွှေ့ဖယ်သွားကာ ...

"တကယ် ပြောတာပါ၊ လွယ် သမိန့် ကို ခင်ပါတယ်၊ စိုးရိမ်စိတ်
ဖြစ်နေတာကတော့ .."

"ကဲ .."





"အမေ့!..."

ကားနှစ်စီးရှောင်ရင်း ပလက်ဖောင်းဘက်ကို အရှိန်နှင့် ခေါင်းတိုး
ဝင်လာသည့်ကားက အလောတကြီး ဟွန်းတီးပြီး ပလက်ဖောင်းနှင့်လွတ်
အောင် ပွတ်ကပ်ရှောင်၏။

ရုတ်တရက် ဟွန်းသံနှင့် လူကို ဦးတိုက်ဝင်လာသဖြင့် လွယ် မျက်
လုံးတွေ ပြာသွားကာ သမိန့် ရင်ခွင်ထဲ ဘယ်လိုရောက်သွားမှန်း မသိ၊
လွတ်ကျသွားသည့်ခြင်းက ဘယ်ဆီဘယ်ဝယ်...။

သတိရလိုက်တော့ သူမပဲ သမိန့် ခါးကို သိမ်းကျုံးဖက်ထားတာ
ဖြစ်လျက်...

"လန့်လိုက်တာ"

အသံတွေက တုန်နေဆဲ ရုက်တာကြောင့် ပိုဆိုးလာကာ သူ့ရဲ့
ရင်ဘတ်ကို တွန်းဖယ်ထွက်ရင်း ဘာတွေပြောမိမှန်းလည်း မသိ ..၊

"ရော့ .. ညီမ"

ထမင်းချိုင့်နှင့် လိမ့်ထွက်သွားသည့်ခြင်းကို အမျိုးသမီးတစ်ယောက်
ကောက်ပြီး လက်ထဲ လာထည့်ပေးသွား၏။

ဇရမ်းဇတာဖြစ်သွားသည့် ကားကတော့ ရှေ့အလွန်မှာ ယာဉ်ထိန်း
တွေ တားထားလိုက်ပြီ ဖြစ်၏။

"ဒီတစ်ခါတော့ ဒီခြင်းလေး ဆွဲခွင့်ပြုပါ"

သမိန် က ပေါ့ပေါ့ပြောပြီး ခြင်းကိုယူကာ လွယ့် လက်လေးတစ်
ဖက်ကိုပါ ဆွဲလိုက်ရင်း ...

"တော်တော် လန့်သွားလား"

"လန့်တာပေါ့ .. ပလက်ဖောင်းသာ မရှိရင် လူကိုတိုက်ပြီးသားပဲ၊
ခြင်းကို ဖက်ချင်လွန်းလို့ မှတ်နေလား"

"ဟုတ်ချင်ဟုတ်မှာလေ .. ခုနကပဲ ကိုယ့်ကို ချောတယ်လို့ ပြောခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာဆိုတော့ တစ်ခုခု စိတ်ကူးပေါက်ပြီး .."

"သမိန် နော်"

သူကိုင်ထားသည့်လက်ကို ရုန်းရင်း လက်မောင်းကို ထုပစ်လိုက်မိသည်။

သမိန် က ရယ်လျက် လွှယ့် မျက်နှာလေးကို စိုက်ကြည့်၏။

ထိုခဏလေးမှာ လွှယ့် စိတ်တွေ ရှက်ရွံ့ထူပူခြင်း၊ ယောကျ်ားတစ်ယောက်၏ ရယ်သံကိုကြား၍ မျက်နှာကိုပါ မော့ငေးနေလိုခြင်း စသည့်ခံစားချက်တွေ ရှုပ်တိုက်ပြေးသွားခဲ့သည်။

ကြည့်တော့ မကြည့်ဖြစ်ခဲ့ပါ၊ မကြည့်ပေမယ့် မြင်နေသည်။ ရယ်နေသည့် သူ့မျက်ဝန်းတွေက လွှယ့် ကို မရိုးသားနိုင် ..၊

"ကော်ဖီသောက်ရအောင်နော် .. ဒိုးနပ်စားရင်းနဲ့လေ"

ပြောပြီး လွှယ် ဖြေတာကို မစောင့်ဘဲ သူပဲ ဦးဆောင်သွား၏။ အခုက သိပ်ကြိုက်စရာတယ် မဟုတ်ခဲ့ဘဲ သူနဲ့ကျမှ ခဏခဏ စားဖြစ်ရင်း လွှယ် ဂျေဒိုးနပ် ကြိုက်တတ်နေပြီ ဖြစ်၏။

ထိုဆိုင်မှာ ကော်ဖီတစ်ခွက် သုံးထောင် ..၊ သူကတော့ ကော်ဖီမှာတတ်တာမို့ ဂျေဒိုးနပ်က ကော်ဖီမှ ကောင်းသလိုလို ..။

"တစ်ခွက် သုံးထောင်ကတော့ မတန်ပါဘူး"လို့ လွှယ် ပြောတော့ သူက ရယ်လျက်...

"ခြောက်ထောင် ရှစ်ထောင်တွေလည်း ရှိသေးတယ်၊ ဘာမှ သိပ်မဟုတ်ဘူးထင်လို့"တဲ့..၊

ကော်ဖီကို သူပဲ သေချာမွှေပေးပြီး လွှယ့် ရှေ့ကို ပြန်ပေးကာ..

"သောက် .. အဲဒါကြိုက်ရင် အပေါ်ကချိစ်တွေ ဖယ်လိုက်ဦး၊ အရမ်းချိုတာ"

လွှယ် ဘာစားစား သူ တစ်ခုခုတော့ ဝင်ပြောတတ်တာလည်း





သတိထားမိလာခဲ့သည်။

"ရွှေး က ပြောတယ် သိလား"

"ဘာတဲ့လဲ .."

"နင်တို့နှစ်ယောက်ကို မင်္ဂလာပွဲမှာ သိထားတဲ့လူတွေ တစ်ရာ နှစ်ရာလောက ရှိနေမှာတဲ့..၊ အဲဒါကို ပြန်မပေါ်စေချင်ရင် သမိန် နဲ့ ခဏခဏ တွဲသွားနေတာ ဆင်ခြင်တဲ့"

သမိန် က ကော်ဖီသောက်ရင်း ခေါင်းညိတ်သည်။ ပြီးတော့ ပန်းကန်းကို ပြန်ချ၍ ...

"ဟုတ်တယ် .. ဒါပေမယ့် ဖြစ်ခဲ့ကြတာကတော့ ဖျောက်ဖျက်လို့ရတော့ဘူးကွ"

"ဟင်!..."

"အဲဒီပွဲ ပျက်သွားပေမယ့် မင်း ဝင်ပြီး ဆယ်နှစ်ကြိုး 'က'သွားတာတော့ ဗီဒီယိုရိုက်ကောဒ့် ရှိတယ်၊ ဓာတ်ပုံတွေ ကျန်ခဲ့တယ်၊ အထူးသဖြင့် ဖြစ်သွားတာကို ဖျောက်ဖျက်မရအောင် တမင်ဖန်တီးချင်သူတွေပေါ့"

"ရှင် လူပွေလူရှုပ်ဖြစ်သွားတော့ ရတ်တရက် လွှယ့် ကို ရိုက်သတ်ချင်မှာပေါ့"

"လုံးဝ မဖြစ်ဘူး၊ မင်းကို ပြောပြီးပြီပဲ၊ ကိုယ် အတိတ်မေ့စေခဲ့တဲ့ကာလဟာ ကိုယ့်အတွက် ပဟေဠိတစ်ခုလို ဖြစ်နေတုန်းလေ..၊ မေမေကတော့ မင်းနဲ့ပတ်သက်ခဲ့တဲ့အပိုင်းကို ထားခဲ့ချင်လို့ ဘာမှသိပ်မပြောတာပင်တယ်၊ ကိုယ်က အဲဒီလို သေချာသိခွင့်မရလေ ခေါင်းထဲမှာ တွေးလေလေပဲ၊ အဲဒီကာလထဲမှာ ကိုယ့်ရဲ့ တစ်ခုခုပဲ ကျန်ရစ်သလိုမျိုးကွာ၊ ရောက်လာတာ၊ မင်း ပြောနေတာတွေကို ကိုယ် ဒေါသမဖြစ်ခဲ့တ်ချားသွားတယ်၊ ကိုယ် တကယ်ဖြစ်ခဲ့တာလားလို့ တွေးမိပြီး ဖြစ်ယ်လို့ ကိုယ်ဘိုင် သတ်မှတ်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက လွယ် စားနေတဲ့ ဒိုးနပ်ကို နည်းနည်းဖဲ့၍ ပါးစပ်ထဲထည့်၍-

"အဲဒါကြောင့် နောက်ဖြစ်လာမယ့် ပြဿနာတွေကိုလည်း ခေါင်းထဲ မထည့်မိတော့ဘူး၊ ကိုယ်မှားခဲ့တာ မှန်နေရင် ဆိုးခဲ့တာကို အကောင်းတိုင်း ဖြစ်ချင်လို့ ဘယ်ရမလဲ"

"အစ ... ရှင် မမှားဘူးလေ လွယ် က .."

"ဖွတ်ကို အပြစ်ပေးစေချင်နေတာလား၊ ကိုယ်နဲ့ မတည့်မယ့်လမ်း ထွင်နေတာလား"

လွယ်က ခေါင်းလေးခါ၍...

"သမိန့် ကိုလည်း လွယ် ပြောဖူးသားပဲ၊ တွေးမိတိုင်း သမိန့် ကို သနားနေလို့"

"မလိုဘူး..၊ ဒီစကားတွေ နောက်နေ့တွေမှာ ပါမလာတော့ဘူးဆိုရင် ကျေးဇူးတင်တယ်"

သမိန့် မျက်နှာကို မကြည့်ပါ။

လွယ် ဒါပဲ ခဏခဏပြန်စနေတာကို တစ်မျိုးထင်နေတာ သေချာပါသည်။ ဒါပေမယ့် လွယ့် စိတ်ထဲမှာ အဲဒီလို တကယ်မဟုတ် ..။

တွေးနေတုန်း သမိန့် မျက်ဝန်းတွေ သူမဆီ ရောက်လာကာ -

"ကိုယ့်ကို အိမ်လည် မခေါ်ချင်ဘူးလား"

"ဟင်!... ဘာ ..."

လွယ် တအံ့တဩဖြစ်သွားကာ သူ့မျက်နှာကို မမြင်ဖူးသလို ကြည့်မိ၏။

"ဘာဖြစ်သွားတာလဲ"

"အံ့ဩလို့ပေါ့၊ အိမ်ကို ဘာလိုက်လုပ်မှာလဲ"

"ကိုယ်တို့ ရိုးရိုးသားသားပဲလေ . အသိမိတ်ဆွေတစ်ယောက် အနေနဲ့ လိုက်လည်ချင်တာ၊ ဘာတွေ ထူးဆန်းနေလဲ"





လွယ် က ခေါင်းတွင်တွင်ခါလျက်...

"မဖြစ်နိုင်ဘူး..၊ လွယ် တို့က သူများရဲ့ နောက်ဖေးမှာ နေရတာ၊ ရှင့်အတွက် ထိုင်ပါပြုပါ လောကွတ်ချော်ပြီး နေရာပေးဖို့တောင် မလွယ်ဘူး"

"မခေါ် ချင်တာနဲ့ လျှောက်မပြောနဲ့..၊ မင်းတို့အိမ်ကို ရောက်ပြီးပြီ"

"ဘယ်လို .."

"လိုက်ကြည့်ခဲ့တာလေ..၊ အဲဒါလည်း မင်းကို ပြောဖူးသားပဲ၊ မင်း ဘယ်လိုမိန်းကလေးလဲဆိုတာ သိချင်လို့ စုံစမ်းခဲ့ဘော၊ တခြားမိန်းကလေးတွေလို ငွေမက်ကြတာမျိုး မင်း မဟုတ်ဘူးဆိုတာ အဲဒီမှာ နားလည်သွားတာ၊ ကိုယ် ခြေနင်းရုံနဲ့ ကြမ်းကျိုးသွားလောက်အောင်တော့ ဖြစ်ဖို့ မရှိပါဘူး"

သူ့မျက်နှာ မချိုမချဉ်ကို လွယ် က မျက်စောင်းရွယ်၏။

ပန်းရင့်ရောင် လည်ကပ်ကိုယ်ကျပ်လေးနှင့် လက်မောင်းသား ဝင်းဝင်းလေးတွေ ပေါ်နေသည့် လွယ့် မျက်နှာကို သမိန့် က ငေးသည်။

ရှပ်အင်္ကျီ လက်တိုလက်ရှည် ပွပွလေးတွေ အဝတ်များကာ မဟုတ်ချင် လည်ကပ်ကိုယ်ကျပ်လေးတွေနှင့် ဂျင်းဂျက်ကက် ဒါမှမဟုတ် အပေါ် ထပ်အင်္ကျီတစ်မျိုးမျိုး ထပ်ဝတ်ထားသည့် သူမ ..၊

ဘာမှထပ်ဝတ်မထားဘဲ ဒီတိုင်းလေး ကျတော့လည်း မျက်နှာဝင်းဝင်း လက်မောင်းသားလေးတွေပေါ် လျက် ဆံပင်ဖားလျားလေးနဲ့ ချစ်စရာလေး ဖြစ်၏။

သူမလေးကို သူ မရိုးသားတော့ပါ။

မြန်မြန်ဆန်ဆန်ကြီး ရင်ခုန်သံတွေဖြစ်လာခဲ့သော သူ့အဖြစ်က [illegible]ယောက်ပြီးတစ်ယောက်မို့ အတျည်းတန်နေပြီလား။

အချစ်ဆိုတာကတော့ အကြောင်းပြချက် မရှိနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



လွယ့် ကို သူချစ်မိနေတာ သေချာပေမယ့် ကျန်တာတွေက ဘာမှ မသေချာ။

"ဘယ်လိုလဲ .. ခေါ်မှာလား .."

သူ ထပ်မေးတော့ နောက်ထပ် ခေါင်းခါလျက်...

"မခေါ်ပါဘူး... တကယ် မဖြစ်လို့ပါ သမိန် ရယ်၊ လွယ့် အခေါ်တွေက အပြောကြမ်းတယ်၊ အတင်းပြောတတ်တယ်၊ လွယ့် ကိုလည်း တူမရယ်လို့ စည့်သည်ရှေ့မှာ ညှာညှာတာတာ ဆက်ဆံကြမှာ မဟုတ်ဘူး"

"ရှေ့က တိုက်ခံအိမ်က လူတွေလား"

"ဟုတ်တယ်"

"သူတို့ကို မင်းကိုညှာတာဖို့ သွားတောင်းပန်မှာမှ မဟုတ်တာ၊ အဲ့နောက်က အိမ်လုံးလေးထဲက မင်းရဲ့ အဖေကိုပဲ တွေ့ချင်တာ"

"ဘာလုပ်ဖို့ တွေ့မှာလဲ၊ ဖေဖေကလည်း ရှင့်ပွဲကို လွယ် ဖျက်ခဲ့တဲ့ကိစ္စတွေ သိတယ်"

"သိတယ် .."

ဒီတစ်ခါ အံ့သြသွားတဲ့သူက သူပဲ ဖြစ်၏။

လွယ် ကတော့ မဖြစ်မနေ အခြေအနေမို့ ပြောလိုက်ရပေမယ့် ဒါကိုပြောပြဖို့ စိတ်ကူးထဲမှာ မရှိခဲ့တာ အမှန်ပင်။

"သိတော့ ဘာဖြစ်လဲ .. ကိုယ့်ကိုပါ သိနေတာလား"

"ဟုတ်တယ် .. ရှင်တို့ရဲ့ ပြင်ဦးလွင်ကဓာတ်ပုံတွေ ဖေဖေ့ဆီရောက်လာတာလေ၊ ဟိုက ဦးလေး ပို့လိုက်တာ"

"ဪ..."

"အဲဒီနေ့က လွယ် အရိုက်ခံရတယ်"

"ဟာ!... အဲဒီလို ဖြစ်ခဲ့သေးတာလား .."





သူ တကယ် စိတ်မကောင်းဖြစ်သွားသည့်ပုံပါ။

ပြီးတော့ တစ်ဝက်ကျန်နေသည့် ကော်ဖီပန်းကန်ကို ဘေးကို ရွှေ့ဖယ်လိုက်ပြီး စားပွဲပေါ် လက်တင်ကာ...

"အဲဒါဆို ပိုပြီး လိုအပ်တာပေါ့၊ ကိုယ် ဖြေရှင်းပေးမယ်လေ"

"မလိုပါဘူး..၊ လွယ့်ကို မဆင်မခြင်လုပ်လို့ ရိုက်တာ၊ လွယ့် မှာပဲ အပြစ်ရှိတာကို"

ဘယ်လိုပြောပြော လွယ် က ခေါင်းခါနေတော့ သူ သက်ပြင်းချမိ၏။

ရိုးသားဟန်ဆောင်နေရတာ မလွယ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၃၆ ]

ယုဇနပလာဇာ ပဥ္စမထပ်မှာ သမိန် နဲ့ ချိန်းထားတာကိုစောင့်ရင်း မဒီ နဲ့ လွယ် နှစ်ယောက်တည်း ဟိုဒီ ထွက်ကြည့်နေမိ၏။

“မင်္ဂလာဆောင်ချင်စိတ်တောင် ပေါက်လာပြီ သိလား၊ ခန်းဝင်ပစ္စည်းတွေက တစ်ဆိုင်နဲ့တစ်ဆိုင် ပိုပြီး ရှယ်တာတွေချည်းပဲ”

လွယ့်က တလှုပ်လှုပ်လျှောက်နေရင်း မြင်တာတွေကို သဘောကျနေတုန်း မဒီ က မျက်လုံးလေးဝိုင်းလျက်...

“ကားပါကင်မှာ ထွက်မြတ် ရဲ့ကားတော့”

“ဟင်!...”

လွယ် ခြေလှမ်းတုံ့သွားပြီး အဲဒီကို ပြန်ကြည့်မိသည်။ ပါကင်ထဲ မြင်ရသည့် အဆင်းလှေကားကို ကျော်ခဲ့ပြီမို့ မမြင်ရတော့ပေမယ့်...

“နင်က သူ့ကားကို သိနေလို့လား၊ ပုံစံတူတွေ ရှိတာပဲဟာ”

“သူ့ကားကို ငါ သိပါတယ် လွယ် ရယ် .. ပြီးတော့ နင် ခုန ဝင်ကြည့်ခဲ့တဲ့ ‘သတို့သမီး’မွေ့ရာဆိုင်က သူ့အစ်မရဲ့ဆိုင်”

“ဆိုင်ပေ့စေ”





လွယ်က ချက်ချင်းခေါင်းထဲက ထုတ်ပစ်လိုက်ကာ မဒီ့ လက်မောင်းလေးကို ဆွဲခေါ်၏။ ထိုအချိန်လေးမှာ စူးစိုက်ကြည့်ရင်း နောက်က တဖြည်းဖြည်း လျှောက်ပါလာသည့် အရိပ်တစ်ရိပ်ကို သူမတို့ သတိမထားမိ...။

“ပြဿနာရှာခဲ့တာ နင် မဟုတ်ဘူး ငါရယ်..၊ ရွှေး ကို သနားပြီး နင် တစ်ဝက်စိုက်ပေးခဲ့တဲ့ လောင်းကြေးတွေ မျိုချထားတာလည်း ဘာမှမရှိတော့ဘူး၊ အဟွန်း .. ငါ ကြောက်ဖို့လည်း ထားပါဦး”

“မဟုတ်ပါဘူး ငါက နင်နဲ့ငါ့ကို တွဲလျက်ကြီး မြင်သွားရင် ငါတို့ လုပ်ခဲ့ကြတဲ့ကိစ္စကို ရိပ်မိသွားမှာ စိုးလို့ပါ၊ တမင်တကာ လုပ်တယ်ဆို တာတော့ ဘယ်တော့မှ မသိလေ ကောင်းလေပေါ့ဟာ”

“ကဲ .. ကြောက်တတ်လိုက်တာ မဒီ ရယ် .. သိသွားလည်း ဘာလို့ကြောက်ရမှာလဲ၊ ငါက သူ့ကိုကြိုက်လို့ တမင်ဖောရှောသွားလုပ်တာ မဟုတ်ဘူး၊ ကိုယ့်သူငယ်ချင်းကို မတူမတန်သလို ဆက်ဆံလို့ ပညာပေးလိုက်တာ၊ အဲဒါတွေ ထားလိုက်စမ်းပါဟာ .. သမိန် ရောက်နေလိမ့်မယ်၊ ချိန်းထားတဲ့နေရာ ပြန်သွားရအောင်”

ဘာတွေလုပ်ပြနေနေ မဒီ တစ်ယောက် ထွက်မြတ်ကောင်းကင် ကို ဒီတိုင်းက ဒီတိုင်းပဲဆိုတာ လွယ် တို့အားလုံး သိကြသည်။

ထို့ကြောင့် ဒီကိစ္စအတွက် နောက်ထပ်ကြိုးစားဖို့လည်း စိတ်မကူးတော့ပါ။ ဒါပေမယ့်...

• “မုန်းမလွယ်”

ခေါ်သံနှင့် ရှေ့မှာ အရိပ်တစ်ရိပ်လို ဖျတ်ခနဲ ပိတ်ကာလိုက်သည့် သူ့ကြောင့် လွယ့် ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွား၏။

“ဟယ်!...”

မဒီ အလန့်တကြား အော်လိုက်ပြီး ပါးစပ်လေးကို လက်နဲ့အုပ်၏။



www.burmeseclassic.com

www.burmeseclassic.com



လွယ် ကတော့ မျက်နှာကို မြင်လိုက်ပေမယ့် ထိတ်ခနဲ ခဏပဲ ဖြစ်သွားကာ...

"ဘာလဲ .."

"ခဏလိုက်ခဲ့ .."

"ဘာလို့ လိုက်ရမှာလဲ၊ နင် လွှတ် .."

လက်ကို ဖျတ်ခနဲ ဖမ်းဆုပ်လိုက်လျှင် ဘယ်လိုရုန်းရုန်း မရတော့တဲ့...

"လူတွေအများကြီးပဲ၊ ငါ အော်လိုက်မှာနော်"

"လုပ်လေ .. မင်း အဲဒီလို ရုတ်ရုတ်သဲသဲဖြစ်ရတာ ဝါသနာ ပါတာမို့လား"

ထိုစကားကြောင့် လွယ် ရုန်းနေတာတွေ လျော့ရိလျော့ရဲ ဖြစ်သွား၏။ သူ ဆွဲချသွားတဲ့အတိုင်း လှေကားထစ်တွေကိုပါ ကျော်လွှားနင်းဖြတ်ကာ ကားပါကင်ထဲ ရောက်သွားခဲ့၏။

ပါကင်က အကျယ်ကြီးဖြစ်ပြီး ကားနှစ်စီးသုံးစီးလောက်ပဲ ရှိသည်။ ပြီးတော့ အစောင့်ဝန်ထမ်းလည်း မရှိ၊ လူတွေလည်း မမြင်ဘဲ...

"မင်း .. တော်တော်လည်းလှုပြီ ထင်နေလား"

"အ!..."

ကြောက်စိတ်တွေ ဖြစ်နေတုန်း နံရံမှာ လွယ့် ကိုယ်လေး ပြားကပ်သွား၏။ လက်နဲ့ထုရိုက် တွန်းထိုးတော့ လက်နှစ်ဖက်ကိုပါ နံရံမှာ သူ့လက်နဲ့ ဖိကပ်ထားလိုက်ကာ...

"မင်း ပြောင်မြောက်အောင် လုပ်နိုင်တယ် မုန်းမလွယ်၊ ထွတ်မြတ်ကောင်းကင် ဆိုတဲ့ကောင် ပေါတောတော ဖြစ်ကျန်ခဲ့အောင် မင်း လုပ်နိုင်တယ်၊ မုန်းမလွယ် ဆိုတဲ့ နာမည်ကိုသိရဖို့ ကြိုးစားမိတဲ့အထိ ငါ ဂေါက်သွားတာ"

"နင် .. နင် လွှတ်နော် .."





လွယ် ကြောက်အားလန့်အားနှင့် တွင်တွင်ရုန်းကန်ရင်း ခေါင်းပဲ ခါနေမိသည်။

သူက လွယ့် မျက်နှာလေးကို ထိကပ်မတတ် ငုံ့မိုးကြည့်ကာ...

"မင်းသူငယ်ချင်းအတွက် ဟုတ်လား"

အံကြိတ်သံနှင့် တွန့်ခနဲ မဲ့လိုက်ပုံက ကြောက်စရာ...၊

"သူများလိုချင်တိုင်း ပေးသင့်တယ်လို့ မင်းထင်ရင် အခု မင်းကို ငါ တအားနမ်းချင်တယ် ပေးမလား"

"ဘာ့!..."

လွယ့် အသံ စူးစူးဝါးဝါးထွက်၏။ အကြမ်းပတမ်း ရုန်းပစ်လိုက်သဖြင့် သူနဲ့ ရင်ဘတ်ချင်း ထိလုမတတ်ဖြစ်သွားကာ သူ့နှာခေါင်းချွန်ချွန်က လွယ့် ပါးပြင်လေးတွေ နားမှာ...၊

"လုပ်ပါ .. မတူမတန်သလို ခါမနေစမ်းပါနဲ့၊ ငါ့လိုပဲ မင်းကို ပညာပေးမယ့်သူ ပေါ်လာလို့ နှမ်းကွဲနေပါ့မယ်"

"နင်နော် .. လွှတ် .. ဖယ်ပေး .."

"မရဘူး .. မပေးနိုင်တာကို စာနာစိတ်နဲ့ ပေးကြည့်လို့ မရဘူးဆိုတာ မင်းသိမှ ဖြစ်မယ်"

"အား..."

သူ့မျက်နှာကို ဘယ်လိုရှောင်ရှောင် မလွတ်ဘဲ၊ လွယ် ကြောက်လန့်တာ တအား အော်ပစ်လိုက်မိ၏။

"ဟိတ်ကောင် .."

ထွတ်မြတ် ရဲ့ အင်္ကျီဂုတ်ပိုးစကို နောက်ကနေ သမိန် တအားဆွဲပစ်လိုက်သည်။

မထင်မှတ်တဲ့ အခိုက်မို့လား .. ရင်ထဲက စိုးရိမ်မှတ်နှင့် ဒေါသ၏ ပေါက်ကွဲအားကြောင့်လား မ... ..။

မင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထွတ်မြတ်ရဲ့ ကိုယ် နောက်ကို ခြေလှမ်းများစွာ ဆက်တိုက် လဲပြီး လျှက် ကားဘောနက်မှာ နောက်ပြန်ကပ်ကျသွားသည်။

"ကောင်း .."

တစ်ယောက်မျက်နှာ တစ်ယောက် မြင်လိုက်ရလျှင် သမိန် အံ့သြသွားကာ ထွတ်မြတ် က တင်းမာသည့်မျက်နှာနှင့် မတ်တတ်ပြန်ရပ်၏။

သူက သိလို့ခေါ် လိုက်သော်လည်း ထွတ်မြတ် ၏ မျက်နှာက တစ်စက်ကလေးမှ အပြောင်းလဲမရှိဘဲ လွယ်နို့ ကို လှမ်းကြည့်ကာ..

"မင်းနဲ့ငါ မပြီးသေးဘူး"

လက်ညှိုးထိုး ပြောလိုက်ပြီး ကျောကပ်မိနေသည့် ကားပေါ် ကိုပဲ တက်သွား၏။ ပြီးတော့ ဝေါခနဲ ထွက်သွားကာ ကွင်းပြင်ကြီးထဲမှာ မောင်းသွားသည့်နှယ်..၊

"လွယ် .."

လှေကားထစ်လေးတွေပေါ် ကနေ အသက်မဲ့သလို ကြောင်ငေးကြည့်နေသည့် မဒီ က အူယားဖားယား ပြေးဆင်းလာ၏။

လွယ် မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ဟီးခနဲ ငိုချလိုက်၏။

အနားကပ်လာသည့် သမိန့် ရင်ဘတ်ကိုပါ တွန်းပစ်လိုက်ကာ..

"ထားခဲ့ပါ .. လွယ် က အဲဒီလို ရုပ်တတ်တဲ့ မိန်းမ"

"ဟော့ .."

လွယ် ထွက်ပြေးလျှင် လက်တစ်ဖက်ကို မိမိရရ ဖမ်းဆွဲထားလိုက်မိ၏။

"ဖယ်ပါ .. လွယ် အရမ်းရှက်တာပဲ၊ တောင်းပန်ပါတယ် လွှတ်ပေးပါ"

ဘယ်လိုမှ ဆွဲမနိုင်သည်မို့ လွယ့် တစ်ကိုယ်လုံးကို အတင်းဆွဲဖက်ပစ်လိုက်သည်။ ပြီးတော့ ထပ်မရုန်းနိုင် အောင် တင်းကျပ်စွာ ဖက်ထား





လိုက်မိ၏။

လွယ် သည် သူ့ရင်ခွင်ထဲမှာ မျက်နှာလေးကပ်ကာ ရှိုက်ကြီးတငင် ငို၏။ ဘာမှလည်းမဟုတ်ဘဲ ဘယ်လိုမှလည်း အိပ်မက်တောင် မရှိခဲ့ဘူးဘဲ သူ့မပါးကို နမ်းသွားခဲ့သည်။

နောက်ဆုံး ကျရှုံးတော့မည့်ဆဲဆဲမှာ သမိန် ရောက်လာတာ ဖြစ်သည်။ သူမ ဖြစ်ပျက်နေတာတွေကို သမိန် မြင်သွားမှာပါ။

ရှက်တာတွေက ဆိုနင့်ကြေကွဲခြင်းကြောင့် ငိုလို့အားမရနိုင်ဘဲ ဘာလှိုက်လှိုက် ခါနေခဲ့သည်။

ကိုယ် ကြည်ဖြူတာ မဟုတ်ဘဲ ပေးဆပ်လိုက်ရခြင်းကြောင့် ရှက်ရွံ့ခြင်းက အသားတွေပါ တုန်၏။

ဘဝတစ်ခုလုံးကို ဖျက်ဆီးခံလိုက်ရသလို သူ့ရင်ခွင်ထဲမှာ မျက်နှာကပ်ထားတာတောင် တစ်လောကလုံး လူတွေရဲ့ အလယ်မှာ ရောက်နေသလို လုံခြုံသည် မထင်။

"သူများလိုချင်တိုင်း ပေးသင့်တယ်လို့ မင်းထင်ရင် မင်းကို ငါ တအားနမ်းချင်တယ်"

"လုပ်ပါ .. မတူမတန်သလို ခါမနေပါနဲ့"

လွယ် ခေါင်းတွင်တွင်ခါရင်း တအင့်အင့် ရှိုက်ငိုသည်။

တစ်သက်လုံး ပျော်ပျော်ကြီး ဖြတ်သန်းခဲ့သမျှ 'မှားလေခြင်း' ဆိုသည့် နောင်တကြီးစွာ ရလိုက်တာ ဒါ ပထမဆုံး။

ဒါ နောက်ဆုံး ဖြစ်ပါရစေ ..၊

"ကဲ .. ဟိုဘ်ပါကွာ၊ အဲဒီလောက် ငိုနေရင် ကိုယ် ဘာလုပ်ရမှန်း မသိတော့ဘူး"

သမိန် က မျက်နှာလေး မော့ယူဖို့ ကြိုးစားသည်။ လွယ် အတင်း ငုံ့ထားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အထဲပြန်ဝင်လို့လည်း မကောင်းဘူး၊ ဒီလောက်ငိုထားတဲ့ မျက်နှာကြီးနဲ့"

အငိုတိတ်အောင် အမျိုးမျိုးချော့၍ ဆံစလေးတွေကို ပွတ်သပ်နေ၏။

"မင်းအပြစ် ဘာမှမရှိဘူး၊ အဲဒါ ကိုယ် နားလည်တယ် .. မေ့လိုက်တော့နော်၊ တိတ်တော့ .. ကိုယ် ကားသွားယူပြီး တက်လာခဲ့မယ် လှေကားရင်းနားမှာ သွားစောင့်နေ"

ပါကင်ထဲမှာ လူရှင်းလွန်းသဖြင့် လှေကားနားကို သူပဲ နေရာရွေးပေးသည်။ ထိုအချိန်မှာ သေချာတာက သူ့ရင်ခွင်ထဲကနေ မခွာလိုခြင်းဖြစ်၏။

နွေးထွေးလုံခြုံသော ရင်ခွင်တစ်နေရာကို တောင့်တမက်မောတတ်ခဲ့သည့်အချိန်မှာ လွယ် ပါးပြင်မှာ မျက်ရည်တွေ အရွှဲသားနဲ့..၊





အခန်း [ ၃၅ ]

စီးကရက်ပြာခွက်ခြင်းက လက်ညှိုးနဲ့ အသာလေး ဆတ်လိုက်ရုံပဲ ဆမယ့် ပြာတွေ အတောင့်လိုက် ဖြုတ်ခနဲ ကြွေကျသွားတာကိုလည်း ြင်နေရပြီး သူ့မျက်လုံးတွေက စီးကရက်ဆီက မခွာနိုင်။

ပြာခွက်ခွက်ပေါ်မှာ တန်းထားသည့်လက်ကိုလည်း ပြန်မရုတ်ဖြစ်။ အကယ်က သူ့စိတ်တွေ စီးကရက်ပြာခွေသည့် အလုပ်မှာ ရှိနေခဲ့တာ ဟုတ်ပေ။

ညက အချေအတင်တွေ ပြောဖြစ်ခဲ့ကြသည့် လွယ် ဆိုသော ကောင်လေးနဲ့ ပတ်သက်၍ ...

"ဘာမှမဆိုင်ဘဲနဲ့ အသားလွတ်ကြီး လုပ်သွားတာ၊ ခင်ဗျား စဉ်းစားကြည့်"

ထွတ်မြတ်ကောင်းကင် ဘယ်မှာနေမှန်း သူ မသိပါ။ ပြင်ဦးလွင်ဆိုတယ်မှာ အမှတ်မထင်ဆုံမိပြီး ခင်ခင်မင်မင် ဖြစ်သွားခဲ့တာရှိသည်။

သူ ရန်ကုန်ကဆိုတာပြောပြီး ဖုန်းနံပါတ် ပေးခဲ့သည်၊ လိပ်စာကဒ်ဘာဘာတွေ မပေးမယူဖြစ်ကြတာက အမှတ်တမဲ့လား။ မလိုအပ်လို့ သတ်မှတ်ခဲ့၍လား။ အဲဒါလည်း မသိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ခု ပြန်ဆုံကြတော့ မိတ်ဆွေတွေ မဟုတ်တော့တဲ့ ရန်သူတွေလည်း မဟုတ်။ ဖုန်းဆက်ချိန်းလိုက်တော့ သူ ရောက်လာတာက မှုန်တေ... မျက်နှာနှင့် ..၊

"ခင်ဗျား ကောင်မလေးလား"

"မဟုတ်သေးပါဘူး"

လို့ သမိန် ဖြေတော့ ထွတ်မြတ် က မဲ့၏။

"မဒီ ဆိုတဲ့ တစ်ယောက်ကို ကျွန်တော် မကြည့်လို့တဲ့၊ အဲဒါ ... ဆိုင်လဲ..၊ မိန်းကလေးဖြစ်ပြီး ယောကျ်ားလေးတစ်ယောက်ကို ဘ... လောက်ထိ လျှော့တွက်ထားသလဲ"

"ဟုတ်တယ်၊ သူက နည်းနည်းထူးဆန်းတဲ့ မိန်းကလေးပါ... ကြောင့် ကိုယ်လည်း မင်းလိုပဲ ထိခိုက်မှုတွေ ရှိခဲ့တယ်၊ အဲဒါက... ပတ်သက်ခဲ့တာ၊ ဒါပေမယ့် သူက ဖြူစင်တယ်ဆိုတာ မင်း လက်ခံ...

"လက်ခံခြင်း၊ လက်မခံခြင်းက ကျွန်တော်အတွက် ဘာရှိဖို့ရှိ...

ပြောပုံက မယဉ်ကျေးပါ။ ဒါပေမယ့် သူ ဒီထိ လွယ့် အတွက် ... ရှင်းနေမိသဲ ..၊

"အဲဒါကတော့ ကိုယ် မပြောနိုင်ဘူးလေ..၊ မင်း မကျေနပ်သ... မိန်းကလေးအတွက် ထိခိုက်နိုင်လို့ ကိုယ် တောင်းပန်တာ၊ မင်းလည်း အခု ဒုက္ခပေးခဲ့ပြီပဲ"

"ဟာ!..."

ထွတ်မြက် က မျက်နှာမော့ ရယ်သည်။ ခါးထောက်လိုက်... ခေါင်းရမ်းလိုက်နှင့် တစ်စက်ကလေးမှ မကျေနပ်နိုင်တာကို ပြသနေခဲ့...

ဒါပေမယ့် ပြောလာတဲ့စကားက သူထင်သလို မဟုတ်ခဲ့ဘဲ...၊

"ဒုက္ခပေးခဲ့တယ်.. ဟုတ်တယ်၊ အဲဒီမိန်းမနဲ့ တစ်ခါတွေ့လိုက်... တစ်ခါပေးရတာ သူ့အတွက် ဒုက္ခဖြစ်သလို ကျွန်တော်လည်း ...





...သဖြစ်တိုင်း တက်ခေါက်နေရင်းနဲ့ မေ့လို့ကို မရဘူး၊ မေ့မရတာကြီးကို ...ယ်မြောင်းထဲ သွားလွှင့်ပစ်လို့မှလည်း မရဘူး၊ သူ အဲဒီလောက်ထိ ...တွေလုပ်သွားတာလဲ"

ယမ်းပုံမီးကျ ပေါက်ကွဲချသည့် လူတစ်ယောက်ရှေ့မှာ သူ လူကြီး ...ဘာ့ မဟုတ်ပေမယ့် လူတတ်ကြီးလို တည်တည်တံ့တံ့ ငြိမ်ငြိမ်သက် ...တ်ပဲ ကြည့်နေခဲ့ရသည်။ ရင်ထဲမှာတော့ ...

"အဲဒါ ငါ ချစ်နေတဲ့ မိန်းကလေး" လို့ အထပ်ထပ်ပြောရင်း နှုတ်ခမ်း ...ကို တင်းတင်းဖိထားရ၏။

ထွတ်မြတ်ကို ကြည့်နေမိသည့် မျက်လုံးတွေ မီးထွက်မတတ် ရူးရဲ ...ာလည်း သေချာသည်။ ထွတ်မြတ် ကတော့ သူ့ဒေါသနဲ့ သူ...

တကယ်တမ်း ချစ်တတ်လာတဲ့အခါ အဆင့်အတန်း အနိမ့်အမြင့် ... အနီးအဝေးတွေက အရေးမပါတော့ပါလား ..၊

"သားရေ .. သား မာမီဆီက ဖုန်းလာတယ် သားရဲ့.. ခဏ ထွက် ...

"ဗျာ .. ဟုတ်ကဲ့ လာပြီ"

နစ်မျောနေသည့် ပန်းရင့်ရောင်လွင်ပြင်ထဲကနေ စိတ်က ပစ္စုပ္ပန်ဆီ ...ချင်းရောက်၏။ အခန်းထဲကနေ ခြေလှမ်းကျဲများနှင့် ထွက်လာခဲ့ရင်း ...ရယ်မဟုတ်ဘဲ ဆံပင်တွေသပ် ချောင်းဟန့်နှင့် ပြင်ဆင်မိသည်။

ချစ်ခြင်းအတ္တတွေအကြောင်း တွေးနေတုန်း မိဘက ခေါ်သည်ဆို ...တော့ ဘယ်သူမှ မသိလိုက်ပေမယ့် စိတ်က မလုံချင်။

"မာမီ .."

"ဟုတ်သား သားရဲ့.. သား နေကောင်းရဲ့လား၊ စီးကရက်တွေ ...ရှုမ်းသောက်နေတယ်ဆို"

မေမေ သတင်းပေးလိုက်တာမှန်း သိတော့ လက်တစ်ဖက်က နဖူး



www.burmeseclassic.com

www.burmeseclassic.com



ကုတ်ရင်း ပြုံးလိုက်မိသည်။

"အရမ်းမသောက်ပါဘူး မာမီ .. မာမီရော နေကောင်းရဲ့လား"

ဘာသဘောမှန်း မသိဘဲ မာမီ့ရယ်သံကို ကြားလိုက်ရ၏။

"မာမီ က သားလေးအတွက်ကိုပဲ စိုးရိမ်နေတာ"

"ကျွန်တော်က ကလေးမှ မဟုတ်ဘဲ၊ မာမီ ဘာဖြစ်လို့လဲ .."

"သားရယ် ပြီးခဲ့တာတွေကို မာမီ ထပ်မပြောချင်ပါဘူး၊ ဒါပေမေ
သားရဲ့မေမေကို စိတ်ဆင်းရဲရအောင် မလုပ်ပါနဲ့ကွယ်၊ အမေအရင်
မဟုတ်ဘူးဆိုတဲ့ အသိနဲ့တော့ ..."

"အဲဒါတော့ လုံးဝ မဟုတ်ဘူး မာမီ၊ မေမေ့ကို ဘယ်တုန်းက
အဲဒီလို စိတ်မကွက်ခဲ့ဘူး။ ပြီးတော့ မေမေနဲ့ မာမီ ညီအစ်မအရင်း မဟု
ဘူးဆိုတာလည်း ကျွန်တော် သိပြီးပြီ"

"ဟင်!..."

"ပြောပြတာပါ၊ အဲဒါတောင်မှ ကျွန်တော့်စိတ်ထဲမှာ ဘာမှ မပြောင်
လဲခဲ့တာ၊ မာမီက ဘာဖြစ်လို့ ဒီလိုထင်တာလဲ"

"ထင်တာ မဟုတ်ပါဘူး သားရယ် .. မာမီတို့ ညီအစ်မက ဘာ
မတော်ကြပေမယ့် မိဘအမွေကို တစ်ဝက်စီ ခံစားခွင့်ရှိခဲ့တဲ့ အမွေစာ
အမွေခံသမီး၊ မာမီနဲ့ တစ်ရက်တည်း နာရီပိုင်းပဲငယ်ပြီး မွေးခဲ့တဲ့ ဖွားဖ
တော်ဆိုလည်း မမှားဘူး၊ သားရဲ့အဘိုးအဘွားတွေက မာမီနဲ့ အတူ
ချစ်ကြည်ဖြူပြီး အမွေစားအမွေခံ မွေးခဲ့ကြတာ၊ သီရိက သိပ်ကို သဘော
ထားဖြူစင်ပြီး မာမီ့ကိုလည်း ချစ်တယ်၊ သူက အငယ်ဆိုပေမယ့် မာမီ့
မှာနေပြီး ဘာမဆို သူပဲ စောင့်ရှောက်ခဲ့တာ"

သူ စိတ်ဝမ်းကွဲမှာစိုးလို့ သူ မသိခဲ့တဲ့အတိတ်က အကြောင်းတ
ကို မာမီ ပြောပြနေတာမှန်း နားလည်ပါသည်။

သူ့ စိတ်ထဲမှာလည်း မေမေ့အပေါ်မှာ ဘယ်လိုကွဲလွဲမှုမှ မဖြစ်





ာ အမှန်မို့ မာမီပြောတာတွေကို နားထောင်ရင်း နှုတ်ဆိတ်နေလိုက်၏။
တစ်ယောက်မှာ အမေနှစ်ယောက် ဖြစ်နေခဲ့ပြီ..၊ အမေနှစ်ယောက်
တော့ နှစ်ယောက်တစ်စိတ် ဖြစ်နေခဲ့တဲ့အကြောင်းတွေကြောင့် ..၊

"သား .."

"ပြောပါ မာမီ"

"သီရိ ကို သား တစ်လွဲမထင်ပါဘူးဆိုတာ မှန်ရင် မာမီ ပြောချင်
ယ်"

"ပြောလေ မာမီ"

"သား အတိတ်မေ့ခဲ့တဲ့အချိန်က ကောင်မလေးအကြောင်း မာမီ
ခဲ့ရတယ်၊ သားတို့ မင်္ဂလာပွဲတုန်းကလည်း သူ့ကြောင့် အရှက်တကွဲ
ကျိုးနည်းတွေ ဖြစ်ရတယ်ဆို .."

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် .."

"သူ့အတွက် ဒါပေမယ့်ကို မာမီက နားထောင်ချင်ပါတယ်၊ ဒါပေ
ယ့် သားရဲ့မေမေကတော့ ဒီမိန်းကလေးကို ဘယ်လိုမှ လက်ခံမှာ
ဟုတ်ဘူး သား၊ သူ့စိတ်ထဲမှာ သားကို ဒုက္ခပေးမှာ၊ သားနဲ့ မတူတန်ဘူး
ို့ ခွဲနေတယ်"

"မေမေ အခုထပ်ပြီး ပြောခဲ့တာလား မာမီ"

"ဟုတ်တယ် အဲဒါကြောင့် သား သူ့ကို ဖေဖာပေးတာတွေ မပြော
နဲ့တော့၊ အခု သားနဲ့ အဲဒီမိန်းကလေး ချစ်နေပြီလား"

ရုတ်တရက် သူ စိတ်ညစ်သွားသည်။ မဖြေတတ်လို့ မဟုတ်ပါ။
ရော မရှိသေးလို့ဖြစ်သည်၊ ချစ်နေတာကိုလည်း မချစ်ပါဘူးလို့ မဖြေချင်၊

"မာမီ သဘောပေါက်ပြီ၊ အဲဒီပြဿနာတွေအတွက် မာမီလည်း
ာပြည်ကို ပြန်လာရဦးမယ် ထင်တယ်၊ မင်္ဂလာပွဲတုန်းက လက်
သေးပဲပို့ပြီး အေးဆေးမှ လာမယ်ပြောခဲ့ပေမယ့် ဒါက မင်္ဂလာပွဲလိုမျိုး



www.burmeseclassic.com

www.burmeseclassic.com



ရှင်စရာကိစ္စ မဟုတ်တော့ လူကြုံပါးပြီး အမှာစကားပြောလို့ မဖြ
တော့ဘူး"

"မဟုတ်ဘူး မာမီ..၊ ဒီကိစ္စက .."

"သားကို မာမီ စိတ်ချမ်းသာစေချင်ပါတယ်၊ သီရိ ကိုလည်း စိတ်
မဆင်းရဲစေချင်ဘူးလေ၊ အဲဒါကြောင့် သားနဲ့ သီရိ စိတ်ဝမ်းကွဲတာတွေ
မဖြစ်ရအောင် မာမီ လာရမယ်၊ ကိုယ့်ရဲ့ အမိမြေကို မပြန်ဖြစ်ခဲ့တာလည်း
ကြာပြီဆိုတော့ လာချင်တဲ့စိတ်လည်း ရှိနေတယ်"

"ဒါဆို ကောင်းပါတယ် မာမီ၊ ကျွန်တော့်အတွက်နဲ့တော့.."

"သားအတွက်ကတော့ အဓိကပေါ့ သားရယ်၊ သားရဲ့ကိစ္စမှန်သမျှ
ကို မာမီ ဘာမှ လုပ်ကိုင်ဆောင်ရွက်ပေးတာ မရှိဘဲ ဥပေက္ခာထား
တာလည်း ကြာပြီပဲ၊ ဒီခရီးက မာမီ့အတွက် အရမ်းကို အဓိပ္ပာယ်ရှိမှာပေ

မာမီနဲ့ ဖုန်းပြောကိုင်း မာမီစကားထဲမှာ သူ့ကို အပြစ်တင်သံ၊ စိတ်
မျက်သံ ဘယ်တုန်းကမှ မကြားခဲ့ရပေ။ သားတစ်ယောက်လုံးကို ခွဲခွာ
ထားရစ်ခဲ့ပြီး တစ်နယ်ရပ်ခြားကို နှစ်ကာလ ကြာရှည်စွာ သွားနိုင်ခဲ့သူ
အဖြစ်နဲ့လည်း မာမီ့ကို သူ မငြိုငြင်ခဲ့တာ ဒီနေ့ထိ...။

ဒါဟာ မိခင်တစ်ယောက်၏ နွေးထွေးကြင်နာမှုမျိုးကို မေမေ့ဆီ
က အပြည့်အဝ ရရှိခံစားခဲ့ရခြင်းကြောင့် ဖြစ်၏။

စိတ်ထဲမှာ အမေနှစ်ယောက်၏ တစ်မျိုးစီသော နွေးထွေးခြင်း
တွေကို သူ ရရှိခဲ့သည်ဟုသာ မြင်ခဲ့သည်။

ဒီနေ့ မာမီ ဘာဖြစ်လို့ ဒီစကားတွေ ပြောခဲ့ပါသလဲ..၊

"သား .."

ဖုန်းပြောပြီး ခပ်ငိုင်ငိုင်ဖြစ်နေသည့် သူ့နောက်မှာ ဒေါ်သီရိကျော်
က တိတ်ဆိတ်စွာ ရပ်နေလျက်...

"မင်းရဲ့ မာမီ တစ်ခုခုများ ပြောသွားသလားလို့"





သူ ခေါင်းခါလိုက်မိသည်။ ဒေါ်သီရိကျော် က အားနည်းစွာ ပြုံး၍...

"ထားလိုက်ပါ.. ဒါပေမယ့် သူ ပြောပြော မပြောပြော သူ့ကို မေမေ
ပြောခဲ့တာတွေ ပြန်ပြောပြမယ်"

ဒေါ်သီရိကျော် က ဖြည်းလေးစွာ ပြောရင်း ခေါနားလိုက်၏။ ပြီး
...

"သား မုန်းမယ်ဆိုရင် မုန်းပါ၊ ဒါပေမယ့် မင်းနဲ့ မုန်းမလွယ် ကို
မေမေ လုံးဝ နှိမ်းစပ်မခံနိုင်ဘူး"

ထိုစကားတို့အရောက်မှာ ဒေါ်သီရိကျော့်အသံတွေက တစ်ထစ်
ချင်း မာကျောတုန်ခါလျက်...

"သားနဲ့ မုန်းမလွယ် တို့ ဘယ်အခြေအနေထိ ရင်းနှီးနေပြီလဲဆို
တာ မေမေ သိတယ်၊ အိမ်ထဲကနေ နုတ်မျက်စိနဲ့ကြည့်နေတာတော့
မဟုတ်ဘူး သား။ မျက်ခြည်မပြတ် နားစွင့်နေရတဲ့ မိခင်တစ်ယောက်ရဲ့
အကွယ်ပေးလိုခြင်း စေတနာနဲ့ပါ"

သမိန် မျက်မှောင်ကုတ်သွား၏။ မေမေ သူ့နောက်ကို တကောက်
ကောက် လိုက်ကြည့်နေခဲ့တာလား..၊ ဒါမှမဟုတ် တစ်ယောက်ယောက်
နဲ့ စောင့်ကြည့်ခိုင်းခဲ့သူလား ..၊

ဒေါ်သီရိ က သူ့ မျက်နှာကိုကြည့်၍ နားလည်သည့်အပြုံးနှင့်...

"မေမေ သဘောမကျလည်း ငါကတော့ ချစ်နေပြီဆိုတဲ့ ဖွတ်တိုး
ဒို့ ဆန္ဒတွေရှိနေတော့ သားက မေမေ့ကို ဂရုစိုက်ဖို့ မတွေးမိဘူး ထင်
တယ်၊ ဘယ်နေရာမှာဖြစ်ဖြစ် သားတို့ကို တွေ့နေရတာပဲလေ..၊ မေမေ
သိနေတယ်ဆိုတာ မဆန်းပါဘူး၊ အဲဒါကြောင့် မေမေ ဆုံးဖြတ်လိုက်တာ၊
ဘာလဲဆိုတော့ ဝတ်လွှာ နဲ့တုန်းကလို မသိလိုက် မသိဖာသာ မနေ
တော့ဖို့"

ဒေါ်သီရိကျော် က သူ့မျက်နှာကိုကြည့်ရင်း ရှေ့ကိုတိုးလာကာ...



www.burmeseclassic.com

www.burmeseclassic.com



"မမကို မေမေ အားလုံး လှမ်းပြောလိုက်တယ်၊ မိဘတွေက ကိုယ့်သားသမီးအတွက်ဆို ဘီလူးခွဲဆိုင်းတီးပြီး ထွက်ရ၊ လူကြမ်းလုပ်ပြီး မိုက်ပြရ၊ မေမေက အမေရင်းမဟုတ်တော့ အဲဒီလိုလုပ်လိုက်ရင် သား ဘာဖြစ်သွားနိုင်မလဲလို့ ..."

"ကျွန်တော် ဘာမှမဖြစ်ဘူး မေမေ၊ မေမေက မေမေ၊ သားက သားပဲ၊ ဒါပေမယ့်..."

"မေမေ သိတယ်၊ မုန်းမလွယ် နဲ့ ခွဲထုတ်ဖို့ ကြိုးစားရင်တော့ မေမေ့ကို မင်း မုန်းမှာပါ"

"မမုန်းဘူး မေမေ၊ ခွဲထုတ်တာတွေ၊ ဖွဲ့ယူတာတွေလည်း မေမေ မလုပ်ပါနဲ့လို့ ခုတည်းက ပြောချင်တယ်၊ ကျွန်တော် ကလေးမဟုတ်တော့ဘူး၊ မုန်းမလွယ် ထက်လည်း အသက်ကြီးပါတယ်၊ နောက်ပြီး သူ့ကို ကျွန်တော် ချစ်သူတွေ မဟုတ်သေးဘူး"

"မုန်းမလွယ် က မေမေ့ကို ရှိန်နေလို့ မင်းကို မတုံ့ပြန်ရဲသေးတာ မင်းကတော့ ချစ်တာထက်ကို ပိုနေပါပြီ၊ ဟုတ်တယ်မို့လား သား"

သမိန် မျက်နှာပျက်ပျက်နှင့် ကျွတ်စနဲ ခေါင်းခါသည်။ မုန်းမလွယ် ကို မေမေ ဘာဖြစ်လို့ ဒီလောက်ထိ အထင်မြင်သေးနေခဲ့တာလဲ..၊

သူမလေးဟာ ကျန်းမာရေးချို့တဲ့နေသည့် ဖခင်တစ်ယောက်ကို ရှာဖွေကျွေးမွေးတဲ့ သမီးကောင်းရတနာပါ။

ကိုယ်ကျင့်တရားကို ထိန်းသိမ်းနိုင်တဲ့ မိန်းကလေးဆိုတာကို မယုံကြည်တာလား ..၊ လမ်းပေါ်မှာ ကိုယ်နဲ့တွဲသွားနေတာကိုပဲ လိုက်ကြည့်ပြီး သူမလေးရဲ့ဘဝ ဘယ်လိုသန့်စင်စွာ ရုန်းကန်နေတာလဲဆိုတာကို တော့ သိဖို့ မကြိုးစားခဲ့ဘူးလား..။

သမိန့် ရင်ထဲမှာ လွှယ့် ကို ဘယ်လိုမှ ထိခိုက်မခံနိုင်သည့် တွန်းကန်မှုများသာ ရှိနေလျက် အကယ်၍ အတိုက်အခံ ဆုံးဖြတ်ရဖို့ ဖြစ်လာ





ခဲ့ရင်လည်း နောက်တွန့်နေမှာ မဟုတ်ပေ။ ဒါဟာ မိခင်အရင်း ဖြစ်ခြင်း မဖြစ်ခြင်းနဲ့ ဘာမှမဆိုင်၊ ဒီနေရာမှာ မာမီကိုယ်တိုင် ဖြစ်ခဲ့ရင်လည်း...

"မင်းရဲ့မာမီ လာမယ်လို့ပြောတယ်၊ သူကတော့ မင်းကို စိတ်ဆင်းရဲအောင် ပိတ်ပင်တားဆီးတာမျိုးတွေ သိပ်လုပ်ချင်မှာ မဟုတ်ဘူး၊ သားရဲ့မျက်နှာကို ခဏလေးမြင်ရတုန်း ပြုံးနေတာလေးပဲ မြင်ချင်မှာပါ၊ ဒါပေမယ့် မုန်းမလွယ် ကို ဥပေက္ခာထားသင့်တဲ့ မိန်းကလေးမှန်း သူ သက်ခံလာအောင် မေမေ ကြိုးစားမှာပဲ"

"မေမေ ဘာဖြစ်လို့ မုန်းမလွယ် ကို..."

"မင်း မေးတော့မယ်ဆိုတာ မေမေ သိပါတယ်၊ ဒါပေမယ့် အဲဒါကို မေးခင် မေမေ ပြောချင်တာက မုန်းမလွယ် က မေမေ့မျက်စိအောက်မှာ လပေါင်းများစွာ အတူရှိသွားခဲ့တဲ့ မိန်းကလေး၊ သူ့ကို မင်းက လှလို့ချစ်တာ၊ မေမေက လှတာရော မလှတာရော အားလုံး အလုံးစုံသိမြင်ခဲ့ရတဲ့အတွက် ရွံတာ၊ ငွေမက်တယ်၊ သိက္ခာမဲ့တယ်၊ စည်းကမ်းမရှိဘူး၊ ဒီလို မိန်းကလေးကို ဘဝပျက် မိန်းကလေးတွေထက် အများကြီးသာပါ ဘယ်ဆိုပြီး တန်ဖိုးထားနေရင် ပြုပြင်လို့မရတဲ့ အချိန်ကျမှ မင်း မှားမှန်း သိလိမ့်မယ်၊ မေမေက အဲဒီအချိန်အထိ စောင့်ကြည့်မနေနိုင်ဘူး သား"

ဒေါ်သီရိကျော် သည် သမိန့် ကို ဘာမှပြောခွင့်မပြုချင်တာလား။ နားမထောင်ချင်တော့သည်လား ဘာမှန်းမသိဘဲ ပြောပြီးသည်နှင့် လှည့်ထွက်သွားလေသည်။

အချစ်က ဘယ်ဆီနေမှန်း မသိသေးခင် လက်ပြနှုတ်ဆက်ခိုင်းနေခဲ့ပြီး မုန်းခိုင်းတိုင်း မုန်းလို့ရသလား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၈ ]

"လွှယ် .."

သမိန် ..၊ မျက်နှာရှေ့မှာ မြင်လိုက်ရတော့ ဘယ်လိုမှ ရှောင်မရတော့ဘဲ လွှယ် ပြုံးပြလိုက်သည်။

"ဘာလဲဟင် .. နာရီဝယ်မလို့လား"

"ကတ်စတန်မာနဲ့မှ စကားပြောမှာဆိုရင်တော့ ဝယ်ရမှာပေါ့ ကြိုက်တဲ့အလုံးကို ထုတ်ပြလေ၊ ကိုယ် ဝယ်မယ်"

သမိန့် မျက်နှာက ပြေပြစ်မှုမရှိ။ မဒီ နဲ့ သီတာ တို့က လှမ်းကြည့်နေကြကာ သူတို့ရှေ့လာ ကတ်စတန်မာတွေကို ပြောဆိုနေတာတွေဝါ ယောင်ယောင်မှားမှား ဖြစ်ကုန်ကြ၏။

လွှယ် ကတော့ စိတ်ညစ်သွားသည့် မျက်နှာလေးနှင့် ...

"သမိန် ကလည်း .."

"ဘာ သမိန် ကလည်းလဲ..၊ မင်း ဘာဖြစ်လို့ ငါ့ကို ရှောင်နေတာလဲ၊ ဘာအကြောင်းနဲ့လဲ .."

"မဟုတ်ပါဘူး၊ နေမကောင်းလို့ စောစောပြန်သွားတာ"

"လုပ်ပါ .. မင်းက စကားတတ်တာပဲ"





ထိုညနေမှာ မားကတ်ရဲ့အပြင်ကနေ လုံးဝ မပြန်ဘဲ ထိုင်စောင့်နေသဖြင့် လွှယ် ရှောင်ထွက်လို့ မရတော့ပေ။

"ဟိုဘက်အောက်က သွားမယ်၊ ကားပေါ် တက် .."

"ဟာ!... ကားကြီးနဲ့တော့ မလိုက်ချင်ပါဘူး"

"ခဏပဲဆိုကွာ .. ဘယ်သူမှ မမြင်စေရဘူး"

"လိုက်သွားလိုက်ပါ လွှယ် ရယ် .. ဒီလောက်ထိ ရင်းနှီးတဲ့သူတွေပဲဟာ၊ ပြောမနေပါနဲ့တော့ .. သူ ပြောစရာရှိနေလို့ ထင်ပါတယ်"

ရွှေး ကို ဖြစ်ရပြန်ပြီဆိုသည့် မျက်လုံးနဲ့ ကြည့်မိ၏။ သူပဲ "သမိန်နဲ့တွေ့မှ ငါတို့တွေ လေးယောက် မဆုံရတာကြာပြီ"

"သမိန် က ငါတို့ရဲ့အချိန်တစ်ဝက်ကို ဖဲ့ယူသွားသလိုပဲနော်" စသဖြင့် ကြေကွဲဖွယ်တွေ ခဏခဏ ပြောနေခဲ့ပြီးတော့ ...၊

"ဘာတွေ တွေးနေပြန်တာလဲ"

ကားပေါ်မှာထိုင်လိုက်သွားတော့လည်း မျက်နှာကိုပဲ တကြည့်ကြည့်၊

"ဘာတွေးတွေးပေါ့၊ စိတ်ထဲထိ လိုက်သိချင်နေရလား"

စိတ်တိုတိုနှင့်ပြောရင်း မျက်စောင်းထိုးပစ်မိသည်။ အဆင်မပြေမှုများနှင့် မရှုနိုင်မကယ်နိုင် ခံစားနေရသည့် သမိန့် မျက်နှာမှာလည်း လွှယ် မျက်စောင်းထိုးလိုက်တော့ ပြုံးချင်ချင် ဖြစ်သွားကာ..

"ကန်တော်ကြီးထဲ ခဏဝင်မယ်"

"ဟာ!... အဲဒီမှာ အတွဲတွေချည်းပဲ လွှယ် တို့ကိုပါ အတွဲထင်ကုန်မှာပေါ့"

"ခဏတဖြုတ်ထင်တာ ထားလိုက်ကွာ"

"ဘာ!..."

သူက ဂရုမစိုက်သည့်မျက်နှာနှင့် ဗိုလ်ချုပ်ကြေးရုပ်ဝင်ပေါက်ဘက်နေကွေ့ဝင်ပစ်လိုက်၏။ ဝင်ကြေးပေးပြီးတော့ ပိုက်ဆံအိတ်ကြိုးလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဒတ်ရှိဘုတ်ပေါ် တင်လိုက်ပြီး မှောင်းဝင်သွားကာ..

"ဗိုက်ဆာရင် တစ်ခုခု စားမယ်လေ၊ ဟိုဆိုင်ထဲမှာ လူရှင်းတယ်"

"မစားပါဘူး၊ ကားကြီးနဲ့ ဟိုရပ် ဒီရပ် .."

"ဟာ!... ဒီကားပြသနာက တစ်ချိန်လုံး ကြီးမားနေတာပဲကွာ မီးပုံရှို့ရမလို ဖြစ်နေပြီ"

"ရှင်ကတော့ ဟုတ်မှာပေါ့၊ လွယ့် အတွက် ဒီကားက လေယာဉ်ပျံကြီးလောက် ကြီးမားကျယ်ပြန့်နေတယ်၊ ကိုယ့်အခြေအနေနဲ့ ဒီကားမျိုးပေါ်မှာ တွေ့လိုက်ရင် .."

"ဆက်ပြောလေ .."

ကားက အရိပ်ကျသည့် မြက်ခင်းအစပ်မှာ ထိုးရပ်သွား၏။ လွယ် က လက်တစ်ဖက်နဲ့ ဆံပင်တွေကို သပ်တင်လိုက်ရင်း မျက်တောင်ဖျားလေးတွေ စင်းနေအောင် မျက်လုံးစွေကြည့်၏။

"တော်တော် ကြားချင်နေတယ် ဟုတ်လား"

"ကြားချင်တာပေါ့.၊ မင်း ဘယ်လို အစီပွာယ်ဖွင့်ထားသလဲဆိုတာ"

"ကျွန်မက ဖွင့်မှာမဟုတ်ဘူး.၊ ရှင့်အမေက လက်ညှိုးထိုးမှာ.၊ ချူတယ် .. မြူတယ်ဆိုပြီးတော့ .."

လွယ် က သတိလက်လွတ်ဖြစ်သွားသလို လက်သီးဆုပ်ကလေးနဲ့ ဆိုဖာကို ထုပစ်လိုက်ပြီး အော်သည်။

"ဆင်းရဲတဲ့ မိန်းကလေးတွေဆိုရင် စပွန်ဆာရှာတယ်၊ သူဌေးဖမ်းချင်တယ်နဲ့ ပြောချင်ဆိုချင်ကြတဲ့ ပါးစပ်တွေက တစ်မျိုး၊ ရှင်ကြီးက အဲဒါတွေ ကြားချင်နေတာလား .."

သမိန် က လွယ် စိတ်တိုနေတာကို စိုက်ကြည့်ပြီး ပြုံးနေ၏။

ကျူရှင်မှာ ပခုံးတစ်စောင်းမှီကာ လက်တစ်ဖက်ကို လက်ကိုင်မှာ တင်ထားလျက် သူ့ပုံစံက လွယ့် ကို ကြည့်စရာ အရုပ်တစ်ရုပ်လို.၊





"ရှင်က ဘာပြုံးနေတာလဲ.၊ ဘာအကြံတွေနဲ့ ခေါ်လာတာမို့လို့ ကြိတ်ပြုံးနေတာလဲ၊ လူကို ရီးတီးယားတား မလုပ်နဲ့ သိလား"

"အဲဒီလိုဆို ကိုယ် ဘာဖြစ်သွားနိုင်မလဲ"

"ရှင် .. ရှင် ဘာဖြစ်နေတာလဲ"

စိတ်တိုခြင်းသည် အတိုင်းအတာမဲ့ ဖြစ်လာကာ လွယ် က တံခါး လှည့်ဖွင့်၏။ ဘယ်လိုမှ ဖွင့်မရ.၊

သူ့ကို လှည့်ကြည့်လိုက်တော့ အပြုံးမပျက် ကြည့်နေလျက်ရှိရာ..

" တံခါးဖွင့်ပေး .."

"ဖွင့်လိုက်ရင် မင်း ဆင်းသွားမှာပေါ့"

"သမိန် .."

"ပြော .."

"ရှင့်ကို လွယ် က လေးစားခင်မင်ထိုက်တဲ့သူလို့ သတ်မှတ်ခဲ့တာနော်၊ ရှင် ဘာဖြစ်နေတာလဲ .."

"မင်းကို ပြောစရာတွေရှိလို့ ခေါ်လာတာလေ၊ မင်းချည့်ပဲ ပြောနေပြီး ဒေါကန်နေတာ ကိုယ် ဘာပြောရမလဲ"

"ရှင့်ပုံစံ ဘာဖြစ်နေလဲဆိုတာရော ပြန်ကြည့်ဦး"

"မင်းကို ကြည့်နေမိတာကလွဲရင် ဘာမှမဖြစ်ဘူး"

"မကြည့်နဲ့ .. မကြိုက်ဘူး၊ တံခါးဖွင့်ထားနော် .. မဖွင့်ရင် မှန်တွေ ရိုက်ခွဲပစ်မှာ"

"ကိုယ် ဘာမှမပြောရတော့ဘူးလား"

"မပြောနဲ့တော့၊ မထောင်တော့ဘူး"

တကယ်တမ်း ပြောရလျှင် လွယ် ရင်တွေခုန်နေတာ ဖြစ်သည်။

ဘာလိုလိုပြောသည့်စကားတွေ၊ သူ့အကြည့်တွေကို ခံနိုင်ရည်ရှိသည့် ကိုယ့်မှာ လက်ဖျားတွေတောင် လေးချင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထွတ်မြတ်နဲ့ သူ တွေ့သွားတဲ့ပုံကို ရှက်လွန်းလို့ နောက်နေ့ မတွေ့အောင် ရှောင်နေမိတာလည်း ရွှေ က ပြောသေးသည်။

"နှင့်သတ္တိတွေ ဘယ်ရောက်ကုန်ပြီလဲ လွယ် .. လုပ်ရဲရင် ခံရဲတဲ့ နှင့်စိတ်က ဒီလောက်ထိ ဖြစ်သွားဖို့ မရှိဘူး၊ သမီးနဲ့ ကိုမှ အရှက်ကြီးရှက်နေတာ နှင်. သူ့ကို ကြိုက်နေပြီ .. သေချာတယ်"

ဟုတ်ရဲ့လားလို့ တွေးမိတာနဲ့တောင် ရှက်ပါသည်။

သူ့ဘဝ ကိုယ့်ဘဝ ညီမျှခြင်း ဖြစ်ဖို့ဆိုတာ ...

"ကိုယ် ဖွင့်ပေးမယ်၊ မင်း ဆင်းမသွားဘူးလို့ ကတိပေး .."

သူက လွယ့် ဘက်ကို ပခုံးယိုင်လာပြီး ကပ်ပြော၏။ လွယ် ဟိုဘက်လှည့်ပစ်တော့ ဆံပင်တွေ အုပ်ကွယ်သွားသည်မို့ ဆံစတွေကို သူ့လက်နဲ့ သိမ်းဖယ်၍ ...

"ပြောလေ .."

"ကားထဲမှာထက် အပြင်မှာဆို လှမြင်ကောင်းတာပေါ့"

ရှုပ်ပွ လွယ့် နှုတ်ခမ်းလေးကို ဘေးကနေ စိုက်ကြည့်ပြီး သူ့ အနားထပ်တိုး၏။ ပြီးတော့ လက်ခုံနုနုလေးပေါ် ကနေ ထပ်ဆုပ်ကိုင်လိုက်ကာ..

"အားလုံး လှမြင်တင့်တယ်သွားအောင် ဒီကားပိုင်ရှင်ကို လက်ထပ်လိုက်ပါလား"

"ဘာ!..."

လွယ် ဖျတ်ခနဲ လှည့်လိုက်လျှင် မျက်နှာချင်း ထိမိတော့မလို ဖြစ်သွား၏။ ရင်တွေ ဒိန်းခနဲ ဆောင့်ခါသွားကာ ကိုယ့်ကို ယိုလိုက်တော့ သူက..

"မင်းကို အရမ်းချစ်တယ် လွယ်"

"ဟင်!..."

နမ်းမိတော့မလို ဝေ့ပဲလာသည့် သူ့နှုတ်ဖျားက လေငွေ့နွေးကြောင့် လွယ့် တစ်ကိုယ်လုံး ရှိန်းဖိန်း ထူပူသွား၏။





"ကိုယ် အခွင့်အရေးယူတာ မဟုတ်ပါဘူး၊ အဲဒီလိုဖြစ်သွားမှာကို သည်း စိုးတယ်၊ ဘာကယ်ပါ .. ဒါပေမယ့် မပြောလို့ မဖြစ်တော့ဘူး"

ပြောနေရင်း လွယ့် မျက်နှာလွှဲလို့မရအောင် သူ့မျက်နှာ အတင်း သိုက်ငုံ၍ ကပ်ပါနေကာ...

"လွယ် ဆိုပြီး ဘာမှကို အလွယ်တကူမရခဲ့တဲ့ မင်းနဲ့ ဘယ်လိုမှ နားလည်ပေးဖို့ စည်းရုံးမရတဲ့ မေမေ့ကြားမှာ ကိုယ် ရှုးချင်နေပြီ"

"ရှင်က ရှုးချင်ရုံပဲမို့လား၊ အဲဒီလို မကြည်ဖြူတဲ့ယောက္ခမရဲ့ ခြေကြိုလက်ကြားမှာ ကျွန်မကိုတော့ ဘာဖြစ်ဖြစ်ပေါ့"

"ရှင်တွေ ကျွန်မတွေနဲ့ကွာ .. ကျွတ်!.."

သူ့မျက်နှာ ရှုံ့မဲ့သွားကာ အားမပိုအားမရနှင့် လွယ့် ပခုံးလေးကို ဆွဲဖက်ထားလိုက်၏။

"အို!... ဘယ်လိုလုပ်လိုက်တာလဲ .. လွှတ်ပါ .."

"မလွှတ်နိုင်ဘူးကွာ .. ဖြစ်ချင်ရာဖြစ်ပဲ"

ဖွတ်တရှုတ်ပြောကာ အတင်းချုပ်ပစ်လိုက်သဖြင့် သူ့ရင်ခွင်ထဲမှာ လွယ် ဘယ်လိုမှ ရုန်းမရအောင် ဖြစ်သွား၏။

"ကိုယ့်ကို ချစ်တယ်လို့ ပြောစမ်းပါ..၊ ကိုယ် ဘာလုပ်သင့်တယ်ဆိုတာ ကိုယ် သိတယ်"

"ဟင့်အင်း.. ဟင့်အင်း"

လွယ် ခေါင်းခါရင်း ငိုချင်လာသည်။

မချစ်နဲ့ ..၊ ချစ်တယ်လို့ ပြောပြီးမှ ကျရှုံးရတာထက် ဘာမှမဆိုင်ကြရင် ခံရ မခက်ဘူး၊ စိတ်အလို မလိုက်နဲ့ကွယ်။ ဒီလူနဲ့ နှင် မဖြစ်နိုင်ဘူး..။

"လွယ် မညာပါနဲ့ကွာ .. မင်း ကိုယ့်ကို ချစ်တာ ကိုယ်သိတယ်၊ ဘာအခက်အခဲတွေ ဖြစ်ဖြစ်၊ အတူရင်ဆိုင်သွားလို့ ရတယ်၊ ကိုယ့်အချစ်ကို မယုံဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မယုံဘူး .. ရှင်နဲ့ပတ်သက်ကာမှ လွယ့် မှာ ဘာယုံကြည်မှု မရှိတော့ဘူး၊ ဘယ်လောက် သတ္တိကောင်းကောင်း မိန်းမက မိန်းမပဲ၊ ရှင့်ကို ချစ်ရဲတဲ့သတ္တိ ကျွန်မမှာ မရှိဘူး၊ ချစ်ချစ် မချစ်ချစ် ဘယ်တော့မှလည်း ချစ်ဖို့ကြိုးစားမှာ မဟုတ်ဘူး"

"အဲဒီလိုတော့ ဘယ်ရမလဲ"

"ဟင့်အင်း .. ရှင် လွှတ်နော် .."

ရုန်းနေပေမယ့် အင်အားက မပါ၊ စိတ်ကို ဘယ်လိုတင်းတင်း မျက်ရည်က ခြေမခိုင်သည့်ကလေးလို ပါးပြင်ပေါ်ကို တဖြုတ်ဖြုတ် ကြွေဆင်း၏။ ပြီးတော့ လွယ့် မျက်နှာလေး သူ့ရင်ခွင်ထဲမှာပဲ ဖေးကပ်ငြိမ်သက်သွားခဲ့လျှင်...

"လွယ် .. ရယ် .."

မေးဖျားလေးကနေ မော့ယူလိုက်ရင်း မျက်ရည်စတို့ကို သုတ်ပေးမိသည်။ ထို့နောက် အတင်းဖိပိတ်ဖို့ ကြိုးစားနေသည့် တုန်ယင်နေသော နှုတ်ခမ်းလေးတွေကို သိမ်းပိုက်ထားလိုက်ဖို့ မျက်လုံးတွေကို မှိတ်ပစ်လိုက်ရင်း တောင်းပန်မိသည်။

ချစ်လို့ပါ..၊

အချစ်သည် ကမ်းပါးချောက်အစပ်က ပန်းလေးတစ်ပွင့် ဖြစ်ခဲ့လျှင် ထိုပန်းကလေးကို နမ်းရှိုက်ဖို့ ကြိုးစားရင်း ခြေချော်ကျခဲ့သည်လား..၊

တသိမ့်သိမ့် နွေးနေသည့် အသိတရားတို့ဟာ ရုတ်တရက် ခွဲခြားဆင်ခြင်နိုင်စွမ်းမဲ့လျက် မှေးမှေးမူးမူး ရူးသွပ်ခဲ့လေသည်။

သိပ်ချစ်တယ် လွယ် ..၊





အခန်း [ ၃၉ ]

"လွယ့် ကို ကျွန်တော် လက်ထပ်ချင်တယ် မေမေ၊ မေမေက လုံးဝ သဘောမတူပါဘူးလို့ ကြေညာထားပေမယ့် ကျွန်တော့်ဘဝအတွက် လွယ် ဖြစ်မှာ..၊ မေမေက စေ့စပ်လက်ထပ်မပေးဘူးဆိုရင် မာမီ ရောက်လာတော့ ပြန်ပြင်မရနိုင်တော့တဲ့ အမှားတစ်ခုကို ကျူးလွန်ခဲ့တဲ့ သားဖြစ် ကျွန်တော် တောင်းပန်မှာပါ"

"ဘာပြောတယ် သား .."

"အဲဒီတောင်းဆိုမှုတွေထဲမှာ အတိုက်အခံစကားမျိုးတွေ ပါချင် ပါတယ်၊ ဒါတွေက မိခင်အရင်းဖြစ်ခြင်း မဖြစ်ခြင်းနဲ့ ဘာမှမဆိုင်ဘူးဆိုတာလည်း ပြောပါရစေ၊ မိဘရင်ခွင်ထဲကထွက်ပြီး ကိုယ်ချစ်တဲ့သူနဲ့ ပေါင်းဖို့ ကြိုးစားတာကို အမှားကြီးတစ်ခုလို့ မသတ်မှတ်တဲ့အတွက် ကျွန်တော်ကတော့ ဆုံးဖြတ်ထားတဲ့အတိုင်းပဲ လုပ်မှာ"

"မင်း .. မင်း .. မလုပ်ရဘူး"

"ခွင့်လွှတ်ပါ မေမေ .. ကျွန်တော် သူ့ကို တန်ဖိုးထားတဲ့အတွက် မေမေ သူ့ကိုနားလည်ပြီး မိသားဖသားပီပီ တောင်းရမ်းလက်ထပ်ပေးစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်တာ၊ မဖြစ်နိုင်ဘူးဆိုရင် နောက်ထပ် လုပ်ဖို့ရှိတာက ဒုတိယ ဆုံးဖြတ်ချက်ပဲ"

"သား .."

ချာခနဲ လှည့်ထွက်သည့် သမိန့် ကို ဘယ်လောက်မှ ဝေးကွာသွားတာ မဟုတ်ဘဲ ဒေါ်သီရိကျော် ခေါ်သံက စူးစူးရှရှ..၊

သမိန် က မျက်နှာချင်းဆိုင် ပြန်လှည့်ရပ်၏။

"မင်းကို သူ တကယ် ပြန်ကြိုက်လိုက်တာပေါ့ ဟုတ်လား .. သူက မှန်းရဲတာပေါ့"

စကားလုံးတိုင်းမှာ မောက်မာရင့်သီးခြင်းတွေ အပြည့်..၊ ဒေါ်သနှင့် မျက်နှာတစ်ပြင်လုံးက နီရဲတင်းမာနေခဲ့သည်။

တစ်ယောက်က ဘယ်လိုနည်းနဲ့မှ လိုက်လျောမှာ မဟုတ်သော နာကျင်မှုများနှင့်ဖြစ်ကာ ...

တစ်ယောက်ကလည်း ကမ္ဘာပြိုတော့မယ်ဆိုရင်တောင် ဆုံးဖြတ်ချက်ကတော့ ယိုင်လဲသွားမှာ မဟုတ်သည့် ခံဆောင်မှုအပြည့်နှင့် ...

"မေမေ မထင်ခဲ့ဘူး၊ ဒီမိန်းကလေး ဘာတွေကြောင့် သတ္တိကောင်းနေတာလဲ"

မျိုသိပ်မရနိုင်စွာ နောက်ထပ် ရေရွတ်ရင်း...

"သူ့ကို အထင်သေးပေမယ့် သူ့ရဲ့မာနကို အထင်ကြီးစိတ်လေးတော့ ရှိခဲ့မိတယ်၊ ငါ့ကို အရှုံးမပေးဘဲ ဘယ်လိုပဲ ဆက်တိုက်နေနေ ဘယ်တော့မှ မနိုင်နိုင်ဘူးဆိုတာလည်း သူ သိနေလိမ့်မယ်လို့ ယုံကြည်ခဲ့တာ ခုတော့ ဒီလိုလား .."

သမိန့် ကို ခေါ်ပြီးမှ တစ်ယောက်တည်း နာကျည်းစွာ ရေရွတ်နေခဲ့၏။ နောက်တော့မှ မျက်ဝန်းတွေမှ မျက်ရည်စတို့ တစစ ပြိုးပြက်လက်၍ ...





"မင်းကို ငွေမက်လို့ သူ ရွေးချယ်ခဲ့တာပဲ သား .. သူ့မျက်လုံးထဲမှာ ငွေအပြင် ဘာမှမရှိဘူး၊ ခုနေ မင်းကို အမွေဖြတ် စွန့်လွှတ်လိုက်ရင် သူ ဘယ်လိုပုံစံဖြစ်သွားမလဲ မင်း သိရဲ့လား"

သမိန် က နှုတ်ဆိတ်စွာ ကြည့်နေခဲ့၏။

"နားလည်နေရက်နဲ့ ဘဝနဲ့ရင်းပြီး ရှေ့ဆက်ဖို့ ကြိုးစားမှာလား သား .. ဟင် .. မေမေ့စေတနာကို သား ဘာဖြစ်လို့ နားမလည်ရတာလဲ၊ အခု ရန် က ဖုန်းဆက်တယ်၊ အဖြစ်အပျက်မှန်ကို သူသိတယ်တဲ့၊ အဲဒါကို သားက ရှင်းပြပေးစေချင်တာတဲ့၊ ချို တို့တွေကလည်း မင်းကို ယုံကြည်ချင်လို့ စောင့်နေကြတာပါ၊ စိမ်းခဲ့တဲ့လူတွေမှ မဟုတ်ဘဲ သားရယ်.. ရွှေချင်းထပ်မှ ဖြတ်တာ၊ ရွှေနဲ့မြသား ဂဟေထားမှ ..."

"အချစ်က စိန်ရွှေရတနာတွေလို ပြိုးပြက်လက်မနေပေမယ့် တကယ်သွားပြီဆိုရင် သူ့မှာ ခိုင်မာတဲ့ ကိုယ်ပိုင်ဂုဏ်သတ္တိတွေရှိတယ် မေမေ..၊ ကျွန်တော်တို့ တကယ်ချစ်ခဲ့ကြတာ၊ အမွေကိုဖြတ်ဖြတ် သူ့ဆီမသွားနိုင်အောင် ကျွန်တော့်ခြေထောက်တွေကိုပဲ ဖြတ်ဖြတ် သူ့ဆီကိုတော့ ရောက်ရောက်အောင် သွားရမှာပဲ..၊ မေမေ ခွင့်လွှတ်ဖို့ကို ကျွန်တော် မျှော်လင့်ပါဘူး၊ အမေအရင်းမဟုတ်လို့ ဂရုမစိုက်တာလို့ ကြေကွဲမနေ ပြီးတာပါပဲ"

သမိန် လှည့်ထွက်သွားသည်။ အပြင်ကို မဟုတ်ပါ။ သူ့အခန်းထဲ ကိုပဲ ဖြစ်၏။

ဘယ်လိုပုံစံနဲ့ ပြန်ထွက်လာမှာလဲဆိုတာကို မတွေးဝံ့...။

ဒေါ်သီရိကျော် လက်သီးကို ဆုပ်မိရင်း မျက်ရည်နှစ်စက် တစ်ပြိုင်တည်း စီးကျသွားလျက် ပင့်သက်ရှိုက်၏။

ပြီးတော့...

"မြမြ"



www.burmeseclassic.com

www.burmeseclassic.com



"....."

"မြမြ"

"....."

"ရှင်... လာပါပြီ မမကြီး"

"သွားကို သွားပြော"

"ဟုတ်..."

"စဉ်းစားပေးမယ် ထွက်မသွားနဲ့ဦး...လို့"





အခန်း [ ၄၀ ]

မေမေ ထွက်သွားတာကို သူ သိသည်။ ဈေးစပ်ကြောင်းလမ်းစကား ပြောဖို့သွားတာ မဖြစ်နိုင်မှန်းလည်း တွေးထားမိ၏။

ဒါပေမယ့် ဘာတွေဖြစ်လာမလဲဆိုတာကို စောင့်ကြည့်ဖို့ သူ ဆုံးဖြတ်လိုက်ရင်း စီးကရက်မီးညှိ၍ ဝရန်တာမှာ လက်ထောက်ရပ်နေမိသည်။

မိဘကို သူ ဒိုထက်ပိုပြီး အတိုက်အခံ မလုပ်လိုပါ။

ဆုံးဖြတ်ခဲ့တာကလည်း မေမေ စီရင်ချက်ချမှာကို ကြားနာပြီးမှ တွေ့ကြဖို့ နှာခံဖို့တွေ တစ်ဆင့်တက်ရန် ဖြစ်သည်။ ဒါဆို မေမေ့ခြေလှမ်းမှာ ဘယ်လိုရည်ရွယ်ချက်တွေ ပါနိုင်သလဲ..။

အဖြေရှာနေဆဲမှာ ဖုန်းဝင်လာသည့် သီချင်းသံက နှောင့်ယှက်၏။ ဝရန်တာကို နောက်ပြန်မှီလိုက်ပြီး ဖုန်းဖွင့်၏။

"ဟလို .."

"မောင် .."

"အင်း .. ကိုယ် သိတယ်၊ ရန့် ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောသင့်တဲ့လူက မောင်ပါ။ နေနိုင်တယ်နော် .. မေမေတို့
မောင့်ဘက်က ..."

"ကိုယ့်ဘက်ကဆိုရင် ထားလိုက်တော့ ရန့် ..၊ အခု ကိုယ် တက
မှားသွားပြီ"

"ဘယ်လို!..."

ရန့်..ကို ကကယ် မသိကြသေးတာ ဖြစ်နိုင်သည်။ မင်္ဂလာပွဲ
ကတည်းက အဆက်အသွယ်တွေ ပြတ်တောက်သွားခဲ့ကြတာ ဖြစ်
မေမေ့ဆီက ဖုန်းဆက်တဲ့ညက သူ့ဖုန်းထဲမှာလည်း missed call တွေ

ဒါပေမယ့် သူ ပြန်မဆက်ခဲ့ပေ၊ ရန့် ရဲ့လေသံက ဘာမှပြောင်းလဲ
မရှိသလို မင်္ဂလာပွဲမှာတုန်းကလည်း ဒေါသထွက် အထင်မြင်သေးတာ
ထက် အံ့ဩ၍ အားမလိုအားမရဖြစ်ခြင်းတွေသာ ရှိခဲ့မှန်း သိသာပါ

ဘာပဲဖြစ်ဖြစ် သူ့မအတွက် အချစ်နှင့်သက်ဆိုင်သော လှုပ်ရှ
တစ်စုံတစ်ရာမှ သူ့မှာ မရှိခဲ့ဘူးတာ သေချာခဲ့သည်မို့...

"ကိုယ်အစက တကယ် ရိုးသားခဲ့ပါတယ်၊ ဒါပေမယ့် အတိတ်
စေခဲ့တဲ့ ဘဝမှာ တကယ်ပဲ မိန်းကလေးတစ်ယောက်ကို ဒီလိုဇော်
ခဲ့မိသလားဆိုတဲ့ ကိုယ့်ကိုယ်ကိုယ် မယုံရဲစိတ်တွေနဲ့ ဒါကို သိဖို့ကြိုး
ရင်း သူ့ကို စွဲစွဲလမ်းလမ်း ချစ်မိသွားတယ်"

"ဘာပြောလိုက်တယ်"

ရန့် အသံက ဘယ်လိုမှ မယုံနိုင်စွာ ဖြစ်သည်။

"မှန်းမလွယ် ဆိုတဲ့ တစ်ယောက်ကို တကယ်စွဲလမ်းသွားတာ
ဟုတ်လား .."

"ဟုတ်တယ်"

"မောင် .. သမိန် .. ဒါတော့ စော်ကားတာပဲကွာ၊ လုံးဝကို မ
သင့်ဘူး တကယ် .. ဒီလို တကယ်လုပ်ပစ်လိုက်ရင် မင်္ဂလာပွဲတုန်





ပြဿနာက အတည်ဖြစ်သွားမယ်၊ သမိန် က လူယုတ်မာစစ်စစ်ကြီးဖြစ်ပြီး လူယုတ်မှာမှန်း မသိလောက်အောင် ကန်းတဲ့လူတွေအဖြစ် ရန့် တို့မိသားစုလည်း သွားပြီပေါ့၊ အခု သမိန်နဲ့ ရန့်ပြန်ပြီး ပြေလည်သွားကြရင် ဒါကိုဖြေရှင်းပြီးသား ဖြစ်မှာလေ၊ ရန့် တို့က ဂုဏ်သိက္ခာတွေအတွက် စဉ်းစားသင့်တာကို စဉ်းစားရမှာ မဟုတ်ဘူးလား"

"အဲဒါက မင်း ဟာစ်ကြွေးနေသလောက် မလွယ်ဘူး ရန့်..၊ ဂုဏ်သိက္ခာကို ပြန်လည်ရရှိနေခြင်း မရှိခြင်းထက် သာယာပျော်ရွှင်မှုကို မရရင်သာ ဘဝက ပြိုလဲသွားနိုင်တာ၊ တစ်ခါတလေ ကွဲရှပျက်စီးသွားမယ့်အရာက တန်ဖိုးကြီးနေရင် လက်အပူလောင်ခံပြီး ဆုပ်ကိုင်ထားရတာတွေ ရှိတတ်ပါတယ်၊ ကိုယ့်ကို နားလည်နိုင်ရင် ကျေးဇူးပါပဲ"

ဖုန်းကို တစ်ခါတည်းပိတ်၍ အနားပေးထားလိုက်သည်။ နာရီငုံ့ကြည့်တော့ မေမေထွက်သွားတာ တစ်နာရီနဲ့ မိနစ်ငါးဆယ်..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၁ ]

သိထားသည့် လိပ်အစာအရ ဒီအိမ်ပဲ ဖြစ်သည်။

ဒေါ်သီရိကျော် ကားပေါ်ကဆင်းကာ လက်ကိုင်အိတ်ကို ပခုံးမှာ ချိတ်လိုက်၏။

ဝတ်ထားသည့် ပိုးပါတိတ်၏ ထဘီစတစ်ဖက်ကို အသာလေးမ၍ တစ်ဖက်က ကိုင်ထားသည့် လက်ကိုင်ပဝါကို လက်ထဲမှာပဲ ပြုပြင်မိသည်။

တစ်စုံတစ်ရာ မနှစ်သက်သည့် အနံ့အသက်ဆို နှာခေါင်းပိတ်ရန် ဖြစ်၏။ သူ့တစ်သက်လုံး ဆင်းရဲခြင်းကို အမုန်းတီးဆုံး ဖြစ်သည်။

ဆင်းရဲဖူးခဲ့တာ မဟုတ်ဘဲ ဆင်းရဲတဲ့လူဆို အပေါင်းအသင်းမလုပ်ချင်တဲ့အထိ ငယ်ငယ်က စိတ်ဓာတ်ကြွမ်းတမ်းခဲ့ဖူးသည်။

ဘယ်အရာကိုဖြစ်ဖြစ် စာနာညှာတာတတ်လွန်းသည့် ရတနာကျော် ဆိုသော အစ်မတစ်ယောက်အတွက် ဘာပြဿနာရှိရှိ ဘယ်လိုအခက်အခဲတွေဖြစ်ဖြစ် သူပဲ ဒိုင်ခံဝင်ပါခဲ့သမျှ အစ်မအတွက်ဆို ဖယောင်းသူများအတွက်ဆို သံချောင်း..။





ထိုသို့ မာကျောကျော ဘဝင်ခပ်မြင့်မြင့်နှင့် သီရိကျော် ဆိုသော မိန်းမတစ်ယောက်သည် ဦးသိန်းထိန် ဆိုသည့် သည်းခံ အလိုလိုက်လွန်းသောယောကျ်ားနှင့် မဆုံစည်းခဲ့မီ ကာလအထိ..။

"မမကြီး ကျွန်တော် သွားမေးပေးရမလား"

"ဟင် .. မလိုဘူး ရတယ်"

ကားပေါ်ကဆင်းပြီး ထဘီတစ်စ 'မ' ထားပြီးမှ အိမ်ကိုကြည့်၍ ဒီအတိုင်းရပ်နေမိသည့်အဖြစ်ကို ဒရိုင်ဘာ အသံကြားမှ သတိရ၏။

အုတ်တိုင်လေးတွေနှင့် သံဇကာအကွက်စိပ်လေးတွေ ကာထားသည့်ခြံက သိပ်မကျယ်ပေ.၊ အထဲမှာ တိုက်ခံနှစ်ထပ်ပျဉ်ထောင် အိမ်ကြီးရှိလျက် နောက်မှာလည်း အဆောက်အဦငယ်တစ်ခု၏အစွန်းကို လမ်းမဘနေ လှမ်းမြင်နေရသည်။

ရှေ့ကို တိုးလျှောက်ခဲ့ရင်း တံခါးပိတ်ထားသည့် ခြံတံခါးရှေ့ရောက်မှ 'မ' ကိုင်ထားသည့်ထဘီကို လွှတ်လိုက်ပြီး လည်ပင်းရှည်ကြည့်မိ၏။

အဒေါ်တွေနဲ့ နေသည်ဆိုတော့ သူမ မရှိသည့်အချိန်မှာ လာခဲ့တာမို့ အဒေါ်ဆိုသော တစ်စုံတစ်ယောက်ကိုပဲ ရှာဖွေမိသည်။ တံခါးမှာ လူခေါ်ဘဲလ်တွေဘာတွေ တပ်မထားသဖြင့် လှမ်းခေါ်ရလည်း အခက်...။

ထိုစဉ် ဘေးမှာ လူတစ်ယောက်ရောက်လာသဖြင့် လှည့်ကြည့်လိုက်မိ၏။

"အန်တီ .. ဘယ်သူ့ကို ရှာနေတာလဲ"

မုန်းမလွယ် ထက်တော့ အသက်ငယ်နိုင်၏။ ဂျီတီယူကျောင်းသားဝတ်စုံနှင့်ဖြစ်ကာ ဆံပင်ပါးပါးရှည်ရှည် လွယ်အိတ်စလွယ်သိုင်းနှင့်...

ဒေါ်သီရိကျော် ကောင်လေးကို သေချာကြည့်ပြီးမှ...

"မုန်းမလွယ် ရဲ့ အုပ်ထိန်းသူတွေနဲ့ တွေ့ချင်လို့ပါကွယ်"

"မမမုန်း နဲ့လား .."



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက စဉ်းစားသလို ခဏတိတ်ကျသွားပြီးမှ...

"ဟုတ်ကဲ့ .. အထဲဝင်လေ"

ပြောပြီး တံခါးအပေါ် တန်းကြားထဲ လက်နှိုက်၏။ ကိုယ့်အိမ်သားတွေပဲ သိနိုင်သည့် သော့ဖွင့်နည်းတစ်မျိုး ဖြစ်လိမ့်မည်။ တံခါးပွင့်သွားသည်နှင့် ကောင်လေးနောက်က လိုက်လာခဲ့မိသည်။

အိမ်ရှေ့ပြင်ကို ကွန်ကရစ်ခင်းထားကာ ခြံနှင့်ကပ်လျက်မှာ အလှပန်းအိုးတွေ တန်းစီချထား၏။ ပြီးတော့ ဘေးတစ်ခြမ်းမှာ ကားပါကင်သာသာလောက် အကျယ်ရှိကာ ကွန်ကရစ်အပြည့်မရှိဘဲ လှုသွားလမ်းလေးပဲ ခင်းထား၏။

အိမ်ပေါ်ကို မတက်မီ မျက်လုံးက ရောက်တတ်ရာရာ ဝေ့ပတ်လျက်· ဒေါ်သီရိကျော် နှာခေါင်းရှုံ့နေမိတာကတော့ မပြောပါ။ ဒီလိုရပ်ကွက်နေရာမျိုးမှာ ဒီအိမ်လောက်နဲ့ နေနိုင်တာကို မဆိုးဘူးဆိုတဲ့ အခြေအနေလို့ သတ်မှတ်ပြီး ဒီကောင်မလေး မိုက်မဲနေတာလား ..။

ဒါလည်း ဘာဆိုင်လို့လဲ..၊ သူ့ကိုယ်ပိုင်ဆိုပြီး လက်ညှိုးထိုးပြစရာ နို့ဆီခွက်တစ်လုံးတောင် ရှိရဲ့လား မသိ ..။ မိဘမရှိ အခြေမဲ့ အနေမဲ့..။

"ဘယ်သူလဲ သားငယ်"

"မမမုန်း နဲ့ တွေ့ချင်လို့တဲ့ .."

အမေးအဖြေတွေ ဖြစ်သွားကြပေမယ့် အထဲက ဘယ်နေရာကနေ လှမ်းကြည့်ပြီး မေးလိုက်သည် မသိ။ လူကို မမြင်ရသေးပေ။

ကောင်လေးကလည်း အထဲကို လှမ်းဖြေပြီး ဒေါ်သီရိကျော် ကိုပါ ထိုင်ပါ၊ စောင့်ပါ ဘာညာမပြောဘဲ တန်းဝင်သွားသည်။

"မုန်းမလွယ် ရဲ့ ပြဿနာတွေ ဘာဖြစ်လို့ အိမ်ပေါ် တင်လာရတာလဲ..၊ လွှတ်လိုက်ပါလား နောက်ဖေးကို"

နောက်ထပ် ခပ်စူးစူးအသံနှင့်အတူ လူလုံး ပေါ်လာ၏။





ကိုယ်လုံးက ခပ်ဖိုင့်ဖိုင့် ရင်ညွန့်လောက် ရှည်သည့်ဆံပင်တွေကို ကောက်ထားကာ ဘေးနှစ်ဖက်ကနေ သိမ်းတင်ပြီး ဖြစ်သလိုဖိညှပ်ထားသည်။ အမြဲတမ်း ဖြစ်တင်နေတတ်ပုံပေါ်သည့် မိတ်ကပ်မပြယ့်တပြယ် မျက်နှာကို အနီးရောက်လာမှ သေချာကြည့်မိလျှင်...

"ဟင်!..."

ဒေါ်သီရိကျော် မျက်လုံးပြူးသွား၏။ ထွက်လာသည့် အမျိုးသမီးကလည်း သေချာကြည့်နေပြီး နှုတ်ခမ်းတွေ ပွင့်ဟသွားကာ..

"သီရိ ..."

ထိုစဉ် ကောင်လေးဝင်သွားသည့် ဘေးခန်းထဲကနေ တစ်ယောက်ထပ်ထွက်လာတော့ အရပ်ခပ်မြင့်မြင့် ခပ်ပြည့်ပြည့်ကိုယ်လုံးနှင့် ဆံပင်တိုတို ပခုံးလောက်ကို သားရေကွင်းနဲ့ နောက်မှာ စုစည်းထားသည်။

ချွန်လွန်းသည့် နှာခေါင်းနှင့် ပါးလျသည့် နှုတ်ခမ်းများက သူမရဲ့ စိတ်ဓာတ်စရိုက်ကို ဖော်ပြနေလေသည်။ သူမ မျက်နှာကို မြင်သည်နှင့် ဒေါ်သီရိကျော် နှုတ်ခမ်းတွေ လှုပ်ခတ်သွားပြန်သည်။

"နုသစ် .."

"ဟုတ်တယ် .. ငါက နုချစ်"

ပထမထွက်လာသည့် နုချစ် က လုံးလုံးလျားလျား မှတ်မိသွားသည့် မျက်နှာနှင့် ရှေ့ကို တစ်လှမ်းချင်း တိုးလာပြီး ...

"မုန်းမလွယ် ဆီကို ဟုတ်လား .. မုန်းမလွယ် ကို ရှာကြံလာတယ် ဆိုတော့ အံ့သြစရာပဲ"

"အံ့သြစရာ မရှိပါဘူး၊ ဘူးသီးသီးမှ အရိုးတော်တယ်ဆိုတာ နင် မကြားဖူးဘူးလား၊ သူက ကိုကြီးနဲ့ကလေးကို ထားခဲ့ပြီး မိုးကုတ် သူ့ငွေအရာရှိကို အပျိုလုပ်ယူထားပြီးပြီလေ..၊ ဒီကလေး ဒီအရွယ်ရောက်မှဆိုတော့ တို့လိုတွဲလောင်းနဲ့ ရုပ်ပျက်ဆင်းပျက်လည်း မဖြစ်တော့ဘူး။ ဟိုက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေတော့ သူ ဒုက္ခခံရဖို့မှ မရှိတော့တာ”

“ဟုတ်တယ် .. ဇာတ်လမ်းတွေထဲကလို မုန်းမလွှယ် ကို သမီးအဖြစ် ပြန်မခေါ်ရဲဘဲ ယောက်ျားကို ဘယ်လို လုပ်ဇာတ်တွေခင်းလာခဲ့တယ်ဆိုတာလည်း မသိဘူး”

“ဒါမျိုး လုပ်လို့ရမလား။ ကိုယ့်သွေးသားကို ကိုယ့်ဖာသာ မကြင်နာလို့ မောင်းထုတ်ပြီးထည့်ထောင်းထောင်း သူများစော်ကားလို့ကတော့ အသက်ချင်းလဲပစ်လိုက်မယ် .. ဟွန်း”

“နုသစ် ရယ် .. သူကလည်း ငါမွေးတဲ့သမီးဆိုတဲ့ မာနနဲ့ ချီတက်လာတာ နေမှာပေါ့”

“ဘာသမီးလဲ .. မိခင်ချင်းတူရင်လည်း မေတ္တာထားပုံ မတူကြတာတွေ အများကြီးပဲ၊ သူလုပ်သွားပုံက နွားမဒန်း သားမခင် ..”

“ဘာလဲ .. ဘာတွေပြောနေကြတာလဲ”

ဒေါ်သီရိကျော် တစ်ယောက်တစ်ခွန်း ရေပက်မဝင်အောင် ပြောနေကြသည့် ညီအစ်မနှစ်ယောက်၏ မျက်နှာတွေကို တစ်လှည့်စီကြည့်ရင်း မှုးနောက်လာသည်။

ထဘီတစ်စ ‘မ’၍ မာနကြီး အထက်စီးဆန်ဆန် ဝေ့ပတ်ကြည့်လာခဲ့သော မျက်လုံးတို့က သတိလစ်မတတ် ချောက်ချားဖွယ်ကောင်း သောအဖြစ်ဆိုးတစ်ခုနှင့် ရင်ဆိုင်တိုးမိနေသလို ဝိုင်းစက်မတတ် ပြူးကျယ်ကာ ...

“မုန်းမလွှယ် က ..”

‘ငါ့သမီးလား’လို့ မေးသည့် နောက်ထွက်လေသံတို့က တုန်ယင်ပျောက်ကွယ်သွားခဲ့၏။

ဒေါ်နုချစ် ကလည်း နာမည်ခေါ်လိုက်တာကိုပဲ ကြားကာ သေချာနားစိုက်ထောင်လိုက်ပုံမျိုးနှင့် ခေါင်းကို ဆတ်ခနဲ ညိတ်၏။





“မုန်းမလွှယ် ဟုတ်တယ်လေ၊ ဘာလဲ .. ဆက်ပြောစမ်းပါ။ ဟိုတုန်းကလို ကက်ကက်လန် ပြန်ကိုက်တတ်တဲ့ စကားတွေ မပြောတတ်တော့ဘူးလား”

“အဟွန့် ..”

ဒေါ်နုသစ် ကလည်း ဘေးကကြည့်၍ လက်ပိုက် နှုတ်ခမ်းမဲ့နေသည်။ သူမတို့အမြင်မှာ ဟိုတစ်ချိန်တုန်းကတော့ သူဌေးသမီးဆိုပြီး ယောက္ခမကိုလည်း မရိုမသေ၊ ယောက်မဆိုလည်း အကျောတင်မခံ။

နောက်ဆုံး ယောက်ျားကိုတောင် အထင်အမြင်သေးစွာ နှိမ့်ချ၍ တွေ့ခဲ့သည့် မိန်းမ..၊

ခုတော့ သမီးကိုလိုချင်လာပြီး မျက်ရည်ခံထိုးတော့မည့်ပုံစံ ဖြစ်နေပြီ ဟု..၊

တကယ်က သူတို့ပြောနေတာတွေကို ဘာတစ်ခုမှ နားမလည်နိုင်ဘဲ ဒေါ်သီရိကျော် က ဆွံ့အနေခဲ့တာ ဖြစ်သည်။

လာခဲ့တာက တခြား..၊ သိလိုက်တာက တစ်မျိုး..။

သူမမှာ သမီးလေးတစ်ယောက်ရှိခဲ့တာ မှန်သည်။ ဒါပေမယ့် သေဆုံးခဲ့ပြီ ဖြစ်၏။ သူမစိတ်ထဲမှာ ထိုသမီးကိုရော သမီးနဲ့ ပတ်သက်သည့်အားလုံးကိုပါ မေ့နိုင်အောင် ကြိုးစားခဲ့ပြီးပြီ..။

“အခု ဘာလာလုပ်တာလဲ .. မုန်းမလွှယ် ကို ပြန်ခေါ်ချင်တာဆိုရင် ဝင်လာတဲ့အတိုင်း အေးအေး လှည့်ပြန်လိုက်တော့”

ဒေါ်နုသစ် က ထပ်ပြောသည်။

“သူတို့သားအဖမှာ ဘယ်လောက်ဒုက္ခရောက်ခဲ့သလဲ သိလား..၊ ကိုကြီးက ဝေးဝေးလံလံ မသွားမလာနိုင်တာ ကြာပြီ၊ မုန်းမလွှယ် ဘာ မိန်းကလေးဖြစ်ပြီး ရွာအလုပ်တွေ လုပ်၊ ဆေးဖိုးတွေ၊ စားဖို့တွေ လောက်ငအောင်ရှာ .. နှင် ခုမှ ငါ အမေပါဆိုလည်း နင့်ကို မုန်းမလွှယ် က



www.burmeseclassic.com

www.burmeseclassic.com



အသိအမှတ်ပြုမယ် ဘင်သလား၊ သေအောင်မှတ်သွားလိုက် သီရိကျော်.. နှင့်သမီးက နင့်ထက် ဆယ်ဆလောက် မိုက်ရိုင်းတယ်"

"ဟွန်း .. အဲဒါပေါ့၊ 'ခုခေတ် ဝိဘက် ဒူးခေါက်က နင်းကာက်' တယ် ဆိုတာ တွေ့မရှောင် သေအောင်မိုက်ရိုင်းတဲ့မိန်းမ၊ သူ့ကို ပညာပေးမယ့် လူ ပေါ်လာပြီ"

ဒေါ်သီရိကျော် ခြေလှမ်းတွေ ကတုန်ကယင် နောက်ရောက်၏။

ဝင့်လည်မှာကို ကြောက်ရွံ့သွားလို့ မဟုတ်ပေ...။

မုန်းမလွယ် က ငါ့သမီးဆိုသည့် မေးခွန်း၏ သေချာမှုကို လက်မခံ နိုင်ခြင်းသာ။ ကလေးက သေပြီဆိုပြီး ဘာဖြစ်လို့ မုန်းမလွယ် အဖြစ် ရှိ နေတာလဲ...။ ကလေးသေပြီလို့ တမင်ညာခဲ့တာပေါ့၊ ဒါသည် ဖြစ်နိုင်မှန်း ချက်ချင်း နားလည်သွားသည်။

ဒေါ် ချစ်ချစ်ခင်...

ကိုဝေ ရဲ့ အမေ ..၊ ကလေးဆုံးသွားပြီလို့ သူပဲ ပြောခဲ့တာ..။

"ညည်းကလေး ဆုံးသွားပြီ၊ မယားပစ်ခံရတဲ့ကောင်က အရက် တွေ သောက်ပြီး ဝေဝေနေတယ်လေ၊ ကလေးက ငယ်ငယ်ကလေး ဆိုတော့ ဂရုစိုက်မယ့်လူမရှိဘဲ ဖြစ်ချင်တိုင်းဖြစ်နေတာကိုး"

"ကျွန်မတောင်းတော့ ရှင့်သားက ပေးလို့လား"

"မပေးတော့ရော ညည်းက ထားခဲ့ပြီး သွားစရာလား"

"ကလေးကို အကြောင်းပြုပြီး ကပ်တွယ်နေတယ်လို့ ဘယ်ပါးစပ် တွေက ပြောတာလဲ"

"ဟော့.. ဘယ်လောက်ပဲပြောပြော ငါဆိုရင် ဒီလိုဆင်းမသွားဘူး ညည်းက တစ်ယောက်တည်း ကွာထားတာပါ၊ ကျုပ်က တသိတတန်း ကြီး ကွာထားခဲ့တာ၊ ဒါပေမယ့် စီးပွားရေးကြောင့်၊ ယောကျ်ားမကောင်းတဲ့ ဒုက္ခကြောင့် ဘာကြောင့်မှ ငါ့ကလေးတွေကို ငါ မထားခဲ့ဘူး။ မိဘအိမ်





ခဏတစ်ဖြုတ် စိတ်ဆိုးလို့ ဆင်းသွားလည်း လက်နှစ်ဖက်က ဆွဲလို့မနိုင် ရင် ကျောတစ်ဖက် ရင်တစ်ယောက် တွယ်ပိုးသွားတာ..၊ ဟွန်း .. ညည်း လို မိန်းမမျိုး မမြင်ဖူးဘူး"တဲ့..။

အဖြစ်တွေကို ခုထိ ပြက်ပြက်ထင်ထင် ကြားယောင်နေဆဲပါ..။

လူကြီးတစ်ယောက် ပါးစပ်က မဟုတ်တာကို မဦးမချွတ်ပြောထွက် ခဲ့ည် မထင်ခဲ့လို့ ဒီအတိုင်းပဲ ယုံကြည်ခဲ့တာ သူမ မှားခဲ့သလား..။

"မုန်းဝေ လည်း လေလွင့်ပြီး ထွက်သွားတာ ဘယ်ရောက်နေမှန်း မသိဘူး"လို့ ပိတ်ပြောခဲ့သည်။

ဒါဆို ကလေးသေပြီလို့ ပြောခဲ့တာကို နုသစ် တို့ မောင်နှမတွေ သိခဲ့တာလား၊ သို့မဟုတ် သိပေမယ့် ခုမှ ကိုယ့်ဖာသာသိပြီး ရှာဖွေ လိုက်လာတယ်ထင်ပြီး သေပြီပြောခဲ့တဲ့ကိစ္စကို အစပြန်မဖော်တာလား။

သူမအတွက်ကတော့ ကမ္ဘာပြိုပါပြီ..။

လက်ဝါးတွေကို ဖိဆုပ်လိုက်တော့ ခွန်အားမဲ့ကာ ဆုပ်မိသည် မထင်။ လှုပ်ရှားလွန်းသည့်စိတ်ကြောင့် မျက်ရည်အိတ်က အပ့်ရှိန်ပြင်း ပြီး ပေါက်ကွဲခဲ့သလား..၊ ငိုကြွေးဖို့ သတိမရခဲ့ဘဲ မျက်ရည်တွေ ပိုးပိုး ပေါက်ပေါက် ကျလေသည်။

လာခဲ့တာက မုန်းမလွယ် ဆိုတဲ့ မိန်းကလေးကို ကိုယ့်သားနဲ့ ဘယ် သို့မှ သဘောမတူနိုင်ပါဟုပြောကာ ခွေးနွေးလို့ရမယ်ဆိုလည်း ငွေကြေး နဲ့ တိုင်းတာ ဆုံးဖြတ်မည် ..၊

ဒီလိုမရရင်လည်း ရှက်လောက်အောင် ပြောပစ်ခဲ့ပြီး မကွဲကွဲအောင် ခွဲပစ်ဖို့ အဲဒီလောက်ထိ လက်မခံနိုင်အောင် စက်ဆုပ်ခဲ့တဲ့ မိန်းကလေး...။

ခုတော့ သူမက ကိုယ့်သမီး ..၊ ဘယ်လိုမှ မယုံနိုင်အောင်ပါလား..။

ဒေါ်သီရိကျော် ခွန်အားတို့ကို ဖျစ်ညှစ် စုစည်းလိုက်ကာ..

"ငါ ခုမှ လာတာမဟုတ်ဘူး၊ သမီး ဆုံးသွားပြီဆိုလို့"



www.burmeseclassic.com

www.burmeseclassic.com



ဒီအဖြစ်ကို သေချာအောင် မဖြစ်မနေ မေးလိုက်မိသည်။ ဒေါ်နုသစ်က အံ့ဩသွားသလို လက်ပိုက်ကို ဖျတ်ခနဲဖြုတ်၍ မျက်လုံးပြူးကာ..

"ဟဲ့ .. ပြောတိုင်း ယုံစရာလား..၊ မပေးချင်လို့ ပြောလိုက်တာကို နည်းနည်းလေးတောင် တွေးမကြည့်ခဲ့ဘူးလား၊ မေးမြန်း မစုံစမ်းသင့်ဘူးလား"

ဒေါ်သီရိကျော် မဖြေနိုင်...၊

မေးမကြည့်ခဲ့မိပါ၊ တကယ်ကို ချက်ချင်း ယုံသွားတာက အနေအစား ပက်စက်ကြသော၊ သူမအပေါ်မှာလည်း ဘယ်တုန်းကမှ နူးညံ့သည်မရှိခဲ့သည့် ဤလူသိုက်ဟာ သမီးလေးမွေးတော့လည်း၊ အနီးလေး တစ်ချက် လှန်ကြည့်ကြရုံသာ...။

ဒီလို မကြင်နာတတ်သူတို့ လက်ပေါ်မှာ ဖအေကလည်း မျက်နှာလွှဲခဲပစ်ထားခဲ့သည့် ဒီကလေး သေဆုံးသွားခြင်းက မယုံကြည်နိုင်ဖွယ်မှ မရှိဘဲ..၊

ဒါပေမယ့် ခုချိန်မှာ သူမ ဘာမှမဖြေရှင်းနိုင်ခဲ့ပေ..၊ အဆိုးဝါးဆုံးတစ်ခုက ဘယ်သူမှ မသိလိုက်ကြသော မုန်းမလွှယ် နဲ့ သူမ ငြိခဲ့ကြသည့် အမုန်းနှောင်ကြိုး..။

"ဒါဆို ကိုဝေ ရော..."

"မေးမနေပါနဲ့ .. နင့်ကို ဘယ်သူကမှ အလိုရှိမှာ မဟုတ်ဘူး"

"ပြန်လိုက်တော့ သီရိကျော် .. နင့်ကို မြင်ရတာ ငါ ရွံလွန်းလို့ သမီးတစ်ယောက်လုံး ရှိနေတာကို ပစ်ထားပြီး သူဌေးနဲ့နှပ်နေတဲ့ မိန်းမ"

ရင့်ရင့်သီးသီးတွေ လွှယ်လွှယ်ကူကူ ပြောထွက်ခဲ့တဲ့ ပါးစပ်တွေမို့ ဒေါ်သီရိကျော် ထိုစကားအတွက် စိတ်တိုဖို့ သတိမရ..။

သူက ဒေါင်ဆို ကိုယ်က 'ဒင်'ပြီးသား၊ ဒိုးခနဲဒေါက်ခနဲ ပြောတတ်သည့်အကျင့်တွေလည်း ပျောက်ဆုံးကုန်ပါပြီ..။





သားအမိအရင်းခေါက်ခေါက်၏ တွေ့ဆုံခြင်းက ရက်စက် ရင့်သီးချေလား..၊ နှုတ်ခမ်းကိုက် ရှိုက်မိရင်း ခေါင်းငိုက်စိုက်ကျသွားခဲ့သည်။

သွားက စကားပြောသည်ဆိုတာ သူမတို့အတွက် မဟုတ်ခဲ့ဘူးလား..၊ မြင်မြင်ချင်း မေတ္တာမဲ့ခဲ့သည်။ မုန်းစရာတွေချည်း ပြောခဲ့ကြ၏။

မီးလေး မရှိတော့ဘူးဆိုတဲ့ အသိရဲ့နောက်မှာ ဒါ ငါ့သမီးလေး ဖြစ်နေလားလို့လည်း မတွေးမိခဲ့ပေ..။

အားလုံးသောအဖြစ်တို့ကို မပြောဝံ့ .. မမေးဝံ့ခဲ့ပေ။ ယိုင်နဲ့သည့်ခြေလှမ်းတွေကို နောက်ပြန်ဆုတ်ခဲ့ရသည်။

ဒေါ်နုသစ် တို့ကတော့ သူတို့ကို မတွန်းလှန် မပြောရဲတော့ဘဲ တော်ပြန်ရှာပြီဆိုသည့် မဲ့ပြုံးနှင့် မိန့်မိန့်ကြီး လက်ပိုက်ကျန်ရစ်ခဲ့ကြ၏။

တကယ့်အဖြစ်ဟာ အဆငေပါင်းများစွာ ဆိုးဝါးစွာ ဖြစ်ပျက်ခဲ့ပြီး ာက်ထပ် ပို၍ပို၍ ကြေကွဲဖွယ် ဖြစ်လာဦးမည်ဆိုတာ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၂ ]

အပြည့်ပြည့်ဆိုင်ရာလေဆိပ် အဆောက်အဦထဲမှာ တစ်ယော
တည်း ငုတ်တုတ်ထိုင်နေစဉ်က မျက်ရည်ဝေ့လာလိုက် မျက်တောင်
ခတ်၍ ဖယ်ရှားပစ်လိုက်..။

ဒေါ်သီရိကျော် စိတ်ထဲမှ ပတ်ဝန်းကျင်ရော ရှက်တတ်တာ
ရော ရှိနေသေးသည်။

"သားကို မပြောထားဘူး၊ ညီမလေးပဲ လာကြိုလှည့်"လို့ ခ
တစ်ယောက်တည်း ကြိုခွင့်ကို တိုက်ဆိုင်စွာ ရရှိလာသည့်အတွက်လ
တွေးပြီး ကျေနပ်ခဲ့သေးသည်။

လေယာဉ်ဆိုက်ပြီး မမကို မြင်ရပြီဆိုမှ...

"မမရယ် .."

မျက်ရည်က ပိုးပိုးပေါက်ပေါက် ကျလာကာ ညီအစ်မနှစ်ယော
လက်ချင်းဆုပ်မိလိုက်သည်နှင့် ရှိုက်သံတွေကိုပါ ထိန်းချုပ်နိုင်စွမ်းမဲ့ ခဲ့

"ဘယ်လိုဖြစ်တာလဲ ညီမလေးရဲ့ .. ဝမ်းသာလွန်းလို့လား၊ ကာ
ကျနေတာပဲကွာ .. မျက်ရည်တွေ သုတ်ပစ်လိုက်စမ်းပါ"





ဒေါ်ရတနာကျော် က ပခုံးကိုဖက်၍ သူမကိုယ်တိုင် မျက်ရည်တွေ
သုတ်ပေးသည်။

"မမရယ် မမပြန်လာတာကို အရမ်းဝမ်းသာပါတယ်၊ ဒါပေမယ့် ..
ဒါပေမယ့် .."

"ဟင်!... ဒါပေမယ့် ဘာဖြစ်လို့လဲ .. ပြောလေ"

နောက်တွဲဆံထုံးဖွဖွလေးနှင့် ယဉ်စစလေးဖြစ်နေသည့် ညီမမျက်
နှာလေးကို စိုးရိမ်မကင်းကြည့်၍ ပခုံးကိုပါ လှုပ်မေးသည်။

အရင်ကဆို 'နင် ငိုတတ်ရဲ့လား ညီမလေးရယ်' လို့ မေးခဲ့ရတဲ့အထိ
စိတ်ဓာတ်မာကျောတဲ့သူ..၊

ပြီးတော့ မနှစ်ကအထိ ဆံပင်မတိုမရှည် အလိပ်တွေ အခွေတွေ
ထားတုန်း..၊ ခုကျတော့ တကယ့်မိန်းမကြီးပုံစံ ဖြစ်နေသည်။ သူမက
တော့ ဆံပင်ရှည်ထားတာကို အစကတည်းက နှစ်သက်သလို ခုလည်း
ခါးသာသာလောက် ရှိနေဆဲပါ။

တကူးတကကြီး လှအောင်ထားတာလည်း မဟုတ်တော့ အမြဲတမ်း
နောက်မှာ စုစည်းထားဖြစ်တာပဲ များ၏။ အထူးသဖြင့် သားပစ် အိမ်ပစ်
နှင့် နိုင်ငံရပ်ခြားမှာ သွားနေခဲ့သည် ဆိုပေမယ့် ကိုယ့်ရဲ့ ကာရိုက်တာကို
အထင်မြင်သေး မခံနိုင်တာ ဖြစ်သည်။

ဘယ်နေရာ ဘယ်ဒေသမှာပဲ ရောက်နေနေ ဘာမှမပြောင်းလဲခြင်း
ကို ဂုဏ်ယူချင်တာလည်း ပါ၏။

ဒေါ်ရတနာကျော် စလင်းဘက်ခ်အနက်ကြိုးကို ပခုံးပေါ် ထပ်ဆွဲ
တင်ကာ ဒေါ်သီရိကျော် ကို လှူရှင်းတဲ့နေရာအထိ တွဲခေါ်ခဲ့ပြီးမှ ...

"ကဲ .. ဒါပေမယ့်ဆိုတာ ပြောပါဦး၊ သားနဲ့ တစ်ခုခုဖြစ်လိုက်လို့လား၊
သား .. ဘာဖြစ်လို့လဲ"

"မမရယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီရိကျော် နှုတ်ခမ်းကို လက်နဲ့အုပ်ပြီး ငိုပြန်သည်။

“တစ်ညလုံးလုံး ငိုထားတာ ထင်တယ်၊ အဲဒါကြောင့် မျက်နှာတင် မျိုးဖြစ်နေပါတယ် မှတ်တာ..၊ ဘာဖြစ်လို့လဲ ကိုသိန်း နဲ့လား”

“ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး .. ညီမလေးရဲ့ မိုက်ပြစ်ပါ၊ ညီမလေး လေ မမကိုမြင်လိုက်တော့ ငိုချင်ရက်လက်တို့ဆိုသလိုပဲ စကားပြောလို့ မရအောင်”

ဒေါ်သီရိကျော် နောက်ထပ် ရှိုက်လိုက်ပြီးမှ မျက်နှာမော့၍ စိတ် တင်းလိုက်ပုံနှင့်..

“ပြောချင်လွန်းလို့ မမ ရောက်လာမှာကိုပဲ မျိုသိပ်အောင့်အင်းပြီး စောင့်နေတာပါ”

“အေးပါ .. ပြောပါ .. မမလည်း စိတ်ထဲမှာ ထင့်နေလို့ သားကို အသိမပေးဘဲ ထွက်လာခဲ့တာ၊ ဘာတွေဖြစ်နေလဲ ပြောစမ်း”

“မမကို ပြောထားတဲ့ မုန်းမလွယ် လေ ..”

“သြော်..”

ကလေးတွေ ကိစ္စပဲလားဆိုသည့်အတွေးနှင့် ဒေါ်ရတနာကျော် စိတ်တစ်ထစ်အေးသွားကာ..

“ဒါ ဒီလောက်ထိ နက်နက်ရှိုင်းရှိုင်း ခံစားရမယ့်ကိစ္စမှ မဟုတ်တာ ညီမလေးရယ် .. မမလည်း ပြန်ရောက်နေပြီ၊ အတူတူ တိုင်ပင်ပြီး ဆောင် ရွက်မှာပေါ့”

“မမ ..”

“နောက်ဆုံး ပြောဆိုမလွယ်တော့ဘူးဆိုရင် လုပ်ချင်သလို လုပ်ခွင့် မရမယ့်အတူတူ ဖြစ်ချင်သလို ဖြစ်ပေးလိုက်ရုံပေါ့”

မနေ့တစ်နေ့ကသာ ဒီစကားမျိုး မမပြောလာလျှင် သူ ကျေနပ်နိုင် မည်မထင်..။ ခုတော့ ရင်ထဲမှာ နင့်သွားသည်။





ပြောရမယ်ဆို သားရဲ့အမေရင်းကတောင် လိုက်လျော ခွင့်လွှတ် ပေးနိုင်ပြီး ကိုယ်ကတော့ မာန်မာနတွေ မချနိုင်ဘဲ သားနဲ့ မတူတန်တဲ့ အဆင့်အတန်းဆိုပြီး မျက်နှာမြင်ကတည်းက မနှစ်မြို့နိုင်..။

ငါ့သမီးလေးသာ ရှိသေးရင် ဒီအရွယ်ပါလားလို့လည်း စာနာစိတ် ဖြစ်..။

“မဟုတ်ဘူး .. မမ ထင်တာတွေ မဟုတ်ဘူး ..”

ဒေါ်သီရိကျော် ခေါင်းတခါခါ ဖြစ်နေခဲ့ပြီး ...

“မုန်းမလွယ် ကလေ..”

“အင်း ..”

“မုန်းမလွယ် က ညီမလေးရဲ့သမီး မမရဲ့ ..”

“ဘာ .. ဘာပြောလိုက်တယ်”

ဒေါ်ရတနာကျော် ၏ မယုံနိုင်စွာ မေးလိုက်သည့် အာမေဍိတ်ရဲ့ နောက်မှာတော့ ဒေါ်သီရိကျော် မျက်ဝန်းတွေမှာ ဒုတိယအကြိမ် ရေနွေး စီးကြောင်းတွေ လမ်းကြောင်းလွှဲ၍ သွန်ကျလာခဲ့ပြီ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၃ ]

"တကယ်လား မာမီ"

"ဒါ နောက်စရာလား သားရယ် .."

ပျော်သွားမည့် သမိန့် မျက်နှာက တစ်ခုခုကြောင့် အနှောင့်အယှက် ဖြစ်သွားသလို ချက်ချင်းတည်သွားလျက် ဘေးကိုလှည့်ကြည့်၏။

"မေမေ ဘာလို့ထသွားတာလဲ၊ ကျွန်တော့်အတွက်နဲ့ မေမေနဲ့ မာမီ တို့ အတိုက်အခံတွေ..."

"ဘာမှမဖြစ်ဘူး၊ မာမီ ရောက်လာတာနဲ့ သူကိုယ်တိုင် ဒီလိုဆုံးဖြတ် ထားတဲ့အကြောင်း ပြောပြတာ၊ သားကိုလည်း သူ စဉ်းစားမယ်လို့ ပြော ထားတယ်မို့လား"

ခေါင်းညိတ်လိုက်ရပေမယ့် စိတ်ထဲမှာ တစ်မျိုးကြီးပါ..။

ဟိုတစ်နေ့ အပြင်ကိုထွက်သွားပြီးကတည်းက မေမေ အခန်းလည်း အောင်းသည်၊ စကားလည်း သိပ်မပြော..။

ချစ်လှပါသည်ဆိုသော အစ်မတစ်ယောက်လုံး ပြန်ရောက်နေတာ တောင်မှ ထင်ထားသလောက် ဖော်ရွေမှု မရှိသလို အကဲခတ်မိနေ၏။





ဘယ်သူ့ သဘောတူတူ မတူတူဆိုပြီး ဖွတ်လုပ်ခဲ့မိရင်တောင်မှ သူ့ တော် ဒီလောက်ထိ စနှောင့်စနင်း ဖြစ်ရမှာ မဟုတ်..။ ခုတော့ မေမေဖြစ် နေသည့် မျက်နှာအမူအရာပေါ်က ခံစားချက်တွေကို တိုင်းတာကြည့်မိ ခြင်း ရင်မောနေမိ၏။

ဒေါ်ရတနာကျော် ကလည်း သားအမိနှစ်ယောက်၏ သံယောဇဉ် ကို နားလည်နေသည်မို့ တိတ်တဆိတ် သက်ပြင်းချနေခဲ့၏။

"မပြောပါနဲ့ မမရယ် .. ညီမလေးသမီးရဲ့ တုံ့ပြန်စကားတွေကို မကြား ထို့ပါ..၊ သူ့စိတ်ကို ညီမလေး သိတယ်၊ သူ့ငွေးသမီးဖြစ်တော့မှာဆိုပြီး ဆိုလိုသာမှာ မဟုတ်ဘူး၊ သားက ညီမလေးရဲ့သားဆိုရင်လည်း သူ့အဖေ ဘယ်လိုမှ သဘောမတူဘူးဆိုတာ ညီမလေး နားလည်နေတယ်"

"ဒီနေရာမှာ မမရဲ့သားဆိုတာ ဖွင့်ချလိုက်ရုံပဲလေ..၊ သူတို့ချင်း ဆည်း ဘာမှတော်ကြတာ မဟုတ်ဘူး၊ မမသဘောကတော့ လာမယ့် အား ပြေးတွေ့တာ ကောင်းတယ်ထင်တာပဲ၊ သားကို သူ ချစ်ဖဲ့နရင် အခြားပြဿနာက အချစ်ထက် ငယ်သွားမှာပါ၊ နောက်ပြီး ညီမလေး အမင်စွန့်ပစ်ခဲ့တာမှ မဟုတ်တာ၊ တခြားတစ်မြို့မှာ ပေါင်းသင်းခဲ့ကြတယ်၊ ဒီမှာပဲ ကတောက်ကဆ ကွဲကြကွာကြဖြစ်ခဲ့တယ်၊ သေပြီဆိုတာ သူတို့ ကိုယ်တိုင် ပြောထွက်တဲ့စကားပဲ"

"မဟုတ်ဘူး .. အဲဒါတွေကြောင့် မဟုတ်ဘူး၊ သမီးကို သမီးလို့မခေါ် ခဲ့တော့လောက်အောင် ညီမလေး လွန်လွန်ကျူးကျူး ပြောဆိုထားခဲ့တာ တွေ ရှိတယ်၊ သူ့ရဲ့စိတ်က အရမ်းပြင်းထန်တယ် မမ၊ ဒီလိုလွဲမှားမှုတွေ ကြောင့် အချစ်ရေးမှာ အကြိမ်ကြိမ်အခါခါ ကံခေခဲ့တဲ့ သားလေးကိုလည်း ဒုက္ခထပ်မဖြစ်စေချင်ဘူး၊ တတ်နိုင်သမျှ မျိုသိပ်ပြီး သားရဲ့အမေအဖြစ်နဲ့ ကောင်းရမ်းပေးပါ မမရယ်၊ ညီမလေးက သားရဲ့အမေအရင်း မဟုတ်လို့ မေကာပဲ ဆုံးဖြတ်ခွင့်ရှိတဲ့သူအဖြစ်နဲ့ သဘောတူတယ်ဆိုတာမျိုး .."



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး မျိုသိပ်ပြီး တိတ်တိတ်လေးပဲ ကြည့်နေပါတော့ မေ လို့ ဆုံးဖြတ်သွားခဲ့သည့် ညီမဖြစ်သူ စကားတွေကို သတိရနေမိ၏။

"စိတ်ထဲမှာ ပျော်ရွှင်စရာတွေပဲ တွေးပါ သားရယ် .. သားရဲ့ မေ အောမှမဖြစ်ပါဘူး၊ မာမီမပြန်ခင် သားတို့ရဲ့ မင်္ဂလာပွဲကို ကျကျနန လုပ် သွားချင်တယ်၊ မိန်းကလေးဆီ သား ဖုန်းဆက်လိုက်၊ ဒီညနေ မာမီ လာမယ်လို့"

"ဟုတ်ကဲ့ .. မာမီ"

တက်တက်ကြွကြွ ဖြစ်မသွားဘဲ ခေါင်းညိတ်သည့် သမိန့် ခေါင်း ပေါ်ကို လက်တင်၍ ကလေးငယ်လေးလို ဖွပွတ်ရင်း ရယ်မိသည်။

သူ့အမေကိုတော့ သံယောဇဉ်ကြီးရှာသားလို့ တွေးလိုက်မိရင်း ပီတိစိတ်ဖြင့် ကြည့်နူးမိသွားသည်။ ကိုယ်ကတော့ အချိန်တန်ရင် ပြန်ရဦး မည့် လူပါ။ ဟိုမှာနေတုန်းက ဒီကိုလွမ်းတဲ့စိတ်ကို ဖြေဖျောက်ထားနိုင် သေးသည်။

ခုလို သားရယ်၊ ညီမရယ်၊ မိသားစုလေးဘဝကို ပြန်ရောက်လာခဲ့ သည့်အချိန်မှာ ပြန်ရဦးမည့်အဖြစ်က ခါးသီးသော ခံစားချက်တစ်ရပ် ဖြစ် လာခဲ့၏။ သားက အိမ်ထောင်ကျသွားပြီး မကြာခင် မြေးလေးတွေ ကွီ ကွစ ရလာတော့မည်။ သူမမှာ ချစ်ခင်ယုယခွင့် မရှိသေး..။

ဘာပဲဖြစ်ဖြစ် အမိမြေမှာ ဆောဝရှင်သန်ဖို့အတွက် သူမ ကြိုးစား တော့မည်လို့ ဆုံးဖြတ်လိုက်သည်။ ထသွားသည့် သားလေးရဲ့ကျောပြင်ကို ငေးရင် ဒေါ်ရတနာကျော် ဆုံးဖြတ်ချက်ကို ခိုင်မာအောင် နောက်ထပ် အတည်ပြုမိ၏။

သားလေးကို သူမ မခွဲနိုင်တော့ပါလား..။





အခန်း [ ၄၄ ]

"အန်တီရေ .. ဒီမှာ နှစ်ရာတန် ထားခဲ့မယ်နော်"

"အေး .. ထားခဲ့လိုက်တော့ လွယ် ရေ .."

ဖုန်းဖိုးနှစ်ရာပေးခဲ့ပြီး လှည့်ထွက်လာတော့ ရင်ထဲမှာ ကြည်နူးခြင်း တစ်ဝက် ရှုပ်ထွေးခြင်း တစ်ဝက်နှင့် ..၊

သမိန့် ရဲ့ အမေ နိုင်ငံခြားက ပြန်ရောက်လာလို့ အမေချင်း ညှိနှိုင်းပြီး အဆင်ပြေသွားသည်တဲ့...။

ဒါတောင် ချက်ချင်းကြီး ဒေါ်သီရိကျော် က သဘောတူသွားသည် ဆိုတာကို ဘယ်လိုမှ မယုံနိုင်လို့ တစ်ခါကနှစ်ခါ မေးတော့မှ ပြောပြတာ ဖြစ်သည်။

သမိန့် ပုံစံက ဒေါ်သီရိကျော် ကို သူ့ရဲ့ မွေးစားအမေအဖြစ် လူသိခံ ချင်ပုံမပေါ်။ တကယ့်အမေအရင်းက နိုင်ငံခြားမှာဖြစ်ကာ ဒါကိုလည်း အစတည်းက သိနေလျက်နှင့် မွေးစားအမေအပေါ်မှာ အမေရင်းလို ချစ် နေခဲ့တာ အံ့သြစရာပင်...။



www.burmeseclassic.com

www.burmeseclassic.com



သူမအတွက်ကတော့ ဒေါ်သီရိကျော် နဲ့ ရှေ့ဆက် ဘယ်လိုမှ အဆင်ပြေဖို့ မရှိနိုင်သည့်ပြင် နောက်ထပ် ဂရုစိုက်စရာ လူတစ်ယောက် တိုးလာတာပဲမို့ ဝမ်းသာရမည်လား .. စိတ်ညစ်စရာလား ဘာမှန်းမသိ။

လှိုက်ခနဲ ဝမ်းသာသွားသည့်စိတ်က လှည့်ပြန်လာခဲ့သည့် ခြေလှမ်းတို့ကို တဖြည်းဖြည်း နှေးကွေးလေးလံစေခဲ့လျက် ပျော်စရာထက် စိတ်ညစ်စရာတွေသာ တိုးပွားလာခဲ့သည်။

သမိန့် ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ကတည်းက ဒေါ်သီရိကျော် နဲ့ မလွှဲမရှောင်သာ ရင်ဆိုင်ရဖို့ ရှိလာမှာရော .. ရှောင်နေလျက်နှင့် ရင်ဆိုင်ဖို့ ရှိလာရင်တော့ အရှုံးမပေးနိုင်သည့် ခံစားချက်တွေရော သူမမှာ အပြည့်အဝ သိမ်းဆည်းထားပြီး ဖြစ်သည်။

လက်ထပ်ပြီးတာနှင့် တစ်အိုးတစ်အိမ် ထူထောင်ပြီး သီးသန့်နေကြမည်လို့ သမိန် ဘယ်လိုပဲ ကတိတွေပေးပေး မိဘ၊ ညီအစ်ကိုမောင်နှမ ဆိုတာ လုံးဝ ဖြတ်တောက်ပစ်နိုင်ဖို့ လွယ်မလား..။

ယောက္ခမနှစ်ယောက်နှင့် ရင်ဆိုင်ရမည့် ကိုယ့်အဖြစ်ကို တွေးရင်း ခြေလှမ်းတွေက ကိုယ့်အိမ်ရှေ့ထိ သူ့အလိုလို ရွေ့လျားလာသည့်အတိုင်း အသက်မဲ့လျက်..။

ထိုစဉ် အိမ်ပေါ်က ထွက်လာသည့်စကားတွေကြောင့် စိတ်က ပစ္စုပ္ပန်ကို ချက်ချင်း ခုန့်ပေါက်ဝင်၏။

“ဖုန်းဆက်ခေါ်တိုင်း သွားစရာလား ကိုကြီးရဲ့ .. သူက ဘာမို့လဲ”

“သူက သမီးရဲ့အမေလေ..၊ သမီးလေးကို ငါ့အတ္တတွေနဲ့ သူ့ရင်ခွင်ထဲက ဆွဲထုတ်ယူခဲ့မိလို့ ငါ့သမီး တစ်သက်လုံး ဆင်းရဲပင်ပန်းခဲ့ရတယ်၊ ဒီမိန်းကလေး စိတ်ဓာတ်မခိုင်မာခဲ့ရင် သူဘဝ ဘာတွေ ဖြစ်သွားမလဲဆိုတာ မတွေးရဲဘူး”

ဆင်းရဲတဲ့သူ ငွေကိုင်နိုင်ပြီဆို ဘယ်ကရတာလဲ၊ ဘာတွေလုပ်နေ





တာလဲလို့ လည်ပင်းရှည် နားစွင့်တတ်ကြတာ ပတ်ဝန်းကျင်ရဲ့အထာ..။

ဒီ့ထက်ဆိုးတာက အဒေါ်ဆိုတဲ့ ဆွေမျိုးအသိုင်းအဝိုင်းတွေကအစ ကိုယ့်တူမလေးရယ်လို့ ဖေးမသက်ညှာခဲ့တာရှိလို့လား..။

ဦးမုန်းဝေ မျက်နှာမှာ နာကျင်မှုတွေ တရိပ်ရိပ် တက်လာပေမယ့် ဒါတွေကို ထည့်မပြောမိတော့ပါ။ ရှေ့မှာ ရှိနေကြသည့် ညီမနှစ်ယောက်ကိုပဲ စိမ်းစိမ်းကြီးကြည့်မိကာ..

“ခုချိန်မှာ ငါ့သမီးလေး ကောင်းစားဖို့ဆိုရင် ငါ့အတ္တ ငါ့မာနတွေကို မီးပုံရှို့ရပစေ၊ ပြာကျသွားပါစေ နင့်တို့ ဘာမှ မဝေဖန်နဲ့”

“ကောင်းစားမယ်လို့ ကိုကြီးထင်လို့လား ..၊ သီရိကျော် ဆိုတဲ့ မိန်းမ ဘိုနေ့က အိမ်ပေါ်တက်လာတာ ကိုကြီးကို မြင်စေချင်တယ်”

ဒေါ်နုချစ် က တစ်ယောက်တည်းပြောလို့ အားမရဘဲ ညီမဖြစ်သူ ဆီ လှည့်ကြည့်သေးသည်။

ဒေါ်နုသစ် က ခေါင်းညိတ်၍..

“ဟုတ်ပ .. ပိုက်ဆံအိတ် တစ်တောင်ကျော်ကျော်ကြီး ချိတ်လို့ ထဘီ ‘မ’ ပြီး ဝင်လာတာ သိလား၊ ပိုတုန်းက အချိုးမျိုးနဲ့လေ .. အဲဒါ သစ် တို့က ကလေးကိုခေါ်ပြီး ရုပ်ရှင်ထဲကလို အိမ်က လင်မသိအောင် ချွန်လိုထားမှာလား..၊ ဘယ်က ခေါ်မွေးစားမယ် ညာကခေါ်မွေးစား မယ်ဆိုပြီး ‘ဖျာအောက်သွင်းထားမှာလား’ နဲ့ ပြောချလိုက်တော့ စကား တစ်ခွန်းမှ မပြောနိုင်တော့ဘူး”

“အေးလေ .. တက်လာတုန်းက မုန်းမလွယ် နဲ့ တွေ့ချင်လို့ဆိုပြီး အရေကျောရေနဲ့ ချစ် တို့ကို မြင်လိုက်တယ်ဆို မတ်တတ်သေသွားတာ ဘူးနေတာပဲ..၊ ဒီကမေးတော့လည်း ဘာမှမဖြေနိုင်ဘဲ ချက်ချင်း ခေါင်း ငိုက်နဲ့ ပြန်သွားတာ၊ အဲဒါ သူ မရိုးသားလို့ပေါ့ ကိုကြီးရဲ့၊ ချစ်တို့ စုံ စမ်းပြီးပြီ၊ သူမှာ မွေးစားသားတစ်ယောက် ရှိသေးတယ်၊ အဲဒါ အပြင်လူ



www.burmeseclassic.com

www.burmeseclassic.com



တွေ သိကြတာ မဟုတ်ဘူး၊ ချစ် က အဲဒီအိမ်က ဒရိုင်ဘာနဲ့ ရင်းနှီးနေလို့ သိခဲ့ရတာ၊ မွေးစားသားကို ချစ်လိုက်တာမှ တုန်နေတာပဲတဲ့၊ ကိုယ့်သမီးကိုတော့ စုံစမ်းရှာဖွေမယ် မရှိဘူး၊ ဒီလိုအမေမျိုးလား သမီးကို ချစ်တာ၊ ကိုကြီး စဉ်းစားကြည့်ပါဦး"

ဒေါ်နုချစ် တို့ သာသာထိုးထိုးတွေ ပြောနေကြတာ ကရားရေလွှတ်။ ဦးမုန်းဝေ တိတ်ဆိတ်နေသမျှ သူတို့မှာ ပြောလို့ မပြီးနိုင်...။

"ချစ် တို့ကို သူနိုင်အောင် မပြောနိုင်မှန်းသိလို့ ကိုကြီးကို အပြင်ခေါ် ထုတ်တာ"

"ဟုတ်တယ်..၊ ဒီမှာမွဲနေမှန်းသိတော့ ကိုကြီးကို ခုလို ပြားပြားဝပ်တော့မှာပဲဆိုတာ တွက်မိလို့ ဖြစ်မှာပေါ့၊ သစ် တို့က မကြင်နာခဲ့ဘူးဆိုပေမယ့် ကိုယ့်တူမကို ဟိုမှာ မဟုတ်တရုတ် ချောင်ထိုးထားတာမျိုး အဖြစ်မခံနိုင်လို့ ပြောနေတာပါ၊ တကယ်ဆိုရင် သူရှိတာ မရှိတာ သစ်တို့နဲ့ အနေသာကြီး"

"အေးလေ ငါတို့ကျွေးထားရတာလည်း မဟုတ်ဘူး၊ တစ်နေ့တစ်နေ့ အပြောအဆို မတည့်တိုင်း စကားများနေရတဲ့ ဒုက္ခတောင် အေးသေးတယ်"

"ငါကတော့ နင်တို့ သီရိ ကို ဘက်တိုက်နေကျအတိုင်း အနိုင်မခံ အရှုံးမပေး တိုက်ခိုက်ချင်နေတာလို့ပဲ ထင်တယ်"

"ကြည့်ပါဦး .. ပြောရက်တယ် ကိုကြီးကလည်း"

"ဟုတ်ပ .."

ညီအစ်မနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ အလွန်အမင်း နာကျင်သွားသည့်လေသံ၊ မျက်နှာတွေဖြစ်လျက်...

"တော်ပြီ .. တော်ပြီ မပြောတော့ဘူး၊ ကိုကြီး ကြိုက်သလိုသာ လုပ်၊ ပြန်တော့မယ်"

ခြေသံတွေ ထွက်လာသည်နှင့် လွယ် တစ်နေရာမှာ ပုန်းနေလိုက်





သည်။ ဘယ်သူမှ မရှိတော့မှ အိမ်ပေါ်ကို တစ်လှမ်းချင်း တက်သွားမိကာ..

"ဖေဖေ"

ပြတင်းပေါက်မှာ ရပ်ငေးနေသည့် ဦးမုန်းဝေ မျက်နှာချက်ချင်း လှည့်လာ၏။

"သမီး ဖုန်းကိုင်ပြီးတာနဲ့ အလုပ်တန်းသွားမှာဆို"

"မသွားချင်တော့လို့ပါ"

ဖေဖေ့မျက်နှာကို ကြေကွဲစွာ ကြည့်မိသည်။ မျက်ခုံး မထူမပါး မျက်အိမ်ကျယ်ကျယ်နှင့် နှာတံပေါ်သည်။ နှုတ်ခမ်းထူသယောင် ရှိပေမယ့် ပုံကျတော့ ကြည့်ကောင်းပါသည်။

ခုချိန်ထိ ဖရာရဲ့ အရိပ်တွေထဲကနေ ဖေဖေ့မျက်နှာ ခန့်ညားချောမွေ့နေဆဲ ဖြစ်၏။ ဖေဖေ့ကိုချစ်၍ လက်ထပ်ပေါင်းသင်ခဲ့ပြီးမှ သမီးတစ်ယောက်လည်း ရခဲ့ပြီးမှ ဘာဖြစ်လို့ပစ်ခဲ့တာလဲ..။

လွယ့် ရဲ့မေမေဟာ လွယ် သိခဲ့တာ ဒေါ်သင်းသီရိ ဖြစ်သည်။ ကောထဲမှာ ပါလာတတ်သည့်အခါ 'သီရိ'ပဲမို့ ဒေါ်သီရိကျော် နဲ့ နှိုင်းယှဉ်တွေးမိပါ့မလား..။

အားလုံးကတော့ 'သီရိကျော်' ဆိုတဲ့ နောက်ထပ်နာမည်ကို နောက်မှ သိကြတာလား ..။ အစတည်းက သိနေရက်နဲ့ 'သင်းသီရိ'နာမည်ကိုပဲ အသိအမှတ်ပြုခဲ့ကြသည်လား..။

ဘာမှန်းမသိခဲ့ပေမယ့် လွယ် ကတော့ ဒီနာမည်နှစ်ခုကြောင့် ဘဝမှာ ဘာမှ ထူးခြားပြောင်းလဲမလာခဲ့ပါ..။

ခုကစပြီး ပြောင်းလဲဖို့ရှိနေရင်လည်း ကောင်းသောပြောင်းလဲခြင်း ဖြစ်နိုင်တာကို အားလုံးထက် နားလည်နေခဲ့၏။

"သမီး တစ်ခုခုဖြစ်လာသလား..၊ ဘာဖြစ်လို့လဲ ဖေဖေ့ကို ပြောပါဦး"

ကျောက်ရုပ်လေးလို ရောက်သည့်နေရာမှာ မလှုပ်မယှက် ရပ်ငေး



www.burmeseclassic.com

www.burmeseclassic.com



နေသဖြင့် ဦးမုန်းဝေ စိုးရိမ်မကင်း ဖြစ်သွား၏။

ထို့ကြောင့် အနားကိုလျှောက်သွားကာ လွယ် နဖူးက ဆံပင်လေး တွေပေါ် ဖိအုပ်ကိုင်၍ မျက်နှာလေးကို မော့စေပြီး ...

"သမီး ပြောစမ်း"

ဘာမှမပြောရသေးခင် လွယ့် မျက်ဝန်းမှာ မျက်ရည်တွေ တရစ်ရစ် ပြည့်လာပြီး...

"အန်တီချစ် တို့ ပြောသွားတာ မှန်တယ် ဖေဖေ၊ သမီးကို ကောင်း စားမှာပဲလို့ ဖေဖေ မထင်ပါနဲ့ ဒေါ်သီရိကျော် က သူ့သားအတွက် သမီးကို လာရှာတာပါ"

"ဘယ်လို သမီး ပြောလိုက်တာလဲ"

လွယ် က မျက်ရည်တွေကို မျက်တောင်များနှင့် ဖိသိပ်ပစ်လိုက်၏။ ထိုအခါ ပါးပြင်ထက်မှာ စိုစွတ်စွန်းထင်းခဲ့ပြီး ...

"သမီးကို ဖေဖေ ရိုက်နှက်တဲ့အထိ ဖြစ်ခဲ့ရတဲ့ ပြင်ဦးလွင်က ပြဿနာတွေ၊ မင်္ဂလာပွဲဖျက်မိတဲ့အထိ သမီး မုန်းတီးခဲ့တဲ့ ချိုးဖဲ့နှိမ်ချခြင်း တွေ .. အဲဒါတွေအားလုံး ဒေါ်သီရိကျော် က စခဲ့တာ.."

"သမီး အဲဒါ .. အဲဒါ သမီးရဲ့ အမေအရင်း"

လွယ် က ခေါင်းခါလိုက်တာမျိုး မျက်နှာကို တစ်ဖက်လှည့်ပစ်၍ မျက်ရည်ကို လက်ခုံနဲ့ ပွတ်သုတ်ပစ်သည်။ ဒီဘက် ပြန်လှည့်လိုက်သည့် မျက်နှာမှာ နူးညံ့ကြွေခြင်းတွေ ပျောက်ဆုံးသွားခဲ့ပြီဖြစ်၏။

"သမီး အသိစိတ်မှာ ဖေဖေတစ်ယောက်ပဲ ရှိခဲ့တာ"

"ဒီလို မပြောရဘူး သမီး..၊ မိဘကို .."

"ဖေဖေ့ ကို နှိမ့်ချပြောဆိုပြီး ခွဲထွက်သွားတယ်ဆိုကတည်းက သမီး ရင်ထဲမှာ ဖေဖေ့အတွက် ကရုဏာစိတ်တစ်ခုကလွဲပြီး ဘာမှမရှိတော့ဘူး သမီး ဘယ်လောက် ဒုက္ခရောက်နေနေ ငါ့အမေ သူဌေးမကြီး ရှိသေးတယ်





ဆိုတဲ့ စိတ်လည်း နှမ်းတစ်စေ့စာတောင် မဝင်ခဲ့ဘူး"

ဦးမုန်းဝေ အလွန်အမင်း ရှုပ်ထွေးသွားသည့်စိတ်ဖြင့် မျက်နှာမှာ အိုစာသွားခဲ့၏။ အပေါ် လုပ်သူတွေ နှုတ်မစောင့် လက်မစောင့် ပြောသင့် တာရော မပြောသင့်တဲ့ အတိုင်းအတာတွေထိ အိမ်ပေါ်လာပြီး ရေးကြီး ခွင်ကျယ်နှင့် ပြောသွားကြ၏။

သမီးဟာ သူ့ရဲ့အတိတ်ကို အစကနေ သိထားနေခဲ့ပြီးဖြစ်ကာ အခု ဆုံးတဲ့အထိ ဘယ်သူကမှ ပြောမပြရသေးဘဲ သိသွားပြန်ပြီ...။

ကိုယ်မပြောရသေးခင် သူများပြောလို့ သိသွားသည့်အဖြစ်လောက် ဖြေရှင်းရခက်တာ မရှိ...။

"ဖေဖေ ပြောစရာရှိသေးတယ် သမီး..၊ သမီးရဲ့မေမေကို အထင် မလွဲပါနဲ့ သူ ဖေဖေ့အပေါ်မှာ ဘယ်လောက်ဆိုးခဲ့ပါစေ သမီးကို သူ သိပ် ချစ်တာ"

"သူ ဘယ်လောက်ချစ်ခဲ့ပါစေ သမီး သူ့ကို မချစ်ဘူး"

လွယ် က ဒက်ခနဲ ပြန်ပြောပြီး နောက်တစ်လှမ်းဆုတ်၏။ နောက် ထပ် ချော့မော့ဖျောင်းဖျတာကို မကြားနာလိုသည့်သဘော..၊ ဦးမုန်းဝေ ပါးစပ်အဟောင်းသား ဖြစ်လော့က်အောင် အံ့ဩလို့ မပြီးနိုင်..။

"နေဦး သမီး .. ဒါဆို သူ့သားက..."

"သမိန့် ဆိုတဲ့လူပဲ၊ သမီး ဝန်ခံပါတယ် ဖေဖေ..၊ ဖေဖေ့ကွယ်ရာမှာ သမီး ချစ်သူထားခဲ့မိပါတယ်၊ လက်ခံခဲ့တာ မကြာသေးပါဘူး၊ သူကလည်း သူ့အမေက သဘောမတူမှာကိုသိလို့ သမီးတို့နှစ်ယောက် ကိုယ့်ဘာဝကို တူဆောင်ကြဖို့လည်း တိုင်ပင်ထားကြပြီးသား၊ အဲဒါ .. အဲ့ဒါ ဒီနေ့မှ သူ အန်းဆက်တာ၊ သူ့ရဲ့ အမေအရင်းက နိုင်ငံခြားမှာတဲ့..၊ သူ ပြန်ရောက်လာ လို့ သမီးတို့ကိစ္စကို သဘောတူတယ်ဆိုပြီး ဒီညနေ ဖေဖေ့ဆီမှာ စေ့စပ် ကြောင်းလမ်းဖို့..."



www.burmeseclassic.com

www.burmeseclassic.com



လွှယ် က ပြောနေရင်း ရပ်တန့်သွားကာ ဦးမုန်းဝေကို ဖျတ်ခနဲ ကြည့်၍...

"ဒေါ်သီရိကျော် က သူ့အဒေါ်ဆိုရင် သမီးနဲ့ သူ မောင်နှမတော် သေးတယ်မို့လား ဖေဖေ..၊ အဲဒီအချက်ကို..."

"မတော်ဘူး သမီး.. ကောင်လေးရဲ့အမေက သူဌေးကြီး ဦးရာကျော်ရဲ့သမီးရင်း ဖြစ်လိမ့်မယ်၊ သမီးရဲ့မေမေက မွေးစားသမီး၊ ဒါပေမယ့် မိဘအမွေကို အညီအမျှ ခံစားခွင့်ရထားတဲ့ အမွေစား အမွေခံ သမီးပါ"

"ဩော်... မပြည့်တဲ့အိုး ဘောင်ဘင်ခတ်တာမျိုးပေါ့၊ အမွေစား အမွေခံ ဟုတ်ဟုတ် မဟုတ်ဟုတ် မွေးစားသမီးက မွေးစားသမီးပါပဲ၊ ဒါတောင် မာနတွေ မိုးလောက်မြင့်ပြီး ကိုယ်ယူထားတဲ့ယောက်ျားကိုတောင် ပုတ်ခတ်စော်ကားတယ်၊ သမီး မွေးထားပြီး သမီးချင်း စာနာစိတ်မရှိ..."

"ကျွတ်!... ခက်ပါလား သမီး .. အမိ မိဘကို ဒီလိုပြောနေတာ ဘယ်လောက်အပြစ်ကြီးသလဲ သိလား"

"သမီးဘဝက စပြီး ရှင်သန်လာကတည်းက ဇာရ်ကျခဲ့တာပါ ဖေဖေ နောက်ထပ် ဘယ်ဇာရ်ရှိသေးသလဲ"

"ဖေဖေ ရှင်းပြတာကို သမီး နားထောင်ဦး၊ အိမ်ထောင်ကွဲကြတယ်ဆိုတာ နှစ်ဖက်စလုံးမှာ အမှားရှိတာပဲ သမီး..၊ ဖေဖေ့ဘက်က သူ့အပေါ်မှာ တာဝန်မကျေတာတွေ ရှိတယ်၊ ကိုယ့်ကို ချစ်လို့လိုက်လာတဲ့ သူဌေးသမီးကို ဂရုမစိုက်ဘဲ ကိုယ့်မိဘမောင်နှမတွေအပေါ်မှာ ဝတ္တရားပျက်မှာကိုကြောက်ပြီး ထောက်ပံ့ကြည့်ရှုနေခဲ့တယ်၊ သူ့ရဲ့စိတ်တွေ အဲဒါတွေမှာ အလိုမကျဖြစ်လာခဲ့ရင်း ကြမ်းတမ်းကုန်တာ၊ ဖေဖေ သည်းမခံနိုင်တဲ့ စကားမျိုးပြောလာတော့ ပေါက်ကွဲခဲ့ကြတယ်၊ ဖြစ်ကြတာ အဲဒါပဲ"

ဦးမုန်းဝေ မျက်နှာ မှုန်ဝါးမှုန်ရီသွားခဲ့ပြီး စကားသံတွေပါ တိုးလျှသွားလျက်...





"သူပြောသလို ဖေဖေက တကယ်ပဲ နွားချေးပုံပေါ်မှာ ပွင့်တဲ့ ပန်းပါပဲ..၊ မိသားစုထဲမှာ ကိုယ်တစ်ယောက်ပဲ ထူးချွန်ခဲ့တယ်၊ ဒါကြောင့် ဝတ္တရားကျေချင်တယ်၊ ညီမတွေကို ကိုယ် အိမ်ထောင်ကျလို့ ဝတ္တရားပျက်သွားတာမျိုး မရှိရအောင် သူတို့တွေကို အလှုမပျက် ဘဝမပျက်ဖို့ ကြိုးစားရင်း သားမယားကိုတော့ သူက သူဌေးသမီးဆိုပြီး ဂရုမစိုက်ခဲ့မိဘူး၊ ကိုယ်ကိုယ်တိုင်က ဂရုမစိုက်တော့ သူ့ကို ယောက်မတွေကလည်း မျက်နှာသာပေးရမှန်း မသိဘူးပေါ့၊ အမြဲတကျက်ကျက် ဖြစ်နေခဲ့ရာက နောက်ဆုံး ပြိုကွဲသွားတာပဲ"

ဦးမုန်းဝေ ပြောသမျှကို လွှယ် က နားထောင်နေခဲ့၏။ အတိတ်က လူကြီးတွေရဲ့ နှလုံးသားခြေရာများမှာ ဆူးတွေနဲ့ပါလား..။

"သူက ဖေဖေ့ထက်လည်း အသက်ရှစ်နှစ် ငယ်တယ်၊ အစတည်းက စိတ်ဓာတ်ထက်မြက်တဲ့ မိန်းကလေး .. ခုချိန်မှာ ဟိုတုန်းက ငယ်စိတ်နဲ့ မှားခဲ့ကြတာတွေကို စဉ်းစားမိရင် လူကြီးတွေရဲ့အမှားဟာ သားသမီးတွေအပေါ် ဘယ်လောက်ထိ ရိုက်ခတ်ဖုံးလွှမ်းနိုင်သလဲဆိုတာ နားလည်လာပြီး ရင်နင့်အောင် ခံစားရပါတယ် သမီးရယ်..၊ သူလည်း ဒီလိုပဲ ရှိမှာပါ။ ပြီးတော့ သမီးကို သူ ပြန်တောင်းတယ်၊ ဖေဖေ ရင့်ရင့်သီးသီး ပြောလွှတ်လိုက်တယ်၊ နောက်ထပ် သမီးရဲ့အဘွားဆီမှာ လာတောင်းတော့ သေသွားပြီလို့ ပြောလိုက်တယ်၊ အဲဒါ သူ့ဘက်က ပျက်ကွက်တာ ဘာရှိခဲ့သလဲ..၊ တကယ်တမ်းကျတော့ မိသားစုနဲ့ ခွဲခွာပြီး တစ်အိုးတစ်အိမ်ထူထောင်ပြီဆိုရင် ဘယ်လက်က 'ဘယ်'၊ ညာလက်က 'ညာ'ဆိုတာ ခွဲခြားတတ်ဖို့ လိုတယ်၊ ဇနီးသားမယားဆိုတာ လင်ယောက်ျားကမှ မညှာတာ မကြင်နာရင် သူတို့ခမျာ ဘဝပျက်သလိုပါပဲ"

လွှယ် နားလည်သွားပါသည်။ အမေဆိုသည့် ဒေါ်သီရိကျော်ကို မဟုတ်ပါ..။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့ အန်တီချစ်ကို့အားလုံး၏ တည်ဆောက်ခဲ့ကြသော မိသားစုအခြေအနေကို ဖြစ်သည်။ ဖေဖေက မိဘ၊ ညီမတွေအပေါ် ဘဝပျက်ခဲ့ရတဲ့အထိ ဝတ္တရားကျေဖို့ ကြိုးစားခဲ့သည်။

ညီမတွေကတော့ အစ်ကိုမျက်နှာနဲ့တောင် ယောက်မကို ငဲ့ညှာရကောင်းမှန်း မသိ၊ တကယ်တမ်း ဘဝပျက် အထီးကျန်ခဲ့ရပြီဆိုတော့ ဟင်းလေးတစ်ခွက် လာပို့ပေးရုံလောက်နဲ့ ကျေးဇူးရှင်တွေ လုပ်နေကြသေး၏။ ပြီးတော့ ဖေဖေကပဲ ဒီခြံ ဒီမြေမှာ ကပ်နေရသလိုလို...

နောက်မှာ သပ်သပ်ခွဲနေဖို့ တဲလုံးလေးကနေ ဒီလိုအိမ်ဖြစ်လာတဲ့အထိ သူမသာ စွန့်စား မရုန်းကန်ခဲ့လျှင် ခုလောက်ဆို ဖေဖေက ညီမတွေ လိမ့်ကန်စော်ကားဖို့ ဘောလုံးတစ်လုံး ဖြစ်နေနိုင်၏။

နောင်တတွေရနေသည့် ဖေဖေ့မျက်နှာကို ငေးရင်း လွှယ့် မျက်နှာထက်က အေးစက်ခြင်းတွေပါ လျော့ပါး မှေးမှိန်သွားခဲ့သည်။

သူမရဲ့ ခံစားချက်တိုင်းဟာ ဖေဖေ့မျက်နှာ တစ်ချက်လောက်ညိုတာနှင့် နိုင်မာခြင်းတွေ ပျောက်ဆုံးသွားတတ်ပြီး ...

"အိမ်ထောင်ရေး ပြိုကွဲခဲ့ပေမယ့် မိသားစုအတွက် ဖေဖေက သူ့ရဲ့ကောင်း ဖြစ်ခဲ့တာပဲ..၊ အဲဒါတွေကို ထားလိုက်ပါ ဖေဖေ"

"ထားလိုက်လို့ မရဘူး သမီး..၊ အမှားဆိုတာ မိမိဖာသာ မှားယွင်းတာ ရှိတယ်၊ သူတစ်ပါးကို ထိခိုက်ပျက်စီးစေခဲ့တဲ့ အမှားရှိတယ်၊ ယောကျ်ားတစ်ယောက်ဟာ အိမ်ထောင်ပြုပြီးရင် အဲဒီအိမ်ထောင်စုရဲ့ အရှင်သခင် ဦးစီးဦးဆောင်ပဲ..၊ ဘယ်လက် ညာလက် ခွဲခြားထားရမယ်ဆိုတာ အဲဒါကို ပြောတာ..၊ ရှေ့ကို ခရီးဆက်ရဦးမှာဖြစ်တဲ့အတွက် ကိုယ် ရှေ့ဆက်ရဲ့ လမ်း ချောမွေ့ဖို့ပဲ အာရုံစိုက်ရမယ်၊ ကျန်ခဲ့တဲ့လမ်း ပျက်စီးနေတာတဲ့ ပြန်လှည့်ပြုပြင်ဖို့ မကြိုးစားရဘူး၊ ကိုယ့်ရဲ့လမ်း ဖြောင့်ဖြူးသွားခဲ့ရင် နောက်က ဘယ်သူဖြစ်ဖြစ် ချောမွေ့စွာ လိုက်လာနိုင်ပြီ၊ ခွဲခြားတတ်ဖို့ဆို





တာ အဲ့ဒါ၊ ဖေဖေကတော့ မခွဲခြားတတ်ခဲ့တဲ့အတွက် တစ်ဘဝလုံး နှမ်းမွှန်းရင်းနဲ့ ဒီတိုင်းသွားရတော့မှာပါ၊ သမီးကို အဲဒီလိုမှာ ခေါ် မသွင်းချင်ဘူး"

လွှယ် က ခေါင်းခါလိုက်ပြီး ဦးမုန်းဝေ နားကို ပြန်တိုးရပ်သည်။

"သမီးကလည်း အနာဂတ် ဘယ်လိုလာမလဲဆိုတာကို ကြိုတွေးပြီး ကြောက်တတ်တဲ့သူ မဟုတ်ပါဘူး၊ အဖေ အမေ သူဌေးဖြစ်နေတာကို မမျှော်လင့်ခဲ့သလို သူဌေးနဲ့ လက်မထပ်ဖြစ်လို့လည်း ဝမ်းနည်းစရာမရှိဘူး၊ သမီး ဒီ့ထက် ကြိုးစားမယ်၊ ဖေဖေ့ကို ဒီ့ထက်ကောင်းကောင်းမြှုစုနိုင်ဖို့..."

"သမီး .. သမီးဆီက အဲဒီစကားတွေ ကြားရဖို့ ဖေဖေ ဒီလောက် အများကြီး ရှင်းပြနေတာ မဟုတ်ဘူး၊ သမီးချစ်တဲ့သူကို လက်ထပ်ရမယ်၊ ကိုယ့်အမေနဲ့ ..."

"သမီးအတွက် ဖေဖေ ရှိနေရင် ဖြစ်တယ်"

"အမေလည်း ရှိနေတာကို သမီးဂုဏ်ယူတတ်ရမယ်၊ သူ့သမီး ရှိမှန်းသိတာနဲ့ ခုလိုရှာဖွေပြီး ရောက်လာတာ"

"ဖေဖေ မှားနေပြီ၊ အဲဒီကြားထဲက ကွာဟချက်ကို ဘယ်သူမှ မသိလိုက်ပေမယ့် သမီး သိတယ်၊ ဒေါ်သီရိကျော် ဒီကိုရောက်လာတာ ငါ့သမီးလေး ရှိနေတယ်ဆိုပြီး ပြေးလာတာ မဟုတ်ဘူး"

"ဟင်!..."

"မုန်းမလွှယ် ဆိုတာ သူ့သားကို အပိုင်ကြံဖို့ ကြိုးစားတဲ့ မိန်းမဆိုပြီး အုပ်ထိန်းသူတွေရှေ့မှာ ရှက်လောက်အောင် ပြောမလို့..၊ သမီးဘာတွေ့တာတွေလာပြောပြီး မောက်မောက်မာမာ နှိမ့်ချမလို့ ဟွန်း.. အန်တီချစ် တို့က သူ့ကိုမြင်မြင်ချင်း သမီးကို လာရှာတယ်မှတ်ပြီး ထင်သလိုပြောချလိုက်မှ မရှုနိုင်မကယ်နိုင်ဖြစ်ပြီး ပြန်သွားတာ"

သမီးမျက်နှာထက်က နာကျည်းမှုတွေကို မြင်နေရကာ ဦးမုန်းဝေ



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးတွေ ရှားပါးကုန်၏။ ဒါက ဖြစ်နိုင်သည့်ကိစ္စပါ။

သမီး သေဆုံးပြီလို့ သိထားခဲ့သည့် သူမမှာ နုချစ် တို့နှင့်လည်း တစ်ခါမှ မဆုံဖြစ်တော့ဘဲ သမီး ရှိနေသေးတဲ့သတင်းကို အစရဖို့က မလွယ်ကူနိုင်..၊ မေမေဆုံးပြီးကတည်းက သူတို့မောင်နှမတွေ ရန်ကုန်ကို ပြောင်းလာခဲ့ကြကာ နုချစ် တို့က ယောကျ်ားတွေလုပ်စာ ထိုင်စားရင်း အိမ်ထဲမှာပဲ ငြိမ်နေကြ၏။

သီရိ တို့က ပြင်ဦးလွင်ကို ရောက်သွားခဲ့ကြသည်။ ဒီလူတွေ ပြန်ဆုံမိဖို့ဆိုတာ တော်တော်ခဲယဉ်းသည့်ကိစ္စ..။

လွယ်က သူမ တပ်အပ်တွက်မိထားတာကို ပြောပြရင်း ဖအေ စိတ်ဆင်းရဲသွားတော့လည်း လေသံက ပြန်ပျော့သွားခဲ့လျက် ...

"သူ အစက သမီးကိုမွေးခဲ့တာ ချစ်ခဲ့တာတွေ၊ အဲဒါတွေကို သဘာဝ ဖြစ်စဉ်ထဲမှာ ထည့်ထားပေးပါ ဖေဖေ၊ ဖြစ်စဉ်မဟုတ်ဘဲ ဘောင်ကျော်နေတဲ့ တစ်ဖက်မှာ သူနဲ့ သမီး ရင်ဆိုင်ခဲ့ရတာ တကယ့်စစ်မြေပြင်ကြီးပါ၊ သမီး သူ့ဆီက ငွေတွေ ရခဲ့တယ်၊ သမီးရဲ့ မာနတွေ၊ အရှက်သိက္ခာတွေ သူ့ခြေထောက်အောက်မှာ အားလုံးထားခဲ့ရတယ်၊ နောက်ထပ် ပြန်ဆုံတော့ သူ့မျက်လုံးထဲမှာ သမီးက ဘာဆိုဘာမှ မရှိတဲ့ ဘဝပျက်မိန်းမတစ်ယောက်ပဲ၊ ပြီးခဲ့တာတွေကို ပြန်သတိရပြီး နွေးထွေးနိုင်ဖို့အတွက် အဲဒီကာလမှာ သူ ရက်ရက်စက်စက် စော်ကားပြောဆိုခဲ့တဲ့ စကားတွေကို မေ့နိုင်မှဖြစ်မှာ"

"သမီးရယ် .."

ဦးမုန်းဝေ့ ပြတင်းတံခါးဆီ နောက်ပြန်ဆုတ်သွားရင်း တံခါးနဲ့ ဘေးကာမှ အပြင်ဘက်ကို ဖြည်းလေးစွာ လှည့်ငေးလျက်...

"ကံကြမ္မာက ဘာဖြစ်လို့ ဒီလို ဆုံစည်းပေးခဲ့တာလဲ"

"ဆုံစည်းတာ မဟုတ်ဘူး ..၊ နှုတ်ဆက်ကြဖို့ပါ"





"သမီး .."

ဦးမုန်းဝေ လှည့်ကြည့်လိုက်တော့ ထိုမျက်လုံးတွေကို ရှောင်လွှဲ၍ လွယ် က အံကြိတ်ကာ..

"ဖေဖေက သူ့ကို မေ့မရနိုင်လို့ သမီးကို 'မုန်းမလွယ်' လို့တောင် နာမည်ပြောင်းခဲ့တယ်၊ သူကတော့ နောက်အိမ်ထောင်နဲ့ သားနဲ့ ..."

"ဒါက ကံတရားအတိုင်းပဲ သမီး ..၊ ဖေဖေ သူ့ကို ခွင့်လွှတ်တယ်၊ သားမွေးစားဟယ်ဆိုတာလည်း သမီးလေးကိုယ်စား..."

"အဲဒီတော့ မေတ္တာစကားတွေက ဒေါ်သီရိကျော် ရဲ့ ချိန်ခွင်ကြီးထဲမှာ သေးငယ်တဲ့မြူမှုန်ပဲ ဖေဖေ၊ သမီး နားဝင်မချိုဘူး၊ သမိန့် ကိုလည်း ဒေါ်သီရိကျော် ရဲ့သားအဖြစ် လက်ထပ်နိုင်တယ်၊ သမီးက ဒေါ်သီရိကျော် ရဲ့သမီး ဖြစ်နေတဲ့အတွက် သူ့သားကို ဘယ်တော့မှ လက်မထပ်ဘူး၊ သူ့သားနဲ့ လက်ထပ်ပေးဖို့ ကြိုးစားလေ သူ့ကို မယုံကြည်လေပဲ.."

"ဒါကတော့ သမီးမှာ ...."

"ဖေဖေ .."

လွယ် ဖေဖေ့ကျောပြင်ကို နောက်ကနေ ပြေးဖက်ထားလိုက်မိသည်။ ပြီးတော့ ထိန်းချုပ်နေရသမျှ မျက်ရည်တွေ ပြိုဆင်းလာခဲ့ပြန်ကာ..

"မပြောပါနဲ့တော့နော် .. သမီး ဖေဖေ့ကို ဘယ်တော့မှမခွဲဘူး၊ အဖေ့ထက်လည်း ဘယ်သူ့ကိုမှ ပိုမတွယ်တာဘူး၊ သမီးတို့ ဒီတိုင်းပဲ ကြိုးစား ရှန်းကန်သွားမယ်လေ၊ သမီး ဖေဖေ မကြိုက်တာ နောက် ဘာမှ မလုပ်တော့ဘူး"

ဦးမုန်းဝေ ရင်ထဲမှာ တနင့်နင့် ဆူးအောင့်သွား၏။ ဒီအချိန်မှာ သူ သိချင်တာက သမီးဆီက သူ့အတွက် တွယ်တာခြင်းတွေမဟုတ်..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၅ ]

မနက်ပါ ခုနစ်နာရီပဲ ရှိသေးသည်။

မိလားစု လက်ဖက်ရည်ဝိုင်း ထိုင်နေကြပြီး အတွေးကိုယ်စီနှင့် ဘယ်သူမှလည်း မကောင်းကြဘဲ ရှိစဉ်...

"အစ်ကြီး မမမှုံ့မလွယ် ရောက်နေတယ်"

"ဟင်!..."

ဒေါ်သီရိကျော် ကိုင်ထားသည့် ကိတ်ခြောက်လေး ဖြုတ်ခနဲ လွတ်ကျသွား၏။

"သမီး ..."

နေရာမှ ထရပ်လိုက်သည်နှင့် ထမင်းစားခန်းဝမှာ မှုန်းမလွယ် —

"လွယ် .."

သမိန် ဝမ်းသာအားရ ထသွားပြီး လက်ကို ကိုင်မလို့ လှမ်းလိုက်ပြီး လွယ် က ပုတ်ချပစ်လိုက်ကာ သူ့ကိုလည်း ဂရုမစိုက်...

"ဒေါ်သီရိကျော် .."

"လွယ် .."





သမိန် ဘယ်လိုမှ မထင်ခဲ့ပေ..၊ လူကြီးတွေရဲ့ အတိတ်ဟောင်းတွေကို သူ ညကမှ သေချာသိခဲ့ရတာ ဖြစ်သည်။

မေမေ စိုးရိမ်နေသလို လွယ် ဒီလောက်ထိ ပြင်းထန်စွာ နာကျည်းနေလိမ့်မည်လို့လည်း မထင်။ ထို့ကြောင့်...

မေမေ့သမီးလို့ အသိမပေးတော့တဲ့ လက်ထပ်လိုက်ဖို့ သူ စိတ်မကူးပါ၊ အရာရာဟာ အချစ်ကြောင့် ပြီးပြည့်စုံသွားမည်လို့ မသတ်မှတ်ခဲ့သဖြင့် ဒီနေ့ပဲ အားလုံးကို ဖွင့်ပြောမည်။ နားလည်မှုတွေ ရကြမည်လို့ ယုံကြည်ခဲ့၏။ ခုတော့..

"ကျွန်မ သိပြီးပြီဆိုတာ သိစေချင်လို့လာတာ"

လွယ် က မိုက်ရိုင်းဖို့ စုဆောင်း ပြင်ဆင်လာသည့် အကြည့်တွေ၊ အပြောတွေကို ဖောဖောသီသီ ဖြန့်ခင်းလျက် သမိန် နှင့် သူ့မိခင်အရင်း ရှိနေတာကိုပါ မေ့ထားပုံနှင့်...

"ကျွန်မဘဝမှာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အထိ အဖေတစ်ယောက်တည်းရဲ့ ရင်ခွင်တစ်ခြမ်းနဲ့ပဲ ပြည့်စုံနေပြီ၊ ဘာမှ ထပ်မလိုဘူး။ ဖေဖေ့ကို နောက်ထပ်သောကတွေ ဘာမှထပ်မပေးပါနဲ့"

"သမီး .. သမီးလေး ခဏနေဦး ..၊ အန်တီ ပြောပါရစေ"

ပြောတဲ့သူဆီ လွယ့် အကြည့်တွေ ရောက်သွား၏။ ဆံပင်ရှည်တွေကို မျက်နှာကနေ အပြောင်သိမ်း၍ နောက်မှာ သေသေသပ်သပ်လေး ခုစည်းထားသည်။

မေးရိုးကျပုံ နှာတံပေါ်ပုံတွေက သမိန့်အမေပါ ဆိုတာကို သက်သေထူပြီးသား။ သူမက ထိုင်ရာကနေ ထရပ်လိုက်ပြီး ဒေါ်သီရိကျော် နဲ့ လွယ့် ကြားမှာ ဝင်ရပ်ဖို့ ကြိုးစားသည်။ တကယ်လည်း နှစ်ယောက်ရဲ့ အလယ်မှာ နေရာယူပြီးမှ တစ်ယောက်စီကို ကြည့်ကာ...

"ဟိုတုန်းက ဘယ်သူမှ ကြိုတင်စီစဉ်ခဲ့တာ မဟုတ်ဘဲ ဖြစ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ပျက်ခဲ့ရတာတွေ အများကြီး ရှိပါတယ်၊ အဲဒါတွေ အန်တီက..."

"ဖေဖေ ပြောပြတာထက်တော့ မပြည့်စုံလောက်ပါဘူး"

လွယ် က ဂရုမစိုက်သည့်မဲ့ပြုံးနှင့် ပိတ်ပြောပြီး တစ်ခွန်းမှ မပြောနိုင်ဘဲ ရပ်ငေးနေသည့် ဒေါ်သီရိကျော် ဆီ အကြည့်ပြန်ရောက်၏။

"အန်တီနဲ့ ကျွန်မ ပြင်ဦးလွင်မှာ ရင်ဆိုင်ခဲ့ကြတဲ့အတိုင်းပဲ ရှေ့ဆက်မယ်၊ အန်တီချစ် တို့ဆီကို အန်တီ ဘာဖြစ်လို့ ရောက်လာသလဲဆိုတာ အန်ဟိုဖာသာ သိနေမှာပါ"

ဒေါ်သီရိကျော် မတ်တပ်ရပ်နေပြီး ဘာမှလည်း မပြောနိုင်၊ နှုတ်ခမ်းတွေပွင့်လျက် ကြောင်ငေးနေသည့်မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်သိပ်ကာ ပြိုကျမလာမီ ပြုံးပြက်လက်နေခဲ့၏။ လွယ့် မျက်ဝန်းမှာလည်း မျက်ရည်တွေနဲ့ပါ..၊ ဒါပေမဲ့ သူမက ပြုံးနေခဲ့လျက်...

"အန်တီ ရောက်လာခဲ့တဲ့ ရည်ရွယ်ချက် အောင်မြင်သွားတယ်လို့ မှတ်လိုက်ပါ၊ အန်တီ တုန့်နေအောင်ချစ်တဲ့ သားကို အစက စိတ်ကူးမှားခဲ့ပေမယ့် အခု လက်ရှောင်လိုက်ပြီ"

"မဟုတ် .. မဟုတ်ဘူး ..၊ အဲ့ဒါတွေ .. အဲ့ဒါတွေက .."

ဒေါ်သီရိကျော် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ပြိုကျကုန်၏။ စကားပြောဖို့ ကြိုးစားရင်း လက်တစ်ဖက်သာ ဆန့်ထွက်လာပြီး ဘာမှလည်း မပြောနိုင်..။

လွယ် က ဟွန့်ခနဲ မဲ့လိုက်ပြီး နောက်ထပ် ဘာမှထပ်မပြောတော့ဘဲ ချာခနဲ လှည့်ထွက်သွား၏။

အားလုံး မျက်လုံးအဝိုင်းသားနှင့်ဖြစ်ကာ တိတ်တိတ်ကျန်ခဲ့ကြ၏။ သို့သော် သမိန် ချက်ချင်း ပြေးထွက်သွားကာ...

"လွယ် .. လွယ် .. မင်း အဲဒီလို လုပ်လို့ မရဘူး"

ခြည့်ခန်းမရောက်မီ လွယ့် လက်ကလေးကို သူ ဖမ်းဆွဲမိ၏။ လွယ်





ကလည်း ကြိုတင်ဆုံးဖြတ်ပြီးသား ဖြစ်သည့်အတိုင်း လက်ကို အကြမ်းတမ်း လွှဲခါပစ်လိုက်၏။ သမိန် က အတင်းဆွဲ သူမကရှောင်နှင့် ဆွဲလားရုန်းလားတွေ ဖြစ်ကုန်ကြသည်။

"ရှင် ဖယ်ထားနော် .. ကျွန်မခေါင်းထဲမှာ သမိန် ဆိုတဲ့ လူလည်း မရှိတော့ဘူး"

"ဘာလို့ မရှိရမှာလဲ..၊ မင်းနဲ့ငါ ကျောက်သင်ပုန်းပေါ်မှာ စာရေးခဲ့ကြတာ မဟုတ်ဘူး"

သမိန် က ပခုံးနှစ်ဖက်ကို အတင်းဖိဆုပ်ကိုင်၏။ လွယ် က ဖယ်ချဖို့ ကြိုးစားရင်း...

"ဟုတ်တယ် .. အဲဒါက ဖျက်ဖို့ခက်နိုင်သေးလို့ မြေကြီးပေါ်မှာ တုတ်နဲ့ခြစ်ခဲ့ကြတာလေ၊ အခု ဘာမှမရှိတော့ဘူး၊ ရှင် လွှတ်ဆို လွှတ်နော် .. ကျွန်မ ပါးရိုက်ပစ်ဖို့ ဝန်လေးနေမှာ မဟုတ်ဘူး"

"ရိုက်လိုက်စမ်းပါ ..၊ အဲဒီလို တစ်ခုခုကို လိုချင်နေတာ"

"အိုး!... ဘာလုပ်တာလဲ၊ သမိန် .. ရှင်နော် .."

လွယ့် ကို နောက်ကနေ သိမ်းချုပ်ဖက်လိုက်ကာ အတင်းဆွဲခေါ်သွားသဖြင့် ရုန်းနေရင်း ဒရွတ်တိုက်ပါသွားခဲ့သည်။

"ဂျိမ်း .."

"ဟင်!.."

အခန်းထဲမှာ ပိတ်မိသွားသဖြင့် လွယ် မျက်လုံးပြူးသွားကာ တံခါးဆီ လှည့်ပြေး၏။

"ဒုန်း .. ဒုန်း"

လက်ကိုင်ဘုကို အတင်းဆွဲလှည့် လှုပ်ခါ၍မရတော့ တံခါးကို တအားဆုပ်မိသည်။ ဘယ်လိုမှ မရမှ နောက်ကို လှည့်ကြည့်လိုက်တော့ သမိန် စိတ်ပျက်သည့်မျက်နှာနှင့် ခုတင်ဘေးမှာ ထိုင်ကြည့်နေ၏။



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"ရှင် .. ရှင် ဘာလုပ်တာလဲ..၊ ဘာယုတ်မာတာလဲ ..၊ လာ ... နှ ဖွင့်ပေး .."

စိတ်တိုလွန်းသဖြင့် သူဆီပြေးသွားကာ ပခုံးတွေကို စိတ်ရှိလက်ရှိ တွန်းထိုးထုရိုက်၍ တအား အော်ဟစ်နေမိသည်။

သမိန် က ဒီအတိုင်း ငုတ်တုတ်ငြိမ်နေပြီး အံကြိတ်လျက်...

"မရဘူး..၊ ငါ ဖွင့်ချင်ရင်လည်း တံခါးဖျက်မှ ရတော့မှာ .."

"ဘာ!..."

တံခါးကို မတရားဆောင့်ပိတ်လိုက်သဖြင့် လော့ခ် ပျက်သွားခြင်း ဖြစ်သည်။ ဒီတံခါးတွေက ဒီလိုကြမ်းလို့ မရ.။ သူ သိလို့လည်း တမင်လုပ် ပစ်လိုက်တာ ဖြစ်သည်။

"ရှင်တို့သားအမိတွေ တစ်ဖက်သားအပေါ် အနိုင်ရမယ်ဆိုရင် မညာမတာ ဘာပဲလုပ်ရလုပ်ရ ပြောရပြောရ ဒီအတိုင်းပဲလား..ဟင်..၊ ပြောစမ်းပါ .."

"လွယ် .. အဲဒါ မင်းအမေ"

"မဟုတ်ဘူး .. ရှင့်အမေ .. ရှင်လည်း အတူတူပဲ ကျွန်မကို..."

"ဒါတွေ ကိုယ် ညကမှ သိရတာ၊ မင်းကို လက်ထပ်ဖို့ ဆုံးဖြတ်တာ ကြိုးစားတာတွေ အားလုံးက ဒါတွေနဲ့ လုံးဝ မငြိဘူး"

"မသိဘူး .. မကြားချင်ဘူး၊ ငြိငြိ မငြိငြိ မသိချင်ဘူး၊ ကျွန်မက ဒေါ်သီရိကျော် ရဲ့သမီးဖြစ်နေတဲ့အတွက် ရှင့်ကို ဘယ်တော့မှ လက် မထပ်ဘူး၊ အဲဒါ ပြောင်းလဲမှာမဟုတ်တဲ့ ဆုံးဖြတ်ချက်"

"စာပြောတယ် .."

သည်းမခံနိုင်ခြင်းက ဒီမှာတင် ဂိတ်ဆုံးသွား၏။ သူ ဝုန်းခနဲ ထရပ် မိကာ လွယ့် လက်မောင်းလေးတစ်ဖက်ကို ဆောင့်ဆွဲပစ်လိုက်သည်။

ပြီးတော့ ယိမ်းယိုင်သွားသည့်ကိုယ်လေးကို အတင်းအကျပ် ဖက်





ထားလိုက်မိပြီး...

"ဘာဆုံးဖြတ်ချက်လဲ..၊ အမုန်းတွေ .. နာကျည်းချက်တွေ ဖြစ်နေ ကြကတည်းက ငါ မင်းဘက်မှာ ရှိခဲ့တာ၊ အားလုံးကို ထားခဲ့ပြီး မင်းနဲ့ပဲ ငါ့ဘဝကို ချွေးသိပ်ဖို့လည်း အားလုံး သေချာခဲ့ပြီးသား၊ အခု ဖြစ်တဲ့ ပြဿနာတွေက ငါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ် .. ရှင်က သူ့သားဖြစ်နေလို့ ဆိုင်တယ် .."

"မင်း အဲဒါကို စွဲနေရင် ဒေါ်ရတနာကျော် ရဲ့သားလို့ပဲ မြင်လိုက်"

"မမြင်ဘူး .. ရှင့်ကို ကျွန်မလူလောကထဲ မရောက်ခင်ကတည်းက သူ မွေးမြူခဲ့တာ၊ ကျွန်မကတော့ သူ ဘယ်လိုမှ မထင်မကြီးနိုင်တဲ့ နုံချာ တဲ့အသိုင်းအဝိုင်းထဲက လူတစ်ယောက်ရဲ့ ရင်သွေး..၊ ကျွန်မအတွက် သူ ထားတဲ့ မေတ္တာက အနုတ်အသိမ်၊ မြန်ပါတယ်..၊ ခြေမ မကောင်း ခြေမ၊ လက်မ မကောင်း လက်မလေ၊ မကောင်းတဲ့သွေး မရှိတော့လည်း အေး တာပဲဆိုပြီး သူ့ရင်ထဲက ထုတ်ပစ်ခဲ့တာကြာပြီ"

လွယ် က သူ ဖက်ထားတာကို မရုန်းတော့ဘဲ ရင်ဘတ်ကိုတော့ လက်ဖဝါးလေးတွေနဲ့ ဖိတွန်းထားလျက်..

"ရှိနေသေးမှန်း သိတော့လည်း အိမ်မွေးတိရစ္ဆာန်လေး တစ်ကောင် တောင်မှ သေမယ်ထင်လို့ စွန့်ပစ်ပြီး သူများကောက်ထားလို့ အသက်ရှင် နေတာမြင်ရင် ပြန်လိုချင်ကြမှာပဲ၊ ကျွန်မ ရှိနေသေးမှန်း သိလိုက်ရလို့ သမီးပြန်တော်ဖို့ ကြိုးစားတာ၊ ဒါ သဘာဝထဲက တစ်ခုပါ"

"လွယ် .."

"ရှင် ကျွန်မကို တံခါးဖွင့်ပေးပါ"

"မပေးနိုင်ဘူး ..၊ မင်းရင်ထဲမှာ ဒီအဖြစ်တွေအပေါ် ဒီဒေါသက် ခါးသီးနေရင် ဘာမှ ဆက်မပြောကြဘဲ နေလိုက်မယ်..၊ အခု ပြောမှာက ကိုယ်တို့ စီစဉ်ထားတဲ့အတိုင်း မင်းနဲ့ ကိုယ်..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .. ကျွန်မ ဆုံးဖြတ်ပြီးပြီလို့ ပြောပြီးသား"

"သမီး အဲဒီဆုံးဖြတ်ချက်က မေမေ ... အန်တီ့ကြောင့်ဆိုရင်လေ.."

တံခါးအပြင်ကနေ ထွက်ပေါ်လာသည့် ဒေါ်သီရိကျော် အသံက တုန်ခါနေသည့်အပြင် ရှိုက်သံများနှင့် ပြတ်တောက်သွားလိုက် .. တိုးလျှ သွားလိုက်...

"အန်တီ့မှာ သမီး သိထားပြီးအကြောင်းတွေအပြင် ဘာမှထပ်ရှင်း ပြဖို့ မရှိတော့ပါဘူး၊ ရှင်းပြရင်လည်း သမီး လက်ခံမှာ မဟုတ်ဘူးလေ၊ အဲဒီတော့ အန်တီ တောင်းပန်ပါတယ်၊ သားနဲ့ သမီး လက်ထပ်ပြီး ဒီမှာပဲ ဖြစ်ဖြစ်၊ သမီးအဖေနဲ့ဖြစ်ဖြစ် သမီး ပျော်ရာမှာ နေပါ"

လွယ် က နှုတ်ခမ်းလေးမဲ့၍ သမိန့် လက်တွေကို ဖယ်ချပစ်သည်။ ပြီးတော့ မကြားချင်သည့် မျက်နှာနှင့် ဖွင့်ထားသည့် ပြတင်းပေါက်နားကို သွားရပ်နေလိုက်၏။

သံပန်းတွေကိုကျော်၍ ခြံထဲမှာ လှပဝေစီ-ဖူးပွင့်နေကြသည့် ပန်းတွေကို လှမ်းမြင်လိုက်ရသည်။

ဒါပေမယ့် မြင်ကွင်းတိုင်းက အကျည်းတန်နေခဲ့၏။

"သမီးကို သားအတွက် သိမ်းပိုက်တယ်လို့ သမီးက အထင်လွဲနေတာ သမီးရယ် .. မေမေကလေ သမီးနဲ့ သားရဲ့ ချစ်ခြင်း သာယာဖြောင့် ဖြူးသွားပြီဆိုတဲ့ ပီတိနဲ့ လက်ထပ်ဖြစ်ဖို့ကို ကြိတ်ပြီးစီစဉ်ဖို့ ကြိုးစားတာပါ"

ဒေါ်သီရိကျော် သည် သူ့ကိုယ်သူ 'အန်တီ' လို့ ပြောနိုင်ဖို့ ကြိုးစားရင်း မေမေပဲ ပြောဖြစ်သွားခဲ့တာတောင် သတိထားမိပုံ မပေါ်ပေ..။

"မေမေ ရှိနေလို့ သမီး စိတ်ဆင်းရဲခံပြီး ဒီလိုဆုံးဖြတ်တာဆိုရင် မေမေ ထာဝရ တရားရိပ်မှာ ခိုလှုံသွားပါ့မယ်၊ သမီးရဲ့ မမြင်ကွယ်ရာမှာ ထာဝရသွားနေပါ့မယ် သမီးရယ်..၊ မေမေ မသိခဲ့တဲ့ကာလမှာ သမီးလေး





ဆင်းရဲခဲ့သမျှ မေမေ ပြန်ပြီး ပေးဆပ်ပါရစေ"

လွယ် ပြတင်းခန်းဆီးစကို ဖိဆုပ်၍ အံကြိတ် တိတ်တိတ်နေခဲ့သည်။ သမိန့် က အနားကို လျှောက်သွားပြီး လက်တစ်ကမ်းလောက်မှာပဲ ရပ်နေ၏။

"မေမေ ချမ်းသာသမျှ သမီးလေး ပိုင်ဆိုင်ရမယ်၊ ချစ်တဲ့သူနဲ့ လက်တွဲပြီး ဘဝကို ပြည့်စုံချမ်းသာစွာ ဖြတ်သန်းရမယ်၊ သမီးလေးကို မေမေ သိပ်ချစ်ခဲ့တာပါ သမီးရယ် .."

ဒေါ်သီရိကျော် ၏ ရှိုက်ငင်ငိုကြွေးသံတွေက ခပ်ဖျော့ဖျော့ မှေးမှိန် သွားကာ မြင့်ရာမှ နိမ့်ကျသွားသဖြင့် တံခါးကို ဖက်တွယ်ရင်း ခွေခေါက် ယိုင်လဲသွားခဲ့သည်လား..။

လွယ် နားစွင့်ရင်း မျက်ခုံးလေး တွန့်ကုတ်နေခဲ့၏။

"သမီးလေး ဆုံးသွားပြီဆိုတော့လေ သင်းတို့ကြောင့်ဆိုပြီး မေမေ စိတ်နာလွန်းလို့ အားလုံးကို လုံးဝ ဖြတ်တောက်ထားခဲ့တာပါ၊ မယုံရင် လေ မေမေ မရှိတော့တဲ့အခါ မေမေ့အခန်းကို သမီး ဝင်ကြည့်ပါ..၊ ဗီရို အောက်ဆုံးထပ်က သော့ခတ်ထားတဲ့ အကန့်ထဲမှာလေ သမီးလေးကို ပြန်ခေါ်လာရင် ဝတ်ပေးဖို့ ခြေစွပ်လေးတွေ၊ ဦးထုပ်လှလှလေးတွေ၊ ဂါဝန် လေးတွေရော မေမေ အများကြီး စီစဉ်ထားတာ၊ ပြီးတော့ ကလေးလေး တွေဝတ်တဲ့ ခြေကျင်းလုံးလေးတွေ၊ လုံးချောလက်ကောက်လေးတွေ သွား ကြည့်ပါ သမီးရယ် .."

လွယ့် မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်သိပ်လာလျက် မြန်မြန် ဆန်ဆန် စီးမျော ကျဆင်းသွားကြ၏။

"မေမေကလေ သမီးလေး ဆုံးသွားပြီဆိုတော့ အရူးတစ်ပိုင်း ခံစား ရပါတယ် သမီးရယ် .. သားကို သားလေးလို ချစ်သလို သမီးက မေမေ မွေးခဲ့ရတာပါ၊ ပြင်ဦးလွင်က စခဲ့တဲ့အဖြစ်ဆိုးတွေကို သမီး မမေ့နိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မေမေ နားလည်တယ်၊ ဒါပေမယ့် သမီးရယ် .. အဲဒီနေရာမှာ သားဖြစ်ဖြစ် သမီးဖြစ်ဖြစ် သားသမီးအတွက် မိဘတိုင်း တိုက်ပွဲဝင်ကြရမှာပဲ၊ မေမေ မှားခဲ့တယ်ဆိုရင် သမီး မုန်းနေမယ်ဆိုတာကို နားလည်ပေးသွားမှာပါ"

ပြောနေသည့် စကားသံက ဆို့နင့်မှုများနှင့် ပျောက်ကွယ်သွားသည်။ အပြင်ဘက်က ငိုကြွေးသည့် စကားသံတွေအဆုံးမှာ လွှယ့် ထံမှ ရှိုက်သံလေးတွေ ပျံ့လွင့်လာ၏။

ထိုစဉ် နောက်ကနေ ဖွဖွလေး သိုင်းဖက်လိုက်သည့် သမိန့် လက်တွေက လွှယ့် ရဲ့ လက်မောင်းနှစ်ဖက်အောက်ကနေ နူးညံ့နွေးထွေးစွာ..။

သူ့ရင်ခွင်ကျယ်မှာ လွှယ့် ကျောပြင်လေး ကပ်မှီသွားခဲ့၏။ ပြီးတော့ မျက်တောင်းတွေနဲ့ ဖိပိတ်၍ နောက်ထပ်မျက်ရည်မကျအောင် အံကြိတ်ထားမိသည်။ ဒါပေမယ့် မရပါ..။

ပြီးဆုံးသွားပြီဖြစ်သည့် ဒေါ်သီရိကျော် ၏ စကားသံတွေက နွေ့ရစ်ထားသလို အစကနေ ပြန်ကြားနေရသည်။

စကားလုံးတိုင်းက နှလုံးသား၏ အလယ်ဗဟိုတည့်တည့်မှာ မီးမြားတွေ တစ်စင်းပြီးတစ်စင်း ပစ်စိုက်နေသည့်နှယ်..။

"လွှယ် ..."

သမိန် က လွှယ့် ပခုံးလေးကို ဆွဲယူကာ မျက်နှာချင်းဆိုင် ကြည့်သည်။ ပြီးတော့ မျက်ရည်တွေကို သုတ်ပေး၍ ထိုမျက်နှာလေးကို ရင်ခွင်ထဲ ဆွဲသွင်းကာ ယုယကြင်နာစွာ ပွေ့ဖိုက်ထားလိုက်သည်။

လွှယ့် ထံမှ ရှိုက်သံတွေ ပို၍ပြင်းထန်လာ၏။ သူ့ခါးကို ပြန်ဖက်ကာ သည်းထန်စွာ ငိုကြွေးရင်း ခေါင်းတွင်တွင်ခါသည်။

"စိတ်ကို နည်းနည်းလျှော့လိုက်ပါ လွှယ် ရယ် .. အဲဒါတွေ အားလုံး မေ့လိုက်တော့ကွာ"





"ကိုယ်တို့ အရင်အတိုင်းပဲလေ .. နော်"

လွှယ် မျက်နှာလေးကို မော့ယူလိုက်ပြီး မျက်တောင်ဖျားလေးတွေ စိုစွတ်နေတာကို လက်ခုံနဲ့ အသာလေး ထိကပ် သုတ်ပေးမိသည်။

ပြီးတော့ သူများတွေ သောကဖြစ်နေကြတာပေမယ့် ရင်ထဲမှာ ထိရှခဲ့သည့် စကားတစ်ခွန်းကြောင့် တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေ ...

"ကိုယ်တို့အချစ်တွေ မြေကြီးပေါ်မှာ မဟုတ်ဘူးနော်"

သူ့မျက်နှာမော့ကြည့်ရင်း လွှယ့် ရင်ထဲမှာ နာကျင်သွားသည်။

တစ်ဖျစ်ဖျစ်မြည်အောင် ချစ်နေပေမယ့် နာကျည်းချက်တွေထဲမှာ ရောသွမ်းထည့်လိုက်ဖို့ ကြိုးစားမိသည်။

တကယ်ဆို လွှယ် တုံ့ပြန်ပစ်ခတ်လိုက်တိုင်း သမိန် က မဆိုင်တဲ့ အပြစ်မျက်နှာမှာပဲ ရှိနေခဲ့တဲ့လူ..။ ဒီယောကျ်ားဟာ သူ့မအတွက် အချစ်တွေ အများကြီး ပေးခဲ့သည်။ နားလည်မှုကြွေ ပုံအော၍ မညည်းမညူ အနစ်နာခံခြင်းများနှင့် လက်တွဲမဖြုတ်ဖို့ ကြိုးစားခဲ့သူ ..။

"ဘာကြည့်နေတာလဲ..၊ ကိုယ့်ရင်ကွဲမယ့် စကားတွေနဲ့ မနှိပ်စက်ပါနဲ့ များတိတ်ရာ .. အရင်လို ချစ်နေသေးတယ်မို့လား..၊ နည်းနည်းမှ မလျော့ခဲ့ဘူးလို့ ပြင်ပြောကွာ"

လွှယ် သူ့မျက်နှာကိုငေး၍ နှုတ်ခမ်းလေးတွေမှာ ပြုံးယောင်သမ်း၏။ သမိန် ဝမ်းသာအားရကြီး ဖြစ်သွားကာ..

"ရင်တုန်လိုက်ရတာ မိဆိုးလေးရယ် .."

မျက်ရည်စတွေ့ စိုနေဆဲ မျက်နှာလေးကို မြတ်မြတ်နိုးနိုး နမ်းမိသည်။ နှုတ်ခမ်းလေးတွေကို နမ်းမလို ထိကပ်မလို ဖြစ်ပြီးမှ မျက်နှာပြန်ခွာ၍..

"ကိုယ်တို့ လက်ထပ်တော့မယ်လို့ မေမေ့ကို လှမ်းပြောလိုက်ရအောင် .. မျက်ရည်တွေ တိတ်သွားပါစေကွာ..၊ မင်း ကူသိုလ်ရတော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

လွှယ့် မျက်နှာလေး ပျက်သွား၏။ စကားသံတော့ ထွက်မလာပါ။

"ကိုယ်တို့အားလုံးအတွက် မိတ်တွေရဲ့မေတ္တာက ကောင်းကင်မွေ့ရာပါ လွှယ် ရယ် .. ပြီးတော့လေ .. ကိုယ့်ရင်ခွင်ကြီးကလည်း အတူတူပဲ"

"အို!... ဘာလုပ်တာလဲ .."

ပခုံးကိုဖက်၍ မွေ့ရာဘက်ကို လှည့်လိုက်သဖြင့် လွှယ် က ပြန်ရုန်းပစ်၏။ သမိန် က ရယ်၍ ...

"ဒီမှာ ရင်ခွင် .. ဟိုမှာ မွေ့ရာလေ..၊ ပြတာတောင် မပြရဘူးလား"

"သွားပါ .."

လွှယ့် မျက်နှာလေး ကြည်စင်သွားခဲ့သည်။ မျက်ရည်တွေ တစ်စက်မှ မကြွင်းကျန်ရစ်ခဲ့တာကတော့ တစ်ခုခုကြောင့် ဖြစ်နိုင်၏။

အားလုံး အေးချမ်းခဲ့ပြီဆိုတော့ အပြင်မှာ မေမေတို့ သိစေချင်သည်။ လွှယ့် ရယ်သံလေးတွေကို အပြင်ထိ တိုးပေါက်သွားစေချင်တာ တကယ်ပါ..။ ဒါပေမယ့် သူမကို ကြာကြာရယ်နေခွင့် မပေးနိုင်ခဲ့တော့ ..။

နောက်မှပဲ ပြောပြတော့မယ် မေမေ ..၊

ကျွန်တော်တို့ ဘယ်လောက်ထိ ချစ်ခဲ့ကြတဲ့အကြောင်း ..၊

ပရိသတ်အတွက်

ထက်ဝေ



www.burmeseclassic.com